ဓိန္နိုးယံစာတည်းအဖွဲ့မှ စီစဉ်တင်ဆက်သော

# ခေတ်ကြေးမုံ

## လူငယ်နှင့်အောင်မြင်ရေးစာစုများ

Vol,1

ဆင်ဖြူကျွန်းအောင်သိန်း

လူထုစိန်ဝင်း

အောင်သင်း

မောင်စိန်ဝင်း (ပုတီးကုန်း)

ချစ်နိုင် (စိတ်ပညာ)

နန္ဒာမိုးကြယ်

တက္ကသိုလ် စိုးမိုးနိုင်

မောင်ညိုအေး (ပန်းတော)

အောင်သာကျော်

လူထုတာမန်

လယ်တွင်းသား စောချစ်

ထွန်းလွင် (ဓမ္မာစရိယ ဘီအေ)

မောင်ငြိမ်းသူ (ကြို့ပင်ကောက်)

ညီညီနိုင်

ဟိန်းလတ်

မေတ္တာရှင် (ရွှေပြည်သာ)

မောင်မိုးဦး

မင်းပုည

မောင်ဖေဖော်

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်


နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



## ပုံနှိပ်မှတ်တမ်း

တ်ကြေးမုံစာတည်းအဖွဲ့ - မင်းပုည၊ မောင်ဖေဇော်၊ ကိုဖြိုး

ရီရီငွေ၊ ဆောင်းနှင်းလေပြေ။

တ်ဝေသူ - ဒေါ်စန္ဒာမာလာ (စိန်မိုးယံစာပေ)

အမှတ် (၁၅)၊ အောင်တော်မူလမ်း၊

မြေနီကုန်း၊ စမ်းချောင်းမြို့နယ်။

ပ်သူ - ဒေါ်ခင်စီ (ပြည်ဦးအောင် ပုံနှိပ်တိုက်)

အမှတ် (၁၅၈)၊ ၃၇လမ်း၊

ကျောက်တံတားမြို့နယ်။

ရေ - ၅၀၀

တ်ဝေခြင်း - ပထမအကြိမ်၊ ၂၀၁၂ အောက်တိုဘာလ

င်းဈေး - (၂၀၀၀) ကျပ်

၉၂၃.၂

င်းပုည

ခေတ်ကြေးမုံ(လူငယ်နှင့်အောင်မြင်ရေးစာစုများ Vol,1)/

ခလောင်စုံ -ရန်ကုန်။ စိန်မိုးယံစာပေ၊ ၂၀၁၂။

အမျက်နှာ ၁၀၂ ၂၆စင်တီ × ၂၁ စင်တီ

၁) ခေတ်ကြေးမုံ(လူငယ်နှင့်အောင်မြင်ရေးစာစုများ Vol,1)


## မာတိကာ


၁။ အပျင်းဖြေ ပညာရ — ဆင်ဖြူကျွန်းစောအောင်သိန်း

၂။ ချက်စိတ် — လူထုစိန်ဝင်း

၃။ ဒေသအဆုံးကုန်းတစ်ဝက် — လယ်တွင်းသားစောချစ်

၄။ လူငယ်နှင့် ဇွဲသတ္တိ — အောင်သင်း

၅။ လူငယ်များအတွက် ရှောင်သင့်ဆောင်အပ်သည့်အရာများ — ဦးထွန်းရွှေ([illegible])

၆။ မြင့်ရာတွန်းလျှင် ရွေ့နိုင်ပါသည် — မောင်စိန်ဝင်း(ပုတီးကုန်း)

၇။ ဘဝတံခါးတွေကို ပိတ်မထားကြပါနဲ့ — မောင်မြင့်မိုးဇော်([illegible])

၈။ အများအကျိုးဆောင်ရွက်မှု — ချစ်နိုင်([illegible])

၉။ သူများလျှာလေးနဲ့ ချောပေးတာပါနော် — ညီညီနိုင်

၁၀။ ဘဝ၏ တက်လမ်းများ — နန္ဒာမိုးကြယ်

၁၁။ ချမ်းသာရန် နည်းသုံးနည်းသာရှိသည် — ဟိန်းလတ်

၁၂။ အောင်မြင်သောဘဝတည်ဆောက်နည်း — တက္ကသိုလ်ဝိုင်းမိုးနိုင်

၁၃။ အရိုးသား အနိုင်ပိုး — ဓမ္မာချစ်([illegible])

၁၄။ အောင်ကျော်ဖွဲ့နှင့် လူငယ်များ — မောင်မိုးဦး

၁၅။ လူငယ်တစ်ယောက်ရဲ့အိပ်မက်တောက်တောက်ကြောင်း — မောင်ညိုအေး([illegible])

၁၆။ အနာဂတ်ရဲ့ဖွဲ့လိုင်ရှင် — မင်းပုည

၁၇။ အောင်ပိတ်ဖြင့် အောင်လမ်းခင်းပါ — အောင်သာကျော်

၁၈။ လူငယ်နှင့်မြန်မာ့ယဉ်ကျေးမှု — လူထုအောင်

၁၉။ လူငယ်များနှင့်စကားပြောခြင်း — မောင်စောဇော်

# အပျင်းပြေ ပညာရ

ဆင်ဖြူကျွန်းအောင်သိန်း

မြန်မာ့လူမှုရေးတွင် အရေးပါအရာရောက်နေရာမှ ပါဝင်ခဲ့ဖူးသော စကားထာဝှက်ခြင်း ဓလေ့သည်လည်း စာပေလိုက်စားသူများထဲမှ လူအနည်းငယ်ထဲတွင်သာ တည်ရှိပေတော့သည်။ ထိုနည်းတူစွာ ကျောင်းသူကျောင်းသား အနည်းအကျဉ်းသာလျှင် စကားထာကို စိတ်ဝင်စားကြပေတော့သည်။

## အချင်းမြေ ဗေဒာရ

အိမ်မြှောင်ရေ ဥ. . . ဥ

ကလေးများသည် စုရုံးကစားခုန်စားလေ့ရှိသောနေရာတွင် စုရုံး လေ့ ရှိကြသည်။ ထိုနေရာသို့သာ ရောက်လာတတ်ကြသည်။ ထိုသို့ ကစားနေကြစဉ် ပစ္စည်းတစ်ခုခုပျောက်ရှပါက တစ်ယောက်၏ခါးကို တစ်ယောက်နှိုက်ပြီး ရှာဖွေကြသည်။ အကျီစားသန်တတ်သူကို စွပ်စွဲ ကြသည်။ အစွပ်စွဲခံရသူက အမျိုးမျိုး ကျိန်တွယ်ပြောလျှင် ဆက်လက် မစွပ်စွဲတော့ချေ။

သို့ရာတွင် ပျောက်သွားသောပစ္စည်းကိုကား မေ့ပျောက်မသွားချေ။ ကလေးဉာဏ် ကလေးတွေးဖြင့် ဆက်လက်ရှာဖွေပြန်သည်။ ရှာဖွေပုံမှာ နှစ်နည်းရှိသည်။ ပထမနည်းမှာ နံကြားထောက်ခြင်းဖြစ်၍ ဒုတိယ နည်းမှာ အိမ်မြှောင်ဥရှာခြင်း ဖြစ်ပေသည်။

နံကြားထောက်မည့်သူသည် လက်ဝဲလက်ယာ လက်ညှိုးများကို သန့်ရှင်းအောင်ပြုလုပ်ပြီးနောက် လက်ဝဲလက်ညှိုးကို ပါးစပ်တွင်းသို့



ထိုးသွင်းလိုက်သည်။ လက်ညှိုးထိပ်သည် လက်ယာပါးစောင် (ပါး၏ အတွင်းသား) ကို ထိုးကော်ကာ ချက်ချင်းဆွဲနှုတ်၍ လက်ဝဲနံကြား၌ ထောက်သည်။ နံကြားထောက်သော လက်ဝဲလက်ညှိုးသည် နံရိုး တစ်ချောင်းပေါ်တွင်သာ ထောက်မိပါက ပျောက်သောပစ္စည်းကို လက်ဝဲ ဘက်အရပ်တွင် ရှာဖွေရမည်။

ထိုလက်ညှိုးသည် နံရိုးနှစ်ချောင်းပေါ်တွင် ထောက်မိပါမူ “စုံ” ကျသည်၊ ဘက်မသင့်၊ မရှာနှင့်ဦး။ သို့အတွက် လက်ယာလက်ညှိုးဖြင့် လက်ဝဲ ပါးစောင်ကို ရွှေးနည်းတူ ထိုးကော်ကာ လက်ယာနံတောင်းတွင် ထောက်ရသည်။ ထိုသို့ လက်ယာလက်ညှိုးဖြင့် လက်ယာဘက်တွင် ထောက်ရာ၌ နံရိုးနှစ်ချောင်းကို ထောက်မိပါမူ လက်ယာဘက်အရပ်သို့ ပစ္စည်းပျောက် လိုက်လံရှာဖွေပါလေ။ သို့သော် နံရိုးတစ်ချောင်းသာ ထောက်မိပါက “မ”ကျသဖြင့် မရှာပါလေနှင့်၊ တွေ့လမ်းမရှိပါ။

ဤကဲ့သို့ လက်ဝဲတွင်ထောက်ရာ၌ “စုံ”ကျ၍ လယ်ယာ၌ ထောက် သောအခါ “မ”ကျလျှင် နံကြားထောက်မှုသည် အားကိုးဖွယ်မရှိတော့ပြီ။ လမ်းမပြနိုင်တော့ပြီ။ သို့သော် ပစ္စည်းရှာဖွေနည်းလမ်းများကား မကုန် ဆုံးသေးပါ။

ခေါင်းသူကြီးလုပ်နေကျကလေး သို့မဟုတ် ပစ္စည်းရှင်သည် ကစားဖော် များရှေ့သို့ လက်ဝဲလက်ဖြန့်ပေးလျက် “ပြန်ပေးပါ” ဆိုကာ ပစ္စည်းပျောက်ကို ပြန်တောင်းရ၏။ အတောင်းခံရသူက ဖြန့်ထားသော လက်ဝါးထဲသို့ တံတွေးထွေးထည့်လိုက်၏။ ကစားဖော်သုံးလေးယောက်၏

တံတွေးတွေ လက်ဝါးတွင်း၌ စုမိသွားလျှင် ထိုဝဲဘက်လက်ဖဝါးပေါ်သို့ လက်ယာဘက် လက်ဝါးစောင်းဖြင့် ချိန်မိုးလျက် အော်ဟစ်ရ၏။

"အိမ်မြှောင်ရေ ဥ. . . ဥ၊ ပိသာလေးနဲ့ထု"

အော်သံဆုံးသော် လက်ယာဘက် လက်ဝါးစောင်းဖြင့် လက်ဝဲလက်ဝါးထဲရှိ တံတွေးကို တအားခုတ်ချလိုက်သည်။ ကစားဖော်များသည် ပုခွန်မျက်စိတမှိတ်မှိတ်လျက် ဝိုင်းကြည့်နေကြ၏။ တံတွေးသည် လက်ဝဲဘက်သို့ စင်ပါက လက်ဝဲဘက်သို့ တစ်စုတစ်ရုံးကြီး လိုက်ကြသည်။ လက်ယာဘက်သို့ တံတွေးစင်ပါက လက်ယာဘက်သို့ တစ်အုပ်တစ်မကြီး လိုက်ကြတော့သည်။

ဤသို့ လိုက်လံပြီး ပစ္စည်းပျောက်ရှာဖွေရင်း "အိမ်မြှောင်ရေ ဥ. . . ဥ၊ ပိသာလေးနဲ့ထု" ဟု အော်သူကအော်၊ "ငါ့ဟာ ပြန်မပေးရင် နင့်ဥတွေကို ပိသာလေးနဲ့ထုမယ်" ကြုံးဝါးသူက ကြုံးဝါးသည်။ သစ်ရွက်အောက်၊ တုတ်တိုတုတ်စ မြေကြီးခဲအောက်မကျန် လှန်လှော် ရှာဖွေကြသည်။

နံကြားထောက်၍ ပစ္စည်းပျောက်ရှာဖွေခြင်းနှင့် အိမ်မြှောင်ဥဖြင့် ပစ္စည်းပျောက်ရှာဖွေခြင်းတို့သည် ပစ္စည်းတွေ့ရေး အဓိကမဟုတ်ပါ။ ကလေးများ အာရုံပြောင်း၊ အာရုံလွှဲဖြစ်ရေး၊ ပျော်ရွှင်ရေးသာ အဓိကဖြစ်ပေသည်။ ပျောက်သောပစ္စည်းကို ပြန်တွေ့ပါက ပျော်ရွှင်စွာ အော်ဟစ်ကြသည်။ ပျောက်သောပစ္စည်းကို မတွေ့ရလျှင်လည်း အခြားကစားနည်းတစ်ခုသို့ ပြောင်းလဲကာ ကစားကြပြန်လေသည်။



## ဘုတ်ကေဆီဆမ်း

ကလေးများသည် ကစားနည်းတစ်မျိုးပြီးတစ်မျိုး ပြောင်းလဲပြီး ကစားကြရာ မကြာမီ ဆာလောင်လာကြသည်။ ကလေးအများစုမှာ စားစရာမပါပေ။ ပါသောကလေးများမှာလည်း သာမန်စားစရာထက် ရှာရှာဖွေဖွေလုပ်ပြီး စားရသောအရာကိုမှ မက်မောကြလေသည်။

သို့အတွက် ကလေးကြီးတစ်ယောက်က ဦးဆောင်ပြီး "ဘုတ်ကေဆီဆမ်း ကစားကြမယ်ဟေ့၊ မန်ကျည်းရွက်ခူးချေကြ" ဟုပြောသည်။ ကလေးအများ ပျော်ရွှင်စွာဖြင့် မန်ကျည်းရွက် ခူးကြသည်။ သူတို့အရပ်နှင့် မီသော မန်ကျည်းပင်ငယ်များမှာ သူတို့လက်ချက်ကြောင့် ငုံးငုံးတိုနေပြီ။

ငုံးငုံးမတိုစေဦးတော့ အရွက်နည်းနေပြီ။ သို့သော် အချို့ကလေးများသည် မယောင်မလည်ကပ်သွားကာ လူကြီးအလစ်၌ ခူးဆွတ်လာကြသည်။ ကလေးအများစုကား မန်ကျည်းပင်ကြီးမှ ညွှတ်ကျနေသောကိုင်းများကို ဆွဲနှိမ့်ကာ ခူးကြ၏။ အကြမ်းလည်းပါ၏။ အနုလည်းပါ၏၊ ပြောင်ပြောင် စင်စင်လည်းပါ၏။ ဖုန်သောသောနှင့်လည်း ပါလာ၏။

ကလေးကြီးကား ပြောင်းဖူးရွက်ဖြစ်စေ၊ ငှက်ပျောရွက်ဖြစ်စေ အသင့်ရှာထားပြီး ရောက်လာသမျှ မန်ကျည်းရွက်ကို လက်ခံထည့်သို၏။ လူစုံသောအခါ မန်ကျည်းရွက်များကို ထုပ်သည်၊ ရရာဖက်ပေါင်းစုံဖြင့် အထပ်ထပ်ထုပ်ရုံသာမက ခိုင်ခံ့စေရန် ကြိုးဖြင့် ချည်နှောင်သေး၏။

"ဘုတ်တွင်း ရှာကြဟေ့၊ ဘုတ်တွင်း"

ဤနေရာတွင် "ဘုတ်"အကြောင်း ရှင်းလင်းရန် လိုပါလိမ့်မည်။

မြန်မာစကားပုံတွင် "ဘုတ်" နှစ်မျိုးရှိပါသည်။

"ဘုတ်ကို ကျီးရှိသေ၊ ကျီးကို ဘုတ်ရှိသေ"

"ဘုတ်ကဲ့သို့ နောက်ဆုတ်သည်"

ပထမ "ဘုတ်"မှာ နေဝင်ရိုးရီဘုတ်က အီ" စသည်ဖြင့် တေးများ ကဗျာများတွင်ပါဝင်သော ဘုတ်ငှက်ဖြစ်၏။ အရွယ်အစားမှာ တော ကျီးကန်း အရွယ်ဖြစ်၍ သက်န်းရောင်ရှိသည်။ သို့အတွက် မြတ်စွာ ဘုရား၏ သင်္ကန်းတော်အရောင်ရှိပါပေသည်ဆိုကာ ကျီးကန်းက ဘုတ်ကို အရိုအသေပြု၏။ ဘုတ်ကလည်း မြတ်စွာဘုရား၏ သပိတ်တော်အရောင် ရှိသော ငှက်ဆိုကာ ကျီးကန်းကို အရိုအသေပေး၏။ ဤသည်ကို အစွဲပြု၍ "ဘုတ်ကို ကျီးရှိသေ၊ ကျီးကို ဘုတ်ရှိသေ" စကားပုံ ဖြစ်ပေါ် လာခဲ့သည် ဟူပေ၏။

ဒုတိယ "ဘုတ်" အမျိုးအစားမှာ ဖုန်ထဲတွင်နေသော မွှားသတ္တဝါ တစ်မျိုးဖြစ်ကာ အရွယ်ရောအရောင်ပါ ကြမ်းပိုးနှင့် တူလှပေသည်။ မွှား ဘုတ်သည် လူကိုမနှောင့်ယှက်ပါ။ မီးတောင်ထိပ်ဝသဏ္ဍာန်ရှိသော ဖုန်တွင်း များထဲ၌နေသည်။ တွင်းအရွယ်အစားမှာ ဆယ်ပြားစေ့အဝိုင်းမှ ကျပ်ပြား ဝိုင်းရွယ်အထိ တွင်းပိုင်၏အရွယ်နှင့်လိုက်လျောသော အကြီးအသေးရှိ ပေသည်။ သို့တစေ မိုးများသောအရပ်၌ မွှားဘုတ်ကို တွေ့ရန်မလွယ်ကူပါ။

ဘုတ် - ဖုတ်ကောင် - ဖုတ်ထူသောမြေတွင် အတော့ပုံကျင်းကလေး လုပ်ပြီး အလယ်တွင်နေကာ ကျင်းထဲသို့ကျလာသည့် ပိုးမွှားများကို ဖမ်း စားတတ်သည့် အင်းဆက်ပိုးတစ်မျိုး (ခရိုးဆောင်မြန်မာအဘိဓာန်၊ မြန်မာ စာအဖွဲ့ဦးစီးဌာန၊ ၁၉၉၁)



ကလေးများသည် "စပါးကျီအောက် ပုတ်စင်အောက်" အစရှိသော နိမ့်သည့်နေရာများသို့ လေးဖက်ထောက်ကာ ဝင်ကြသည်။ ဘုတ်တွင်း တွေ့လျှင် ဘုတ်တွင်းထဲမှ ဖုန်မှုန့်များ ကုန်စင်သွားစေရန် ပါးစပ်ဖြင့် ဖြည်းညင်းစွာ မှုတ်ထုတ်၏။ ဖုန်မှုန့်များလျော့ပါးသွားလျှင် ဘုတ်သည် ပေါ်လာ၏။ သို့သော် ဘုတ်က အဖမ်းမခံပါ။ ကျန်သေးသော ဖုန်ထဲသို့ နောက်ဆုတ်ပြီး တိုးဝင်ပျောက်ကွယ်သွားလေ၏။

ဘုတ်သည် အမြဲတစေ နောက်ဆုတ်လျက် သွားလာလှုပ်ရှားသဖြင့် "ဘုတ်ကဲ့သို့ နောက်ဆုတ်သည်" ဟူသော စကားပုံပေါ်ပေါက်လာခြင်း ဖြစ်ပေ၏။

ဘုတ်တွင်းထဲမှ ဘုတ်သည် နောက်ဆုတ်ပုန်းခိုစရာ မြေမှုန့် ရှိသရွေ့ ဆုတ်သွားသည်။ တိုးဝင်ခိုအောင်းစရာမရှိတော့မှ အမိခံသည်။ ဘုတ်ရှာသော ကလေးသည် ဘုတ်ကို ယုယစွာဖမ်းလာခဲ့ပြီး မန်ကျည်း ရွက်ထုပ်ကိုင်ထားသော ကလေးကြီး၏လက်ထဲသို့ ပေးအပ်သည်။

စားစရာကို ဆီဆမ်းပေးမည့် ဘုတ်ကိုရရှိပြီ။ ထိုဘုတ်အတွက် တွင်း တစ်တွင်းတူးပြီး ဘုတ်ကိုထည့်လိုက်သည်။ ထို့နောက် မန်ကျည်းရွက်ထုပ် ကို ထည့်သွင်းကာ မြေဖို့သည်။ မြေဖို့ရင်းကလည်း "ဘုတ်ကေ ဆီဆမ်း" ဟု အော်သည်။

"ဘုတ်ကေ ဆီဆမ်း"

"ဘုတ်မကြီးက အိမ်မှာနေ"

"ဘုတ်ကလေးက ဆီဝယ်သွား"

မြေပုံကို လက်ဖြင့်ပုတ်ရုံဖြင့် အားမရသူက ဖနောင့်ဖြင့် ပေါက်သည်၊ "ဘုတ်မကြီးရေ ဆီရွှဲရွှဲဆမ်းပေးပါနော်" အော်ပြန်သည်။

ထိုကဲ့သို့ လက်ဖြင့်ပုတ်သူက ပုတ်၊ ဖနောင့်ဖြင့် ပေါက်သူကပေါက်သောအခါ မန်ကျည်းရွက်များ ကျိုးကျေကုန်သည်။ ကျိုးရာကျေရာမှ အရည်ထွက်လာသည်။ မြေငွေ့ကြောင့်လည်း နွမ်းပြီးအရည်ထွက်ပြန်သည်၊ တစ်အောင့်သာသာကြာသည်အထိ စောင့်ဆိုင်းပြီးနောက် မြေကြီးထဲမှ မန်ကျည်းရွက်ထုပ်ကိုဖော်ကာ ဖြေကြည့်ကြသည်။ နွမ်းကျေနေသော မန်ကျည်းရွက်များမှ အရည်များများထွက်နေလျှင် "ဆီတွေအများကြီးပဲဟ" ဆိုကာ တစ်ယောက်တစ်လက်နှိုက်ယူပြီး စားကြသည်။

စောင့်ဆိုင်းချိန် တိုတောင်းသောကြောင့်ဖြစ်စေ၊ အကျိုးအကျေနည်းသောကြောင့်ဖြစ်စေ၊ အရည်အထွက်နည်းပါးလျှင် "ဘုတ်မကြီးက ဆီနည်းနည်းလေးပဲ ဆမ်းပေးတယ်၊ သိပ်ကပ်စေးနဲ့တာပဲ" ပြောကြသည်။ မည်သို့ပင်ပြောစေကာမူ ထိုမန်ကျည်းရွက်ကို မစားဘဲနေသော ကလေးကား မရှိချေ။ သို့သော် ကလေးသူငယ်များအတွက် သရေစာအမျိုးမျိုးပေါ်ပေါက်လာ၍တစ်ကြောင်း၊ ကျန်းမာရေးအသိ ရှိစပြုလာကြပြီဖြစ်၍တစ်ကြောင်းကြောင့် "ဘုတ်ကော ဆီဆမ်း" ပျော်ရွှင်နည်းမှာ ကွယ်ပျောက်ခဲ့ချေပြီ။

* * * *



**စကားထာ**

မြန်မာ့လူမှုရေးတွင် အရေးပါအရာရောက်နေရာမှ ပါဝင်ခဲ့ဖူးသော စကားထာဝှက်ခြင်း ဓလေ့သည်လည်း စာပေလိုက်စားသူများထဲမှ လူအနည်းငယ်ထံတွင်သာ တည်ရှိပေတော့သည်။ ထိုနည်းတူပင် ကျောင်းသူ ကျောင်းသားအနည်းအကျဉ်းသာလျှင် စကားထာကို စိတ်ဝင်စားကြပေတော့သည်။

စကားထာဝှက်ခြင်းကို "ပန်းဖွက်သည်" "ပန်းဝှက်သည်" ဟူ၍လည်း ခေါ်တွင်သုံးနှုန်းခဲ့ဖူးပေ၏။ ဝှက်သောစကားထာတစ်ခုကို မဖြေနိုင်သောအခါ၌ မဖြေနိုင်ပါဘူးဟု ပြောရိုးမရှိဘဲ "ပန်းပေးပါပြီ" ပြောရသည်။

မြန်မာအမျိုးသမီးတို့၏ လက်ထဲတွင် ဗိုင်းမှုဝါမှုစသော ဝတ်ထည်ဖျင်စင်းရက်လုပ်သည့် ရက်ကန်းပညာတည်ရှိနေချိန်က စကားထာဝှက်သော ဓလေ့သည် များစွာထွန်းကားခဲ့ဖူးပေ၏။

ပန်းဝှက်ဓလေ့ကောင်းစားချိန်က အရွယ်ရောက်သော မိန်းမပျိုများသည် ညအချိန်၌ ဝဲလင်းဆောင်တွင် အလုပ်လုပ်လေ့ရှိကြ၏။ အလုပ်မှာ ဝါဖန်ခြင်း၊ ဝါကြိတ်ခြင်း။ ဗိုင်းငင်ခြင်းနှင့် ချည်ချခြင်းစသော အလုပ်များဖြစ်ပေ၏။

ဝဲလင်းဆောင်သည် အိမ်ရှေ့ခြေရင်းပိုင်းတွင်ထုတ်ထားသော အမိုးသို့မဟုတ် သီးခြားအဆောက်အအုံငယ် ဖြစ်ပေသည်။ အခြားသော အိမ်ထောင်ရှင်မိန်းမများနှင့် အရွယ်မရောက်သေးသော မိန်းကလေးများသည် ဝဲလင်းဆောင်သို့ မလာကြပါ။ လုပ်ဆောင်ဖွယ်ရာများကို အိမ်မ

ပေါ်တွင်သာ ဆောင်ရွက်ကြ၏

"ဗိုင်းမှုဝါမှု၊ ညီစေတုသို့ ဖန်ပြုဖျစ်ကြိတ်၊ အိမ်လုံးထိတ်မျှ၊ ခေါက်မည်၊ ချည်ဝင့်သံလည်း၊ တရံမပြတ်၊ လျှားရဟတ်နှင့်၊ ချည်သွတ်မချော၊ ချည်စာယူထ၊ မအားကြတည့်၊ ချည်ချချည်ရှယ်၊ လုပ်ဖွယ်မပျက်၊ လက်ရက်ယဉ်ခုံ၊ သုံးပါးစုံလျက်၊ ပြောဟုန်များစွာ၊ ပြောက်ထိုးမှာလည်း၊ အဝါအရွှေ ပြာခြေဖြူနီ" ဟူသော ကိုးခန်းပျို့ပိုဒ်ရေ (၁၄၇)တွင် ဖော်ပြသကဲ့သို့ပင် တစ်အိမ်လုံး အလုပ်များနေကြစဉ် ကာလသားများသည် ပန်းများကို ခါးပိုက်တွင် ထည့်လျက် နှစ်သက်ရာအိမ်များသို့ လာကြပြီ။

သူတို့သည် မိန်းမပျိုများရှိရာ ဝဲလင်းဆောင်များသို့ ညစဉ် သွားရောက်ခဲ့ကြ၏။ မည်သူ၏သမီး ဝဲလင်းဆောင်ဆင်းပြီ၊ ဆင်းရတော့မည်စသော သတင်းများကိုလည်း နားစွင့်ထားသည့်အတွက် မည်သည့်အိမ်တွင် အပျိုရှိကြောင်း သိကြပေသည်။ ဝဲလင်းဆောင်တွင်း၌ အလုပ်လုပ်နေသော မိန်းမပျိုကလည်း သနပ်ခါး ကျောက်ပြင်၊ ဆေးတောင်းနှင့် ရေအိုးများကို အသင့်ပြင်ထားသည်။ ထို့ပြင် ငှက်ပျောရွက်ဖြင့် ခွေဝန်းထားသော ပန်းများကိုလည်း တောင်းတစ်တောင်း၌ ထည့်ထားသည်။

အိမ်မကြီးပေါ်မှ အသံများ တစ်စတစ်စ ပါးလာချိန်တွင် ဝဲလင်းဆောင်တွင်းသို့ ကာလသားများ ရောက်လာကြ၏။ သူတို့သည် သနပ်ခါးကျောက်ပြင်တွင် သနပ်ခါးသွေး၍ လိမ်းကြ၏။ ဆေးပန်းတွင်းမှ ဖက်နှင့်ဆေးစပ်ကို ယူကာ ဆေးလိပ်လိပ်ပြီး သောက်ကြ၏။ ရယ်စရာမောစရာ ပြောကြ၏၊



ထိုသို့ လှုပ်ရှားဆောင်ရွက်သမျှကိုကြည့်၍ မိန်းမပျိုက လှုကဲခတ်သည့် နည်းတူ၊ အစ်ကိုကာလသားများကလည်း မိန်းမပျို၏ ဝဲလင်းဆောင်တွင်း၌ ထားသိုပုံ၊ မျက်မြင်လှုပ်ရှားဆောင်ရွက်နေပုံတို့တွင် မူတည်ကာ လှုကဲခတ်ကြ၏။

ခဏအကြာတွင် "ပန်းဖွက်ကြမယ်"ဆိုကာ ခါးပိုက်ထဲမှ ပန်းများကို မိမိတို့ရှေ့တွင် ပုံလိုက်ကြသည်။ ပါဝင်လိုသူတိုင်း ပန်းထုတ်ပြီး ပုံကြသည်။ ပန်းဖွက်ရာတွင် အိမ်ရှင်ကို ဦးစားပေးရ၏။

အိမ်ရှင်မိန်းကလေးသည် မဖွယ်မရာ စကားထာများဖြင့် ပန်းဝှက်လေ့ဝှက်ထမရှိကြပေ။ ရောက်ရှိလာသော ကာလသားများအနက် မည်သူသည် ဗဟုသုတဖြင့် ပြည့်စုံသနည်းဟူသည်ကို ဉာဏ်စမ်းသော စကားထာများကိုသာ ဝှက်လေ့ရှိကြ၏။

"ကျွန်မအသက် သပြေခက်၊ ရလဒ်စားခြေ တူပါစေ"

မိန်းကလေးသည် ဝဲလင်းဆောင်သို့ ဆင်းရတော့မည်ဆိုကတည်းက အစ်မ၊ မိကြီးမိထွေးနှင့် ပန်းဝှက်တော်သော မိန်းမများထံတွင် ချဉ်းကပ်နည်းနာခံယူခဲ့ပြီး ဖြစ်သည်။ ကာလသားများကလည်း မိန်းကလေးများနည်းတူ နည်းနာခံယူထားသူများပင် ဖြစ်ကြ၏။ သို့အတွက် ဖြေနိုင်သူ ပါပေလိမ့်မည်။

ဖြေနိုင်၍ မှန်ကန်စွာဖြေကြားခဲ့သော် ကာယကံရှင် မိန်းကလေးကပါ ပန်းတစ်ပွင့်စီ သို့မဟုတ် သတ်မှတ်ထားသော ပန်းပွင့်များ ပေးကြရ၏။ ကာလသားတွေ မဖြေနိုင်ပါမူ "ပန်းပေးပါပြီ နှမရယ်" ဆိုကာ မိန်းကလေး

ရွှေ့သို့ ပန်းတွေ စုပုံပေး၏။

အဖြေမှာ. . .

"သပြေခက်"တွင် မြန်မာနာမ်ကောက်နည်းအရ နောက်ဆုံးကစပြီး ကောက်ရသည်။ "ဥဩအော်မည် ကုန်းဘောင်တည်" (၁၁၁၅)၊ "ဦးကောင်း လိမ်ထုတ် မင်းဆက်ပြုတ်" (၁၂၄၇)တို့ရှိပြီး၊ ကိုးကြောင်းသင်္ချာနည်းအရမူ နောက်ဆုံးက စ,ရသည်။

ထို့ကြောင့် "ခက်" သည် ၂

"ပြေ" သည် ၅

"သ" သည် ၆

သို့အတွက် (၂၅၆) ဖြစ်လာသည်။

မိန်းကလေး၏အသက်သည် (၂၅၆)နှစ်မဟုတ်ပါ။ "ရလဒ်စားခြေ တူပါစေ" ဟု ဆိုထားသည်မဟုတ်လော။

(၄၉)၏ကိန်းရင်း၊ သို့မဟုတ် တူညီသော ရလဒ်စားခြေသည် (၇) ဖြစ်၏။ (၈၁)ကိန်းရင်း (၉)၊ (၁၀၀)၏ကိန်းရင်း (၁၀)၊ (၁၂၁)၏ကိန်းရင်း (၁၁)၊ (၁၄၄)၏ကိန်းရင်း (၁၂) စသည်တို့ကဲ့သို့ ကိန်းရင်းရှာနည်းဖြင့် ရှာလျှင် (၂၅၆)၏ကိန်းရင်း၊ သို့မဟုတ် "တူညီသော ရလဒ်စားခြေ" သည် (၁၆) ဖြစ်ပေ၏။

ထို့ကြောင့် "ကျွန်မအသက် သပြေခက်၊ ရလဒ်စားခြေ တူပါစေ" စကားထာ၏အဖြေမှာ "၁၆"၊ မိန်းကလေး၏အသက်မှာ (၁၆)နှစ် ပေတည်း။



"အလံတစ်ရာမြေ တွင်းမှာခွေ၊ တစ်နေ့လက်တစ်သစ်၊ အပြည့် အိပ်၊ လေးပေါက်တံခါး ဖွင့်လျက်ထား၊ ဝင်ဖူးထွက်ဖူးပါရဲ့လား" ဟူသော ဥပုသ်သီတင်းစောင့်သုံးဖူးခြင်း ရှိ,မရှိ ဝှက်သော အေးငြိမ်းသော စကား ထာများပါ ဆက်လက်ဝှက်ကြသည်။

စကားထာမှာ အမျိုးများစွာ ကွဲပြား၏။

အထက်ပါစကားထာမျိုးအပြင် နဘေထပ်စကားထာ၊ ရိုးရိုးစကား ထာ၊ နှစ်ဆင့်ဖြေရသော စကားလိမ်စကားထာနှင့် ပဟေဠိစကားထာများ ရှိကြပေသေးသည်။

"ကျွန်းတုံး ကြောင်လျှောက်"

လွှမ်းတုန်း မောင်ရောက်။

"သေတ္တာထဲ ကြိုးခွေခွေ"

မောင်ရင်လာ မိုးစွေစွေ။

"နွဲ့ပွက်ထဲ ဆင်ခြေရာ၊ လူတကာက မေး"

နင့်ကြိုက်လို့ ငါလာတာ၊ စောင်ခြုံစရာပေး စသည်တို့မှာ ကာရန် ပါသော အပျော်အပြက် စကားထာများဖြစ်၏။ ပညာမှု မပါချေ။

ရိုးရိုးစကားထာများမှာ-

"သွားတော့ခွေခွေ နေတော့စင်းစင်း"

ခေါင်းဖု (ခေါင်းခု)။

"ငါးနွားတစ်ကောင် ဘို့တစ်ထောင်"

ကြက်ဟင်းခါးသီး။

"မဖွတ်ဘဲနှင့်ဖြူ မခပ်ဘဲနှင့်ပြည့်"

အုန်းသီး ထိုကဲ့သို့သော စကားထာများ ဖြစ်ကြ၏။

ဤစကားထာရိုးရိုးကိုပင် ထပ်မံခွဲခြားနိုင်ပါသေးသည်။ အထက်ပါ စကားထာတွင် ကာရန်ပါသေးသည်။ ကာရန်မပါသောစကားပြင် ရိုးရိုးစကားထာများအနက် အောက်ပါတို့မှာ ရိုးရိုးစကားပြင်စကားထာများ ဖြစ်ကြပေ၏။

"နွေခေါင်ခေါင်တွင် စောင်ခြုံထားသောမုန့်"

မုန့်စိမ်းပေါင်း။

"တစ်အိမ်လုံး ကြမ်းပေါက်ကျွံကျပြီး ရေနစ်သောမုန့်"

မုန့်လုပ်ဆောင်း။

"နေ့တွင်ခွေ၍ ညတွင်အလုပ်လုပ်သူ"

စောင် (ခြုံစောင်)။

နှစ်ဆင့်ဖြေရသော စကားလိမ်စကားထာများမှာ အောက်ပါတို့ကဲ့သို့ ဖြစ်ကြပေသည်။

"စံပယ်ဖူးစ ဆီးယောက်မ"

"စပယ်ဖူးစ" သည် "ငုံ" ၏၊ "ဆီးယောက်မ" သည် "မွှေ" ၏၊ "ငုံမွှေ"သည် စကားလိမ်ဖြစ်၍ စကားဖြောင့်မှာ "ငွေမှုန်"ပေတည်း။

"ကန်၏တန်ဆာ တံငါ၏လက်စွဲ"

ကန်ကို တန်ဆာဆင်သောအရာမှာ "ကြာ"ဖြစ်၍ တံငါသည်တို့၏ လက်စွဲကိရိယာမှာ "ပိုက်"ဖြစ်ပေသည်။ ထို့အတွက် "ကြာပိုက်"၏စကား



ဖြောင့်မှာ "ကြိုက်ပါ" ဟူ၍ဖြစ်ပေသည်။

"ရှမ်းဘုရင် ကြွေနှစ်ပွင့်၊ တံငါမင့် လက်သုံး"

သုံးပုံဖဲတွင် မြန်မာဖဲနှင့် ရှမ်းဖဲဟူ၍ ရှိသည်။ ရှမ်းဖဲခြောက်စုံတွင် "ကျူး"ဖဲသည် အကြီးဆုံးဖြစ်၍ ဘုရင်ခေါ်ရ၏။ ထို့အတွက် "ကျူး"။

ပဆစ်ကစားရာ၌ ကြွေခြောက်ပွင့်အနက် နှစ်ပွင့်လန်လျှင် "နှစ်" ဟု မခေါ်ချေ၊ "ပါ"ဟုခေါ်၏။ ထို့ကြောင့် "ပါ"။

ထိုအခါ "ကြူးပါပိုက်" ဟူသော စကားလိမ်ဖြစ်လာ၏။ အလိမ်ကို ဖြေလိုက်သောအခါ "ကြိုက်ပါပူး" "ကြိုက်ပါဘူး" ဟူ၍ ဖြစ်လာတော့၏။

ပဟေဠိစကားထာအဖြစ် စာဆိုတော် နဝဒေးကြီး၏ ရတု တစ်ပုဒ်ကို ကောက်နုတ်ဖော်ပြပါမည်။ စာဆိုတော်ကြီးသည် ပုသိမ်မြို့ "ငါးမျက်နှာ" ဘုရား၏ဘွဲ့တော်ကို-

"င တွင် အာချ ဗိန္ဒုပြ၍၊

မ မှာ ယနှင့် အသင့်ရေးမှတ်

က လည်းသတ်လျက်၊ န ထက်ကား အာ

ဟ လည်းပါ၏" ဟူ၍ ဝှက်ခဲ့ပါသည်။

အဖြေမှာ-

"ငတွင်အာချ" ဆိုသည့်အတွက် အာသရဖြင့် ရေးချလျှင် "ငါ"ဖြစ်လာသည်။ "ဗိန္ဒုပြ၍" ဟုဆိုသဖြင့် "ငါ"နောက်တွင် ဗိန္ဒုဝစ္စနှစ်လုံးပေါက် ထည့်ပါက "ငါး" ပေါ်လာတော့သည်။

ဆက်လက်၍ "မ မှာ ယနှင့်" ဟူ၍ဆိုသည့်အတွက် "မ" အတွရာကို

ထဝင့်သောအခါ "မျ" ရ၏။ မပြီးသေးပါ၊ "ကလည်းသတ်လျက်" ဆိုသည့်အတွက် "မျ" ကို ကသတ်ရသည် "မျက်"။

နောက်တစ်ဆင့်မှာ "နထက်ကားအာ"ဆိုသည့်အလျောက် "န"တွင် အာသရကို ကပ်သည်၊ "နာ" ဖြစ်လာ၏။ ထို "နာ" တွင် "ဟလည်းပါ၏" ဆိုပြန်သဖြင့် "နာ" ကို ဟထိုးလိုက်ရာ "နှာ" ဖြစ်လာပါတော့သည်။ သို့ဖြင့် "ငါးမျက်နှာ" သည် ပေါ်လာတော့၏။

စကားထာဝှက်ခြင်း သို့မဟုတ် ပန်းဝှက်ခြင်းအလေ့သည် တိမ်ကောခဲ့ရာ မှတ်သားစုဆောင်းသူတို့၏ ထုတ်ဖော်မှုကြောင့် စကားထာပုဒ်ရေ သုံးရာမျှမှာမူ စာအုပ်အဖြစ် တည်ရှိနေပေသေး၏။

✶✶✶✶

**ရွှေးစကားပြောခြင်း**

အပျင်းလည်းပြေစေ၊ ပညာလည်းရစေသောနည်းမှာ ရှေးစကားပြောခြင်းဖြစ်၏။ ရှေးစကားဟုခေါ်ရခြင်းမှာ "ဟိုး. . . ရှေးရှေးတုန်းကတဲ့" ဟု အစချီလေ့ရှိသောကြောင့် ဖြစ်ပေ၏။ အများသိသော စာသုံးဝေါဟာရမှာမူ ပုံပြင်၊ ပုံပြောခြင်းဟူ၍ ခေါ်ကြ သုံးနှုန်းကြလေသည်။

ပုံပြင်တွင် လူနှင့်တိရစ္ဆာန်နှင့် သင့်မြတ်သည်။ တိရစ္ဆာန်၊ သစ်ပင်၊ ကျောက်တုံးတို့က စကားပြောသည်၊ လူကဲ့သို့ ပြုမူဆောင်ရွက်သည်။ သို့ရာတွင် ပုံပြင်ထဲ၌ အဖြစ်အပျက်များ ပါဝင်သည်။ လောကသဘာဝ



လောကစရိုက်များ ပါဝင်သည့်အတွက် နွားထောင်ရသူများ နှစ်သက်သည်။

နွားထောင်သူများမှာ ကလေးသူငယ်များဖြစ်၍ ပြောသူမှာ အမေကြီး (အဘွား)၊ အဘ (အဘိုး)နှင့် အမေတို့ဖြစ်လေ့ရှိတတ်သည်။ ကလေးများသည် ပုံပြင်ကို နှစ်ကြိမ်သုံးကြိမ်မျှ နွားထောင်မိ၍ နောက် နှစ်သက်စွဲလန်း သွားတော့သည်။ ထမင်းစားပြီးချိန် ညဦးကာလတွင် ဆေးပေါ့လိပ်တစ်လိပ်ဖြင့် အပန်းဖြေနေသော အမေကြီးဘေးသို့ မြေးတွေ အုံလာကြသည်။ အမေကြီး ရှေးစကားပြောပါဟု ပူဆာကြလေသည်။

အမေကြီးသည် လက်ဖက်ဖြုံ့လိုက်၊ ရေနွေးကြမ်း (အဖန်ရည်) သောက်လိုက်၊ ဆေးလိပ်ဖွာလိုက်ဖြင့် ကြယ်စုံသော ကောင်းကောင်ကို မော့ကြည့်နေချင်သည်။ သို့မဟုတ် ပုတီးစိပ်နေချင်သည်။ သို့တစေ မြေးတို့အပေါ်တွင် ထားရှိသော ချစ်ခြင်းမေတ္တာ၊ သနားခြင်းကရုဏာသည် လှိုက်ပုံ့လာသောအခါ ပုတီးကို ချထားလိုက်ရ၏။ မြေးတို့ကလည်း အမေကြီးပြောချင်လာအောင် ကျောကိုနှိပ်သူနှိပ်၊ ပေါင်ကို တံတောင်ဖြင့် ကြိတ်သူကြိတ်။

"ရှေးရှေးတုန်းက ရွှေယုန်နဲ့ ရွှေကျား သက်ငယ်ရိတ်သွားသတဲ့"

"ဟုတ်ကဲ့"

"သက်ငယ်ရိတ်သွားတဲ့အခါ ရွှေကျားကတော့ တံစဉ်ရယ်၊ ရေဘူးရယ်၊ ထမင်းပချုပ်ရယ် ယူလာခဲ့ပေမယ့် ရွှေယုန်က ဘာမှယူမလာဘူး"

အမေကြီး၏စကားထဲတွင် ရွှေကျားမှာ အကောင်ကြီး၍ အချိန်မစီးသော အနှကြီးဟူသောစကား၊ ရွှေယုန်မှာ အကောင်ငယ်ငြား

အကောင်ငယ်နှင့်မမျှအောင် ကောက်ကျစ်သည်ဟူသော စကား တစ်ခွန်းမျှ မပါပေ။ ဖြစ်စဉ်ပြ အဖြစ်ဖြင့် ရိုးရိုးကလေး ပြောသွား၏။

ရွှေကျားကြီး ရေနစ်သေသောအခါ "သနားပါတယ် အမေကြီး" ရယ်ဟု ငိုသံကလေးတွေဖြင့် ပြောကြ၍ ငှက်ပျောသီးသည်က ရွှေယုန်ကို သစ်ငုတ်တွင် ကိုင်ရိုက်သောအခါ ဝမ်းသာအားရ ဖြစ်ကြ၏။ ဤသို့ဖြင့် ကောင်းသူဘက်က ရပ်တည်လိုသောစိတ်ကို ပုံပြင်က သွန်းလောင်းပေး ပေ၏။

ပုံပြင်များမှာ မထွေးလေးပါဝင်သော ပုံပြင်နှစ်ပုဒ်၊ လူမိုက်ကြီး လေးယောက်ပါဝင်သော ပုံပြင်နှစ်ပုဒ်ဟူ၍ နာမည်တူပုံပြင်များရှိစေကာမူ ကလေးတို့သည် ခွဲခြားပြီး မှတ်မိကြ၏။

တစ်ဦးသောမထွေးလေးမှာ ကမ္ဘာလိပ်မကြီး၏ သမီးဖြစ်၍ မိထွေးမှ ပါလာသော မကြီး မလတ်တို့နှင့် မိထွေး၏မကောင်းကြံမှုကို ခံရသော ဇာတ်လမ်းဖြစ်၏။ နောက်ဆုံးတွင် မိထွေးနှင့် သမီးနှစ်ယောက်မှာ ဘုရင်၏ ကွပ်မျက်မှုခံရကာ ဇာတ်သိမ်းသွား၏။

ဒုတိယမထွေးလေးမှာမူ ငန်းတော်မြွေနှင့် အကြောင်းပါကာ အလွမ်း ဖြင့် ဇာတ်သိမ်းသွားရလေသည်။ ထိုပုံပြင်များကို ကြားနာအပြီး၌ ကလေး တို့မှာ စက်ဆုပ်သောခံစားမှု၊ သနားသောခံစားမှုများဖြင့် ငေးမောနေ ကြရ၏။

လေတိုက်မှ သစ်ပင်မြန်မြန်လဲမည်ဟု သစ်ပင်ပေါ်တက်ပြီး တစ် ယောက်က လေချွန်နေစဉ် အခြားတစ်ယောက်က သစ်ပင်ကို ခုတ်လှဲနေပြီး



ကျန်နှစ်ယောက်က သစ်ပင်ပေါ်ကလူ ခုန်ချနိုင်ရန် ပိုက်ခံပေးသော လူမိုက်ကြီးလေးယောက်ပုံပြင်အဆုံးတွင် ကလေးတို့ သောသော ညံအောင် ရယ်မောကြ၏။

ဖင်တွင် အချွန်ကြီးပါသောကြောင့် 'ဖင်ချွန်း'ဟုခေါ်သူ၊ နားရွက် ကြီး အဆမတန်ကားနေသဖြင့် 'နားရွက်ကြီး'ခေါ်သူ၊ နှာခေါင်းကြီး အလွန်ကြီးသည့်အတွက် 'နှာခေါင်းကြီး'ခေါ်သူ၊ အလွန်ကြီးမားသော လက်ဝါးရှိသောကြောင့် 'လက်ခုပ်ကြီး' ခေါ်သူတို့ပါဝင်သော ဒုတိယ လူမိုက်ကြီးလေး ယောက်ပုံပြင်မှာမူ ကလေးတို့ လိမ့်နေအောင် ရယ်မောကြရ၏။

ဖင်ချွန်းက စိတ်ဆိုးပြီး လှေထဲတွင်ဆောင့်ထိုင်လိုက်ရာ လှေပေါက် ပြီး ရေတွေဝင်လာ၏။ ထိုရေကို လက်ခုပ်ကြီးက လက်ဝါးဖြင့် ခပ်ပစ်၍ နှာခေါင်းကြီးက နှာခေါင်းဖေးဖြင့် ဖာထေးပေး၏။ ရွက်မပါသဖြင့် လှေဦး တွင် နားရွက်ကြီးက ထရပ်လိုက်ရာ ရွက်လွှင့်သကဲ့သို့ဖြစ်သွားကာ လှေ သည် လျင်မြန်စွာ ပြေးလေ၏။ ရယ်စရာသက်သက်ဖြစ်သဖြင့် ကလေးတို့ အဘယ်မှာ မရယ်မောဘဲ နေပါမည်နည်း။

ကလေးတို့ ရယ်လည်းရယ်ရ၊ စိတ်လည်းတက်ကြွသောပုံပြင်မှာ "ငလက်မ" ဖြစ်၏။ ငလက်မသည် လက်မခန့်မျှသာကြီးပြား လမ်းတွင် တွေ့သမျှ သက်ရှိသက်မဲ့တို့အား မုန့်တစ်ဖုံစီကျွေးကာ သူ့ဗိုက်ထဲ အဝင် ခိုင်းပြီး ခရီးဆက်၏။ သို့အတွက် ကလေးတို့ ရယ်မောကြ၏။ သို့တစေ ထိုမျှ ငယ်နှောင်းသော ကလေးက နေမင်းကြီးနဲ့စစ်တိုက်ပြန်သဖြင့်

ကလေးတို့ ပျော်ရွှင်ကြရပြန်သည်။

အဘတို့ အမေကြီးတို့သည် ပုံပြင်သုံးဆယ်မျှကိုသာ ထပ်တလဲလဲ ပြောနိုင်၏။ ကြာသော် မြေးတွေ အလွတ်ရကုန်ကြ၏။ ထိုအခါ ဦးပေါ်ဦး ပုံပြင်၊ ငါးရာ့ငါးဆယ် ဇာတ်တော်များနှင့် ဇင်းမယ်ပဏ္ဏာသထဲမှ မှတ်မိသမျှ တစ်လှည့်ပြောကြ၏။

ရှေးစကား (ပုံပြင်) ပြောခြင်းသည် ကလေးတို့အား အဘိုး၊ အဘွားများနှင့် ရင်းနှီးချစ်ခင်စေသည်။ "ဘမှာ မျက်ချေးတွေနဲ့" "အမေကြီးက အဘွားကြီးစော်နံတယ်" ဟူသည့်အပြောများ၊ စိတ်ထားများ နည်းပါးစေသည်ကား အမှန်ပင် ဖြစ်လေသည်။ ။

(မြန်မာ့ရိုးရာ ကျေးလက်မြန်မာမှုဓလေ့များစာအုပ်မှ ပြန်လည်ဖော်ပြပါသည်။)

ဆင်ဖြူကျွန်းအောင်သိန်း

* * * *

# ရှက်ခိတ်

# လှပြောစိန်ဝင်း

တိုက်ပွဲပြီးပြီပြော တိုက်ပွဲရှုံးခဲ့တာရှင့်အတွက် မိုးသားချုပ်ကွယ်သွားတာ အောင်မြင်ကြောင်း အကြိုပင်လား "ငါတော်" ကကျည်း ရောက်ခဲ့ကြတာလား၊ ကလေးလေးတွေကို မိုးသားပေါ်၊ ကြိုးကြိုးကိုကိုင် ခုန်ပေါက်ကြမယ်ဆိုတဲ့အခါ "အမှန် တရားနည်းကြွား" ပဲလို့ ပြန်ပြီးပြောနေကြတာ ရယ်စရာကောင်းလေးတစ်ခု အကြွင်းမဲ့ထိုင်ရှိခိုး သင်္ချိုင်းကြီးကတော့နေကြတာပေလား။

## ရှက်စိတ်

### အချစ်ရှုံးအရှုံး

"ဤစွယ်စုံကို ရွှေဘုံသူ မှန်ကူ သုံးရတ်တော်မူသေးလျှင် ရန်သူ၏ အစွယ်ကို ရွှေလက်ဝယ် သပါမည်။ အားရစိတ်ရွှင် ကျေနပ်အောင် စီရင်၍ ပြုချင်တိုင်း ပြုတော်မူပါတော့ဘုရားဟု မောင်မင့်သခင် မုန်းပင်စိုက်ပျိုး ပြေချိန်တိုင်၍မှ မပြေနိုင် ငြိုးတတ်သည့် မုဆိုးတစ်ပိုင်း မိန်းမရှိုင်းကြီးကို ငါမှာတိုင်း ပြောပါလေ"

မြန်မာစာပေ လေ့လာသူတိုင်း ရင်ထဲမှာစွဲနေတဲ့ စာဆိုကြီး ဦးပုညရဲ့ ဆဒ္ဒန်ဆင်မင်း ဝတ္ထုထဲက စာသားလေးပါ။ "မုဆိုးတစ်ပိုင်း မိန်းမရှိုင်း" ဆိုတဲ့အသုံးကလေးကလည်း နှောင်းပိုင်း သီချင်းရေးဆရာတွေ ယူသုံးလို့ မရိုးနိုင်အောင်ကို ရှိနေပါသေးသည်။

စူဠသုဘဒ္ဒါမိဖုရားက ဆဒ္ဒန်ဆင်မင်းအပေါ်မှာ ဘဝကူးသွားတဲ့အထိ အမုန်းသည်းသည်းနဲ့ အငြိုးကြီးသွားခဲ့ရသလဲဆိုတာကိုလည်း အားလုံး သိကြပြီးသားပါပဲ။



စူဠသုဘဒ္ဒါက ဆဒ္ဒန်ဆင်မင်းရဲ့ မိဖုရားနှစ်ပါးမှာ "အငယ်"။ ဆင်မင်းကြီးကို မိဖုရားနှစ်ပါးစလုံးက အသက်တမျှ ချစ်မြတ်နိုးခဲ့ကြတာ မှန်ပေမယ့် သူတို့စိတ်ထဲမှာတော့ တစ်ဦးနဲ့တစ်ဦးကျိတ်ပြီး ပြိုင်ဆိုင်နေကြတဲ့ "ယှဉ်ပြိုင်စိတ်"တွေ၊ "မနာလိုစိတ်"တွေ သဘာဝအလျောက် ရှိနေကြမှာပါ။ မိဖုရားနှစ်ပါးနဲ့ မြူးထူးပျော်ပါးခဲ့ရာမှာ ဆင်မင်းကြီးက အကြီးစားသန်သွားတော့ အငယ် စူဠသုဘဒ္ဒါဟာ ပြိုင်ဖက် မဟာသုဘဒ္ဒါကိုလည်း ရှက်သွားရ၊ ဘေးပတ်လည်မှာရှိနေတဲ့ ရံရွေတော်အပေါင်းကိုလည်း ရှက်သွားရပါလိမ့်မယ်။ အဲဒီ စူဠသုဘဒ္ဒါရဲ့ "ရှက်စိတ်"ဟာ ဆင်မင်းကြီးကို သေစေခဲ့သလို၊ စူဠသုဘဒ္ဒါကိုလည်း သေစေခဲ့တာပါ။ စူဠသုဘဒ္ဒါ ရင်ကွဲ နာကျသေဆုံးခဲ့ရတာလည်း "ရှက်စိတ်"ကြောင့်ပါ။ သူက အငြိုးတကြီးနဲ့ အသက်ခိုင်းပေမယ့် ဆင်မင်းကြီးက အမုန်းမဖက်၊ အကြွင်းနာမပျက်ဘဲ စွယ်တော်ကို သူကိုယ်တိုင်ဖြတ်ပြီး အရောက်ပို့ပေးလိုက်တဲ့အခါ သူ့ရဲ့ ကြီးမားလှတဲ့အပြစ်ကို စေ့စေ့တွေးပြီး နောင်တတရားရ၊ အရှက်ကြီးစွာ ဖြစ်ခဲ့ရပါတယ်။ အမုန်းသည်းသလောက် အငြိုးကြီးတတ်တဲ့ စူဠသုဘဒ္ဒါ မိဖုရားဟာ အရှက်လည်း ကြီးတတ်ပါတယ်။ အဲဒီကြီးတဲ့အရှက်ကပဲ ဆဒ္ဒန်ဆင်မင်းရဲ့ အသက်ရော၊ သူ့အသက်ကိုပါ ပျက်သုဉ်းသွားစေခဲ့တာပါပဲ။

****

**စစ်ရှုံးအရှုံး**

အချိန်က ဒုတိယကမ္ဘာစစ်ရဲ့နောက်ဆုံးပိုင်း။ "အိုင်ဝိုဂျီးမား" ကျွန်းပေါ်က ဂျပန်တပ်တွေ လက်နက်ချရမယ့်နေ့ အရုဏ်တက်အချိန်။

ဒုတိယဗိုလ်ချုပ်ကြီး "ဥရှိဂျီးမား"ဟာ သူတို့ဌာနချုပ်လုပ်ထားတဲ့ ဂူထဲကနေ စစ်ဝတ်စုံအပြည့်နဲ့ ထွက်လာခဲ့ပါတယ်။ သူ့နောက်က စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး "ချို" လိုက်ပါလာတယ်။ သူကတော့ ကီမိုနို ဝတ်စုံ အဖြူရောင်နဲ့။ ဂူနဲ့မလှမ်းမကမ်းမှာတော့ သေသေချာချာ ဖြန့်ခင်းထားတဲ့ စောင်အဖြူကြီးတစ်ထည်။

သူတို့ခြေလှမ်းတွေက ခန့်ညားလှတယ်။

သူတို့မျက်နှာတွေကလည်း တည်ငြိမ်လှပါတယ်။

စောင်အဖြူပေါ်မှာ သူတို့ပုံစံတကျ ထိုင်လိုက်ကြတယ်။ ပြီးတော့ ထွက်ပြူစနေဝန်းကို ဦးညွှတ်လိုက်ကြတယ်။ ပြီးတော့ တရိုတသေ ကိုင်ထားတဲ့ ဓားတွေကို ကိုယ်စီဆွဲထုတ်လိုက်ကြတယ်။ မြောက်ချီလိုက်တဲ့ ဓားနှစ်စင်းဟာ နံနက်ခင်းနေခြည်မှာ ဝင်းခနဲ တစ်ချက်လက်အပြီးမှာတော့ ဓားဦးတွေရဲ့လားရာက သူတို့ခန္ဓာကိုယ်ထဲ။

အဖြူရောင်စောင်ကြီးဟာ အနီရောင်တွေ စွန်းကွက်တဲ့ ပန်းချီကားတစ်ချပ်ဖြစ်သွားပါတယ်။ အဲဒီပန်းချီကားပေါ်မှာတော့ သူတို့နှစ်ယောက် နေဝန်းကို ဦးခိုက်နေတဲ့ပုံစံနဲ့ ငြိမ်သက်သွားကြလေရဲ့။

ပြီးခဲ့တဲ့ ဒုတိယကမ္ဘာစစ်ကြီးအတွင်းမှာလည်း စစ်ရှုံးခဲ့ရတဲ့ ဂျပန်စစ်ဗိုလ်ချုပ်ကြီးတွေ အများအပြားဟာ ရန်သူ့ဆီကို လက်နက်ချအညံ့ခံ



မယ့်အစား သူတို့ကိုယ်သူတို့ "ဟာရာကီရီ"လုပ်ပြီး သတ်သေသွားခဲ့ကြတာတွေ အများကြီးပါပဲ။

တိုကျိုမြို့တော်ကြီးကို မဟာအာသာရဲ့တပ်တွေ ဝင်ရောက်လာတဲ့ အခါ မှာလည်း သူတို့အလိုချင်ဆုံး စစ်တရားခံ (၁၁)ယောက်ထဲမှာပါတဲ့ မင်းသား ကိုနိုယေးကို မရလိုက်ပါဘူး။ ဂျပန်နိုင်ငံရဲ့ဝန်ကြီးချုပ်အဖြစ် သုံးကြိမ်တာဝန်ထမ်းဆောင်ခဲ့တဲ့ မင်းသားကြီးဟာ သူ့ကိုယ်သူ ရန်သူ့လက်ထဲရောက်ပြီး စစ်ရာဇဝတ်ကောင်အဖြစ် အစစ်ဆေးခံရမယ့် အရှက်တကွဲ ဖြစ်ရပ်ကို ရင်ဆိုင်မယ့်အစား သူ့ကိုယ်သူ "ဟာရာကီရီ"လုပ်ပြီး သေသွားပါတယ်။ ဂျပန်တို့ရဲ့ နာမည်ကျော် "ခါမိခါဇေး" အသေခံတပ်များရဲ့ ဗိုလ်ချုပ်ဖြစ်တဲ့ ရေကြောင်းဗိုလ်ချုပ်ကြီး "အိုနီရှီ"နဲ့ စစ်ဦးစီးချုပ် ဗိုလ်ချုပ် "ဆူဂျီယာမ"တို့လည်း မင်းသားကြီးလိုပဲ အသေခံသွားကြပါတယ်။ နံပါတ်တစ် ဖက်ဆစ်ရာဇဝတ်ကောင်လို့ သတ်မှတ်ခံရတဲ့ ဗိုလ်ချုပ်ကြီးတိုဂျိုကတော့ သူ့ကိုယ်သူ ပစ္စတိုနဲ့ပစ်သတ်တာ မသေလို့ အမေရိကန်တွေ လက်ထဲရောက်သွားပြီး ကြိုးစင်တက်သွားရပါတယ်။

စစ်ရာဇဝတ်ကောင်အဖြစ်ရှိနေစဉ်မှာ ဂျပန်သတင်းထောက်တစ်ဦးကို ဂျင်နရယ်တိုဂျိုက-

"မဟာအရှေ့အာရှတိုက်သားတွေအတွက် ကျုပ် စိတ်မကောင်းပါဘူး၊ ဒီအတွက် တာဝန်အားလုံးကို ကျုပ်ယူပါတယ်။ မဟာအရှေ့အာရှတိုက်ပွဲကြီးဟာ တရားတဲ့စစ်ကြီးဖြစ်တယ်။ ကျုပ်တို့မှာ ရှိသမျှအင်အားတွေ ကုန်ခန်းသွားတော့ ကျုပ်တို့ ရှုံးခဲ့ရတာပေါ့။ အောင်နိုင်သူတွေရဲ့

ရှေ့မှာ စစ်ရှုံးသူတစ်ယောက်အဖြစ် အစစ်ဆေးခံရတာမျိုးကို ကျုပ်မလိုလားဘူး"

လို့ပြောခဲ့ပြီး အမေရိကန်တွေကိုတော့ သူက-

"သင်တို့က အောင်နိုင်သူတွေဖြစ်တော့ ဘယ်သူဘယ်ဝါတွေဟာ စစ်တရားခံတွေဖြစ်တယ်လို့ ပြောနိုင်ခွင့်ရှိတာပေါ့။ ဒါပေမယ့် နောင်လာမယ့် အနှစ်ငါးရာ တစ်ထောင်လောက်မှာ ပေါ်ထွန်းလာမယ့် သမိုင်းဆရာတွေကတော့ မတူခြားနားတဲ့ ဆုံးဖြတ်ချက်ကို ချမှတ်ကြပါလိမ့်မယ်"

ဒီဇင်ဘာ (၂၂)ရက်နေ့မှာ သူ ကြိုးပေးခံခဲ့ရပါတယ်။ ဂျပန်စစ်ဗိုလ်ချုပ်ကြီးတွေလိုပဲ ဖက်ဆစ်တို့ရဲ့ ဦးသျှောင်ဖြစ်တဲ့ ဟစ်တလာကိုယ်တိုင်လည်း ဆိုဗီယက်စစ်တပ်တွေဟာ သူ့ဌာနချုပ်ရဲ့ လက်တစ်ကမ်းအကွာရောက်လာတဲ့အခါမှာ သူ့ကိုယ်သူ သတ်သေသွားခဲ့ပါတယ်။

ကိုလိုနီနယ်ချဲ့ စနစ်ကြီးရဲ့ အစဦးပိုင်း ကာလတွေမှာလည်း အင်္ဂလိပ် တို့၊ ပြင်သစ်တို့ နိုင်ငံကြီးတွေက နယ်မြေတွေ လုကြရင်းနဲ့ အချင်းချင်း စစ်ပွဲကြီးတွေ တိုက်ခိုက်ခဲ့ကြပါတယ်။ စစ်သင်္ဘောကြီးတွေရဲ့ တိုက်ခိုက်ကြတဲ့ စစ်ပွဲကြီးတွေမှာ သင်္ဘောတွေ အမြောက်ဆန်ထိပြီး နစ်မြုပ်တော့မယ်ဆိုရင် သင်္ဘောသားတွေဟာ သင်္ဘောကို စွန့်ခွာခွင့်ရှိကြပေမယ့် သင်္ဘောကပ္ပတိန်တွေကတော့ သင်္ဘောနဲ့အတူ နစ်မြုပ်အသေခံသွားကြရတာဟာ အစဉ်အလာကြီးတစ်ခုအဖြစ် တည်ရှိနေခဲ့ပါတယ်။ ကိုယ့်သင်္ဘောကို စွန့်ခွာ ထွက်ပြေးသူအဖြစ် အကဲ့ရဲ့ခံရမယ့်အရှက်တကွဲအဖြစ်ကို ရင်ဆိုင်ရမှာထက် အသက်ကိုသာ အသေခံ



သွားမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ အရှက်ကို အသက်နဲ့ လဲသွားကြတာလေ။

* * * *

### လူရဲထောင်းအရှုံး

မြန်မာ့သမိုင်းမှာ ထင်ရှားကျော်ကြားလှတဲ့ သူရဲကောင်း မင်းရဲကျော်စွာရဲ့ "အရှက်" ကလည်း စိတ်ဝင်စားစရာပါ။ မင်းရဲကျော်စွာကို စစ်ပွဲမှာ ဆင်ပေါ်ကကျတဲ့ ဒဏ်ရာနဲ့ ရာဇာဓိရာဇ်က လက်ရဖမ်းမိသွားပါတယ်။

ရာဇာဓိရာဇ်က "မင်းသားသူငယ် ဖြစ်သသူကို ငါဝမ်းမသာဘူး။ ဆေးဝါးထမင်းကိုသာ စားပါ။ လွတ်အောင်ကုမ၍ လွတ်လျှင် သည်တွင်နေလိုလည်း ငါ့သမီးတော်နှင့် စုံမက်၍ အိမ်ရှေ့အရာကို ငါပေးတော်မူမည်။ အင်းဝသို့ သွားလိုသော စိတ်ရှိလျှင်လည်း ငါက အမှုးအမတ်တို့ကို ပို့စိမ့်မည်။ ကိုယ်ကိုသာ ကျန်းအောင်ပြုပါဟူ၍ ဆေးလည်း ပေးတော်မူ၏။ မင်းရဲကျော်စွာလည်း သင်တို့ ထမင်းဆေးဝါးကို ငါမစားပြီ။ ဟံသာဝတီကို မရဘဲ မပြန်ပြီဟု ငါမိဌာန်ရင်းရှိသည်။ ယခု ငါသို့စဉ်ဖြစ်ခဲ့ပြီးသော် သူ့ကျွန်ဟူသော အမည်ကိုငါမခံပြီ။ ငါအသက်ရှင်သော်ကသေသော် မြတ်၏။ ငါကို သတ်မည်ကိုသာ စီရင်တော့ဆိုလျှင် ရာဇာဓိရာဇ်လည်း မင်းရဲကျော်စွာ သေခါနီးတိုင်အောင်မှ စိတ်ကို မလျှော့။ နောင်သော် ငါ့ကိုပင် ကြံပြန်ချိမ့်မည်ဟူ၍ ထိုညဉ့်တွင်ပင်

လုပ်ကြ၍ မိုးသောက်လျှင် ဆင်ထိတော်မူသော အနာသည်း၍ အနိစ္စ ရောက်သည်။ ကောင်းမွန်စွာ သဂြိုလ်လေ၏"

မှန်နန်းရာဇဝင်မှာ ဖော်ပြထားတဲ့အတိုင်း သူရဲကောင်းမင်းရဲ ကျော်စွာဟာ သူရဲကောင်းရဲ့ သိက္ခာ၊ သူရဲကောင်းရဲ့အရှက်ကို ထင်ရှား အောင် ပြသွားခဲ့ပါတယ်။ သူသာ သူ့အသက်ကို ငဲ့ကွက်မယ်ဆိုရင် သူရဲ ကောင်းကို ချစ်တတ်တဲ့ ရာဇာဓိရာဇ်က သူ့စကားအတိုင်း ချီးမြှင့်မြှောက် စားမှာပါ။ မင်းရဲကျော်စွာကတော့ အရှင်လတ်လတ် ရန်သူ့အဖမ်းခံရသူ ဆိုတဲ့ အမည်ကို ခံယူရမှာ ရှက်လှပါတယ်။ တစ်ဖက်သား သနားလို့ ချမ်းသာရာ ရနေသူလို့ အပြောခံရမှာလည်း ရှက်လှပါတယ်။ အဲဒါ ကြောင့် သူဟာ သူရဲကောင်းတို့ရဲ့ အရှက်နဲ့ သိက္ခာကို ပြသွားခဲ့တာပါ။

တောင်ငူဘုရင် တပင်ရွှေထီး နန်းတက်စက မင်းပျိုမင်းလွင် (၁၇ နှစ်သား) ဖြစ်တဲ့အလျောက် ထီးပြိုင်နန်းပြိုင် ဟံသာဝတီ နေပြည်တော်ရှိ ရွှေမောဓောစေတီတော်မှာ နားတွင်းသျှောင်ထုံးမင်္ဂလာ လုပ်ချင်တယ်လို့ ဆန္ဒဖြစ်ပါတယ်။ သူနဲ့အတူ စစ်သည်ရဲမက် လက်ရွေးစင် (၅၀၀)ရွေးချယ် ခေါ်ယူသွားဖို့ ရွေးချယ်ပွဲ လုပ်ပါတယ်။ ရွေးပုံက လက်သည်းကြားကို အပ်ရိုက်သွင်းပြီး ရွေးတာပါ။ အပ်ရိုက်သွင်းလိုက်တဲ့အခါမှာ တွန့်သွား ဆုတ်သွားတဲ့လူကို ပယ်ပါတယ်။ ကျော်ထင်နော်ရထာ (ဘုရင့်နောင်)က ပထမဆုံးစပြီး အစမ်းခံပါတယ်။ သူ့လက်ကြားကို သူကိုယ်တိုင် အပ်ကို ဆုံးအောင် ရိုက်သွင်းလိုက်ပါတယ်။ တွန့်ခြင်းရွံ့ခြင်း မရှိခဲ့ပါဘူး။

တပင်ရွှေထီးဘုရင်ရဲ့ ဖွားဖက်ငယ်ကျွန်တော် သူရဲကောင်း "ဗလ



မင်းထင်" ရဲ့အလှည့်ကျတော့ အပ်စိုက်လိုက်တာနဲ့ အမှတ်တမဲ့ တွန့်သွား လို့ ဆွဲထုတ်ခံလိုက်ရတယ်။ အဲဒီတွင် ဗလမင်းထင် အရှက်လွန်ပြီး သူ့ခါး ကြားက ဓားမြှောင်ကို ဆွဲထုတ်၊ သူ့ဝမ်းဗိုက်ကို ခွဲချလိုက်ပါတယ်။ ပြီးတော့ သူ့လက်နဲ့ အူတွေကို ဆွဲထုတ်လိုက်တယ်။ အူတစ်စကို ကျော်ထင် နော်ရထာရဲ့ လက်ထဲထည့်ပြီးတော့ သူနောက်ဆုတ်ပြေးသွားလိုက်တာ အူဆုံးတဲ့နေရာလည်းရောက်ရော သူလည်း လဲကျသေဆုံး သွားခဲ့ပါရော။

တပင်ရွှေထီးရဲ့ တစ်ခွန်းတည်းသော မှတ်ချက်က "ငါ့ကျွန်တော် ဗလမင်းထင်သည် မိုက်တော့မိုက်၏။ သို့သော် သတ္တိမရှိပေ" တဲ့။ ဗလ မင်းထင်ဟာ သူရဲဘောကြောင်သူ မဟုတ်ပါဘူး။ ရဲဆုတွေရခဲ့တဲ့ သူရဲ ကောင်းပါ။ အခုလို လူပုံအလယ်မှာ သူရဲဘောကြောင်သူ တစ်ဦးအဖြစ် ဆွဲအထုတ်ခံလိုက်ရတော့ သူသိပ်ရှက်သွားမှာပါ။ ဒီအရှက်ကြီးနဲ့ တစ်သက်လုံး နေသွားမယ့်အစား သေခြင်းကိုသာ ရွေးလိုက်တာဖြစ်မှာပါ။

****

**စည်းခြားအရှက်**

"ရှက်စိတ်" ဟာ လူသားတွေ ယဉ်ကျေးပြီး အဆင့်မြင့်သတ္တဝါ အဖြစ်ကို ရောက်ရှိလာစေဖို့အတွက် အဓိက အခန်းကဏ္ဍကနေပြီး ဆောင်ရွက်ပေးနေတာပါဆိုရင် စကားလွန်ရာများ ကျမလားပဲ။ ဒါပေမယ့် ယဉ်ကျေးတဲ့ အဆင့်မြင့်တဲ့ လူသားတွေသာ "အရှက်နဲ့

လူလုပ်တာ" ဆိုတဲ့စကား၊ "အရှက်ကို အသက်နဲ့လဲမယ်" ဆိုတဲ့ စကားတွေကို ပေါ်ပေါက်လာစေခဲ့ ကြတာပါ။ အမှန်တကယ်လည်း အရှက်ကို အသက်နဲ့ လဲသွားကြသူတွေအကြောင်း သမိုင်းမှာ မှတ်တမ်းတင်ထားခဲ့ကြရတာ နည်းမှမနည်းဘဲ။

ဟီရိဩတပ္ပဆိုတဲ့ "ရှက်ခြင်း" တရားကြောင့် လူတွေဟာ ယဉ်ကျေးတဲ့ သတ္တဝါလို့ အခေါ်ခံလာရတာပါ။ တိရစ္ဆာန်တွေမှာတော့ "ဟီရိဩတပ္ပ" ဆိုတာကို နားမလည်ကြပါဘူး။ ကိုယ်ဆာလောင်တဲ့အခါ၊ စားချင်စိတ်ပေါ်လာတဲ့အခါ ကိုယ့်ရှေ့ပေါ်လာတဲ့ ကိုယ့်ထက်အားနည်းတဲ့ သတ္တဝါလေးတွေကို ဖမ်းယူစားသောက်ပစ်လိုက်တာပါပဲ။ အားနည်းသူကို အနိုင်ကျင့်တာဟာ ရှက်စရာပါလားလို့ တိရစ္ဆာန်တွေက စဉ်းစားရကောင်းမှန်း မသိပါဘူး။ အဲဒီလိုပါပဲ။ သူ့ထက်အားကြီးတဲ့ သတ္တဝါကို တွေ့ရင် သူဟာ အမြီးကိုတန်းပြီး ထွက်ပြေးမှာပါပဲ။ ရန်သူကို ကျောပေးပြီး ပြေးခြင်းဟာ ရှက်စရာပါလားလို့ တိရစ္ဆာန်က မစဉ်းစားတတ်ပါဘူး။ သူ့အတွက် အရေးကြီးဆုံးက သူ့အသက်ရှင်နေဖို့သာ ဖြစ်တယ်။ အဲဒါကြောင့် "အရှက်" ဆိုတဲ့ အရာလေးတစ်ခုဟာ လူနဲ့တိရစ္ဆာန်ကို စည်းခြားပေးထားတဲ့ အရာတွေထဲက အရေးကြီးတဲ့ အရာတစ်ခုလို့ ဆိုချင်ပါတယ်။ "နိုင်ရာစား" စနစ်ဆိုတာ "တောတွင်းဥပဒေသ" ဖြစ်တယ်။ တိရစ္ဆာန်တို့ရဲ့ စရိုက်ဖြစ်တယ်လို့ သိလာကြပြီး ရှောင်ကြဉ်လာကြတာနဲ့ အမျှ လူသားဟာ ပိုပိုပြီး ယဉ်ကျေးလာကြတာပါ။

****



**ရွှေ့ပြောင်းရှုထောင့်**

စက်မှုနည်းပညာတွေ တိုးတက်လာခဲ့တာနဲ့အမျှ လူသားတွေရဲ့ အသိဉာဏ်တွေလည်း ထွန်းကားလာတယ်။ အဲဒါနဲ့ တစ်ဆက်တည်း "လူ့တန်ဖိုး" ဆိုတာတွေလည်း ပြောင်းလဲလာခဲ့ရပါတယ်။ ရှေးမခေါ်မ ခေတ်တွေမှာတုန်းက "အသိဉာဏ်ပညာ" ရှိတဲ့လူဟာ "တန်ဖိုးရှိတဲ့လူ" ဖြစ်ပေမယ့် စက်မှုယန္တရားခေတ်ကျတော့ "အတတ်ပညာရှိတဲ့လူ" မှ "တန်ဖိုးရှိတဲ့လူ" လို့သတ်မှတ်ခံရပါတယ်။ လူသားတွေရဲ့ စိတ်ဓာတ်၊ စာရိတ္တဆိုင်ရာဖက်မှာလည်း တစ်ချိန်တုန်းက "အရှက်ကို အသက်နဲ့လဲမယ်" လို့ဆိုခဲ့ကြပေမယ့် ဒီနေ့မှာတော့ "ကြောင်ဟာ အဖြူပဲဖြစ်ဖြစ်၊ အမည်းပဲဖြစ်ဖြစ် ကြွက်မိဖို့သာ အဓိက" ဆိုတဲ့စကားက လွှမ်းမိုးလာခဲ့ပါပြီ။

ဂျပန်တွေကိုပဲ ကြည့်ရအောင်။ အိုနီယေးတို့ခေတ်တုန်းက အရှက်နဲ့ သိက္ခာကို အသက်ထက်ပိုပြီး တန်ဖိုးထားခဲ့ကြပေမယ့် စစ်ပြီးခေတ် လေးငါးဆယ်နှစ် ကြာတဲ့အခါကျတော့ "အရှက်ရဲ့တန်ဖိုး" ပြောင်းလဲသွားခဲ့ရပါတယ်။ ခြောက်ဆယ်ဦးကာလတုန်းက ဂျပန်နိုင်ငံမှာ အလွန်ဆိုးရွားတဲ့ မီးရထားနှစ်စင်း ရင်ဆိုင်တိုက်ခိုက်မှုကြီးတစ်ခု ဖြစ်ပွားခဲ့ပါတယ်။ လူပေါင်းရာကျော် သေဆုံးခဲ့ရပါတယ်။ ဘာကြောင့် မီးရထားနှစ်စင်း ရင်ဆိုင်တိုက်ခိုက်မှု ဖြစ်ပွားရသလဲဆိုတဲ့ စုံစမ်းစစ်ဆေးမှုတောင် မလုပ်ရသေးခင်မှာ မီးရထားဝန်ကြီးက သူ့ဌာနမှာဖြစ်ရတာကြောင့် ရာထူးအကြီးဆုံးဖြစ်တဲ့ သူက တာဝန်အရှိဆုံးဖြစ်ပါတယ်ဆိုပြီး ချက်ချင်း ရာထူးက နုတ်ထွက်လိုက်ပါတယ်။ အဲဒီလို တာဝန်ကို ခေါင်းမရှောင်တဲ့ စိတ်ဓာတ်

ရှိခြင်းဟာ လူကြီးလူကောင်းဆန်တဲ့ စိတ်ဓာတ်ဖြစ်တယ်ဆိုပြီး သူ့ကို ဝိုင်းဝန်းချီးကျူးကြပါတယ်။ မင်းသားကြီး ကိုနိုင်ယေးတို့ခေတ်ကလို "ကာရာကီရီ" လုပ်မသွားရကောင်းလားလို့ အပြစ်မတင်ကြတော့ပါဘူး။ "အရှက်" ရဲ့တန်ဖိုး ပြောင်းလဲသွားရတဲ့ သဘောပါ။ တစ်ခေတ်မှာ "အရှက်" က "အသက်" ထက်ပိုပြီး "တန်ဖိုး" မြင့်မားပေမယ့် နောက်တစ်ခေတ်ကျတော့ "အသက်" က "အရှက်"ထက်ပိုပြီး "တန်ဖိုး" မြင့်မားသွားတယ်ဆိုတာကို ထင်ဟပ်ပြနေတာပါ။ မနေ့တစ်နေ့က ဖြစ်သွားတဲ့ ကိုဘေးမြေငလျင်ကပ်ဆိုးကြီးမှာဆိုရင် သုံးရက်နီးပါးလောက် အစိုးရနဲ့ ဒေသဆိုင်ရာတွေ ဘာမှလုပ်မပေးနိုင်ခဲ့ပါဘူး။ အပြိုအပျက်တွေကြားက လူတွေကို ဆွဲထုတ်ကယ်တင်ဖို့ဆိုတာလည်း မလုပ်နိုင်ဘူး။ အဲဒီတော့ တစ်မြို့လုံး မကောင်းတဲ့အနံ့အသက်တွေ လှိုင်နေတော့တာပေါ့။ ဒုက္ခသည်တွေမှာ ရေတောင် သောက်စရာမရှိတဲ့အဖြစ်ကို ရောက်နေကြရတယ်။ အဲဒီလို အစိုးရက ဘာမှလုပ်မပေးနိုင်သေးတော့ ရာကူဇာဒုစရိုက်ဂိုဏ်းကြီးက ဒုက္ခသည်တွေကို စားစရာနဲ့သောက်စရာ ရေကောင်းရေသန့်တွေ လိုက်ဝေပေးခဲ့ရတယ်။ အပြိုအပျက်တွေကြားက အသက်မသေ ကျန်နေသေးသူတွေကို ရှာဖွေဖို့ အထူးလေ့ကျင့်ထားတဲ့ ခွေးကြီးတွေကို ပြည်ပက ပို့ပေးလိုက်ပြန်တော့လည်း ဂျပန်လေဆိပ်တာဝန်ရှိသူတွေက ဥပဒေနဲ့မညီဆိုပြီး ခွေးတွေကို ပြည်ဝင်ခွင့်ဗီဇာ မပေးတဲ့အတွက် အတော်လေး အုတ်အော်သောင်းနင်း ဖြစ်သွားရသေးတယ်။ ကိုဘေးကိစ္စနဲ့ပတ်သက်ပြီး အစိုးရအနေနဲ့ အရေးယူဆောင်ရွက်မှု



နှေးကွေးရတာကို ဝန်ကြီးချုပ်ကိုယ်တိုင် တိုင်းပြည်ကို ဝန်ခံတောင်းပန်ခဲ့ပါတယ်။ ဒါပါပဲ။ ဘယ်သူမှ ရာထူးက နုတ်ထွက်သွားခြင်း၊ ဘယ်တာဝန်ရှိသူမှ အရေးယူခံရခြင်းဆိုတာမျိုး မကြားခဲ့ရပါဘူး။ "ဆောရီး" ဆိုတဲ့ စကားတစ်လုံးနဲ့တင် ဒီခေတ်မှာ လုံလောက်သွားပါပြီ။

ဝါးတားဂိတ် အရှုပ်တော်ပုံဆိုတဲ့ ဖောက်ထွင်းမှု အရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့စဉ်တုန်းကလည်း သမ္မတလုပ်တဲ့ နစ်ဆင်ဟာ လပေါင်းများစွာ တိုင်းပြည်ကို "ပြောင်လိမ်" လိမ်နေခဲ့ပါသေးတယ်။ နောက်အဲဒီ "ပြောင်လိမ်" တာတွေက သက်သေအထောက်အထားတွေနဲ့ ပေါ်လာပြန်တော့လည်း သူဘာမှမသိရပါဘူး။ သူ ဘာအမိန့်မှ မပေးပါဘူးဆိုပြီး ငြင်းကွယ်နေပြန်ပါတယ်။ နောက်ဆုံးမှာ လွှတ်တော်က ရာထူးမှ ရုပ်သိမ်းရေးအဆို တင်သွင်းဆုံးဖြတ်တော့မယ်လုပ်ခါမှ ရာထူးက နုတ်ထွက်သွားပါတယ်။ အောက်တန်းအကျဆုံး ဖောက်ထွင်းမှုတစ်ခုကြောင့် နုတ်ထွက်သွားခဲ့ရတာဖြစ်လေတော့ နစ်ဆင်ရဲ့ ဘဝနိဂုံးချုပ်ပြီလို့ ယူဆခဲ့ကြပါတယ်။

ဒါပေမယ့် သိပ်မကြာပါဘူး။ တစ်နှစ်ကျော် နှစ်နှစ်နီးပါး ဇာတ်မြှုပ်နေလိုက်ပြီးတဲ့နောက် နစ်ဆင်ဟာ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ် ပြန်ရောက်လာခဲ့ပါတယ်။ အဲဒီတော့လည်း တစ်ချိန်က သူ့ကို ရစရာမရှိအောင် ဝိုင်းရေးခဲ့၊ ဆော်ခဲ့ကြတဲ့ သတင်းစာတွေကပဲ သူဟာ တိုက်ပွဲဝင်စိတ်ဓာတ် အပြည့်အဝရှိတဲ့ နိုင်ငံရေးသူရဲကောင်းကြီးအဖြစ် မြှောက်စားကြပြန်ရော။

ဝါးတားဂိတ်ပြီးတဲ့နောက်တော့ "အီရန်ဂိတ်"ဆိုတာ ပေါ်လာပြန်တယ်။ ဒီတစ်ခါ ဇာတ်လိုက်ကတော့ ဟောလိဝုဒ်က တောင်းဘွိုင်

မင်းသား ရေဂန်ပါ။ သူ့လက်ထက်မှာ အီရန်နိုင်ငံကို အမျိုးမျိုး ထိုးနှက်တိုက်ခိုက်တာတွေ လုပ်ခဲ့ပါတယ်။ အီရန်ကို စစ်လက်နက်ပစ္စည်းတွေ မရောင်းကြဖို့ ဥရောပနိုင်ငံတွေကို အမျိုးမျိုးဖိအားပေးခဲ့ပါတယ်။ ရေဂန်ဟာ တကယ့်ကို အီရန်ဆန့်ကျင်ရေးသမားကြီးပေါ့။ ဒါပေမယ့် နောက်တော့ အမေရိကန်နိုင်ငံဟာ အီရန်နိုင်ငံကို ခိုးကြောင်ခိုးဝှက် လက်နက်တွေ ရောင်းခဲ့တယ်။ အဲဒီငွေတွေအားလုံးဟာ အမေရိကန်နိုင်ငံအစိုးရရဲ့ ငွေစာရင်းတွေထဲ ရောက်မလာခဲ့ပါဘူး။ ကွန်ဂရက်လွှတ်တော်က ဥပဒေလုပ်ပြီး တားမြစ်ပိတ်ပင်ထားခဲ့တဲ့ နီကာရာဂွာနိုင်ငံက စီအိုင်အေရဲ့ ခါးပိုက်ဆောင်တပ်တွေကို ထောက်ပံ့ခဲ့တယ်ဆိုတာတွေ ပေါ်လာပါတော့တယ်။ အဲဒီတော့လည်း ရေဂန်က "ဆောရီး" တစ်ခွန်းပဲ ပြောခဲ့ပါတယ်။ သူဟာ သမ္မတသက်တမ်း နှစ်ကြိမ်တိုင်တိုင် ရွေးကောက်တင်မြှောက်ခြင်းခံရတဲ့သူ ဖြစ်ရုံမက လူကြိုက်အများဆုံး သမ္မတဖြစ်တယ်လို့လည်း သတင်းစာတွေက ရေးကြပါတယ်။

မကြာခင်လေးကပဲ ဗီယက်နမ်စစ်ပွဲကာလက ကာကွယ်ရေးဝန်ကြီး လုပ်ခဲ့တဲ့ မက္ကနားမားရားက ဗီယက်နမ်စစ်ပွဲမှာ အမေရိကန်ဝင်တိုက်တာ မှားတယ်လို့ လူသိရှင်ကြား ထုတ်ဖော်ဝန်ခံခဲ့ပါတယ်။ ပြီးတော့ ကာကွယ်ရေးဝန်ကြီးအနေနဲ့ "ဆောရီး"ပဲပေါ့။ ဒီလို "ဆောရီး" လေးတစ်ခွန်းပြောဖို့ သူဟာ နှစ်ပေါင်းနှစ်ဆယ်ကျော် သုံးဆယ်နီးပါး အချိန်ယူခဲ့ရပါတယ်။ မက္ကနားမားရား ဝန်ခံခဲ့တဲ့ "အမှားကလေး" တစ်ခုကြောင့် လူတွေ ထောင်ချီပြီး သေကျေပျက်စီးခဲ့ရတယ်လေ။ အဲဒီတော့ ဒီခေတ်လူသား



တွေဟာ "အရှက်နဲ့ လူလုပ်တာ" မဟုတ်တော့ဘဲ "ဆောရီးနဲ့ လူလုပ်တာ" လို့တောင် ပြောရတော့မယ် ထင်ပါတယ်။

"ရှက်စိတ်" ဆိုတာဟာ ခေတ်တွေပြောင်းလာတာနဲ့အမျှ အဓိပ္ပာယ် ဖွင့်ဆိုချက်တွေလည်း ပြောင်းသွားကြပြီ ဖြစ်ပါတယ်။ တစ်ချိန်က "ရှက် စရာ" လို့ယူဆတဲ့ကိစ္စတစ်ခုဟာ နောက်တစ်ချိန်ကျတော့ ရှက်စရာ မဟုတ်တော့ပါဘူး။ "ရှက်စရာ" ဆိုတာ ဘာတွေကို ခေါ်တာလဲလို့တောင် ပြောဖို့ခက်လာပါတယ်။ တစ်ချိန်က အဖေမပေါ်ဘဲ ကလေးမွေးတဲ့ ကိစ္စမျိုးဟာ အင်မတန်ကြီးမားတဲ့ ရှက်စရာပါ။ မိန်းကလေးတွေ ကိုယ့်ကိုယ်ကို သတ်သေကြတဲ့ကိစ္စမျိုးပါ။ ဒီနေ့မှာတော့ ဒါဟာ ဘာမှမဆန်းတော့တဲ့ ကိစ္စဖြစ်နေပြီလေ။ ကိုယ်ဝန်ဖျက်ချပေးတဲ့ ဆေးခန်းတွေတောင် တစ်ချို့နိုင်ငံတွေမှာ အစိုးရတွေက ဖွင့်ပေးနေပါပြီ။

****

**ဗီဇနေ့တရုတ်**

ဒီနေ့လူငယ်တွေ "ရှက်စရာ" ဆိုတဲ့စကားကို ဘယ်လိုများ အဓိပ္ပာယ်ဖွင့်ကြသလဲဆိုတာကို လေ့လာကြည့်ချင်လို့ နမူနာစစ်တမ်း ကောက်ယူမှုလေးတစ်ခု လုပ်ကြည့်မိပါတယ်။ နိုင်ငံကြီးတွေက စစ်တမ်းကောက်ယူကြသလို၊ စနစ်တကျ ကောက်ယူတာမျိုးတော့ မဟုတ်ပါဘူး။ လက်လှမ်းမီရာလေးလောက်ရဲ့ သဘောထားကို တီးခေါက်

ကြည့်တဲ့ သဘောထားလေးလောက် လုပ်ကြည့်တာပါ။ စစ်တမ်းယူဖို့ အတွက် အသက်အရွယ်သုံးပိုင်း ပိုင်းခြားလိုက်ပါတယ်။ အထက်တန်းကျောင်းသူကျောင်းသား အရွယ်၊ တက္ကသိုလ် ကျောင်းသူကျောင်းသား အရွယ်နဲ့ ယောကျ်ားလေး ဆယ်ယောက်နဲ့ မိန်းကလေးဆယ်ယောက်ကို မေးခွန်းစာရွက်ကလေးတွေ ပေးပြီး ဖြေခိုင်းကြည့်တာပါ။ အဲဒီမေးခွန်းလေးတွေနဲ့ သူတို့အဖြေတွေကို ကြည့်ကြပါ။

မေးခွန်း (၁)

ကျောင်းနေရင်း ရည်းစားထားတာ ရှက်စရာလို့ ယူဆသလား။

မေးခွန်းနံပါတ် (၁)ကို ရှက်စရာလို့ မယူဆတဲ့ယောကျ်ားလေးက (၆)ဦးရှိပြီး မိန်းမကလေးက (၂)ဦးသာ ရှိပါတယ်။

| အဖြေ | အထက်တန်း အရွယ် | | တက္ကသိုလ် အရွယ် | | ဘွဲ့ရဘွဲ့လွန် အရွယ် | |
|---|---|---|---|---|---|---|
| | ကျား | မ | ကျား | မ | ကျား | မ |
| ယူဆတယ် | ၄ | ၈ | ၁ | ၅ | ၄ | ၅ |
| မယူဆဘူး ၊ | ၆ | ၂ | ၉ | ၅ | ၆ | ၅ |

တက္ကသိုလ်ကျောင်းသူ ကျောင်းသားအရွယ်ရောက်တော့ ယောကျ်ား လေးဆယ်ယောက်မှာ (၉)ယောက်က ရှက်စရာလို့ မယူဆဘူးလို့ ဖြေပါတယ်။ ထူးခြားချက်တွေ့ရတာကတော့ ဘွဲ့ရပြီးတဲ့ အရွယ်ရောက်သွားတဲ့ အခါကျတော့ ရှက်စရာလို့ မယူဆတဲ့ဦးရေဟာ လျော့သွားပြီး (၆)ဦးသာ ရှိပါတယ်။ မိန်းကလေးတွေကျတော့ ကွာခြားမှု



မရှိတာကို တွေ့ရပါတယ်။

မေးခွန်း(၂)

အိမ်မှာ မိဘမောင်ဖွားတွေနဲ့ အတူထိုင်ပြီး အနောက်တိုင်း ဗွီဒီယိုခွေတွေကို ကြည့်တဲ့အခါ ဖက်ယမ်းနမ်းရှုပ်တဲ့ အခန်းတွေရောက်ရင် ခေါင်း ငုံ့ထားတတ်သလား။

| အဖြေ | အထက်တန်း အရွယ် | | တက္ကသိုလ် အရွယ် | | ဘွဲ့ရဘွဲ့လွန် အရွယ် | |
|---|---|---|---|---|---|---|
| | ကျား | မ | ကျား | မ | ကျား | မ |
| ငုံ့တယ် | ၀ | ၇ | ၀ | ၅ | ၀ | ၄ |
| မငုံ့ဘူး | ၁၀ | ၃ | ၁၀ | ၅ | ၀ | ၆ |

ဒီမေးခွန်းကတော့ ကိုယ်ငယ်စဉ်က ကြုံခဲ့ရတာလေးကို သတိရပြီး မေးကြည့်တာပါ။ ကျွန်တော်တို့ ငယ်ငယ်က ရိုမန်ကက်သလစ် ဘာသာဝင် ဘုန်းကြီးတွေရဲ့ ယောကျ်ားလေးကျောင်းမှာ နေခဲ့ရပါတယ်။ ကက်သလစ်တွေထဲမှာတောင် စည်းကမ်းသိပ်တင်းကျပ်တဲ့ ဂိုဏ်းခွဲတစ်ခုရဲ့ကျောင်းမို့ အချုပ်အချယ်တွေ သိပ်များပါတယ်။ ဘုန်းကြီးတွေကိုယ်တိုင်လည်း တင်းကျပ်တဲ့ စည်းကမ်းတွေကို လိုက်နာကြပါတယ်။ ဒါပေမယ့် ဘာသာရေးကာတွေဖြစ်တဲ့ "ပညတ်တော် (၁၀)ပါး" ရုပ်ရှင်နဲ့ "ဝတ်ရုံတော်" ရုပ်ရှင်တွေ ရုံတင်တဲ့အခါကျတော့ အတန်းလိုက် ဘုန်းကြီးတွေကိုယ်တိုင် လိုက်ပြပါတယ်။ ရုပ်ရှင်ထဲမှာ ရက်ရက်စက်စက် သတ်ဖြ

ဖြတ်ကြတာမျိုးတွေနဲ့ ဖက်ယမ်းနမ်းရှုပ်တဲ့ အခန်းတွေပါလာရင် ဆရာတွေ၊ ဘရာသာတွေက အနားက ကျောင်းသားတွေနဲ့ ခေါင်းကို ဆွဲနှိမ့်ပြီး ငုံ့ထားငုံ့ထားလို့ ခပ်တိုးတိုး ပြောတတ်ပါတယ်။ ခေါင်းကို ဆွဲနှိမ်ထားတာမခံရတဲ့ ကျောင်းသားတွေကလည်း ခေါင်းငုံ့ထားကြပါတယ်။ ဘရာသာတွေက ကြည့်တော့လို့ဆိုလိုက်မှ ပြန်မော့ပြီး ကြည့်ကြရပါတယ်။

သတင်းဆက်သွယ်ရေးနည်းပညာ မြင့်မားလာတဲ့အခါ ကမ္ဘာကြီးက သေးငယ်ကျဉ်းမြောင်းသွားတယ်။ လူတစ်ယောက်နဲ့တစ်ယောက် ဆက်သွယ်ရတာ လွယ်ကူလာတယ်။ ဒါပေမယ့် အရာတိုင်းမှာ အသွားနှစ်ဖက်ရှိတဲ့အတွက် အင်တာနက်၊ ဆိုင်ဘာစပေ့ လောကမှာလည်း ပြဿနာပေါ်ပါတယ်။ ညစ်ညမ်းရုပ်ပုံ (Pornography) တွေ ဖြန့်ဖြူးပြီး မြူဆွယ်တဲ့ကိစ္စပါ။ နိုင်ငံကြီးတွေ အထူးသဖြင့် အမေရိကန်မှာ လွှတ်တော်ထဲ အဆိုတင်သွင်းရတဲ့ အထိပါပဲ။ အမြင်မတူတာတွေလည်း ထုံးစံအတိုင်း ပေါ်ပေါက်ပါတယ်။ ညစ်ညမ်းတယ်ဆိုတာ ဘာလဲဆိုတဲ့ မေးခွန်းဟောင်းတွေလည်း ပြန်ကြားလာရတယ်။ ဆက်သွယ်ရေး လမ်းကြောင်းတွေထဲမှာ စီစစ်ရှာဖွေမှုတွေလုပ်ဖို့ တားဆီးပိတ်ပင်အရေးယူဖို့ အဆိုတင်ကြသလို မည်သည့် မီဒီယာမှာမဆို တားဆီးပိတ်ပင်မှုအတွက် လုံးဝနေရာမရှိဘူး။ အလေးသူငယ်တွေ လိင်ကိစ္စကို သိနိုင်တာဟာ မီဒီယာတစ်ခုတည်းကလား။ အခြားအကြောင်းတွေဆီကရော မရနိုင်တော့ဘူးလား။ တိုက်ရိုက်ပိတ်ပင်တားဆီးခြင်းအစား တခြားဘာလုပ်မလဲ ရှာကြပါ စသဖြင့် ဆန့်ကျင်ဘက်



ဝေဖန်သံတွေလည်း ညံနေလေရဲ့။ ထားပါ။ ဒါက သူတို့ကိစ္စ။

လာမယ့်ရာစုမှာ အင်တာနက်တွေ၊ ဆိုင်ဘာစပေ့တွေ ရှိလာတော့မယ်လို့ မျှော်လင့်ရတဲ့ ကျွန်တော်တို့ဆီမှာကော။

ဒီနေ့မှာ ဘယ်လိုများရှိသလဲလို့ သိချင်တာကြောင့် ဒီမေးခွန်းလေးကို မေးကြည့်လိုက်တော့ အရွယ်သုံးပါးစလုံး ယောကျ်ားကလေးတွေအဖို့ ဒီကိစ္စဟာ မျက်နှာပူစရာ၊ ရှက်စရာလို့ မယူဆကြဘူးဆိုတာ တွေ့ရပါတယ်။ မိန်းကလေးတွေအားလုံး စုစုပေါင်း (၃၀)မှာ (၁၆) ယောက်လောက်က ရှက်စရာအဖြစ် သဘောထားကြတယ်လို့ သိလိုက်ရပါတယ်။ အရွယ်တွေနဲ့ ခေတ်ကာလတွေ ပြောင်းလဲတာနဲ့အမျှ "ရှက်စရာ" ဆိုတဲ့စကားရဲ့ အဓိပ္ပာယ်လည်း ပြောင်းလဲသွားတာပေါ့လေ။

ဘာဖြစ်ဖြစ် အားလုံးကို ခြုံကြည့်လိုက်ရင် "အရှက်" နဲ့ "သိက္ခာ" ဆိုတဲ့စကားလုံးတွေနဲ့ "တန်ဖိုး" ဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေ ပြောင်းလဲသွားခဲ့ကြပြီ။ ပြောင်းလဲတဲ့ နေရာမှာလည်း "ကျဆင်း" သွားတဲ့ ပြောင်းလဲခြင်း ဖြစ်တယ်လို့ မြင်သူတွေလည်း ရှိပါတယ်။ "ကျဆင်းတယ်" လို့ မသုံးချင်ဘဲ "နေရာရွှေ့သွားတယ်" လို့ ဆိုချင်သူတွေလည်း ရှိပါတယ်။ အကြောင်းပေါင်းစုံကြောင့် အကျိုးတစ်ခုဖြစ်ရတဲ့အခါ နေရာ ရွှေ့သွားရတာဟာလည်း အကြောင်းပေါင်းစုံ ရှိပေလိမ့်မပေါ့။

တစ်ခါ အကျိုးဆိုတာလည်း တစ်ချိန်တည်းမှာ အကြောင်းတစ်ခုဖြစ်သွားပြန်တာမို့ နောက်အကျိုးသစ်တစ်ခု ပေါ်ရပြန်ပါတယ်။ ရှက်စိတ်နေရာရွှေ့ခြင်းအကျိုးဟာ အကြောင်းတစ်ခုဖြစ်သွားတဲ့အခါ ဘယ်လို

အကျိုးသစ်တွေများ ဖြစ်လာဦးမလဲ။

* * * *

## လူ့အရှက်၊ လူ့ဓရှက်

လူဟာ ဘယ်လိုအခြေအနေမျိုးမှာ ရှက်တတ်ကြပါသလဲ။ အခြေခံအားဖြင့် ပုဂ္ဂလိကအတ္တ ကျိုးပဲ့ထိခိုက်ခံရတဲ့အခါ ရှက်တတ်ကြပါတယ်။ အတ္တအရှက်ဟာ အဖြစ်အများဆုံးပါပဲ။ ခံစားမှုလည်း အပြင်းဆုံးပါပဲ။ ကိုယ့်ကိုကိုယ် ဗဟိုပြုတဲ့အတွက် တုံ့ပြန်မှု လျင်မြန်ပါတယ်။ အသိအမြင်တရားကိုလည်း မှောင်မိုက်စေပါတယ်။

နောက်တစ်ဆင့်ကတော့ ကိုယ့်အုပ်စုကို ထိခိုက်ခံရတဲ့အတွက် ရှက်ရ တာမျိုးပါ။ အုပ်စုဆိုတာ မိသားစုကစပြီး နိုင်ငံအထိ ပါဝင်ပါတယ်။ မိသားစုအတွက် ရှက်ရတာ၊ မြို့အတွက် ရှက်ရတာ၊ လူမျိုးအတွက် ရှက်ရတာ၊ နိုင်ငံအတွက် ရှက်ရတာမျိုးပေါ့။ ယဉ်ကျေးမှု မြင့်လာတဲ့အခါ ဒီလိုအရှက်မျိုး ရှက်တတ်လာကြပါတယ်။


နောက်တစ်ဆင့်က ယုံကြည်မှုကို သစ္စာဖောက်ဖို့ ရှက်တာ။ ယုံကြည်မှုဆိုတာ ဝါဒတစ်ရပ်ကို ယုံကြည်တာ၊ ဘာသာတရားတစ်ခုကို ယုံကြည်တာမျိုးပါ။ ကိုယ့်ယုံကြည်မှုတစ်ခုကို သစ္စာဖောက်ဖို့ဆိုတာ ဘယ်လောက်လေးနက် ခွဲနှစ်သလဲဆိုတဲ့ အခြေအနေအပေါ် မူတည်ပါတယ်။ ခွဲနှစ်ခိုင်မာလေ သစ္စာဖောက်ဖို့ ရှက်လေပါ။ အချို့ဆို အသေခံ



သွားခဲ့ကြတာ။

နောက်ဆုံးတစ်ဆင့်ကတော့ သစ္စာတရားကို သစ္စာဖောက်ဖို့ ရှက်တာ။ မဟုတ်မမှန်တာကို နည်းနည်းကလေးမှ မလုပ်တော့တာ၊ မကြံတော့တာ၊ မလိုချင်တော့တာ။ ယဉ်ကျေးမှု သိပ်မြင့်မှ ဖြစ်ပါတယ်။

(အဆင့်ဆင့် အပေါ်တက်လေ နည်းလေ၊ အောက်ဆင်းလေ များလေ)




## လူဟာ ဘယ်လိုအခြေအနေမှာ မရှက်တော့တာလဲ?

"ကြိုက်မရှက်၊ ငိုက်မရှက်၊ ငတ်မရှက်" တဲ့။ မရှက်သုံးပါး မြန်မာမှာ ရှိပါတယ်။ ဆန်းစစ်ကြည့်တဲ့အခါ ကြောက်ရင်လည်း လူဟာ မရှက်တော့ဘူး။ လိုချင်လွန်းရင်လည်း မရှက်တော့ပါဘူး။ အကြောက်နဲ့ လောဘဟာ ရှက်စိတ်ကို သတ်ပစ်ပါတယ်။ အသိတရားကို သတ်ပစ်ပါတယ်။ အကောင်း အမြတ်တရားတွေကို သတ်ပစ်ပါတယ်။

လူ့မှုသိပ္ပံဆရာ အီရစ်ဖရွမ်းကတော့ သိမ်ငယ်စိတ် (Inferiority complex) ရှိတဲ့လူဟာ အပြင်ပုံသွင်အားဖြင့် အရှက်ကြီးသယောင် ထင်ရပေမယ့် တကယ်တမ်းမှာ အရှက်မဲ့လုပ်ရပ်မျိုးတွေ ပြုတတ်တယ်လို့ ဆိုပါတယ်။ သူဆက်ပြောတာက တစ်ဦးချင်း သိမ်ငယ်စိတ်အပြင်

အုပ်စုလိုက် သိမ်ငယ်စိတ်၊ လူမျိုးလိုက် သိမ်ငယ်စိတ်ဝင်ခြင်းအကြောင်း ပြောပြသွားတာ သိပ်စိတ်ဝင်စားဖို့ ကောင်းပါတယ်။ လူမျိုးတစ်မျိုးဟာ ကိုယ့်ဘာသာကိုယ် သိမ်ငယ်စိတ် ဝင်လာပြီဆိုရင် ရှေ့အနာဂတ်ဟာ သိပ်စိုးရိမ်ဖို့ ကောင်းပါသတဲ့။ လူ့အဖွဲ့အစည်းတချို့ ကျဆုံးအားနည်း ကွယ်ပျောက်သွားခဲ့ကြရတာဟာ ကိုယ့်ကိုကိုယ် မယုံမကြည်ဖြစ်လာတာ၊ ငါတို့ဟာ ညံ့တယ်၊ ဖျင်းတယ်၊ ပျင်းတယ်၊ ယုတ်ညံ့တယ်၊ အောက်တန်း ကျတယ် စသည်ဖြင့် ထင်မြင်လာတာ။ အဲသလိုထင်မြင်တဲ့အခါ ကိုယ့်ကို ကိုယ် တန်ဖိုးမထားတော့ဘဲ အောက်တန်းကျတဲ့ လုပ်ရပ်မျိုးတွေလည်း မရှက်မကြောက် လုပ်လာကြတာတွေကြောင့်လို့ သူက ထောက်ပြခဲ့ပါတယ်။

ဂျပန်မှာ သုံးနှစ်လောက် အလုပ်သွားလုပ်ခဲ့တဲ့ တပည့်တစ်ယောက် က ဂျပန်မှာ မြန်မာအချို့ရဲ့ အရှက်မရှိတဲ့ ပြုမူပြောဆိုနေထိုင်ကြပုံတွေကို ပြောပြဖူးပါတယ်။ ဘာဖြစ်လို့ ဒီလိုဖြစ်ရသလဲဆိုတာလည်း သူက သူ့အမြင်ကို ပြောပြပါတယ်။ "စဝင်ကတည်းက ရှက်စိတ်ကို ထိပါး ခံရတာ ဆရာရဲ့။ ပတ်စပို့ကိုကြည့်ပြီး မျက်နှာကို တစ်ချက်လှမ်းကြည့်တဲ့ လူဝင်မှုအရာရှိရဲ့ အကြည့်ကြီးက သိပ်ကြောက်စရာကောင်းတာ။ အဲဒီ အကြည့်ထဲမှာ အဓိပ္ပာယ်အစုံပါတယ် ဆရာ။ ဒီကောင် ငါတို့ဆီလာပြီး ဘာလာရှုပ်မလို့လဲ။ ငွေလာရှာတဲ့ (Over Stay) ကောင်။ ပြဿနာ ကောင်ဆိုတဲ့ အဓိပ္ပာယ်တွေကို တကယ်ခံစားရတယ်။ ဥရောပသား တွေကို ကြည့်တဲ့အကြည့်ကျ တစ်မျိုး။ ရှက်တတ်ရင် လဲသေဖို့တောင် ကောင်းပေမယ့် ရှက်စိတ်ကို ဘေးချိတ်ခဲ့ရတယ် ဆရာ။ Reject



သုံးကြိမ်ထိပြီးမှ ဝင်လာတဲ့ သူငယ်ချင်းတစ်ယောက်ကတော့ အမြင် သွက်လိုက်မှ မြန်မာဖြစ်ရတာ ရှက်လာတယ်ကွာတဲ့။ ကျွန်တော် သူ့ကို ဆွဲထိုးပစ်လိုက်မိတယ် ဆရာ။ လူငယ် တချို့စိတ်ထဲမှာ အဲဒါမျိုးတွေ ဖြစ်နေကြတာ သိပ်ကြောက်ဖို့ ကောင်းတယ်" တဲ့။

ကျွန်တော်မှာလည်း နားထောင်နေရင်း ကျောထဲစိမ့်လာပါတယ်။ ဘာဖြစ်လို့ ဒီလိုခံစားမှုမျိုး ဝင်ရတာလဲ။ သူတို့ရဲ့ ကိုယ်ခံအားတွေ နည်း ကုန်ကြပြီလား။ ဂုဏ်ရောင်ပြောင်တဲ့ မြန်မာသမိုင်းကို မေ့ကုန်ကြပြီလား။ ကိုယ့်လူမျိုးရဲ့ ဂုဏ်ကို သူတို့ သိစေချင်ပါတယ်။ တော်ပါသေးရဲ့ ဒီလို လူငယ်က အနည်းစုဖြစ်နေသေးလို့။ ရုပ်ပစ္စည်းမတိုးတက်ပေမယ့် ဗုဒ္ဓ ရောင်ဝါသာသနာ ထွန်းကားတဲ့ မြန်မာဖြစ်ရတာ ဂုဏ်ယူစရာပါ။

✶✶✶✶

## အရထာရှိတဲ့အရှုံး

မကြာခင်က ဘွဲ့ရမိန်းကလေးတစ်ယောက်နဲ့ တွေ့တော့ သူပြောပြ တာ နားထောင်ခဲ့ရသေးတယ်။

"နောက်ဆုံးနှစ် စာမေးပွဲမှာ ကျွန်မဘေးက ယောက်ျားလေးတစ် ယောက်က လက်နှစ်လုံးလောက်ရှိတဲ့ ဖလင်ပြားလေးတွေ အများကြီးယူ လာပြီး ကူးချနေတယ်။ သူနဲ့ကျွန်မက လေးနှစ်လုံးအတူတူတက်လာကြ တာဆိုတော့ ရင်းနှီးတယ်လေ။ တစ်နှစ်လုံး ကျောင်းမှန်မှန် မတက်ဘဲ

တားတစ်စင်းနဲ့ လျှောက်လိုမ့်နေတဲ့လူ။ စာမေးပွဲမှာ အင်္ဂလိပ်ဘာသာတစ်ခုကို ကျွန်မ ကောင်းကောင်းမဖြေနိုင်ဘူး။ တစ်ပုဒ်ဟာ လုံးဝ တွက်လို့မရဘူး။ လည်နေတာပဲ။ ကျွန်မ ချွေးတွေပြန်နေတာတွေ့တော့ ဘေးက အဲဒီကျောင်းသားက ဖလင်ပြားလေးကို လှမ်းပေးတယ်။ ဖလင်ပြားလေးက တကယ့်ကို သေးသေးလေးဆိုတော့ စောင့်တဲ့ ဆရာ၊ ဆရာမတွေ ဘယ်လိုမှ မတွေ့နိုင်ဘူး။ အဲဒီ တစ်ပုဒ်ရလိုက်ရင် ကျွန်မ ဂုဏ်ထူးမှတ် သေချာပေါက်ရတယ်။ ကျွန်မစိတ်ထဲမှာ ချီတုံချတုံ အကြာကြီးဖြစ်နေသေးတယ်။ နောက်ဆုံးကျတော့ ဒီနှစ်ဟာ ကျွန်မဘွဲ့ရမယ့်နှစ်ဖြစ်တယ်။ ဘွဲ့လက်မှတ်ကလေး အိမ်မှာ ချိတ်ထားတဲ့အခါ ကျွန်မ ဂုဏ်ယူချင်တယ်။ ခိုးချလို့ရတဲ့ ဘွဲ့လက်မှတ်ဆိုရင် ကျွန်မဘယ်လိုလုပ်ပြီး ဂုဏ်ယူလို့ရတော့မလဲ။ အဲဒါနဲ့ ဖလင်ပြားကလေးကို ကျွန်မ ပြန်ပေးလိုက်တယ်။ စာမေးပွဲမှာ ကျွန်မရော သူရော အောင်ပါတယ်။ ဒါပေမယ့် ကျွန်မက "ကျူ" မပါဘူး။ သူကတော့ ကွာလီဖိုင်း ဝင်သွားပြီး မဟာတန်းဆက်တက်နေတယ်။ ကွာလီဖိုင်း မဖြစ်တော့ ကျွန်မသိပ်ဖြစ်ချင်တဲ့ တက္ကသိုလ်ကထိကကြီး မဖြစ်နိုင်တော့ဘူးပေါ့။ အခုတော့ ကျွန်မ အတွင်းရေးမှူးသင်တန်း တက်နေရတယ်"

ကိုယ့်လိပ်ပြာ ကိုယ်ရှက်တတ်သူတွေ၊ ရိုးသားချင်သူတွေဟာ ဘာကြောင့် အမြဲတမ်း "ခံဖက်" ကချည်း ရောက်နေကြတာလဲ။ ကလေးတွေကို ရိုးသားပါ၊ ဖြူစင်ပါလို့ ဆုံးမသွန်သင်တဲ့အခါ "အမှန်တရား-နံပြား" ပဲလို့ ပြန်ပြန်ပြောနေကြတာ ရယ်စရာစကားလေးတစ်ခုအဖြစ်



ခပ်ပေါ့ပေါ့ပဲ သဘောထားနေကြတော့မလား။

"အခြေအနေအရ လုပ်ကြတာပေါ့လေ။ အပြစ်ပြောလို့ ဘယ်ဖြစ်တော့မလဲ" ဆိုတဲ့ စကားဟာ ကျွန်တော်တို့အစ လူတိုင်းလိုပဲ ပြောနေကြတဲ့ စကားပါ။ အကျင့်ပျက်တာ၊ မရိုးဖြောင့်တာ၊ ကိုယ့်လိပ်ပြာ မရှက်တော့တာကို ခွင့်လွှတ်စရာ ကိစ္စတစ်ခုအဖြစ် သဘောထားလာကြပြီလို့ ယူဆရပါတယ်။ အဲဒီကတစ်ဆင့် တက်သွားရင် ခွင့်လွှတ်စရာလို့ ပြောနေဖို့တောင် မလိုတော့တဲ့ လုပ်ရိုးလုပ်စဉ် ကိစ္စတစ်ခုအဖြစ် ရောက်သွားတာပါပဲ။

"လျှာပေါ် မြက်ပေါက်ချင် ပေါက်ပေစေပေါ့၊ မဟုတ်တာတော့ မလုပ်ဘူး" ဆိုတဲ့ စကားမျိုးပြောတာ မကြားရတော့တာ ကြာပါပြီ။ အဲဒီလိုပြောတဲ့ လူမျိုးတွေကို "လူမိုက်" လို့တောင် အများက ပြောတတ်ကြပါတယ်။

ရှက်ရမှန်းကို မသိနိုင်လောက်အောင် ဖြစ်နေကြသူတွေဆိုတာ ရိုးမြေပါ။ ရှက်စရာကို ရှက်စရာလို့ မသိနိုင်သူတွေကို သဘောပေါက်အောင် ပြောဖို့ဆိုတာလည်း သိပ်တော့ မလွယ်ဘူး။ ရုပ်မြင်သံကြားပေါ်မှာ မင်းသမီးချောလေးတွေက အရက်ပုလင်းကို ပွေ့ဖက်နမ်းရှုပ်ပြ၊ မင်းသားချောလေးတွေက စီးကရက်ကို အားရပါးရ ဖွာရှိုက်ပြနေတာမျိုးတွေ မြင်ပါများနေတော့ ကလေးတွေအဖို့ ဘီယာသောက်တာလောက်က ရှက်စရာမဟုတ်ပါဘူးလို့ သဘောထားနေကြပြီလားလို့ တွေးချင်စရာပါ။

ရိုးသားဖြောင့်မတ်တဲ့သူဟာ "လူမိုက်" အရှာအဖွေကောင်းတဲ့သူမှ

"လူတော်" လို့ သတ်မှတ်ခေါ်ဝေါ်နေကြတဲ့ သဘောက "ရှက်စရာ" ကို "ရှက်စရာ" လို့ မသိကြတော့တာများလား။

ကိုယ်ယုံကြည်ရာတစ်ခုကို ကြောက်လို့ စွန့်လွှတ်လိုက်ရမှာကို ရှက်တတ်တဲ့ "လူမိုက်" တွေ လူ့လောကမှာ တစ်နေ့တစ်ခြား နည်းပါးလာနေပြီလား။ ပတ်ဝန်းကျင် အခြေအနေနဲ့လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပြောင်းလဲနေတတ်ခြင်း (Adaptability) နဲ့ (Survival) လို့ခေါ်တဲ့ အသက်ရှင်တည်တံ့နေရေးဆိုတာ ဘဝမှာ အရေးကြီးပါတယ်။ သို့ပေမယ့် ရှက်စိတ်ကို ပယ်ခွာပစ်လိုက်မှ အသက်ရှင်နိုင်တာဟာ ကျွန်တော်တို့ ကမ္ဘာကြီးရဲ့ Survival လား။

တစ်နေ့က လူငယ်လေးနှစ်ယောက် ရှုံးရှုံးရှားရှားနဲ့ ဒေါသတွေ ဖြစ်နေကြတာတွေ့လို့ အကျိုးအကြောင်းမေးကြည့်လိုက်တော့ သူတို့လမ်းမှာ တန်ဆောင်တိုင် မီးထွန်းပွဲတော်လုပ်ဖို့ကိစ္စနဲ့ပတ်သက်ပြီး မကျေမနပ် ဖြစ်လာကြတာလို့ ပြောပြပါတယ်။ သူတို့လမ်းထဲမှာ လူငယ်လေးတွေချည်း ဦးဆောင်ဖွဲ့စည်းထားတဲ့ လူမှုရေးအဖွဲ့ကလေးတစ်ခုရှိပါတယ်။ ရပ်ကွက်ထဲမှာ သာရေးနာရေးတို့ ဆွမ်းကျွေးတို့ရှိတဲ့အခါမှာ ဝိုင်းဝန်းကူညီကြဖို့ ဖွဲ့ထားတာပါ။ ပန်းကန်ခွက်ယောက်၊ စားပွဲ၊ ကုလားထိုင်ကအစ ဘုန်းကြီးအပါး (၁၀၀)လောက် ဆွမ်းကျွေးလောက်အောင် အပြည့်အစုံရှိလို့ လမ်းထဲမှာ ဘာပဲဖြစ်ဖြစ် တခြားက ငှားရမ်းစရာ မလိုပါဘူးတဲ့။ ဘာကိစ္စဖြစ်ဖြစ် သူတို့ကိုသာ အကြောင်းကြားလိုက်၊ သူတို့အဖွဲ့က စေတနာ့ဝန်ထမ်း လာကူကြတာပါ။ တန်ဆောင်တိုင်ပွဲတော်



ကျရင်လည်း နှစ်စဉ်စတိတ်ရှိုးတွေနဲ့ စည်စည်ကားကားဖြစ်အောင် လုပ်လာခဲ့ကြတာ နှစ်ပေါင်းများစွာ ရှိခဲ့ပါပြီ။

"ဒီနှစ် ဥက္ကဋ္ဌက သူ့သမီးနှစ်ယောက်ကို စတိတ်ရှိုးမှာ သီချင်းတက်ဆိုဖို့ ထည့်ထားတယ်။ သမီးနှစ်ယောက်စလုံးက အသံလည်း မကောင်းဘူး။ အဆိုလည်း မတတ်ဘူး။ ဒီထဲ ရုပ်ကလည်းဆိုးသေး။ စင်ပေါ်တက်လာတာနဲ့ ပရိသတ်က ဝိုင်း "လောင်"ကြမှာ သေချာတယ်။ ပရိသတ်က ဆူကြ၊ လောင်ကြ၊ ဘီယာဘူးခွံတွေနဲ့ ပေါက်ကြရင် ရုတ်ရုတ်သဲသဲဖြစ်ပြီး ပွဲပျက်သွားနိုင်တာမို့ ကျွန်တော်တို့က မထည့်ဖို့ ဝိုင်းတောင်းပန်ကြတယ်။ အဲဒါ မရဘူး။ ဇွတ်အတင်း ထည့်ထားတယ်။ အဲဒါကြောင့် ကျွန်တော်တို့ စကားများလာကြတယ်။ သူ့အရင် ဥက္ကဋ္ဌတုန်းကလည်း ဒီလိုပဲ။ သူ့သားတွေ၊ သမီးတွေ စင်ပေါ်တင်ပေးတော့ ပရိသတ်က ဝိုင်း "လောင်"ကြလို့ ရုတ်ရုတ်သဲသဲဖြစ်ပြီး ပွဲပျက်သွားဖူးတယ်။ လူတွေဟာ သိပ်ခက်တာပဲ။ နေရာလေးတစ်ခု မရလိုက်နဲ့ ကိုယ့်အတွက် ချောင်းနေကြတာ။ အရှက်ကို လုံးလုံးမရှိကြဘူး" ဆိုပဲ။

＊＊＊＊

### အရှက်မဲ့ခြင်းက သရဖူဆောင်းပြီ

လူ့သာမန်တွေကို ထားပါတော့။ အစဉ်အလာတို့၊ ယဉ်ကျေးမှုတို့၊ သိက္ခာတို့ဆိုတာတွေ တင်းတင်းကျပ်ကျပ် လိုက်နာလေ့ရှိတဲ့ ဘက်ကင်ဟက် နန်းတော်ကြီးက တော်ဝင်မိသားစုကို ကြည့်လိုက်ပါဦး။ မင်းသမီးကြီး အဲင်နန်တို့၊ မင်းသားကြီး ချားလ်တို့၊ မင်းသားငယ် အင်ဒရူးတို့ခေတ်မှာ "အရှက်ဆိုတာ မုန့်ပြစ် (ပြား)သလက်လား" လို့ မေးရတော့မလောက်ကို ဖြစ်ချင်တိုင်း ဖြစ်နေကြပြီ မဟုတ်လား။

ချားလ်မင်းသားကြီးနဲ့ ဒိုင်ယာနာ မင်းသမီးကလေးတို့ရဲ့ သားတော်လေးတွေကို သနားမိပါတော့တယ်။ ကလေးဆိုတာ ဖခင်ကို "စံပြ" ပုဂ္ဂိုလ်အဖြစ် သဘောထားပြီး မိခင်ကို အရိပ်တကြည့်ကြည့်နဲ့ အတုခိုးကြီးပြင်းလာခဲ့ရတာ။ မိခင်ကိုတော့ ကိုယ့်ရဲ့ "ခိုလှုံ"စရာအေးချမ်းတဲ့ "ဘုံ" ကလေးတစ်ခုအဖြစ် သဘောထားခဲ့ကြရတာ။ ကလေးဆိုတာ ဖခင်ကို "လေးစား"ပြီး "အားကိုး" တယ်။ မိခင်ကိုတော့ "ချစ်"ပြီး "အားကိုး" ပါတယ်။ ဒိုင်ယာနာရဲ့ သားတော်လေးနှစ်ပါးအတွက်တော့ သူတို့ဖခင်ဟာ နှလုံးသားကင်းမဲ့ပြီး အိမ်ထောင်ရေးဖောက်ပြန်တဲ့ သူတစ်ယောက် အဖြစ်သိရှိနေကြရပြီး မိခင်ကတော့ အကြိမ်ကြိမ်အခါခါ "လော်လီဖောက်ပြား" သူတစ်ဦးအဖြစ် သိနေကြရပါတယ်။ အဲဒီတော့ ဒီကလေးနှစ်ယောက်ဟာ ပုံမှန်စိတ်ဓာတ်နဲ့ ကြီးပြင်းလာခဲ့ရတဲ့ "ပုံမှန်ကလေး" လေးတွေ ဖြစ်လာနိုင်ပါဦးမလား။ အမိအဖကို ရိုသေတဲ့ ကလေးလေးတွေ ဖြစ်လာနိုင်ပါ့မလား။ ဒီလို အမိအဖမျိုးရဲ့ အဆုံးအမကို လေးစားခံယူချင်ကြပါ့



မလား။ အချိန်တန်တော့ ချားလ်မင်းသားကလည်း ခပ်တည်တည်နဲ့ သရဖူဆောင်းပြီး ရာဇပလ္လင်ပေါ်ကို တက်ထိုင်နေဦးမှာလေ။ အဲဒီအခါကျတော့ "အရှက်မဲ့ခြင်းက သရဖူဆောင်းပြီ" ဆိုတဲ့ ခေါင်းစဉ်တပ်ပြီး သတင်းရေးနိုင်ခွင့် ကြုံလိုက်ချင်စမ်းပါဘိ။

အဲသလို ရေးလိုက်ရင်လည်း သူက "ကျုပ်ကိစ္စထက် အများကြီး ကြီးကျယ်တဲ့ ကိစ္စပိုင်ရှင်တွေကို သတိမရဘဲ ကျုပ်ကိုပဲ ဥပမာအဖြစ် သုံးဖို့ စဉ်းစားမိတာ ကျေးဇူးတင်သဗျာ" လို့ မဲ့ပြုံးပြုံးပြီး ပြောဦးမှာလား မသိ။

(၁၉၉၈)ခုနှစ် ရုပ်ရှင်ဗီဒီယိုစာအုပ်မှ ပြန်လည်ဖော်ပြပါသည်။

ရွှေယုစိန်ဝင်း

****

သို့

စာပေပါဝါသနာရှင်နှင့် စာဖတ်သူပရိသတ်များထံသို့

ခေတ်ကြေးမုံ(လူငယ်အောင်မြင်ရေးစာစုများ)အတွက် ဝေဖန်အကြံပြုချက်များ၊ စာမူကိစ္စများ၊ လူငယ်အောင်မြင်ရေးစာစုအတွက် ကလောင်သစ်များကို လှိုက်လှဲစွာ ဖိတ်ခေါ်အပ်ပါသည်။


**ခေတ်ကြေးမုံစာတည်းအဖွဲ့**
**စိန်မိုးယံစာပေ**
အမှတ်(၁၅)၊ အောင်တော်မူလမ်း၊
မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉၅၁၈၄၁၀၀
Email ; DiamondSkyPublishing@gmail.com
FB ; Facebook.com/DiamondSkyPublishing

သို့

စာပေပါဝါသနာရှင်နှင့် စာဖတ်သူပရိသတ်များထံသို့

ခေတ်ကြေးမုံ(လူငယ်အောင်မြင်ရေးစာစုများ)အတွက် ဝေဖန်အကြံပြုချက်များ၊ စာမူကိစ္စများ၊ လူငယ်အောင်မြင်ရေးစာစုအတွက် ကလောင်သစ်များကို လှိုက်လှဲစွာ ဖိတ်ခေါ်အပ်ပါသည်။

**ခေတ်ကြေးမုံစာတည်းအဖွဲ့**
**စိန်မိုးယံစာပေ**
အမှတ်(၁၅)၊ အောင်တော်မူလမ်း၊
မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉၅၁၈၄၁၀၀
Email ; DiamondSkyPublishing@gmail.com
FB ; Facebook.com/DiamondSkyPublishing



## ရေအားဆုံးတူနီးတစ်ဝက်

နွေရာသီကျောင်းပိတ်ရက် ဖြစ်သည်။ စံမောင်နှင့် ကျော်ဝင်း နှစ်ယောက်လုံး လေးတန်းအောင်၍ ပျော်နေကြသည်။

ကျောင်းမဖွင့်မီ အားရအောင် ကစားရဦးမည်။

လူစုပြီး ဘောလုံးကစားချင်သည်။ သို့သော် ဘောလုံးမရှိ။ ဝယ်စရာလည်း ပိုက်ဆံမရှိ။ ထို့ကြောင့် ကျော်ဝင်းတို့ခြံဝင်းကြီးထဲမှာ လိပ်ပြာကလေးများကို လိုက်ဖမ်းတမ်းကစားရန် တိုင်ပင်ကြသည်။

ကျော်ဝင်းသည် အဘိုးနှင့်အဘွားက မွေးစားခဲ့သူဖြစ်၍ အဘိုးအဘွားတို့ခြံထဲမှာ ပြေးရင်းကစားရင်း ကြီးပြင်ခဲ့ရသူဖြစ်သည်။

ကျော်ဝင်းနှင့်စံမောင် ဆင်လိပ်ပြာကြီးတစ်ကောင်ကို လိုက်ဖမ်းကြသည်။ လိပ်ပြာကြီးမှာ ပန်းပွင့်တစ်ပွင့်တွင်နား၍ ပန်းဝတ်ရည်ကို စုတ်နေသည်။ ကျော်ဝင်းတို့နှစ်ယောက် ကပ်သွားသောအခါ ထပျံသွား၏။

သူ့နောက်မှ လိုက်ကြသည်။ ကျော်ဝင်းနှင့်စံမောင် ကပ်သွားလိုက်၊ လိပ်ပြာကြီးကပျံသွားလိုက်နှင့် တစ်ခြံလုံးနှံ့အောင် ရောက်နေသည်။



"ဟာ. . . ဟိုမှာဟော့ စံမောင် အထုပ်ကလေးတစ်ထုပ်"

ကျော်ဝင်းက လိပ်ပြာကြီးနားနေသည့် ပန်းရုံဘေးမှာ အထုပ်ကလေး တစ်ထုပ်ကို စံမောင်အားပြလိုက်သည်။ နှစ်ယောက်သား ပြေးကောက်ကြရာ ကျော်ဝင်းလက်ထဲမှာ အထုပ်ကလေးပါလာသည်။

လက်ကိုင်ပဝါအဖြူကလေးဖြင့် ထုပ်ထားခြင်းဖြစ်၏။ ကျော်ဝင်းနှင့် စံမောင်နှစ်ယောက်သား ပန်းခြံအကွယ်တွင်ထိုင်၍ လက်ကိုင်ပဝါလေးကို ဖြေကြည့်လိုက်သည်။

"ဟာ. . . ပိုက်ဆံတွေ. . ."

ကျော်ဝင်းနှင့် စံမောင်နှစ်ယောက်လုံး ပြိုင်တူ ပြောလိုက်မိသည်။

စံမောင်က ဘေးပတ်ဝန်းကျင်ကို လှည့်ကြည့်၍ ကျော်ဝင်းလည်း လိုက်ကြည့်သည်။ မည်သူမျှမရှိ။

ကျော်ဝင်းနှင့်စံမောင် ပိုက်ဆံများကို ရေတွက်ကြည့်ရာ ငါးရာတန်လေးချပ်နှင့် တစ်ယောက်တန်သုံးချပ်၊ အားလုံးပေါင်း ငါးထောင်ဖြစ်သည်။

"ဘယ်သူ့ဟာလဲ မသိဘူးကွ"

ကျော်ဝင်းက ပိုက်ဆံများကို ကိုင်ထားရင်းမှပြောလိုက်သည်။

"ဘယ်သူ့ဟာဖြစ်ဖြစ်. . . ငါတို့ကောက်ရတာပဲကွ. . . မင်းနဲ့ငါ နှစ်ယောက်ထဲပဲသိတာ တို့ခွဲယူလိုက်ရုံပေါ့"

စံမောင်က ပြန်ပြောသည်။

"အဖေကြီးက သူများပစ္စည်း မခိုးရဘူးလို့ ငါ့ကိုခဏခဏပြောဖူး

တယ်ကွ. . ."

"ဟ ဒါက ခိုးတာမှမဟုတ်တာ. . . ကောက်ရတာကွ"

"သူများပစ္စည်း ကောက်ရရင်လည်း ပြန်ပေးရမယ်လို့ အဖေကြီးက ပြောတယ်ကွ"

"ဒါ ဘယ်သူ့ပစ္စည်းမှန်းမှ မသိဘဲကွ"

ကျော်ဝင်းတွေဝေနေပါသည်။ ဘာလုပ်ရမည်ကို မဆုံးဖြတ်နိုင်ပါ။ ပိုက်ဆံများကို လက်ထဲမှာ အုပ်ကိုင်ထားဆဲ။

ယူလည်း ယူချင်သည်။ ယူလျှင်ကောင်းမှ ကောင်းပါ့မလားဟူ၍လည်း စိုးရိမ်နေမိသည်။

"ဒီပိုက်ဆံကို ငါတို့ခွဲယူလိုက်ရင် ဘယ်သူမှမသိဘူး. . . မင်းနဲ့ငါနဲ့ ဘောလုံးတစ်ယောက်တစ်လုံး ဝယ်နိုင်မယ်။ ဘုရားပွဲကျရင် မုန့်တွေအဝ စားနိုင်မယ်။ ရဟတ်လည်း အများကြီးစီးရမယ်။ ဘယ်သူမှ တို့လောက် သုံးနိုင်မှာမဟုတ်ဘူး"

စံမောင်ပြောသည်မှာ မှန်သည်။ ဘောလုံးလည်း ဝယ်နိုင်မည်။ ဘုရားပွဲမှာလည်း ကြိုက်သလို သုံးနိုင်မည်။ ဘုရားပွဲကလည်း သုံးရက်သာ လိုတော့သည်။

ကျော်ဝင်းဆုံးဖြတ်လိုက်သည်။

"ကဲကွာ. . . ရော မင်းနဲ့ငါနဲ့ နှစ်ထောင့်ငါးရာစီ ခွဲယူမယ်။ မင်း ဘယ်သူ့မှ မပြောရဘူးနော်. . ."

"အေးပါကွာ. . . ဘယ်ပြောပါ့မလဲ"



စံမောင်က ပိုက်ဆံများကို ယူ၍ သူ၏ပုဆိုးခါးပိုက်ထဲမှာ ထည့်လိုက်သည်။ ခါးပိုက်ကိုလည်း အစသေအောင် ပြန်ထိုးလိုက်သည်။

ကျော်ဝင်းက သူ့ပိုက်ဆံကို လက်ပိုင်ပုဝါလေးဖြင့် ပြန်ထုတ်၍ အင်္ကျီအတွင်းမှာ ထိုးထည့်ထားလိုက်သည်။ စိတ်ထဲမှာတော့ အပြစ်တစ်ခုကို ကျူးလွန်သလိုပင် ခံစားရ၏။

"ဟေ့ကောင် ခဏနေဦးကွ. ."

စံမောင်က ထွက်သွားတော့မည်လုပ်နေ၍ ကျော်ဝင်းလှမ်းခေါ်လိုက်သည်။ စံမောင် ရပ်နေသည်။

"မင်း ဒီပိုက်ဆံကိုသုံးတော့ မသုံးလိုက်နဲ့ဦးကွာ. . ."

"အေးပါကွာ မသုံးသေးပါဘူး. . ."

စံမောင်က ပြောပြောဆိုဆိုနှင့် ထွက်သွားပါသည်။

ညနေပိုင်းတွင် ကျော်ဝင်းအဘွားရွာလယ်မှ ဈေးဝယ်ပြန်လာသည်။

"ရွာလယ်ပိုင်းက ပြန်လာတာ စိတ်မကောင်းလိုက်တာတော်"

အဖွားက ထိုင်ပင်မထိုင်သေးဘဲ ပြောလိုက်သည်။

"ဘာလဲကွ မင့်စကားကလည်း အဆက်အစပ်မရှိနဲ့. . ."

အဘိုးက အဘွားကို အပြစ်တင်လိုက်သည်။

"လက်သမား ကိုဖိုးလှလေ ငွေငါးထောင်ကျပျောက်လို့တဲ့"

ကျော်ဝင်းရင်ထဲမှာ ထိတ်ကနည်းဖြစ်သွားသည်။

"အော် ငါတို့ကောက်ရတာ ဦးဖိုးလှရဲ့ငွေပါလား"

ပိုင်ရှင်ကို ကျော်ဝင်းသိလိုက်ရပါပြီ။

"ကိုဖိုးလှတော့ အိပ်ရာထဲမှာ မှောက်လို့ သူ့မိန်းမ မငွေလှိုင်ကလည်း ငိုလို့ သနားပါတယ်တော်. . .။ သူ့ခမျာ ကလေးတွေကလည်းများ။ ဘုရားပွဲကျမှသုံးဖို့ဆိုပြီး ကိုဆယ်တို့ အိမ်ဆောက်တဲ့ငွေကိုထုတ်မသုံးဘဲ စုထားတာတဲ့။ ဒီနေ့မနက်ကမှ ဘုရားပွဲနီးလို့ ငါးထောင်ထုတ်လာခဲ့တာ ခါးကြားညှပ်ထားရာက ကျနေခဲ့တယ်တဲ့လေ။ ဒီခြံထဲလည်း မနက်က ရောက်လို့ လာရှာသေးတယ်တဲ့။ ဘယ်မှမတွေ့တော့ဘူးတဲ့"

"အော်ဟုတ်ပြီဟေ့။ ဒါကြောင့် နေ့ခင်းက ကိုဖိုးလှကို ခြံထဲမှာတွေ့ရတာကိုး. . ."

ဟု အဖိုးကမှတ်ချက်ချလိုက်သည်။

"ဘယ်မှာကျလို့ ဘယ်သူများရလဲ မသိပါဘူးတော်။ ရတဲ့လူကပြန်ပေးရင် သူ့ခမျာ ဘယ်လောက်ဝမ်းသာရှာမလဲ. . ."

အဘွားပြောသမျှစကားတိုင်းသည် ကျော်ဝင်းရင်ကို လာဆောင့်နေသည်။ ကျော်ဝင်း ဦးဖိုးလှမိသားစုအတွက် စိတ်မကောင်းပါ။ စံမောင်နှင့်ခွဲယူလိုက်မိသည်မှာ မှားပြီ။ စံမောင်ကို ကျော်ဝင်းမကျေနပ်ဖြစ်သည်။

"လူလေးရေ. . ."

အဘွားက ကျော်ဝင်းကိုခေါ်လိုက်သည်။

"ဗျာ. ."

ကျော်ဝင်းလန့်သွားသည်။

"ခြံထဲမှာ လိုက်ရှာကြည့်စမ်းပါဦးကွယ်။ သူ့ခမျာ သနားပါတယ်။



လက်သမားခလေးပါ"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့"

ကျော်ဝင်းခြံထဲသို့ ထွက်ခဲ့ပါသည်။ အဘွားက ကျော်ဝင်းကို မှိုးမှိုးသားသားပင် ရှာခိုင်းခြင်းဖြစ်ပါမည်။ သို့ရာတွင် ကျော်ဝင်းစိတ်ထဲမှာ မလုံပါ။

"အဘွားများ ရိပ်မိလို့ ငါ့ကိုပြန်ပေးအောင်လုပ်နေတာလား"

ဟု စဉ်းစားမိသည်။

"ငါမှားတယ်. . . ငါမှားတယ်. . . ငါပြန်ပေးမယ်။ စံမောင်ဆီကငွေကိုလည်း ငါပြန်တောင်းမယ်။ ဘယ်လိုပြောပြီး ပြန်ပေးရပါ့မလဲ"

ကျော်ဝင်းရင်ထဲတွင် ဘောလုံးဝယ်လိုစိတ်၊ ဘုရားပွဲမှာ မုန့်ဝယ်စားချင်စိတ်၊ ရုပ်ရှင်ကြည့်ချင်စိတ်များ လုံးဝမရှိတော့ပါ။ သူများမျက်ရည်ပေါက်ကြီးငယ်ကျရသောငွေနှင့် ကျော်ဝင်းမပျော်ချင်ပါ။ ပိုက်ဆံအားလုံးပြန်ပေးလိုက်လျှင် ပျော်ရွှင်နေကြမည့် ဦးဖိုးလှမိသားစုကိုသာ မြင်ချင်သည်။

အဘွားကျေနပ်အောင် ခြံထဲတွင် နှစ်ပတ်ခန့်ရှာပြီးနောက် စံမောင်တို့အိမ်သို့ ကျော်ဝင်းထွက်ခဲ့သည်။ စံမောင်တို့အိမ်ရောက်သောအခါ စံမောင်မရှိ။ ကိုးပင်ချောင်းထဲသို့ ကျွဲကျောင်းသွားသည်ဟု ဆိုသည်။ ကိုးပင်ချောင်းကို ကျော်ဝင်းလိုက်သည်။ စံမောင်နှင့်တွေ့သည်။ ဦးဖိုးလှ၏ပိုက်ဆံဖြစ်ကြောင်း၊ သနားစရာသိပ်ကောင်းကြောင်း၊ ပြန်ပေးဖို့အကြောင်း စံမောင်ကို ကျော်ဝင်းပြောပြသည်။

"ငါ့မှာမရှိတော့ဘူးကွ. . . အမေ့ကိုပြမိတာနဲ့ အမေက ငါ့ဆီက

ယူပြီး မနက်က သစ်ခေါက်ဈေးကိုသွားတယ်။ ဘုရားပွဲမှာ စားဖို့သောက်ဖို့ ဝယ်တာနဲ့ကုန်ပြီ"

စံမောင်က မျက်နှာငယ်လေးနှင့် ကျော်ဝင်းကိုရှင်းပြသည်။ စံမောင်ကို ကျော်ဝင်းစိတ်ဆိုးသည်။

"ဘာကွ ကုန်ပြီဟုတ်လား။ ဘယ်ဖြစ်ပါ့မလဲကွာ။ မင်းကိုငါပြောသားနဲ့ ဒီပိုက်ဆံကို မသုံးပါနဲ့ဦးဆိုတာ. . မဖြစ်ဘူး မင်းအမေကို ပြောပြီး ပြန်တောင်းပေးကွာ. . . "

စံမောင်က မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်၍ ကျော်ဝင်းကို ကြည့်နေသည်။

"မင်းလည်း သိသားနဲ့ကျော်ဝင်းရာ။ အမေ့ကို တောင်းလို့လည်း ဘယ်လိုလုပ် ပေးနိုင်မလဲကွ။ မနက်ကလည်း အမေက ဘုရားပွဲမှာ ပိုက်ဆံမရှိလို့ဆိုပြီး ညည်းနေတာနဲ့ ငါက ထုတ်ပြမိတာကွ. . . "

မှန်ပါသည်။ စံမောင်တို့မိသားစုမှာလည်း အလွန်ဆင်းရဲပါသည်။ ငွေနှစ်ထောင့်ငါးရာကို ပြန်ပေးရန် မလွယ်ကြောင်း ကျော်ဝင်းသိပါသည်။ မည်သို့ပြုလုပ်ရမည်ကို ကျော်ဝင်းမဆုံးဖြတ်တတ်တော့ပါ။

"ဒီလိုဆိုရင် ငါကတော့ ပြန်ပေးလိုက်မယ်ကွာ. . ငါသွားတော့မယ်"

စံမောင်က ကျော်ဝင်းကို ငေးကြည့်ရင်း ကျန်ရစ်သည်။

"ဟေ့ ကျော်ဝင်း ခဏနေပါအုံးကွာ. . . "

စံမောင်နောက်မှ ပြေးလိုက်လာ၍ ကျော်ဝင်းရပ်စောင့်နေလိုက်သည်။



"မင်းပြန်မပေးပါနဲ့ကွာ. . မင်းကပြန်ပေးရင်း ငါတို့အားလုံးပေါ်သွားပြီ။ ငါပါပြန်ပေးရမှာကွ. . . အဲ့ဒါဆိုရင် ငါ့တို့မှာ ပေးစရာမရှိတော့ ဒုက္ခပဲကွာ"

ခုမှပိုခက်လာပါသည်။ ကျော်ဝင်းပို၍ ခေါင်းရှုပ်လာမိသည်။

"မင်းလည်းမပေးပါနဲ့ သူငယ်ချင်းရာ။ ဒီအတိုင်းဆိုရင် ငါတို့ရမှန်း ဘယ်သူမှမသိပါဘူး. . . "

ကျော်ဝင်း ဘာမျှမပြောတတ်တော့ပါ။ အိမ်သို့သာ ခေါင်းငိုက်ချ၍ ပြန်လာခဲ့ရသည်။ ကျော်ဝင်းကိုယ့်ဘာသာကိုယ်လည်း မကျေနပ်စိတ်ကြီးစွာ ဖြစ်မိသည်။

"ငါမှားတာ စံမောင်ပြောတာကို နားယောင်ပြီး ဘုရားပွဲမှာ စားချင်သုံးချင်ပျော်ချင်မိလို့ သူများ ဒုက္ခတွေဖြစ်ရတာ"

ကျော်ဝင်းတွေးလေ စိတ်မကောင်းလေ ဖြစ်ရသည်။ ဦးဖိုးလှ မိသားစုကို သနားနေမိသည်။ စံမောင်ကိုတော့ မကျေနပ်။ သို့သော် အတင်းပြန်တောင်းရမှာလည်း သူ့မိသားစုအခက်အခဲကို နားလည်နေသည်။

"ငါမှားတာ အစကတည်းက မယူခဲ့မိရင် ကောင်းမှာ။ ငါအခု ဘယ်လိုလုပ်ရမလဲ. . . "

ကျော်ဝင်းအမျိုးမျိုးစဉ်းစားပြီးမှ ဆုံးဖြတ်ချက်တစ်ခုချလိုက်သည်။

အမှောင်တဲထဲတွင် သိမ်းထားသော ငွေနှစ်ထောင့်ငါးရာကို လက် ကိုင်ပဝါလေးနှင့်ထုတ်၍ ညတွင်ဦးဖိုးလှ၏ အိမ်ရှေ့သို့ ကျော်ဝင်းဝင်

ထားခဲ့ပါသည်။

နောက်တစ်နေ့မနက်တွင် ရွာထဲ၌ “ဦးဖိုးလှတစ်ယောက်တော့ ရေအဆုံး၊ ကုန်းတစ်ဝက်တဲ့ပော့ ကောက်ရတဲ့လူက တစ်ဝက်ကိုညက အိမ်ဝိုင်းထဲ လာပစ်ထားခဲ့တယ်။ တစ်ဝက်တော့ ယူလိုက်မှာပေါ့။ တစ်ဝက်ပြန်ရတာ တော်သေးတာပေါ့လေ” ဟုပြောကြဆိုကြသည်။

ငါသာရရချင်းပြန်ပေးရင် သူ့ငွေသူအပြည့်ပြန်ရမှာ။ နောက်ဆို ပစ္စည်းကောက်ရရင် ယူမထားတော့ဘူး။ ပိုင်ရှင်ကိုတွေ့အောင် ရှာပြီး အမြန်ပြန်ပေးမယ်။

ကျော်ဝင်း အခိုင်အမာ ဆုံးဖြတ်လိုက်ပါသည်။

(ကျေးလက်စာစဉ်ပြီးရုံ စေမိတ္တာ လူစာအုပ်မှ ပြန်လည်ဖော်ပြပါသည်။)

ဝေယံတွင်းသားနေချစ်

****

# လူငယ်နှင့်ရဲသတ္တိ

## အောင်သင်း

ဒီစကားလည်း မင်းတို့ကို သတိပေးချင်တာလေးတစ်ခုအ ဘဝကို အသက်လိုတာညာနဲ့ ကြီးကြီးကျယ်ကျယ် ပြောလိုက်ပါစေ အခါတိုင်းမှာ

“ငါဟာ အချိန်ကို တန်ဖိုးရှိအောင် သုံးခဲ့ပါရဲ့လား....။ အချိန်တွေကို မကြာခဏ ဖြုန်းနေမိတာတော့သလား”

ဆိုတာလေးကိုတော့ မြန်မြန် စဉ်းစားမိကြဖို့တော့ လိုပါလိမ့်မယ်။

## လူငယ်နှင့် ခွဲသတ္တိ

မင်းတို့ကို ပြောခဲ့တာမှာ သတ္တိကုန်ဆုံးခြင်းအစပျိုးလာတာ မှတ်မိကြလိမ့်မယ်။ ပထမ အခ်ိဳ႕ဒါန်ကတော့ မနက်စောစောထပြီး စာကြည့်ဖို့ပဲ။ ဒါပေမယ့် မနေ့ညက စတိတ်ရှိုးသွားကြည့်တာ ညဥ့်နက်သွားတော့ အိပ်ရာက မထချင်တော့ဘူး။ ဒီတော့ နာရီနှိုးစက် မြည်လာတာကိုတောင်မှ အမြင်ကတ်လာတယ်။ နောက်တော့ ကျောင်းကို သေပြေးရှင်ပြေး ပြေးသွားရတော့ စာအုပ်တွေကို မှားပြီးယူသွားရော။ ကျောင်းရောက်တော့ ဘောဂဗေဒမှတ်စု စာအုပ်ထဲမှာ သမိုင်းကို ကူးထည့်လာခဲ့ရပြီ။ အိမ်ပြန်ရောက်မှ ပြန်ပြီး ကူးထည့်မယ်ပေါ့။ အိမ်ရောက်တော့လည်း မကူးဖြစ်ပြန်တော့ဘူး။

ဒီလိုနဲ့ပဲ မှတ်စုစာအုပ်တွေဟာ အရှုပ်ရှုပ်အထွေးထွေးဖြစ်မှန်းမသိဖြစ်လာတော့တာပဲ။ နောက်တော့ စာအုပ်ထဲမှာ အရုပ်တွေ ရေးလိုရေး၊ စာရွက်ကို ဆုတ်ပြီး မြားပစ်လိုပစ် ဖြစ်လာပါလေရော။ တစ်ချက်တစ်ချက်မှာတော့ဖြင့် ငါတော့ စည်းပျက်ကမ်းပျက် ဖြစ်နေပြီ။ ပြန်ပြီး အဖက်



ဆယ်ဦးမှပဲလို့ သတိရမိတတ်သေးတယ်။ အဲဒီကျတော့ မှတ်စုတွေကို နှစ်စကနေ ပြန်ပြီး ကူးမယ်ပေါ့။ စာအုပ်အသစ်တွေနဲ့လေ။ ဒါပေမယ့် တစ်ဘာသာလည်း မဟုတ်။ နှစ်ဘာသာလည်း မဟုတ်။ ဘာသာစုံမှာ နှစ်လစာလောက် ကူးရတာဆိုတော့ ပျင်းပြီးပျက်လာပြန်ပါလေရော။

အဲဒါဟာ ပထမအဆင့် သတ္တိကုန်လာခြင်းပဲ။ ဗိုလ်ချုပ်ကြီးဆလင်းပြောခဲ့သလို သေသပ်ကျနမှု ပျက်စီးလာတဲ့အဆင့်ပေါ့။

အဲဒီမှာတင် (၅)လပြတ်တို့၊ (၄)လပြတ်တို့ဆိုတဲ့ ကျူရှင်တွေကို အားကိုးပြန်တော့တာပဲ။ အဲဒီ ကျူရှင်တွေကလည်း (၅)လပြတ်ဆိုတဲ့အတိုင်း (၅)လနဲ့၊ (၄)လနဲ့ပြတ်အောင် သင်ပြန်တော့ ခပ်မြန်မြန် သုတ်ချေဘင်ပြီး သင်ကြတာပဲ။ ကိုယ်က အခြေသိပ်မခိုင်တော့ ယက်ကန်ယက်ကန် ဖြစ်ပြန်ရော။ ဒီတော့ ကျူရှင်တက်ရတာကို စိတ်မပါတော့ဘူး။ ကျူရှင်က ပြေးပြန်ရော။ နောက်တစ်ခါ (၃)လပြတ်ဆိုတာဆီကို ရောက်သွားပြန်ရော။ ခုတော့ဖြင့် ဒီလိုကျူရှင်မျိုးတွေ မရှိတော့ဘူးပေါ့လေ။ အရင်က ဖြစ်ခဲ့ပုံတွေကို ပြန်ပြောရတာပါ။

နောက်ဆုံး တဖြည်းဖြည်းနဲ့ မိုက်ရူးရဲအဆင့်ကို ရောက်မှန်းမသိရောက်သွားတာပဲ။ စာမေးပွဲဆိုတာ ကံလည်းပါသေးတာပဲ။ ကံကောင်းရင် ကိုယ်ကျက်တာနဲ့ စွတ်တိုးပြီး အောင်ချင်အောင်လာတာ။ ဒီတော့ ခန့်မှန်းမေးခွန်းတွေကို အနီးကပ်အပိုင်သင်တဲ့ ကျူရှင်ကို သွားမယ်ပေါ့။

ဒီကြားထဲမှာ မေးခွန်းရတယ်။ ဘယ်က ဘယ်လိုရတာ ဘာညာစသည်ဖြင့် လိမ်တဲ့ညာတဲ့လူတွေကလည်း ပေါ်လာတတ်သေးတယ်။

အဲဒါ တွေကို အပိုင်ပဲဟဆိုပြီး တွယ်ကြတာပဲ။ ဒီလိုနဲ့ စာမေးပွဲခန်းထဲက ငိုပြီး ထွက်ရသူတွေ၊ တော်ပြီကွာ နောင်နှစ်မှပဲ အပိုင်ချတော့မယ်ဆိုပြီး ဆက်မဖြေတဲ့သူတွေ တစ်ပုံကြီး ဖြစ်လာတော့တာပဲ။

အဲဒါတွေကို သေချာစဉ်းစားလိုက်ရင် သတ္တိနည်းတာတွေပဲ။ သတ္တိနည်းတော့ ကြာရှည်မခံဘူးပေါ့။ ကိုယ့်အစွမ်းကို ခဏတစ်ဖြုတ်သာလျှင် ထိန်းထားနိုင်တဲ့ သတ္တိမျိုးဖြစ်ကြောင်းပေါ်လာတာပေါ့။ ကြာရှည်ခံတဲ့ သတ္တိမျိုးကိုသာလျှင် ဇွဲလို့ခေါ်နိုင်တာ ဖြစ်လေတော့ ဇွဲမရှိဘူးလို့ ဆိုရတော့မှာပေါ့။

ဗိုလ်ချုပ်ကြီးဆလင်း ပြောခဲ့တာကို ပြန်ပြီးသတိရကြမှာပေါ့။ ဇွဲသတ္တိဆိုတာ ယောက်ျား၊ မိန်းမရယ် မဟုတ်ဘူး။ တန်းတူရှိနိုင်တယ်ဆိုတာ မှတ်မိကြမှာပေါ့။ မိန်းကလေးတွေကိုလည်းပဲ အားနွဲ့သူရယ်လို့ သွားပြီး အထင်မသေးနဲ့။ သူတို့ဟာလည်း မင်းတို့ယောက်ျားလေးတွေလောက်ပဲ ဇွဲသတ္တိရှိချင်ရင် ရှိနိုင်တာပဲ။ လက်တွေ့ပဲကြည့်လေ ဒီနှစ်ဆယ်တန်းစာမေးပွဲမှာ တစ်ပြည်လုံး ပထမ၊ ဒုတိယ၊ တတိယ စွဲတဲ့သူတွေဟာ မိန်းကလေးတွေချည်းပဲ မဟုတ်လား။ မိန်းကလေးတွေဆိုတာက ပင်ကိုယ်ဉာဏ်သိပ်ရှိတာ မဟုတ်ပါဘူး။ စွတ်ပြီးကျက်နိုင် မှတ်နိုင်လွန်းလို့ရတာ ဖြစ်မှာပေါ့ ဘာညာနဲ့ သွားပြီးမပြောနဲ့။ လူပေါင်းသုံးလေးသိန်းကျော် ပြိုင်ကြရတဲ့ ပြိုင်ပွဲကြီးမှာ အဆင့်(၁)မဟုတ်ဘူး။ အဆင့်(၁၀၀) ရတယ်ဆိုရင် ချီးကျူးစရာကောင်းလှပြီလို့ ငါကတော့ ပြောမှာပဲ။ အဖျင်းဆုံး ဒီစာမေးပွဲကို အောင်ရမယ်၊ အမှတ်ကောင်းရမယ်၊



အဆင့်မြင့်ရမယ်ဆိုတဲ့ အမိဋ္ဌာန်နဲ့ ဟိုအရင်နှစ်တွေကတည်းက မဖျက်မကွက် ကြိုးစားအားထုတ်ခဲ့တာဟာ ဇွဲသတ္တိပဲဆိုတာ ငြင်းလို့မရဘူး။ ခိုင်မာတဲ့ ဇွဲသတ္တိမျိုးရှိသူတွေပဲလို့ ငါတော့ဖြင့် အသိအမှတ်မပြုဘဲ မနေနိုင်ဘူး။

* * * *

### သတ္တိထို မွေးမြူလေ့ကျင့်ထူခြင်း

သတ္တိကို ကျင့်သားရအောင် လုပ်ခြင်းဖြင့် မွေးယူလို့ရကြောင်းကို ဗိုလ်ချုပ်ကြီးဆလင်းက ပြောခဲ့တာကို မင်းတို့မှတ်မိကြလိမ့်မယ်။ သူတို့အင်္ဂလိပ်စစ်သားတွေဟာ မြန်မာပြည်မှာရှိတဲ့ တောကြီးမြိုင်ကြီးမျိုးကို မြင်ဖူးကြတာ မဟုတ်ဘူး။ သူတို့ဆီက (Forest) လို့ခေါ်တဲ့ သစ်တောဆိုတာမျိုးကတော့ ဘောလုံးကွင်း သုံးလေးကွင်းစာလောက် သာသာရှိတာ။ အဲဒါကိုပဲ သစ်တောလို့ ခေါ်နေကြရတာ။ တို့ဆီက သစ်တောမျိုးကို (Jungle) လို့ ခေါ်တယ်။ အဲဒီ (Jungle) ဆိုတာကိုက အင်္ဂလိပ်စကားမဟုတ်ဘူး။ ကုလားစကား။ ပါဠိမှာ ဇင်္ဂလတို့၊ မြန်မာမှာ တိုင်းစွန်းရွာငယ် ဇင်္ဂလယ်ဆိုတာ အဲဒီ (Jungle) ကိုပြောတာပဲ။

အဲဒီလို သူတို့ မတွေ့မမြင်ဖူးတဲ့ တောကြီးမြိုင်ကြီးတွေထဲ ရောက်တော့ စစ်သားတွေအဖို့ ချောက်ချားစရာတွေချည့် ဖြစ်နေတော့တာပေါ့။ မမြင်ဖူးတဲ့ တောကောင်တွေ၊ မကြားဘူးတဲ့ တောကောင်တွေရဲ့အသံတွေ၊

ဘယ်ညာပတ်ဝန်းကျင် ကြည့်လိုက်ပြန်တော့လည်း တောကြီးတောင်တာ ဘယ်ဟာကိုမှ သဲသဲကွဲကွဲ မမြင်ကြရတော့အားလုံးဟာ ကျိုးလန့်စာစား ဖြစ်နေကြရတယ်။ ဟိုဘက်ကပဲ ရန်သူထွက်လာနိုး၊ ဒီဘက်ကပဲ ရန်သူ ထွက်လာနိုး တစိုးရိမ်ရိမ် ဖြစ်နေကြရတာ။ မလိုအပ်ဘဲ သတ္တိတွေကို သုံးနေကြရတာပဲ။ အလကားနေရင်း သတ္တိတွေ ကုန်ခမ်းနေကြရတယ်။

ဒီတော့မှ စစ်သည်တော်တွေကို ဒီလိုတောကြီးမြိုင်ကြီးတွေနဲ့ ယဉ်ပါးအောင် လေ့ကျင့်မှ ဖြစ်တော့မယ်ဆိုပြီး အိန္ဒိယပြည်မှာရှိတဲ့ တောကြီးမြိုင်ကြီးတွေထဲမှာ စခန်းချ လေ့ကျင့်ခဲ့ကြရတယ်။ အဲဒီတော့မှ စစ်သည်တော်တွေဟာ တောမြိုင်သတ္တိကို ရလာခဲ့ကြတယ်။ ဒီနည်း အားဖြင့် သတ္တိကို မွေးယူခဲ့ကြရတယ်။

အဲဒီလိုပဲ မင်းတို့ ကျောင်းသားတွေမှာလည်း ဘာသာရပ်ဆိုင်ရာ သင်ခန်းစာတွေနဲ့ ပတ်သက်ပြီး သတ္တိမွေးယူလို့ ရနိုင်တယ်ဆိုတာကို ပြော ပြချင်လို့ ဒီအကြောင်းတွေကို ပဏာမ ရှင်းပြနေတာဖြစ်တယ်။

ခုနက ပြောခဲ့တဲ့ စစ်သည်တော်တွေ သတ္တိမွေးကြပုံကို သတိထား ကြည့်လိုက်မယ်ဆိုရင် သူတို့ ထိတ်လန့်ကြောက်ရွံ့တဲ့ တောကြီးမြိုင်ကြီး တွေနဲ့ ပက်ပင်းရင်ဆိုင်ပြီး ယဉ်ပါးလာအောင် လုပ်ယူကြခြင်းဖြစ်နေတာကို တွေ့ရလိမ့်မယ်။ ဘာသာရပ်ဆိုင်ရာတွေမှာ ဝံ့စားယုံကြည်လာအောင် လုပ်ရမှာလည်း ဒီနည်းကိုပဲ သုံးကြရတာပဲ။

အဲဒါနဲ့ပတ်သက်ပြီး သာဓကလေး တစ်ခုကို တင်ပြလိုက်ချင်သေး တယ်။ လွန်ခဲ့တဲ့ လေးငါးနှစ်လောက်က ကွယ်လွန်သွားတဲ့ ပါမောက္ခ



ဆရာကြီး ဦးအောင်လှရဲ့ အကြောင်းပဲ။ ငါတို့တက္ကသိုလ်ကျောင်းသား ဘဝက ဒီဇင်ဘာလတစ်ဝိုက်လောက်မှာ အဆောင်ညစာ စားပွဲတွေ အပြိုင်အဆိုင် လုပ်လေ့ရှိကြတယ်။ ဆရာကြီးတွေကိုလည်း ဖိတ်လေ့ရှိ တယ်။ ဆရာကြီးတွေကလည်း အချိန်ပေးနိုင်ရင် ကြွလာလေ့ရှိကြပါတယ်။

၁၉၅၈-ခုနှစ်လောက်မှာ ပဲခူးဆောင်လား၊ သထုံဆောင်လား ကောင်းကောင်းမမှတ်မိတော့ဘူး။ အဲဒီအဆောင်ညစာစားပွဲမှာ ဆရာကြီး ပါမောက္ခ ဦးအောင်လှ မိန့်ခွန်းပြောတာကို ငါမှတ်မိနေတယ်။ အခမ်းအနား မစမီမှာ ဆရာကြီးနဲ့ ကျောင်းသားတစ်ယောက်ယောက် သင်္ချာအကြောင်း စကားစပ်မိကြဟန်တူပါတယ်။ အဲဒါနဲ့ ဆရာကြီးက သူ့မိန့်ခွန်းထဲမှာ သင်္ချာအကြောင်းကိုထည့်ပြီး ပြောသွားတာကို ငါမှတ်မိ သမျှ ပြန်ပြောချင်ပါတယ်။ ဆရာကြီးက . . .

"မင်းတို့က ငါ့ကို သင်္ချာဉာဏ်ကြီးတယ်လို့ ထင်နေကြတယ်။ မွေးရာပါ ဉာဏ်ပဲ၊ ပါရမီပဲလို့ ထင်နေကြတယ်။ မဟုတ်ဘူးကွ။ ငါ ငယ်ငယ်တုန်းက သင်္ချာ သိပ်ညံ့ခဲ့တယ်။ အောင်မှတ်ရအောင် မနည်း ကြိုးစားခဲ့ရတာ။ သင်္ချာဆရာ စိတ်ညစ်အောင်ကို ညံ့ခဲ့တာ။ ဒီလိုနဲ့ ခုနစ်တန်း ရှစ်တန်းလောက်မှာ ဆရာက ဒီလောက်တောင် ညံ့ရမလား ဆိုပြီး နားရင်းကို တစ်ချက်ချလိုက်တာ ထူပူသွားတာပဲ။ အဲဒီမှာ ငါလည်း တော်တော်လေးရှက်သွားတယ်။ ဒေါသလည်း ဖြစ်သွားတာပေါ့ကွာ။ အဲဒါနဲ့ပဲ. . . ကဲ. . . ဒီလောက်တောင်ဖြစ်လှတဲ့သင်္ချာဆိုပြီး အမြင် ကတ်တတ်နဲ့ တွက်ပစ်တာပဲ။ ပထမတော့ ဒေါသစိတ်နဲ့ အမြင်ကတ်လို့

တွက်တာပဲ။ အဲဒီလို တွက်ရင်းတွက်ရင်းနဲ့ သဘောပေါက်နားလည်ပြီး သင်္ချာကို စိတ်ဝင်စားလာတာပဲ။ နောက်ဆုံးတော့ မင်းတို့မြင်တဲ့အတိုင်း သင်္ချာပါမောက္ခ ဖြစ်လာတာပဲ။ မင်းတို့ထင်သလို ဉာဏ်ကြီးလို့ မဟုတ်ဘူးကွ။ ပါရမီကြောင့်သာဆိုရင် ငယ်ငယ်ကတည်းက တော်နေမှာပေါ့ကွ။ ဒီတော့ သင်္ချာဆိုတာ နာနာတွက်နေရင် တော်လာတာပဲကွ။ ဉာဏ်ကြီးမှု မဟုတ်ဘူး။ ငါ့ဉာဏ်နဲ့ မင်းတို့ဉာဏ်ဟာ အတူတူပဲကွ။ ဘာမှမထူးပါဘူး"

အဲဒါ သင်္ချာပါမောက္ခဆရာကြီး ဦးအောင်လှ ကိုယ်တိုင်ပြောခဲ့တဲ့ စကားပါပဲဗျာ။ ငါ့ကိုယ်တွေ့အရဆိုရင်လည်း အမှန်ပဲ။ သင်္ချာဆိုတာ စွတ်ပြီး တွက်နေရင် တော်လာတာပဲ။

ဒီတော့ မင်းဟာ သင်္ချာမှာ ညံ့နေသလား၊ ကြောက်နေသလား။ သတ္တိမွေးဖို့အတွက် ပက်ပင်းရင်ဆိုင်ပစ်လိုက်ပါ။ ဥပမာ ဂျီဩမေတြီမှာ ညံ့နေတယ်၊ လန့်နေတယ် ဆိုပါတော့။ ဘာမှ ပြောမနေနဲ့။ သီအိုရမ် ၇၊ ၈၊ ၉ လောက်ကစပြီး ပုစ္ဆာတွေကို တစ်ပုဒ်မကျန် သေချာနားလည်နေအောင် ကျေကျေညက်ညက် ပြန်တွက်ပေတော့။ ရန်သူကို သို့မဟုတ် မင်းကြောက်နေတဲ့သူကို ရဲရဲဝံ့ဝံ့ ပက်ပင်းရင်ဆိုင်ပစ်လိုက်စမ်းပါ။ ယဉ်ပါးသွားပါလိမ့်မယ်။

ဘာသာရပ်တစ်ခုခုမှာ ညံ့နေသလား၊ လန့်နေသလား။ လန့်နေရင် ထွက်မပြေးနဲ့။ တည့်တည့်ကြီး စူးစူးရဲရဲ ရင်ဆိုင်ပစ်လိုက်ပါ။

သင်္ချာကိစ္စ၊ အင်္ဂလိပ်စာကိစ္စတွေအကြောင်းကို ပြောခဲ့ကြပြီးပြီ။ အတိုချုပ်လိုက်ကြမယ်ဆိုရင် ဘယ်ဘာသာရပ်ကိုမဆို ဇွဲသတ္တိရှိရှိနဲ့



ရင်ဆိုင်ပစ်လိုက်မယ်ဆိုရင် တစ်စတစ်စ သက်သာလွယ်ကူလာတယ် ဆိုတဲ့ သဘောသာလျှင် ဖြစ်ပါတယ်။

ဇွဲသတ္တိရှိဖို့အတွက် လေ့ကျင့်စမ်းသပ်နည်းတစ်မျိုးဟာ မိမိချမှတ်ထားတဲ့ သန္နိဋ္ဌာန်အတိုင်း အတိအကျ ဘယ်လောက်ကြာကြာ တည်မြဲနိုင်သလဲ။ ပြီးဆုံးအောင်မြင်သည်အထိအောင် ခိုင်မာစွာ ရပ်တည်နိုင်သလား။ အဲဒါကို စစ်ဆေးကြည့်ဖို့ပဲ ဖြစ်တယ်။

အဲဒီလို စစ်ဆေးကြည့်ဖို့အတွက် ပထမဆုံး မေးခွန်းကတော့ မင်းဟာ တနင်္ဂနွေတစ်ပတ်စာအတွက် အချိန်ဇယားဆွဲပြီး အလုပ်လုပ်ကြည့်ဖူးသလား။ ကျောင်းသားဖြစ်မယ်ဆိုရင် ကျောင်းချိန်မှအပသော အချိန်တွေကို စနစ်တကျ အချိန်ဇယားဆွဲပြီး စာကြည့်ဖူးသလား။ အဲဒီလိုအချိန်ဇယားထားပြီး အလုပ်လုပ်ဖူးပါတယ်ဆိုရင် ဘယ်လောက်ကြာကြာ ခံခဲ့ဖူးသလဲ၊ အဓိဋ္ဌာန်အတိုင်း ဘယ်လောက်လိုက်နာလေ့ကျင့်ခဲ့ဖူးသလဲ။

နှစ်စကနေ နှစ်ဆုံးထိအောင် ခိုင်မြဲခဲ့ဖူးပါတယ်ဆိုရင် မင်းဟာ ဇွဲသတ္တိကောင်းသူတစ်ယောက်ဖြစ်တာ သေချာနေပြီ။ သို့ပါလျက်နဲ့ စာမေးပွဲမှာ မင်းထင်တိုင်း မပေါက်ခဲ့ဘူး၊ သို့မဟုတ် စာမေးပွဲတောင် မအောင်ခဲ့ဘူးဆိုလို့ရှိရင်တော့ဖြင့် မင်းရဲ့ လေ့လာအားထုတ်မှုမှာ တစ်ခုခု လွဲမှားချွတ်ယွင်းနေပြီ။ ဆရာကောင်းတစ်ယောက်နဲ့ အဲဒါကို ဖွင့်ပြောပြီး ကုစားပစ်ဖို့ လိုအပ်နေပြီလို့ ပြောချင်တော့တာပဲ။

ဒီအပတ်အတွက် အဓိကထားပြီး ပြောချင်တဲ့အကြောင်းအရာကတော့ လူငယ်တို့ရဲ့ ဇွဲသတ္တိနဲ့အချိန်ရဲ့အကြောင်းပဲဖြစ်တယ်။ အချိန်ဆို

ဘာတာ ဘာလဲလို့ မေးလိုက်ပြီး လျှောက်ပြောနေကြမယ်ဆိုရင် မဆုံးနိုင်တဲ့ ဒဿနကျမ်းကြီးတစ်စောင်ဖြစ်သွားမှာ သေချာတယ်။ ငါလည်း အဲဒီလောက်အထိအောင်တော့ဖြင့် မပြောတတ်ဘူး။ မင်းတို့ လူငယ်တွေနဲ့ ပတ်သက်နေသလောက်ကိုသာ ပြောရမှာပဲ။

ပထမဆုံး ဘဝဆိုတာဘာလဲ။ အဲဒီမေးခွန်းကို အလွယ်ဆုံးနဲ့ အမှန်ဆုံး အခြေခံအကျဆုံး ဖြေကြည့်မယ်ဆိုရင် ဘဝဆိုတာဟာ မွေးဖွားခြင်းနဲ့ သေခြင်းတို့ရဲ့ ကြားကာလဖြစ်တယ်လို့ ဆိုရလိမ့်မယ်။ မွေးမလာခဲ့ရင် ဘဝဆိုတာ ရှိကို မရှိနိုင်ဘူး။ မွေးတော့ မွေးပါရဲ့ အသက်မပါဘဲ အသေလေး မွေးလာရင်လည်း သူ့မှာ ဘဝမရှိလိုက်နိုင်တော့ဘူးပေါ့။ ဒီတော့ ဘဝဆိုတာ မွေးခြင်းနဲ့သေခြင်းရဲ့ ကြားကာလဆိုတာ ငြင်းလို့မရနိုင်တော့ဘူး။

ဒီတော့ ဘာဖြစ်သလဲ။ ဘဝဆိုတာ အချိန်ပဲဆိုတာ ရှင်းနေပြီပေါ့။

ဒီစကားကို ဘာကြောင့် အကျယ်ချဲ့ပြီး ပြောနေရသလဲဆိုရင် မင်းတို့ လူငယ်တွေဟာ ဘဝဆိုတာ ဘာပဲ၊ ညာပဲ။ ဘဝကို မြတ်နိုးတယ် ဘာတယ် စသည်အားဖြင့် ကြီးကြီးကျယ်ကျယ်တော့ အလွန်ပြောကြတယ်။ ပြောပေါ့။ ဒါကို အပြစ်မတင်ပါဘူး။ သို့သော်လည်း အချိန်ကိုကျတော့ တန်ဖိုးထားရကောင်းမှန်း မသိကြဘူး။ မေ့မေ့လျော့လျော့ လုပ်နေကြတယ်။

ဘဝကို တန်ဖိုးထားရင် အချိန်ကို တန်ဖိုးထားကြရမှာပဲ။ ဘာကြောင့်လဲဆိုတော့ ဘဝဆိုတာကိုက အချိန်ကို ပြောတာဖြစ်ကြောင်း အထက်မှာ ရှင်းထားခဲ့ပြီ။ မင်းဟာ အသက်ဘယ်လောက်ရှိပြီလဲ။



(၁၆)နှစ်ရှိပြီ။ အဲဒီ (၁၆)နှစ်ဆိုတာဟာ အချိန်ပဲ။ မင်းရဲ့အဖေ အသက်ဘယ်လောက် ရှိပြီလဲ။ အသက်(၅၀)ရှိပြီ၊ အသက်(၅၀)ဆိုတာလည်း အချိန်ပဲ။ ဒီတော့ ဘဝဆိုတာ အချိန်နဲ့ဖွဲ့စည်းထားတာ ဖြစ်တယ်။ ဘဝကို မြတ်နိုးရင် အချိန်ကို မြတ်နိုးကြရမှာပဲ။ အချိန်ကို မြတ်နိုးခြင်းမရှိရင် ဘဝကို မြတ်နိုးရာ မရောက်ဘူးဆိုတာကို နာနာကြီးသိနေဖို့လိုတယ်။ ဒီစကားကို အမေရိကန် စာရေးဆရာကြီး ဘင်ဂျမင်ဖရင်ကလင် (Benjamin Franklin) ပြောခဲ့တာ အလွန်ကိုပဲ လှလှပပရှိတယ်။ သူပြောတဲ့အတိုင်းဆိုရင် (Dost thou love life? then do not squander.)။ အဓိပ္ပာယ်ကတော့ မင်းတို့ သိကြတဲ့အတိုင်း "ဘဝကို ချစ်ပါသလား၊ ချစ်လျှင် အချိန်ကို မဖြုန်းလေသင့်။ အကြောင်းကား ဘဝကိုအချိန်ဖြင့် ဖွဲ့စည်းဖန်တီးထား သောကြောင့်တည်း" ပေါ့။

ဒီတော့လည်း မင်းတို့ကို သတိပေးချင်တာလေးတစ်ခုက ဘဝကို ဘယ်လိုဘာညာနဲ့ ကြီးကြီးကျယ်ကျယ် ပြောလိုက်မိတဲ့အခါတိုင်းမှာ "ငါဟာ အချိန်ကို တန်ဖိုးရှိအောင် သုံးမိပါရဲ့လား။ အချိန်တွေကို မကြာခဏ ဖြုန်းနေမိတတ်သလား" ဆိုတာလေးကိုတော့ ပြန်ပြီး စဉ်းစားမိကြဖို့တော့ လိုလိမ့်မယ်။

မင်းတို့တစ်တွေမှာတော့ ပညာသင်နေတဲ့ ကာလမို့ ပညာသင်ကြားရေးနဲ့ ပတ်သက်တဲ့ အချိန်အကြောင်းကိုပဲ အဓိကထားပြီး ပြောချင်တယ်။

ကဲ. . .။ ထားကြစို့ရဲ့။ မင်းဟာ ကျောင်းသားတစ်ယောက်။ ပညာသင်နေတယ်။ မင်းကို ငါမေးမယ်။

(၁) မင်းဟာ ကျောင်းအားလပ်ချိန်တွေ၊ ကျောင်းပိတ်ရက်တွေမှာ ကျောင်းစာကို လေ့လာဖို့အတွက် အချိန်ဇယားရှိသလား။ အနားမယူရဘူး၊ အပန်းမဖြေ ရုပ်ရှင်မကြည့်ရဘူး၊ ဂီတနားမထောင်ရဘူး၊ ဂီတာမတီးရဘူးလို့ ဆိုလိုတာ မဟုတ်ဘူးနော်၊ ကျောင်းစာအတွက် ကြိုးစားနေလို့ ပင်ပန်းနေရင် အပန်းဖြေရမှာပေါ့။ သို့သော် ကျောင်းစာအတွက်တော့ဖြင့် ဘာမှပင်ပန်းအောင် မလုပ်ဘဲနဲ့ မပင်ပန်းဘဲနဲ့ အပန်းချည်ဖြေနေရင်တော့ မင်းလုပ်နေတာ အဟုတ်မဟုတ်တော့ဘူး။ အပန်းဖြေနေတာ မဟုတ်ဘူး။ မင်းဟာ ကျောင်းစာကို ပစ်ထားတဲ့ အဖြစ်ကို ရောက်စပြုနေပြီ။ အပျော်အပါးဘက်ကို အာရုံရောက်လွန်နေပြီ။

အဲဒီလို မဟုတ်ဘဲနဲ့ အချိန်ဇယားလည်း ထားတယ်။ စာကြည့်ချိန်၊ အပန်းဖြေချိန်မှုတတယ်ဆိုရင်တော့ အချိန်ဇယားနဲ့ပတ်သက်လို့တော့ ချီးကျူးရတော့မှာပေါ့။ ဒါပေမယ့် ဒီအချိန်ဇယားအတိုင်း လက်တွေ့လုပ်ဆောင်ပါရဲ့လားဆိုတဲ့ မေးခွန်းကျန်နေသေးတယ်။ ပျက်ကွက်မှုဆိုတာလည်း လူငယ်ဘာဝ ရှိတတ်ကြတာမို့ အပြစ်မတင်ပါဘူး။ သို့သော်လည်း ဘယ်လောက်များများ ပျက်ကွက်တတ်သလဲ။ များများတော့ မဟုတ်ပါဘူး။ တစ်ပတ်မှာ ခုနစ်ရက်လောက်ပါပဲဆိုရင်တော့ ဩဂတ်စ်ဟဲ (August w.Hare) ဆိုတဲ့ အင်္ဂလိပ်ဘုန်းတော်ကြီးတစ်ပါးရဲ့ အဆိုအမိန့်ကိုသာ ပြန်ပြီး ပြောလိုက်ချင်တော့တာပဲ။ သူ့စကားလေးက အလွန်လှတယ်။ (Unless atree has borne blossoms in spring you will vainly look for fruit on it in autum.)



ဘမာလို ဆိုရင်တော့ "နွေဦးပေါက် အပွင့်မရှိသော သစ်ပင်၌ ဆောင်းဦးတွင် အသီးမရှာပါလေနှင့်" တဲ့။

ကဲ လာပြန်ပြီမေးခွန်း(၂)။ အထက်က ပြောခဲ့တာတွေက ကျောင်းစာသင်ခန်းပြင်ပ ကျောင်းအားလပ်ချိန်တွေကို ပြောတာ။ ကျောင်းစာသင်ခန်းအတွင်းနဲ့ ပတ်သက်ပြီး ပြောကြဦးစို့ရဲ့။

များသောအားဖြင့် ကျောင်းတွေမှာ စာသင်ချိန် တစ်ချိန်ကို (၄၅) မိနစ်ထားလေ့ ရှိကြတယ်။ (တက္ကသိုလ်မှာတော့ မိနစ်(၅၀) ထားလေ့ရှိတယ်)။ အဲဒီ (၄၅)မိနစ်အတောအတွင်းမှာ မင်းရဲ့ ကြိုးစားအားထုတ်မှုကို သုံးသပ်ကြည့်လိုက်ကြဦးစို့။

(၄၅)မိနစ်လုံးလုံး စာထဲမှာ စိတ်ဝင်စားပြီးနေဖို့ဆိုတာကတော့ မဖြစ်နိုင်ဘူးဆိုတာ ငါလည်းနားလည်နိုင်ပါတယ်။ စိတ်က ဟိုရောက်ဒီရောက် ခုန်ပေါက်ပြေးလွှားလေလွင့်နေမှုဆိုတာကတော့ ရှိမှာပဲ။ အဲဒီလေလွင့်တဲ့ စိတ်ကို ပြန်ပြန်ပြီး ဆွဲခေါ်ကြရတာပဲ။

အဲဒီမှာ မင်းဟာ သင်ခန်းစာထဲမယ် နာရီဝက်လောက် စိတ်ဝင်စားနိုင်သလား။ (၁၅)မိနစ်၊ မိနစ်(၂၀)လောက်ပဲ စိတ်ဝင်စားနိုင်သလား။ ဒါမှမဟုတ် ဟိုအရုပ်၊ ဒီအရုပ်တွေ စာအုပ်ထဲမှာ ရေးပြီး လက်ကမြင်းနေသလား။ ဒါမှမဟုတ် စက္ကူမြားတွေလုပ်ပြီး ဟိုလူပစ်၊ ဒီလူပစ်နဲ့ နောက်ပြောင်နေတတ်သလား။

အဲဒီလို စာသင်ချိန်ကို ဖြုန်းတီးပစ်နေတတ်တဲ့ အကျင့်မျိုးရှိနေပြီဆိုရင်တော့ ကျောင်းချိန်အပ အားလပ်ချိန်တွေကို ဖြုန်းတီးပစ်ဖို့ သေချာ

သလောက်ဖြစ်နေပြီလို့ ဆိုရတော့မှာပဲ။ စာသင်ချိန်မှာ စာထဲ အာရုံတော်တော် ပြုနိုင်မယ်ဆိုရင် မင်းဟာ မဆိုးဘူး။ အလားအလာ ကောင်းတာအမှန်ပဲ။ အသင်အပြ မကောင်းလှတဲ့၊ ပျင်းစရာကောင်းတဲ့ ဆရာမျိုးကိုတောင်မှ ကြိုးစားပြီး ဖြည့်စွက်နားလည်နိုင်အောင် အားထုတ်တတ်တယ်ဆိုရင်တော့ မင်းဟာ ပါရမီကောင်းတဲ့ကလေးတစ်ယောက်ပဲရယ်လို့ မင်းအတွက် ငါဝမ်းသာမှုကို(မုဒိတာ) ဖြစ်ရမှာပဲ။ မင်းအတွက် မင်းရဲ့ မိဘဆွေမျိုးတွေ ဂုဏ်တက်ရလိမ့်မယ်၊ ဆရာသမားအားလုံးရဲ့ ချစ်မြတ်နိုးခြင်းကို ခံရလိမ့်မယ်လို့ တစ်ထစ်ချ ပြောဝံ့ပါတယ်။

အဲဒီလို ပါရမီမျိုးကို ဖြည့်ဆည်းစုဆောင်းလို့မရဘူးလို့ မထင်နဲ့။ ပါရမီဆိုတာ ဘယ်သူမှာမှ အလုံးလိုက် အခဲလိုက်ပါလာကြတာ မဟုတ်ဘူး။ ဘုရားလည်း ဒီလိုပဲ။ တစ်ဘဝပြီးတစ်ဘဝ တစ်စတစ်စ စုဆောင်းဆည်းပူးခဲ့ရတာပဲ။

ဒီလိုပဲ မင်းလည်း စာသင်ခန်းပါရမီကို စုစည်းထူထောင်လို့ရတယ်ဆိုတာကို သဘောပေါက်ပါ။ မိမိစိတ်ကို စာထဲမှာ စိတ်ဝင်စားနေအောင် ဆွဲခေါ်ပါ။ ထိန်းထားပါ။ အဲဒီကိစ္စ တိုက်ပွဲကြီးတစ်ခုလို သဘောထားပြီး အောင်ပွဲခံနိုင်အောင် ကြိုးစားပါ။ အောင်ပွဲခံနိုင်ပြီဆိုရင် မင်းကိုယ်မင်း အာမခံနိုင်လောက်အောင် စိတ်ကိုထိန်းနိုင်လာတာ အမှန်ပဲဆိုရင် မင်းဟာ သာမန်ယောကျ်ား၊ သာမန် မိန်းမ မဟုတ်တော့ဘူး။ ထူးချွန်တော့မယ့်သူ အမှန်ပဲဆိုတာ စိတ်ချယုံကြည်ပေတော့။

ကဲ. . . ဒါကတော့ မင်းတို့အချိန်ကို အသုံးချပုံနဲ့ ပတ်သက်ပြီး



ကိုယ့်ကိုယ်ကို စစ်ဆေးပြုပြင်လေ့ကျင့်ကြဖို့အချက်တွေပဲ။ မင်းကိုယ်မင်း ခုမှ အသက်(၁၆)နှစ်၊ (၁၇)နှစ် ရှိသေးတာမို့ ငယ်ပါသေးတယ်လို့ အောက်မေ့မနေနဲ့။ ကိုယ့်ကိုယ်ကို အထင်မသေးနဲ့။ အင်္ဂလိပ်စာရေးဆရာကြီး ဖရန်စစ်ဘေကွန် (Francis Bacon) ပြောဖူးတဲ့စကားရှိတယ်။ (A man that is young in years may be old in hours, if he has lost no time.) တဲ့။ မြန်မာလို ပြန်ရင်တော့ "လူတစ်ယောက်ဟာ အချိန်ကို မဖြုန်းရင် နှစ်အားဖြင့် အသက်ငယ်သော်လည်း နာရီအားဖြင့် အသက်ကြီးနိုင်တယ်" တဲ့။

ဟုတ်တယ်လေ။ အသက်သုံးဆယ် မဟုတ်ဘူး။ အနှစ်တစ်ရာရှိနေစေဦးတော့ သူ့ရဲ့ပညာဆည်းပူးမှုက နာရီပေါင်း(၁၀၀)တောင်မှ မရှိရင် နာရီအားဖြင့် အသက်နုမနေပေဘူးလား။ မင်းက (၁၇)နှစ်သာ ရှိသေးပေမယ့် ပညာလေ့လာမှု နာရီက များနေရင် နာရီသက် ပိုပြီးကြီးရာရောက်တာပေါ့။

ကဲ. . . အဲဒါပဲ မောင်တို့ရေ၊

ဘဝကိုတန်ဖိုးထားပါတယ်ဆိုရင်ဖြင့်. . .

(ထံချွင်ချွင်သရေ စာသည်မှ မြန်စေညီစေပြုမိသည်)

အောင်သင်း

**** မြင့်မြင့် စာပေ
၁၀, ၀၀, တပင်အနေ

သို့

စာပေဝါသနာရှင်နှင့် စာဖတ်သူပရိသတ်များထံသို့

ခေတ်ကြေးမုံ(လူငယ်အောင်မြင်ရေးစာစုများ)အတွက် ဝေဖန်အကြံပြုချက်များ၊ စာမူကိုစွမ်များ၊ လူငယ်အောင်မြင်ရေးစာစုအတွက်ကလောင်သစ်များကို လှိုက်လှဲစွာ ဖိတ်ခေါ်အပ်ပါသည်။

**ခေတ်ကြေးမုံစာတည်းအဖွဲ့**
**စိန်မိုးယံစာပေ**
အမှတ်(၁၅)၊ အောင်တော်မူလမ်း၊
မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉၅၁၈၄၁၀၀
Email ; DiamondSkyPublishing@gmail.com
FB ; Facebook.com/DiamondSkyPublishing

သို့

စာပေဝါသနာရှင်နှင့် စာဖတ်သူပရိသတ်များထံသို့

ခေတ်ကြေးမုံ(လူငယ်အောင်မြင်ရေးစာစုများ)အတွက် ဝေဖန်အကြံပြုချက်များ၊ စာမူကိုစွမ်များ၊ လူငယ်အောင်မြင်ရေးစာစုအတွက်ကလောင်သစ်များကို လှိုက်လှဲစွာ ဖိတ်ခေါ်အပ်ပါသည်။

**ခေတ်ကြေးမုံစာတည်းအဖွဲ့**
**စိန်မိုးယံစာပေ**
အမှတ်(၁၅)၊ အောင်တော်မူလမ်း၊
မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉၅၁၈၄၁၀၀
Email ; DiamondSkyPublishing@gmail.com
FB ; Facebook.com/DiamondSkyPublishing

# လူငယ်များအတွက်
# ရှောင်သင့်သောအပ်သည့်အရာများ

ထွန်းလွင် (ဓမ္မာစရိယ/ဘီအေ)

[illegible]



## လူငယ်များအတွက် ရှောင်သင့်ဆောင်အပ်သည့်အရာများ

### ပေါင်းဖော်ရမည့်ပုဂ္ဂိုလ်

အကြင်သူကို ပေါင်းဖော်မှီဝဲသည်ရှိသော် မိမိမှာ လောကီလောကုတ္တရာ အသိဉာဏ်ပညာစီးပွားချမ်းသာ တိုးတက်ရာ၏။ ထိုပုဂ္ဂိုလ်မျိုးကို အသက်ထက်ဆုံး ပေါင်းဖော်မှီဝဲဆည်းကပ်သင့်လေသည်။

### ပေါင်းထိုက်၊ မပေါင်းထိုက်ပုဂ္ဂိုလ်

၁။ အသိအလိမ္မာ၊ ဉာဏ်ပညာနှင့်သီလ၊ သမာဓိ၊ မိမိလောက်မျှ မရှိသူကို ပေါင်းသင်းဆက်ဆံသူများသည် မိမိမှာရှိပြီး အသိအလိမ္မာ၊ သီလ သမာဓိများ ယုတ်လျော့သွားတတ်သည်။

၂။ သီလ၊ သမာဓိ၊ ပညာ၊ အသိအလိမ္မာအားဖြင့် မိမိနှင့်တန်းတူနေသူကို ပေါင်းသင်းဆက်ဆံသူသည် မဆုတ်ယုတ်နိုင်။

၃။ သီလ၊ သမာဓိ၊ ပညာ၊ အသိအလိမ္မာအားဖြင့် အရာရာတွင် မိမိထက်သာသူကို ပေါင်းသင်းဆက်ဆံရသူကား အလျင်အမြန်တိုးတက်ကြီးပွားနိုင်၏။



### ကျန်းမာခြင်းအဖြစ်

၁။ အလွန်ချမ်းအေးလှသေးသည်ဟူ၍လည်းကောင်း၊

၂။ အလွန်ပူအိုက်လှသေးသည်ဟူ၍လည်းကောင်း၊

၃။ အလွန်မိုးချုပ်လှပြီဟူ၍လည်းကောင်း၊

၄။ အလွန်ဆာလောင် မွန်သိပ်လှသေးသည်ဟူ၍လည်းကောင်း၊

၅။ အစာစားပြီးစ အလွန်ဝမ်းလေးလှသေးသည်ဟူ၍ လည်းကောင်း၊

### အဂတိ လေးပါး (ဌာနလေးပါး)

၁။ ဆန္ဒာဂတိ၊ ချစ်ခင်သဖြင့် မလိုက်သင့်သည့်ဘက်သို့လိုက်၊ မပြုသင့်သည်ကို ပြုခြင်း။

၂။ ဒေါသာဂတိ၊ စိတ်ဆိုးသဖြင့် မလိုက်သင့်သည့်ဘက်သို့လိုက်၍ မပြုသင့်သည်ကို ပြုခြင်း။

၃။ မောဟာဂတိ၊ ဆင်ခြင်တုံဉာဏ်မရှိဘဲ မိုက်မဲတွေဝေသဖြင့် မလိုက်သင့်သည့်ဘက်သို့လိုက်၍ မပြုသင့်သည်ကိုပြုခြင်း။

၄။ ဘယာဂတိ၊ ကြောက်ရွံ့သဖြင့် မလိုက်သင့်သည့်ဘက်သို့ လိုက်၍ မပြုသင့်သည်ကိုပြုခြင်း။

****

**အဂတိလေးပါးလိုက်စားခြင်းအပြစ်နှင့် မလိုက်စားခြင်းအကျိုး**

၁။ ဆန္ဒာဂတိစသော အဂတိလေးပါးကို လိုက်သားပြုကျင့်သူသည် လဆုတ်အခါ၌ လမင်းအရောင်အဝါသည် တစ်နေ့တခြား လျော့ပါးဆုတ်ယုတ်သကဲ့သို့ စည်းစိမ်ဥစ္စာနှင့်တကွ ဂုဏ်ကျေးဇူးသတင်း ကျော်စောခြင်းတို့သည် တစ်နေ့တစ်ခြား လျော့ပါးဆုတ်ယုတ်တတ်လေသည်။

၂။ အဂတိလေးပါးကို မလိုက်စား မပြုကျင့်သူသည် လဆန်းအခါ၌ လမင်း၏အရောင်အဝါသည် တစ်နေ့တခြား ထွန်းလင်းတောက်ပသကဲ့သို့ ကျက်သရေဂုဏ်သိန် စည်းစိမ်ဥစ္စာတို့သည် တစ်နေ့တစ်ခြား ကျော်ကြား၍ တိုးတက်ပေါ်လွင်ထင်ရှားတတ်လေသည်။

**သူတော်ကောင်းဥစ္စာ ခုနစ်ဖြာ**

၁။ သဒ္ဓါ - ယုံကြည်ခြင်း။
၂။ သီလ - ကိုယ်နှုတ်စောင့်စည်းခြင်း။
၃။ ဟိရီ - မကောင်းမှု ဒုစရိုက်ပြုရမှာ ရှက်ခြင်း။
၄။ ဩတ္တပ္ပ - မကောင်းမှု ဒုစရိုက်ပြုရမှာ ကြောက်ခြင်း။
၅။ သုတ - အကြားအမြင်များခြင်း။
၆။ စာဂ - စွန့်ကြဲပေးကမ်းခြင်း။
၇။ ပညာ - ဟုတ်မှန်စွာသိခြင်း။



**နာထထဂုဏ် (ကြီးသူကျင့်ဝတ်) ခြောက်ပါး**

၁။ ထယကာလုံ့လရှိခြင်း - ဥဋ္ဌာနဂုဏ်။
၂။ နိုးကြားခြင်း - ဇာဂရိယဂုဏ်။
၃။ သနားခြင်း - ဒယာဂုဏ်။
၄။ သည်းခံခြင်း - ခမာဂုဏ်။
၅။ ဝေဖန်ခွဲခြားတတ်ခြင်း - သံဝိဘာဂဂုဏ်။
၆။ အမြော်အမြင်ကြီးခြင်း - ဣက္ခဏာဂုဏ်။

(ထကြွနိုးကြား၊ သနားသည်းခံ၊ ဝေဖန်ထောက်ရှု၊ ဤခြောက်ခု ကား၊ ကြီးသူကျင့်ရာ တရားတည်း။)

**အနာထထ (နာထထ တော်ဝင်ထိုက်သူ) ခြောက်ဦး**

၁။ ဂဏန်းကဲ့သို့ အမြဲလက်မထောင်လေ့ရှိသူ။
၂။ ပုတ်သင်ကဲ့သို့ သူတစ်ပါးလုပ်သမျှ ခေါင်းညိတ်တတ်သူ။
၃။ လေလာရာယိမ်းပါတတ်သော ကိုင်းပင်ကဲ့သို့ ဟိုဘက်ဒီဘက် ယိမ်းပါးတတ်သူ။
၄။ နွားသိုးကဲ့သို့ ရှုးရှုးဒိုင်းဒိုင်း ပြုမူ၍ စိတ်တိုတတ်သူ။
၅။ လိပ်ကဲ့သို့ ကိုယ့်ဘက်ကိုယက်တတ်သူ။
၆။ ခွေးအကဲ့သို့ စားပိုးနှင့်အောင်စားပြီး ဇိမ်ခံတတ်သူ။
(အုပ်စုဖွဲ့ရန်လိုတတ်သူ)
(ဂဏန်းပုတ်သင်၊ ကိုင်းပင်နွားသိုး၊ လိပ်မျိုးခွေးအ၊ ဤခြောက်ဝ နာယကမတင်ထိုက်။)

**သားသမီးသုံးမျိုး**

၁။ အတိဇာတ သား/သမီး = မိဘထက် သီလ၊ သမာဓိ၊ ပညာ အကျင့်သာလွန်သူ။

၂။ အနုဇာတ သား/သမီး - မိဘနှင့် သီလ၊ သမာဓိ၊ ပညာ အကျင့်တူညီသူ။

၃။ အဝဇာတ သား/သမီး = မိဘအောက် သီလ၊ သမာဓိ၊ ပညာအကျင့်ညံ့ဖျင်းသူ။

(ပုတ္တဒါနရသာဂ်ဟမဂ်လာ၌ ပုတ္တအရ သားနှင့်သမီး နှစ်မျိုးလုံးကို ယူရသည်။)

**ဒါနသုံးမျိုး**

၁။ ဣဏဒါန = ကြွေးသစ်ချခြင်း (သားသမီးကို ကျွေးမွေးခြင်း)။

၂။ မောက္ခဒါန = ကြွေးဟောင်းဆပ်ခြင်း (မိဘကို လုပ်ကျွေးပြုစုခြင်း)။

၃။ နိမိဒါန - ရွှေအိုးမြှုပ်ခြင်း (ကုသိုလ်ကောင်းမှုပြုခြင်း)။

**နောင်တ (၁၀)မျိုး**

၁။ အချိန်ရှိခိုက် ငယ်စဉ်က ပညာမသင်ခဲ့မိလေခြင်း။

၂။ ဥစ္စာမစုဆောင်းမိခဲ့လေခြင်း။

၃။ သူတစ်ပါး၏ အချစ်ကို ဖျက်ဆီးမိခဲ့လေခြင်း။

၄။ သူတစ်ပါး၏ အသက်ကို သတ်မိခဲ့လေခြင်း။



၅။ သူတစ်ပါးသားမယားကို ပြစ်မှားမိခဲ့လေခြင်း။

၆။ ဥစ္စာပစ္စည်းရှိလျက် မလှူမိခဲ့လေခြင်း။

၇။ ဆုံးမစကားကို နားမထောင်မိခဲ့လေခြင်း။

၈။ မိဘကို မလုပ်ကျွေးမိခဲ့လေခြင်း။

၉။ ပညာရှိထံ နည်းခံ၍ မသင်ကြားမိခဲ့လေခြင်း။

၁၀။ မြတ်သော အကျင့်ကို မကျင့်မိခဲ့လေခြင်း။

(ဒွါဒသနိပါတ်၊ ဇနသန္ဓဇာတ်)

**မိတ်တုလေးမျိုး**

လောက၌ မိတ်ဆွေစစ်၊ မိတ်ဆွေတုဟူ၍ နှစ်မျိုးရှိရာ မိတ်တုသည် ကား. . .

၁။ အခါခပ်သိမ်း မိမိထံမှ ပစ္စည်းဥစ္စာကိုသာလျှင် လာရောက်ဆောင်ယူလေ့ရှိသော အညဒတ္ထုဟုရမည်သော မိတ်တုတစ်မျိုး။

၂။ နှုတ်ဖြင့်သာ အကျိုးစီးပွားလိုလားယောင်ပြုလျက် တစ်စုံတစ်ခုပေးမည်ကဲ့သို့ ဝိုင်းဝန်းကူညီမည်ကဲ့သို့ ပြောဆိုပြီးလျှင် တစ်စုံတစ်ရာလက်မပါသော ဝစီပရမည်သော မိတ်တုတစ်မျိုး။

၃။ ရှေ့တွင်သာ ချစ်ဟန်ဆောင်ကာ ချစ်ဖွယ်စကားကို ပြောဆိုလျက် ကွယ်ရာတွင် ရန်သူသဖွယ် ပြုလုပ်ပြောဆိုတတ်သော အနုပိယ သာဏီမည်သော မိတ်တုတစ်မျိုး။

၄။ ဥစ္စာစီးပွား ဆုတ်ယုတ်ပျက်ပြားကြောင်း မကောင်းမှုမျိုး၌သာ

အပေါင်းအဖော် ပြုလုပ်တတ်သော အပါယသဟာယမည်သော မိတ်တု တစ်မျိုး။

**မိတ်စစ်၊ မိတ်ကောင်းလေးမျိုး**

၁။ စိတ်နှလုံးကောင်းစွာနှင့် ကျေးဇူးအထူးကိုသာ ပြုတတ်သော ဥပကာရမည်သော မိတ်စစ်မိတ်ကောင်းတစ်မျိုး။

၂။ စိတ်နှလုံးကောင်းစွာနှင့် ချမ်းသာဆင်းရဲကို အတူအမျှခံစားတတ်သော သမာနသုခဒုက္ခမည်သော မိတ်စစ်မိတ်ကောင်း တစ်မျိုး။

၃။ စိတ်နှလုံးကောင်းစွာနှင့် အကျိုးစီးပွားရှိသူကိုသာ ပြောဆိုညွှန်ပြတတ်သော အတ္တက္ခာယီမည်သော မိတ်စစ် မိတ်ကောင်း တစ်မျိုး။

၄။ စိတ်နှလုံးကောင်းစွာနှင့် အကျိုးစီးပွားကို မျှော်ဆပြီးလျှင် အစဉ် စောင့်ရှောက်တတ်သော အနုကမ္ပကမည်သော မိတ်စစ် မိတ်ကောင်းတစ်မျိုး။

**အလေးအမြတ်ပြုရမည့်အရပ်မြောက်ချက်နှာ**

၁။ အမိအဖတို့သည် ရှေးဦးစွာ ကျေးဇူးပြုတတ်သောကြောင့် အရှေ့ အရပ်မည်ကုန်၏။

၂။ ဆရာသမားတို့သည် (ဒက္ခိဏ) တပည့်တို့၏ မြတ်သော



အလှူကို ခံထိုက်သောကြောင့် တောင်အရပ်မည်ကုန်၏။

၃။ သားမယားတို့သည် နောက်မှလိုက်တတ်သောကြောင့် အနောက် အရပ်မည်ကုန်၏။

၄။ မိတ်ဆွေကောင်းတို့သည် ထိုသို့ဘေးဒုက္ခတို့မှ လွတ်မြောက်စေတတ်သောကြောင့် မြောက်အရပ်မည်ကုန်၏။

၅။ ကျေးကျွန်တို့သည် မိမိအောက်၌ တည်သောကြောင့် အောက်အရပ်မည်ကုန်၏။

၆။ ရဟန်းသူမြတ်တို့သည် ဂုဏ်အားဖြင့် မိမိအထက်၌ တည်သောကြောင့် အထက်အရပ်မည်ကုန်၏။

သင်ဘယ်လိုလူစားလဲ?

- လူယုတ်မာသည် ကိုယ်တိုင်ယုတ်မာရုံမျှ အဆင့်ရှိသော လူယုတ်မာနှင့် သူတစ်ပါးကိုလည်း ယုတ်မာစေသော လူယုတ်မာဟူ၍ နှစ်မျိုး နှစ်စားရှိသည်။

- ထို့အတူ သူတော်ကောင်းသည်လည်း ကိုယ့်ကိုယ်ကိုသာ ကောင်းအောင်ကြိုးစားနေထိုင်သော သူတော်ကောင်းနှင့် သူတစ်ပါးကိုလည်း ကောင်းစွာနေထိုင်စေသော သူတော်ကောင်း ဟူ၍ နှစ်မျိုးနှစ်စားရှိသည်။

ထို့ကြောင့်. . .

(၁) သူယုတ်မာ

(၂) သူယုတ်မာအောက်ပို၍ ယုတ်မာသော သူယုတ်မာ၊


(၃) သူတော်ကောင်း။

(၄) သူတော်ကောင်းထက် ပို၍ကောင်းသော သူတော်ကောင်းဟူ၍ လူတန်းစားလေးရပ်ရှိကြောင်း သိက္ခာပဒေသုတ်၌ ဗုဒ္ဓမြတ်စွာဘုရား မိန့်ကြားတော်မူခဲ့၏။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ စတုက္ကနိပါတ်၊ သဒ္ဓမ္မဝဂ်သိက္ခာပဒသုတ်)

ထွန်းဆွေ (ဓမ္မာစရိယ/ဆီအေ)

* * * *



# မြင်တူတွန်းချောင် ရှေ့နိုင်ပါသည်

## မောင်စိန်ဝင်း(ပုတီးကုန်း)

"ပန်းပါနဲ့ ဦးပဉ္စင်း၊ ကားမရှိ...ရထားပေါ့၊ ရထားမရှိ...လှေယာဉ်ပေါ့။ ရောက်ချင်တဲ့ ခရီး...ရောက်အောင် သွားချင်စိတ်ရှိဖို့ပဲ အရေးကြီးတာ... မဟုတ်လား"

"အဟုတ်ပဲ ဒကာကြီး၊ ဒီခရီးသည်တွေ ဒီလောက်ကြီးတဲ့ ရှပ်ပြေး ယာဉ်ကြီးကို တွန်းရွှေ့ခဲ့တာ အဲဒီအင်အားကြီးတဲ့စိတ်နဲ့ ညီညွတ်မှုကြောင့် ပဲလေ"

## ငြိမ်းချမ်းခြင်း ရှေ့နိုင်ပါသည်

ကသာ၊ အင်းတော်၊ ကမ်းနီခရီးကို ရွှေပိုင်းတွင် ကျွန်တော်ရေးခဲ့ပါသည်။ တိုင်းမင်းကြီး ဦးကျော်ညွန့် (ကျွန်တော့်ကို ဆုပေးခဲ့ဖူးသော မြို့ပိုင်ကလေး) စာရေးဆရာ ဆရာမောင်မိုးစည်နှင့် အမှတ်မထင် ပြန်ဆုံခဲ့ရသောခရီး။ သည်တုန်းက ၁၉၉၄-ခုနှစ် ဖြစ်သည်။ သည်ခရီးမှာတုန်းက ထီးချိုင့်ကိုရောက်ပြီး တစ်ပွဲဟောဖြစ်ခဲ့ပါသေးသည်။ တည်တောဆရာတော် ဘုရားကြီး (စာရေးဆရာ ကဗျာဆရာကြီး ထီးချိုင့်နတ်စိုး) ကို ဖူးမြော်ခွင့်ရခဲ့ပါသေးသည်။ ဆရာတော်ဘုရားကြီး၏ အုံမခန်း စာကြည့်တိုက်ကြီးကို လေ့လာခွင့်ကြုံခဲ့ရသေးသည်။

၂၀၀၉-ခုနှစ်ထဲမှာတော့ ထီးချိုင့်ကို နောက်တစ်ခေါက်ထပ်ရောက်စရာ ဖြစ်လာတော့၏။ ဒီမတိုင်ခင် ကသာမှ ဖိတ်သောပွဲများ ရက်မအားချွလွှဲခဲ့ရသော်လည်း သည်နှစ်မှာတော့ ထီးချိုင့်ဆရာတော်လေး စာရေးဆရာ အရှင်ဇယန္တ (ထီးချိုင့်)က အစောကြီးရက်ချိတ်ထားသဖြင့် မလွှဲနိုင်တော့ပါ။ ဒါရိုက်တာ၊ စာရေးဆရာ အကယ်ဒမီမောင်ဝဏ္ဏနှင့်



ကျွန်တော်တို့နှစ်ယောက်ကို ထီးချိုင့်ဆရာတော်လေးက ဦးဆောင်ပြီး ရန်ကုန်မှ ညနေလေး နာရီခွဲကားဖြင့် ထွက်လာခဲ့ကြပါသည်။

မန္တလေးကို မနက်အစောကြီး လေးနာရီမှာ ကားဆိုက်ပါသည်။ ထိုကားကြီးဝင်းမှ ထီးချိုင့်ကားရှိရာ မြို့လယ်ကားဝင်းကို တက္ကစီနှင့်လာကြပြီး လက်ဖက်ရည်ဆိုင်မှာ ခဏနားကာ ထီးချိုင့်ကားပေါ် တက်ခဲ့ကြရသည်။ နှစ်ပေါင်းနှစ်ဆယ်လောက်ကြာအောင် သည်လိုကားမျိုး မစီးဖြစ်တော့သဖြင့် အထူးအဆန်းသဖွယ် ဖြစ်ရပြန်ပါသည်။ ကုန်ပစ္စည်းများ ကားကြမ်းပြင်မှာ အမို့အမောက်ရှိပြီး ဒူးနှစ်လုံးကိုထောင်လျက် မေးစေ့နှင့် အိလုနီးပါး အနေအထားဖြင့် လိုက်ပါရတော့မည်။ ပဋိသန္ဓေနေစဉ်က အမေ့ဝမ်းတွင်းမှာ နေရသည့်အနေအထားက သည်လိုပင်ဖြစ်လေမလားဟု စဉ်းစားဖြစ်သေးသည်။ လူတွေက ထိုင်ခုံပြည့်ရုံမက တက်သမျှ အတုန်တင်၏။ ကြာတော့ လူပ်လို့ လှည့်လို့ပင် မရလောက်အောင် သူတွေနှင့် ပြည့်ကျပ်နေတော့သည်။

လမ်းမှာ တားသမျှ ရပ်တင်နေသဖြင့် လူက လျော့မသွားဘဲ တိုး၍သာ များလာတော့၏။ လူထပ်မတင်တော့ဖို့ တစ်ယောက်တစ်ပေါက် ပြောကြဆိုကြသံတွေ ထွက်လာသည်။

"ခရီးသည်မရှိလို့ ချောင်ချိနေတဲ့ရက်တွေက အများကြီးဗျ။ ရတုန်းတင်ထားရမယ်။ မရတဲ့ရက် ဘယ်သူမှ လာပေးမှုမဟုတ်ဘူး"

စပယ်ယာလေးရဲ့ စကားသံ။

ကိုဝဏ္ဏကတော့ ဘာမှဂရုစိုက်ဟန်မတူ။ သူ့ကင်မရာနှစ်လုံးဖြင့်

တစ်လမ်းလုံး ဓာတ်ပုံရိုက်ရင်း ပါလာတော့သည်။

မိုးကုတ်လမ်းမှ ခွဲထွက်ကာ တစ်နေရာအရောက် ဗန်းမော်ဘက်သွားသောလမ်းမှ ချိုးထွက်ပြီး ထီးချိုင့်ဆီ ဦးတည်၏။

ခုနစ်မိုင်ဂိတ်အရောက် မနက်စာစားကြသည်။ မနက်(၉)နာရီခွဲသာသာ ရှိမည်။ ထိုဂိတ်မှ မနက်ဆယ်နာရီခန့် ထွက်ခဲ့၏။ စောစောရောက်နိုင်တယ်ဟု ခရီးသည်တွေက ခန့်မှန်းကြသည်။ ဒါပေမယ့် ရှေ့ဆက်ရမည့်ခရီးက ဖုန်ထူလမ်းကြမ်းသဖြင့် မှန်းတိုင်းမပေါက်နိုင်သောခရီးဟု ဆရာတော်လေးက ပြောသည်။

ကျွန်တော်တို့ ခုံနောက်မှပါလာကြသောအဝေးသင်နောက်ဆုံးနှစ်ဖြေပြီးလို့ မုံရွာကအပြန် ကျောင်းသူတွေကတော့ အဆောင်ကျောင်းသူဘဝ သူတို့ရဲ့ ပျော်စရာ အိပ်မက်ကလေးတွေကို စာမြုံ့ပြန်ရင်း ပါလာခဲ့သည်ပဲ။ တစ်နှစ်လုံးမှာမှ တက္ကသိုလ်အဆောင်ကျောင်းသူဘဝ တစ်လသာသာလုပ်ခဲ့ရတာဆိုတော့လည်း လွမ်းလောက်ရာပါပဲ။ ကျန်တစ်ကားလုံးနီးပါး ခရီးသည်တွေကတော့ ငေးရင်းငိုက်ရင်း အိပ်ပျော်ရင်း ပါလာကြ၏။

ကားဘီးပေါက်သံ "ဖောင်း" ခနဲ အသံကြားရတော့ "ဟာ. . . သွားပြီ" ဆိုသော ခရီးသည်တစ်ဦး၏ အသံထွက်လာသည်။ ဘာတတ်နိုင်မှာတဲ့လဲ။ ခရီးသည်တွေ အားလုံးဆင်း။ နီးစပ်ရာတွေမှာ ထိုင်ကြ၊ နားကြ၊ ကားဆရာတွေက ကားဘီးလဲတပ်။ ဘာမှမကြာခင် ကားဘီးကို လဲတပ်လို့ ပြီးသွားပြီ။ တကယ်တမ်းကြာတာကတော့ ရှေ့သုံးလေးမိုင်



လောက် အရောက် ကားဘီးဖာတဲ့ဆိုင်မှာပါပဲ။ စောစောက ပေါက်တဲ့ဘီးကို ဝင်ဖာပြီး အပြီးထိ စောင့်ယူနေတာက တစ်နာရီကျော်ကျော်။

****

(၂)

သည်လိုနှင့် ညနေ(၆)နာရီကျော်ကျော်မှာတော့ ခရီးဆုံးဖြစ်သော မြတောင်ရွာကားဂိတ်ကို ရောက်ပါတော့သည်။ မြတောင်ကား စည်ကားသော ရွာကြီး၏ ဟန်ပန်အပြည့်ဟု မှောင်ရီဝိုးတဝါးမှာ ခန့်မှန်းရပါသည်။ ခန္တလေးနှင့် မိုင်(၁၇၀)လောက်ဝေးသော ထိုခရီးကို ဆယ့်နှစ်နာရီကျော်ကျော် တစ်နေ့လုံး ကားစီးပြီး ကားလမ်းဆုံးသည့်အတိုင် ထီးချိုင့်ကိုကားမရောက်သေး။ ဟိုဘက်ကမ်းကို ဧရာဝတီဖြတ်ပြီး ကူးရပေဦးမည်။ လာကြိုနေသော မော်တော်အဆင်သင့်မို့ အဆင်ပြေပါ၏။

ထီးချိုင့်ရောက်တော့ ခုနစ်နာရီထိုးတော့မည်။ ဒီည ခုနစ်နာရီခွဲမှာ ဟောပြောပွဲစမှာမို့ ရေမိုးချိုး၊ ထမင်း ကမန်းကတန်းစားပြီး ဟောပြောပွဲရှိရာ ဓမ္မာရုံကြီးကို လာခဲ့ရ၏။

စိတ်အားထက်သန်လှပြီး ဟောပြောပွဲများနှင့် ရင်းနှီးပြီး ပရိသတ်မို့ ဟောရပြောရ အဆင်ပြေသည်။ ပရိသတ်ကောင်းပြီး အပေးအယူအဆင်ပြေသွားတော့လည်း ခရီးပန်းသမျှအားလုံး ပြေလျော့ လွင့်စဉ်ပျောက်သွားပြီပဲ။

တစ်ခုတော့ သတိထားမိပြီး ပြောဖြစ်သေးသည်။ ဟောပြောပွဲ ပရိသတ်မှာ လူလတ်ပိုင်းတွေများပြီး လူငယ်ပိုင်းက နည်းနေသလိုပင်။

ဘယ်လိုဖြစ်ဖြစ် ကျေနပ်အားရစရာကောင်းသည့် ဟောပြောပွဲ တစ်ခုဟု အသိအမှတ်ပြုရပေမည်။

****

(၃)

နောက်တစ်နေ့မနက် ထီးချိုင့်ကျောင်းပွဲပြီးသည်နှင့် တစ်ဖက်ကမ်း ကူးကာ ညနေမှာ မြတောင်ပွဲကို ဟောရသည်။ မြတောင်သည် မိဖုရား စုဖုရားလတ်၏ အပိုင်စားရသော နယ်မြေ။ မြတောင်စားဟု အမည်တွင် စရာအရပ်။ အခုတော့ ရွာကြီးတစ်ရွာမျှသာ။ ဟိုအရင်က စာပေဟော ပြောပွဲတွေ မလုပ်ဖြစ်သော်ငြား စာပေနှင့်ကား မစိမ်း။ ပရိသတ်ကောင်း ပြီး အလေးအနက်ထား နားထောင်တတ်ကြသည်မှာ ဝမ်းသာစရာ။

နောက်နေ့မနက်မှာလည်း အလယ်တော အ. ထ. က(ခွဲ)ကို ဟောပြီး ညနေမှာ တစ်ပွဲကူးရသည်။

နောက်ဆုံးနေ့မနက်မှာတော့ ကြက်တစ်ကောင်ရွာကို သွားဟော ရ၏။ ကြက်တစ်ကောင်သည်လည်း ဧရာဝတီမြစ်ကမ်းမှ ရွာကြီးတစ်ရွာ ပင်။ ညနေပိုင်းမှာ ကမ်းနီကို ကူးခဲ့ရသည်။

(၁၉၉၄)ခုနှစ်ကလည်း ကမ်းနီမှာ ဟောခဲ့ဖူးပြီ။ ကမ်းနီသည် ဆရာ



ကြီးရွှေဥဒေါင်းနှင့် ဒေါ်ကြီးစိုးတို့ ရွာကြီးဖြစ်ပြီး သည်တုန်းက ဆရာကြီး တို့ နေခဲ့ဖူးသည့် အိမ်ပေါ် ရောက်ခဲ့ဖူးပါသည်။ သည်တစ်ခေါက်မှာတော့ အချိန်မရသဖြင့် အိမ်ပေါ် မတက်ခဲ့ရ။ ပထမအကြိမ်က စာသင်ကျောင်း ဝင်းထဲက ညောင်ပင်ကြီးအရိပ်မှာ ဟောပြောပွဲကျင်းပခဲ့သည်ပဲ။ ညောင် ပင်ကြီးကို မှတ်မှတ်ရရ ငေးကြည့်ဖြစ်သေးသည်။ အလွန်လုံးပတ်ကြီး၍ မိမိမြင်ဖူး တွေ့ဖူးသမျှတွင် အကြီးဆုံးဟုပင် ထင်မိသေးသည်။

သည်နှစ်မှာတော့ ကမ်းနီ ဘုန်းကြီးကျောင်းဝင်းထဲမှ ဓမ္မာရုံကြီးမှာ ဟောခွင့်ရခဲ့ပါသည်။ ကမ်းနီပရိသတ်သည် ဟောပြောပွဲတွေနှင့် မစိမ်း။ ဟိုးအရင်နှစ်တွေကလည်း ဟောပြောပွဲတွေဖြစ်ခဲ့သည်မို့ နားထောင်နေကျ ပရိသတ်ဟုပြောရမည်။ ဓမ္မာရုံကြီးအပြည့် ပရိသတ်ရှိနေသည်။

ကမ်းနီဟောပြောပွဲအပြီး အပြန် မော်တော်ပေါ်မှာတော့ ခဏ အိပ်ပျော်သွားတော့၏။ ရက်ရှည်ပင်ပန်းသမျှ စိတ်ကို လျှော့ချလိုက်မိ သည်။

"မနက်ဖြန်တော့ ကားနဲ့မပြန်တော့ဘူး။ ဆရာတို့ အရမ်းပင်ပန်း မှာစိုးတယ်။ ပြီးတော့ ကားက အလာတုန်းကလို ပျက်ချင်ပျက်မှာ တွေး လို့"

ဆရာတော်လေးက ပြောသည်။

"ကသာက လာတဲ့ ရှပ်ပြေးကို စီစဉ်ထားတယ်။ အခန်းရပါလိမ့် မယ်။ ရေလမ်းနဲ့ဆိုတော့ ခရီးမပန်းဘူးပေါ့"

"မန္တလေးက ကားကို အမီရောက်ပါ့မလား ဘုရား"

"မပူပါနဲ့ ဒကာကြီး ရောက်မှာပါ။ ကားက ညခုနစ်နာရီ ကားလက်မှတ်ဖြတ်ထားတာ"

ကျွန်တော်က နောက်နေ့ ရန်ကုန်ပြန်ရောက်မှ ဖြစ်မည်။ နောက်နေ့ ညနေမှာက ဆရာလယ်တွင်းသားစောချစ်နှင့် ကျိုက္ကလော့ဘုရားမမှာရုံမှာ ဟောပြောပွဲရှိနေသည်။

ပွဲများပြီး ပင်ပန်းသော်လည်း ကျွန်တော့်အခြေအနေက ကောင်းနေသည်။ လန်းလန်းဆန်းဆန်းရှိနေသည်၊ မနက်စောစော ငါးနာရီလောက်ထပြီး လေးနာရီမနက် ဈေးလေးကိုဖြတ်ကာ တော်တော်ဝေးဝေး လမ်းလျှောက်ဖြစ်သော အကျိုးပင်။

အခြား အခြားမြို့တွေမှာလည်း မနက်ထပြီး လမ်းလျှောက်ဖြစ်အောင် ကျွန်တော်ကြိုးစားပါသည်။ ထီးချိုင့်၏ ထူးခြားမှုမှာ အခြားအခြားသော မြို့များမှာထက် စောစောစီးစီး ဈေးဆိုင်တွေ ဖွင့်နေခြင်းပင်။ ကျွန်တော် လမ်းလျှောက်သည့် မနက်ငါးနာရီမှာ ဆိုင်တစ်ချို့က ဖွင့်ပြီး တစ်ချို့က ဖွင့်ဆဲ။ စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်တွေသာမက စတိုးဆိုင်ကြီးတွေပါ သည်အချိန်ဖွင့်နေကြတာ အံ့သြစရာ။

မနက်လေးနာရီဈေးလေးမှာတော့ ကျွန်တော်ရောက်ချိန် ဈေးကွဲခါနီးနေလေပြီ။ အနီးအနားပတ်ဝန်းကျင်ရွာများမှာ အသီးအနှံများ၊ ကုန်စိမ်းများကို လာရောင်းချသော ဈေးဖြစ်၏။ ဈေးကြီးမှာ မနက်ပိုင်းပြန်ရောင်းဖို့ အမိကထားပြီး မနက်ဈေးမှာ လာကောက်ကြရသည်။

ကျွန်တော် ပြန်လျှောက်လာလို့ မြစ်ကမ်းနား နီးလာလေ၊ အိမ်



အမိုးတွေပေါ် နှင်းကျသံတွေက ပိုပြီး အသံကျယ်လာလေပင်။

မဲဇာနှင့် မဝေးသောအရပ်မို့ ဆီးနှင်းပေါက်လည်း မိုးလောက် ပြင်းသန်ဆိုသော စာသားကို သတိရနေချင်စရာ။

✶✶✶✶

(၄)

မနက်ကိုးနာရီလောက်မှာ ကသာကထွက်ခဲ့သော ရှပ်ပြေးသီးချိုင့်ကို ရောက်လာခဲ့သည်။ အခန်းစီစဉ်ထားသော်ငြား အခန်းထဲမှာ သူအပြည့်နှင့်မို့ စီစဉ်ထားသူတွေ စကားပြောကြ ဆိုကြရသေးသည်။ နောက်တော့ နေရာဖယ်ပေးလိုက်သဖြင့် ကျွန်တော်တို့ အခန်းရပြီး ရှပ်ပြေးပေါ်တက်ခဲ့ရ၏။ အတော်လေးကြီးပြီး လူအတော်များများဆံ့သော ရှပ်ပြေးယာဉ်ဟု သတိထားဖြစ်ပါသည်။

ကိုဝဏ္ဏကတော့ သူ့ကင်မရာနှစ်လုံးနှင့် အလုပ်ရှုပ်ရင်း လိုက်ပါသာခဲ့၏။

နေ့လယ်တစ်နာရီလောက်ရောက်မှ မလယ်ဆိုသည့်ဆိပ်မှာ ထမင်းစားရပ်သည်။

မင်းဝံတောင်တန်းနှင့် ဘေးချင်းယှဉ်ပြီး စီးနေသော ဧရာဝတီပေါ်မှာ ရှပ်ပြေးယာဉ်ကလေး ပြေးနေ၏။ လှပညို့ငင်နေသော မြင်ကွင်းတို့ဘစေမှုန်ဝါးလာရင်း အမှောင်ပျိုးလာလေပြီ။ ဆောင်းကာလမို့ ခြောက်

နာရီကျော်သည်နှင့် ဝိုးတိုးဝါးတား၊ ခပ်လှမ်းလှမ်းမှာ အမှောင်ထု။

"ဟာ. . . သွားပြီ"

ဒုန်းခနဲ အသံအကြားမှာ ထီးချိုင့်ဆရာတော်လေးနှုတ်မှ အသံလွင့်စဉ်ကျသည်။

"ဘာဖြစ်တာလဲ ဘုရား"

"သောင်တင်သွားပြီ"

(၁၉၉၄)ခုနှစ် ဟောပြောပွဲက ကမ်းနီမှ ကသာအပြန် သောင်တင်ခဲ့တာ အတွေးထဲ ပြန်ပေါ်သည်။ အဲဒီတုန်းက စောင်ကို ခေါင်းမြီးခြုံပြီး ကြောက်လန့်တကြား အော်ဟစ်နေသော ဆရာနေဝင်းမြင့်ကို ပြေးသတိရလိုက်၏။

"ဘယ်လိုလုပ်မလဲ"

"ဆင်းတွန်းကြရမှာပေါ့"

"ဒီလောက်ကြီးတဲ့ ရှပ်ပြေးကြီးကို ဘယ်လိုလုပ်တွန်းလို့ရပါ့မလဲ ဘုရား"

ဆရာတော်လေးက ဘာမှပြန်မပြောဘဲ အခန်းထဲက အပြင်ထွက်သွားသည်။

ခဏအကြာမှာ လူသံတွေ ကျယ်ကျယ်လောင်လောင် ကြားရ၏။

"ဆင်းကြပါ. . . ဆင်းကြပါ၊ ဆင်းတွန်းကြရအောင်၊ ဒီအတိုင်းဆို ရေထဲမှာ ညအိပ်ကြရမယ်"

အော်သံ၊ ခေါ်သံတွေနဲ့အတူ ရေထဲဆင်းသွားကြတာ မြင်သည်။



"လာကြပါ. . . လာကြပါ၊ ကလေးအမေတွေ၊ သက်ကြီးရွယ်အိုတွေက လွဲရင် ဆင်းခဲ့ကြပါ"

"လူတွေအားလုံးတွန်းဖို့ ဆင်းကြပြီ၊ ဆရာတို့နှစ်ယောက်နေခဲ့ပါ။ ရေတွေစိုပြီး ဖျားနေဦးမယ်၊ ခရီးပန်းလာတာဆိုတော့"

ဆရာတော်လေးက လာပြောပြီး ပျောက်သွားပြန်၏။ ပြီးတော့ ဝိုင်းဝန်းတွန်းကြဖို့ စီစဉ်ဆော်ဩနေသော ဆရာတော်လေးအသံ ထွက်လာသည်။

ရှပ်ပြေးယာဉ်ကြီးပတ်လည်မှာ ယောကျ်ားတွေ၊ မိန်းမတွေ၊ ရဟန်းပျိုလေးသုံးပါး၊ လူစုလူဝေးကို တွေ့ရ၏။

"အဲဒီလို တစ်ယောက်တစ်ပေါက်တွန်းနေလို့ ဘယ်ရမှာလဲ၊ လာကြ၊ လာကြ အားလုံးဦးပိုင်းကို ခုလာကြ"

လူကြီးတစ်ဦး၏ ဆော်ဩသံ။

"လာပါ ကျုပ်ပြောတာယုံပါ၊ ကျုပ်က တစ်သက်လုံးရေထဲမှာ လုပ်လာတာ၊ ဒီလိုသောင်တင်လို့ ဒီလိုတွန်းခဲ့ရတာ မနည်းဘူး။ လာကြ. . . လာကြ၊ အချက်ပေးပြီး တက်ညီတည်း တွန်းချရအောင်၊ ဦးပိုင်းကို သွားပြီး တွန်းမယ်၊ ပြီးမှ နောက်ပိုင်းတွန်းမယ်၊ အလယ်က မတွန်းနဲ့လေ၊ ဘာမှ ထူးမှာမဟုတ်ဘူး"

ထိုလူကြီး၏ စည်းရုံးဆော်ဩသံကြောင့် ယာဉ်တစ်လျှောက် ပျံ့နေသောလူစုက ဦးပိုင်းစုပြီး ရောက်သွား၏။

"တစ်. . . နှစ်. . . သုံး"

တိုင်ပင်ပေးပြီး တွန်းသည်။ ရှပ်ပြေးယာဉ်ကြီးက မလှုပ်။

"ကဲ. . . ကဲ၊ နောက်တစ်ခါ တစ်. . . နှစ်. . . သုံး"

ဒီလောက်ကြီးသည့် ရှပ်ပြေးကြီး ဒီလူအားလောက်ကို မဖြုံ။

"ဟေး. . . ဟေး. . . ဟေး"

ညာသံတွေပေးကာ လူအုပ်ကလည်း အားမလျှော့ဘဲ ဆက်ပြီးတွန်းသည်။

"ရွေ့လာပြီ၊ ရွေ့လာပြီဟေ့. . . လှုပ်လာပြီ ဆက်တွန်း ဆက်တွန်း . . . ဟေး. . . ဟေး"

ဒူးဆစ်လောက်သာသာရေထဲမှာ ယောကျ်ားတွေ၊ မိန်းမတွေ အားလုံး ချွေးသံတရွှဲရွှဲဖြစ်နေပုံရ၏။

"ချွေးကျရင်လည်း နောက်မှသုတ်၊ ဆက်တိုက်တွန်းလိုက်ကြရအောင်"

"ဟေး. . . ဟေး. . . ဟေး"

ညာသံတွေပေးကာ အော်ဟစ်သံတွေက ဧရာဝတီရေပြင်မှာ ပဲ့တင်ထပ်၏။

သူတို့၏ ဇွဲလုံ့လ၊ အားမာန်တို့က ရှပ်ပြေးယာဉ်ကြီးကို တဖြည်းဖြည်း လှုပ်လာစေသည်။ ပြီးတော့ တစ်စစရွေ့လာစေသည်။

"ရွေ့လာပြီဟေ့၊ ရွေ့လာပြီဟေ့၊ ဆက်တွန်းထား. . . ဆက်တွန်းထား"

တစ်နာရီခွဲလောက်အကြာမှာတော့ ရှပ်ပြေးယာဉ်ကြီး ရေကြောင်း



ထဲ ရောက်သွားတော့၏။

"ပန်ကာ လွတ်ပြီဟေ့၊ ဘက်ပြန်ဆုတ်မယ်၊ နောက်ကို ဝိုင်းတွန်းလိုက်၊ ဒီတစ်ခါဆို ရပြီ"

ခဏအကြာမှာ ခရီးသည်တွေ၏ ညာသံပေးသံနှင့်အတူ ရှပ်ပြေးယာဉ်ကြီး၏ စက်သံကိုပါ ကြားရတော့၏။

သည်လိုနှင့် ရှပ်ပြေးယာဉ်ကြီး ရေလမ်းကြောင်းမှန်ရောက်ချိန်မှာတော့ ညရှစ်နာရီကျော်သွားပါပြီ။ မန္တလေးမှ ခုနစ်နာရီထွက်သောကားကို ကျွန်တော် လွတ်လိုက်ရပြီပဲ။

****

(၅)

"ကားတော့ လွတ်သွားပြီ"

ဆရာတော်လေးက အားနာဟန်ပြောသည်။

"မပူပါနဲ့ ဦးပဉ္စင်း၊ ကားမရှိ ရထားပေါ့၊ ရထားမရှိ လေယာဉ်ပေါ့။ ရောက်ချင်တဲ့ခရီး ရောက်အောင်သွားချင်စိတ်ရှိဖို့ပဲ အရေးကြီးတာ မဟုတ်လား"

"အဟုတ်ပဲ ဒကာကြီး။ ဒီခရီးသည်တွေ ဒီလောက်ကြီးတဲ့ ရှပ်ပြေးယာဉ်ကြီးကို တွန်းရွေ့ခဲ့တာ အဲဒီအင်အားကြီးတဲ့စိတ်နဲ့ ညီညွတ်မှုကြောင့်ပဲလေ"

ဆရာတော်လေးကို ဘာမှပြန်မလျှောက်မိ။

ယေ်ယေ်က ဖတ်စာထဲမှစာသားတွေ အတွေးထဲမှာ ပေါ်လာသည်။

ဗွန်ပန်းရုံအနီး၊ နွံထဲ၌ လှည်းဘီးကျွံနေသည်. . .

ကူ၍ တွန်းပေးကြပါဦး. . .။

ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါသည်။

ခပ်လှမ်းလှမ်းမှ မီးရောင်သည် မိမိဦးတည်ရာ အရပ်ဟု သိလိုက်ပါ၏။

(မမှုနိုင်စရာ စာပေဆိုး(၁၀) စာအုပ်မှ ပြန်လည်ဖော်ပြပါသည်)

မောင်မိုးနိုင်ဝင်း (ပုသိမ်ကျွန်း)

* * * *

# ဘဝတံခါးတွေကို ပိတ်မထားကြပါနဲ့

## မောင်းငြိမ်းသူ (ကြို့ပင်ကောက်)

"စာဖတ်ခြင်းသည် မိမိအိမ်တံခါးများကို ဖွင့်သည်မည်၏။ စာမဖတ်ဘဲနေခြင်းသည် အိမ်တံခါးကို ပိတ်ထားသည်နှင့် တူ၏။ အနားမှာ စာအုပ်မထားခဲ့သော် ဘဝတံခါးကြီး ပိတ်နေလိမ့်မည်"

(စာပေပညာရှင် ဦးပကိုဝ်)

## ဘဝတံခါးတွေကို ပိတ်မထားကြပါနဲ့

"အချိန်နဲ့ မိဘကို အစားထိုးမရ" ရယ်လို့ ပညာရှင်တွေက ဆိုထားကြပါတယ်။

အလားတူပဲ "အချိန်နဲ့ ဒီရေဟာ လူကိုမစောင့်" "အချိန်ရှိခိုက် လုံ့လစိုက်" "မိုးရွာတုန်းရေခံ" ဆိုတဲ့ စကားပုံတွေလည်း ရှိပါတယ်။

အဓိက ဆိုလိုချင်တာက တန်ဖိုးရှိတဲ့အချိန်တွေ ကုန်ဆုံးသွားရင် အချိန်အစားပြန်မရသလိုပဲ။ မိဘတွေ ကွယ်လွန်သွားကြရင်လည်း မိဘအစားပြန်မရကြဘူးလို့ ပြောချင်တာပါ။

ဒါကြောင့် အထူးသဖြင့် လူငယ်၊ လူရွယ်တွေဟာ ငယ်တုန်းရွယ်တုန်းမှာ အချိန်ကို တန်ဖိုးထားပြီး အကျိုးရှိအောင် ကြိုးစားစွမ်းဆောင်သွားကြဖို့လိုသလို မိဘိုဖဘိုးတွေကို ကျွေးမွေးစောင့်ရှောက်ကြဖို့ လိုပါတယ်။

အရွယ်လွန်မှ ငါငယ်ငယ်က မကြိုးစားခဲ့မိတာ မှားပါလား။ အဖေ အမေကွယ်လွန်သွားမှ ငါမိဘတွေရှိစဉ်က ကျေးဇူး မဆပ်နိုင်ခဲ့တာ မိုက်မဲပါလားဆိုတဲ့ နှောင်းနောင်တ တွေရကြလေ့ရှိနေပါတယ်။ မိုးလွန်မှ



ထွန်ချ နောင်တရသူမျိုးဟာ လူညံ့တွေပါ။

လူချင်းတူပါလျက်၊ ဘဝချင်းတူပါလျက် သူက တိုးတက်ကြီးပွားသွားပြီး ငါက နိမ့်ကျနေတာဟာ ဘာကြောင့်လဲလို့ ဆင်ခြင်စဉ်းစားမိတဲ့အခါမှာ အချိန်ကို တန်ဖိုးရှိအောင် အသုံးမချခဲ့လို့၊ တိုးတက်ကြီးပွားရာအကြောင်းရင်းတွေကို မလေ့လာခဲ့လို့ဆိုတဲ့ အဖြေကို ရနေကြပါတယ်။

ဒီနေရာမှာ တိုးတက်ကြီးပွားရာ အကြောင်းရင်းတွေ မြောက်မြားစွာရှိတဲ့အနက် အကြောင်းရင်းတစ်ချက်ကို မီးမောင်းထိုးပြချင်ပါတယ်။

လူငယ်မျိုးဆက်သစ်တွေရော၊ လူရွယ်တွေပါ အချိန်မီကြပါသေးတယ်။

"သင့်ဘဝတိုးတက်ကြီးပွားစေချင်သလား"

ရှင်းရှင်းလေးပါ။ လွယ်လွယ်လေးပါ။ "အကျိုးရှိတဲ့စာတွေ၊ အကျိုးပြုတဲ့စာတွေကို ဖတ်ကြ၊ မှတ်ကြ၊ လက်တွေ့အကောင်အထည်ဖော်ကြပါ" လို့ပဲ စေ့ဆော်သမှု ပြုလိုက်ချင်ပါတယ်။

"စာဖတ်ခြင်းသည် မိမိအိမ်တံခါးများကို ဖွင့်သည်မည်၏။ စာမဖတ်ဘဲ နေခြင်းသည် အိမ်တံခါးကို ပိတ်ထားသည်နှင့်တူ၏။ အနားမှာ စာအုပ်မထားခဲ့သော် ဘဝတံခါးကြီး ပိတ်နေလိမ့်မည်"

(စာပေပညာရှင် [illegible])

"မှတ်ဖွယ်မှတ်ရာ၊ ထိုထိုစာကို၊ ရှာ၍မပြတ်၊ အိမ်တွင်ဖတ်။
ဖတ်ပြန်သော်ကား၊ ဖတ်ဖန်များက၊ သားမယားပင်၊
သိမြင်ကင်းကွာ၊ မလိမ္မာလည်း၊ စာပေစကား၊ နေ့တိုင်း
ကြားက၊ ထူးခြားလိမ္မာ၊ ရှိသည်သာတည်း"

(ရှင်မဟာရဋ္ဌသာရ)

"အလိမ္မာစာမှာရှိ" "စာဖတ်မှုကြီးပွား" "စာအုပ်စာပေ၊ လူ့မိတ်ဆွေ" "ရုပ်လှဖို့မှန်ကိုကြည့်ရသလို၊ ဘဝလှဖို့ စာကိုကြည့်ကြ၊ ဖတ်ကြပါ" "စာပေမြင့်မှ လူမျိုးတင့်မည်" "စာပေသည် ခေတ်၏ကြေးမုံပြင်ဖြစ်သည်"

အဲဒါတွေဟာ စာဖတ်ကြဖို့ တွန်းအားပေးလှုံ့ဆော်နေတဲ့ အဆိုအမိန့်တွေနဲ့ ဆောင်ပုဒ်တွေပါ။

အဲဒီအဆိုအမိန့်တွေနဲ့ ဆောင်ပုဒ်တွေဟာ ပေါ့ပေါ့တန်တန် သာမန်ကာလျှံကာ ထုတ်ပြန်နေတာမဟုတ်ပါဘူး။ အတွေ့အကြုံများစွာကို အကြောင်းခံပြီး အကျိုးပြန်ရအောင် အနှစ်ချုပ်ထုတ်နုတ်ထားတာပါ။

ကျွန်တော်တို့ မြန်မာလူမျိုးတွေနဲ့ ကျွမ်းဝင်ရင်းနှီးထားပြီးဖြစ်တဲ့ "စာဆိုညို"(မောင်ညို) ကိုကြည့်ပါ။ စာတိုပေစလေးတွေကို တွေ့လေရာမှာ အငမ်းမရ ဖတ်ရှုလေ့လာမှတ်သားခဲ့လို့သာ "ဝန်ဇင်းဖိုးရာဇာ" ပညာရှိအမတ်အဖြစ် မော်ကွန်းတင် ရပ်တည်နေခဲ့တာပါ။

အဲဒီလိုပဲ ကျွန်တော့်သူငယ်ချင်းတစ်ယောက်ဟာ အထက်တန်းကျောင်းသားဘဝမှာ လူရည်ချွန်ဖြစ်၊ ဆယ်တန်းအောင် စက်မှုတက္ကသိုလ်



ရောက်၊ အပေါင်းအသင်းများ၊ အတွေးအခေါ်မှား၊ အင်းစိန်တောရရောက်သွား၊ ပြန်ထွက်လာတော့၊ ယောင်လည်လည်နဲ့ လမ်းဘေးရောက်သွားပြီး ကြံရာမရနဲ့ စိတ်ဓာတ်ကျနေတဲ့အချိန်။ ပွဲဈေးခင်းထဲက အကြော်ဝယ်လာပြီး လမ်းဘေးဓာတ်တိုင်အောက်မှာ အကြော်ထိုင်စား။ အကြော်ထုပ်လာတဲ့မဂ္ဂဇင်းစာရွက် အစုတ်ကလေးနဲ့ လက်မှာပေကျံနေတဲ့ဆီတွေကိုသုတ်နေရင်းက မဂ္ဂဇင်းစာရွက်အစုတ်ကလေးမှာပါတဲ့ ကဗျာလေး တစ်ပုဒ်ကို အမှုမဲ့ပြေသဘောနဲ့ အမှတ်မထင် ဖတ်ရှုကြည့်မိခဲ့ပါတယ်။

ကဗျာရေးစပ်သူ ကလောင်ရှင် "ခနုဖြူကျော်ထွန်း" ပါ။ ခနုဖြူကျော်ထွန်းဆိုတာ (၂၀၀၉)ခုနှစ်၊ ဒီဇင်ဘာလ (၁၅)ရက်နေ့မှာ ကွယ်လွန်သွားရှာတဲ့ "ဟာသစာရေးဆရာကြီး အိကြာကွေး"ပါ။ (၁၉၆၆)ခုနှစ်၊ စက်တင်ဘာလထုတ်၊ ရှုမဝမဂ္ဂဇင်းမှာ အဖွင့်ကဗျာအဖြစ် ဖော်ပြခြင်းခံခဲ့ရတဲ့ "တိုက်ပွဲမျော်" ကဗျာပါတဲ့။ မဂ္ဂဇင်းစာရွက်စုတ်ကလေးကို လူငယ် ကျောင်းသားလေးက ဖတ်ရှုလိုက်ရတာပါ။

**"တိုက်ပွဲမျော်"**

ပုခက်ထဲက၊ "အူဝဲ"ဟစ်ကာ၊
စစ်ကြေညာပြီး၊ လောကကြီး၏
ခါးသီးတွေ့ကြုံ၊ အလုံးစုံကို
မဖြုံအံခဲ၊ ပွဲဆက်နွှဲရင်း
လူလဲတော်တော် ကြီးခဲ့ပေါ့။

မိုက်လဲမိုက်လို့၊ တိုက်လဲတိုက်ခဲ့
ရှုံးလိုက်တာလဲ၊ အသချေ်။
ရဲလဲရဲလို့၊ နွဲလဲနွဲခဲ့
အောင်ပွဲတွေလဲ၊ အနန္တ။
သည်လိုပဲပေါ့
တိုက်ပွဲဆိုတာ၊ သာချင်သာသည်
တိုက်ပွဲဆိုတာ၊ နာချင်နာမည်
ဘယ်မှာခန့်မှန်း၊ သိနိုင်မလဲ. . .။
နာနာသာသာ
ဘာမှမဖြုံ၊ စိတ်လုံခြုံရင်
မတုန်မလန့်ဖျပ်ပါဘူး။
အဟုန်မတန့်တတ်ပါဘူး။
ရှေ့ကဆီး၍၊ ခရီးလမ်းထဲ
သစ်ပင်လှဲမလား. . .
ရှေ့ကကန်၍၊ အဟန့်အတား
ဆူးတွေထားမလား. . .
ယောကျ်ားဟောနော်၊ တိုက်ပွဲပျော်”
ကျွန်တော်တိုက်ရင်း၊ တက်မှာပဲ။ ။

(နေမျိုးကျော်ထွန်း)



သူဖတ်ရှုမိလိုက်တဲ့ကဗျာလေးဟာ သူ့ဘဝကို ပြောင်းလဲသွားစေခဲ့ပါတယ်။ စိတ်ဓာတ်ကျနေသူတွေကို စိတ်ဓာတ်မြှင့်တင်ပေးနိုင်စွမ်းရှိတဲ့ကဗျာ၊ ခွန်အားဖြစ်စေတဲ့ကဗျာလေးမို့ ကျွန်တော့်သူငယ်ချင်းဟာ ခွန်အားတိုး၊ စိတ်ဓာတ်မြင့်မားလာပြီး ပြန်လည်ကြိုးစားလိုက်တာ၊ ဘွဲ့လည်း ပြန်ရ၊ အောင်မြင်ကျော်ကြားလူကြိုက်များတဲ့ဘက် ဆယ်လာစာရေးဆရာ၊ ဇာတ်ညွှန်းရေးဆရာဖြစ်သွားတဲ့အပြင် အဆိုတော်လိုင်းမှာပါ အောင်မြင်ထင်ရှားလာခဲ့ပါတယ်။

ကျွန်တော့်သူငယ်ချင်း၊ အဲဒီစာရေးဆရာကတော့ “ဆရာနွမ်ဂျာသိုင်း” ပဲ ဖြစ်ပါတယ်။

စာပေကျေးဇူးကြောင့် တိုးတက်ကြီးပွားသွားပြီး လူသေပေမယ့် နာမည်မသေတဲ့ စာရေးဆရာလည်းဖြစ်၊ လုပ်ငန်းရှင်ကြီးလည်းဖြစ်သူ တစ်ယောက်အကြောင်းကို သာဓကပြလိုပါတယ်။

မားပြလူမိုက်ဘဝနဲ့ ထောင်ကျသွားတဲ့ ဦးအုံးဖေဟာ ထောင်ထဲမှာ နေရတာ ကြာတော့ ပျင်းလွန်းတာကြောင့် တွေ့မြင်သမျှစာတိုပေစတွေကို ဖတ်ရှုလေ့လာပြီး နောင်တရသွားခဲ့တယ်။ ဘဝတိုးတက်ရာ တိုးတက်ကြောင်းလမ်းစတွေကို မြင်တွေ့သွားခဲ့တယ်။ ထောင်ထဲက လွတ်မြောက်လာတဲ့အခါမှာ စာတွေ့တွေကို လက်တွေ့အကောင်အထည်ဖော်ခဲ့တယ်။ တပည့်လူမိုက်တွေက မားပြတိုက်ဖို့လာခေါ်တော့ သူက မလိုက်ဘဲ ငြင်းဆန်လွှတ်တယ်။ တပည့်တွေက ဆရာမလိုက်လည်း ခားပြတိုက်တဲ့ အထဲမှာ ဆရာပါမှာပဲလို့ လူတွေကော၊ ရဲတွေကပါ

ထင်ကြမှာ သေချာတယ်။ ဒါကြောင့် လိုက်ခဲ့ပါလို့ သွေးဆောင်ခဲ့ကြတယ်။

"ဒီတော့ ဦးအုံးဖေက အကြံအိုက်သွားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးကို သတင်းပို့ အကြံဉာဏ်တောင်းခံခဲ့တယ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးက သူ့ကို နေ့စဉ်မှတ်တမ်း (ဒိုင်ယာရီ)ရေးခိုင်းခဲ့တယ်။ ဘယ်နေ့၊ ဘယ်အချိန်၊ ဘယ်နေရာမှာ၊ ဘယ်သူတွေနဲ့ ဘာလုပ်နေတယ်ဆိုတာကို ဒိုင်ယာရီထဲမှာ မှတ်တမ်းတင်ခိုင်းတယ်" သဘောကတော့ ဘယ်သူတွေက ဘယ်လိုပဲ လိမ်ညာပြီး လုပ်ကြံလုပ်ကြံ နေ့စဉ်မှတ်တမ်းဟာ ရဲတွေကို သက်သေထူဖို့ ခိုင်လုံတဲ့ အလီဘိုင်ဖြစ်သွားတော့ ဦးအုံးဖေကို လုပ်ကြံလို့ မရတော့ဘူး။

"ဦးအုံးဖေဟာ စာပေကျေးဇူးကြောင့် နောင်တတွေရ၊ အမှားကို အမှန်ပြင်၊ ပြန်လည်ဖြူဖြင်ဆင်ခြင်လိုက်တာ၊ အချိန်ရှိခိုက် လုံ့လစိုက်ကြိုးစားလိုက်တာ၊ ဆေးပေါင်းရုံပိုင်ရှင်သူဌေးကြီးဖြစ်သွားခဲ့တယ်။ စာပေကျေးဇူးကို တုံ့ပြန်ကျေးဇူးဆပ်တဲ့အနေနဲ့ "ပခုက္ကူဦးအုံးဖေစာပေဆု" ကိုတောင် ပုဂ္ဂလိက စာပေဆုတွေထဲမှာ ပွဲဦးထွက် တီထွင်ပေးအပ်ချီးမြှင့်ခဲ့ပါတယ်။ စာတွေရေးပြန်တော့လည်း "ဆရာဝန်တင်ရွှေစာပေဆု"ကို ရခဲ့သေးတယ်။ ပခုက္ကူဦးအုံးဖေရယ်လို့ လူသေသွားပေမယ့် နာမည်မသေတာဟာ စာပေကျေးဇူးကြောင့်ပါပဲ။ ဂုဏ်ယူအားကျစရာကောင်းလွန်းလှပါဘိ။

အလားတူပဲ ကျွန်တော့်မိတ်ဆွေ "ကေသီပန်ဦးလှမြင့်"ဟာ ဘဝနာခဲ့သူပါ။ ကလေးအရွယ်ကတည်းက မိခင်ကွယ်လွန်သွားလို့ ဖခင်ရဲ့နို့ကို



အာဟာပြေစို့ခဲ့ရသူပါ။ လူငယ်ဘဝမှာ ဖိနပ်မပါ ခြေဗလာနဲ့ ငှက်ပျောသီးတွေကို ထမ်းခဲ့ရသူပါ။ မြတ်ရိတ်နွားစာကျွေးအလုပ်ကို ပေးသမျှနဲ့ လုပ်ခဲ့ရပါတယ်။ စပါးဒိုင်မှာလည်း စပါးထမ်းခဲ့ရပါတယ်။ လူရွယ်ဘဝမှာတော့ သဘော်ပေါ်မှာ မရဲတရဲနဲ့ စာအုပ်တွေကို အော်ဟစ်ရောင်းချခဲ့ရပါတယ်။ သတင်းစာပို့ခဲ့ရပါတယ်။ ခဲစာလုံးနဲ့စာစီခဲ့ရပါတယ်။ စာတော ပေတောထဲရောက်တော့ လမ်းဘေးမှာ စာအုပ်ဆိုင်လေးဖွင့်ရင်း ဆရာကြီးပီမိုနင်းရဲ့တက်ကျမ်းစာပေတွေကို ဖတ်ရှုပြီး သူ့ဘဝ တက်လမ်းကို စတင်ခဲ့ပါတော့တယ်။

အဲဒီနောက် "ဆရာကြီးမင်းသုဝဏ်" က "ရတနာမွန်ဘာသာရေးမဂ္ဂဇင်း"မှာ "မီးပွားမှတ်သို့၊ သေးနုတ်ဥစ္စာ၊ ရင်းနှီးကာလျှင်၊ ပညာဉာဏ်အား၊ ရှိသူများသည်၊ ကြီးပွားနိုင်ပါသည်တကား"လို့ "ကြွက်သေတစ်ခု၊ အရင်းပြုကဗျာ"ရေးသားထားတာကို ဖတ်ရှုမိလိုက်တဲ့အခါမှာ နှစ်ခြိုက်လွန်းလို့ အဲဒီကဗျာကို နေ့စဉ်အခေါက်ရေ (၁၀၀)ကျော်၊ ရွတ်ဆိုနေခဲ့ပါတယ်။

ရွတ်ဆိုတဲ့အဆင့်ကနေပြီး အဲဒီကဗျာကို အတုယူအားကျတဲ့အနေနဲ့ "အောင်စိတ်ဓာတ်"အဖြစ်သတ်မှတ်ပြီး သန္နိဋ္ဌာန်ချမှတ်ခဲ့ပါတယ်။

"ဤဘဝတွင် မကြီးပွား မချမ်းသာဘဲ ငါမသေ၊ ကြီးကို ကြီးပွားရမည်။ ကြီးပွားချမ်းသာအောင် ပျင်းရိစိတ်၊ တွေဝေစိတ်၊ ကြောက်စိတ်တို့ကို ဖြိုခွင်း၍ အကြံအား၊ ဉာဏ်အား၊ ဝီရိယစွမ်းအားနှင့်၊ ရဲစွမ်းသတ္တိတို့ကို၊ အစွမ်းကုန်ဖြည့်ဆည်းကာ၊ အလုပ်ကို ကြိုးပမ်းလုပ်ဆောင်

သွားပါမည်။"

"ငါ၏ ပဏာမရည်မှန်းချက်"

"ငါသည် (၁၉၉၀)ပြည့်နှစ်၊ မတ်လ(၃၁)ရက်နေ့တွင် ငွေကျပ် ၅၀၀၀၀၀/-(ကျပ်-ငါးသိန်း)ကို ရအောင်စုဆောင်းမည်"

ကေသီပန်ဦးလှမြင့်ဟာ အဲဒီလို သန္နိဋ္ဌာန်ချမှတ်ထားတဲ့အတိုင်း လမ်းဘေးမှာ ကွမ်းယာဆိုင်ကလေးဖွင့်ခဲ့ရတဲ့အဆင့်ကနေ စက်ဘီးစုတ်ကလေးကို တွန်းတစ်လှည့်၊ စီးတစ်လှည့်နဲ့ ဆေးလည်ရောင်းခဲ့ရပါတယ်။ သံဖြူဆရာလုပ်ပေးတဲ့ သွပ်ပြားအော်လံလေးနဲ့ နာမည်မရသေးတဲ့ဆေးကို အော်ဟစ်ကြေညာခဲ့ရပါတယ်။ အဲဒီလို ဘဝနာခဲ့ရတဲ့ ဘဝကနေပြီး ဒီနေ့ နိုင်ငံကျော်၊ ကမ္ဘာကျော် ကေသီပန်ဆေးတိုက်ပိုင်ရှင်ကြီး၊ သီရိသုဓမ္မမဏိဇောတဓရဘွဲ့ရ သဒ္ဓါရှင်၊ ကုသိုလ်ရှင်ကြီး၊ ဆရာဝန်တင်ရွှေ စာပေဆုရ စာရေးဆရာကြီးအဆင့်ထိ ရောက်ရှိလာပုံကို လူငယ်တွေ စံပြု အတုယူကြစေချင်ပါတယ်။

သူ့ဘဝကို လူငယ်တွေ အားကျအတုယူကြစေချင်တဲ့ စေတနာနဲ့ သူ့အတ္ထုပ္ပတ္တိဖြစ်စဉ်စာအုပ်သုံးအုပ်ကိုတောင် ရေးသားထုတ်ဝေခဲ့ပါတယ်။ ဘဝနာခဲ့တဲ့ ကေသီပန်ဦးလှမြင့်ဟာ အကျမနာဘဲ ထိပ်တန်းကို ရောက်ရှိလာတာဟာလည်း စာပေရဲ့ကျေးဇူးကြောင့်ပါပဲ။

ဒီနေရာမှာ ကျွန်တော့်သွေးသားဆွေမျိုးထဲက ကျွန်တော်နဲ့သက်တူရွယ်တူ ညီအစ်ကိုဝမ်းကွဲတစ်ယောက်အကြောင်းကိုလည်း ပြောပြချင်ပါတယ်။ ငယ်ငယ်က လူရိုးလူအေးလေးပါ။ သူ့ကိုကြည့်လိုက်ရင် အမြဲတမ်း



ပြုံးရယ်နေလေ့ရှိသူပါ။ သူ လူပျိုပေါက်အရွယ်မှာ သူ့အစ်မမုဆိုးမကို ရွာထဲက ဂေါ်မစွံလူပျိုကြီးက ရိုသဲ့သဲ့လုပ်၊ သွေးတိုးစမ်း၊ နှုတ်သရမ်း၊ လက်သရမ်းလာလို့၊ ရွာလယ်လမ်းမမှာ၊ ဓားနဲ့ခုတ်သတ်ခဲ့တယ်။ နောက်ပိုင်းမှာ မထူးဇာတ်ခင်းပြီး ထောင်ထဲမှာလည်း လူသတ်မှု ထပ်ဖြစ်ပြန်တယ်။ သူ့ကို မထီလေးစားလုပ်၊ ရှုတ်ချသရော်၊ ပြက်ချော်ချော်၊ ပြောင်ချော်ချော်လုပ်သူတွေကိုလည်း ဗိုလ်မထားဘဲ ရှင်းပစ်ခဲ့တယ်။ သူ့ကို လူ သုံးလေးဦးက ချောင်းမြောင်းပြီး သတ်ဖို့ကြံရွယ်တာကိုလည်း ခုခံရှောင် ကွင်းနိုင်ခဲ့တယ်။

အဲဒီလို မိုက်လွန်းအားကြီးလို့ ထောင်ထဲမှာ နှစ်ရှည်ကြာနေခဲ့ရတယ်။ သူနဲ့ကျွန်တော် နှစ်ပေါင်း (၄၀)ကျော်မှ ပြန်တွေ့တော့ သူ့ပုံစံဟာ ပြောင်းလဲတိုးတက်နေတဲ့ အခြေအနေရှိနေတာကို အံ့အားသင့်ဖွယ် မြင်တွေ့ခဲ့ရတယ်။

ဒါကြောင့် သူ့ကို ကျွန်တော်က "မင်း လူမိုက်ကြီးမဟုတ်တော့ဘဲ ပြောင်းလဲတိုးတက်နေတာကိုတွေ့မြင်ရတော့ ငါဝမ်းသာတယ်ကွာ၊ ဘယ်လိုဘယ်ပုံ နောင်တရသွားတာလဲ" လို့ မေးကြည့်ခဲ့ပါတယ်။

သူက ကျွန်တော့်ကို ရှင်းပြပါတယ်။

"သူနဲ့အချုပ်ထဲမှာ အတူတူနေခဲ့ရသူတစ်ဦးဟာ တရားရုံးကိုသွားကြတဲ့အခါမှာ သူတို့ရဲ့လက်တစ်ဖက်စီကိုတွဲပြီး လက်ထိတ်ခတ်ခေါ် သွားကြတယ်တဲ့။ တရားရုံးရောက်ခါနီးမှာ သူနဲ့တွဲပြီး လက်ထိတ်ခတ်ခံထားရသူက အပေါ့သွားချင်တယ်ပြောလို့ ရဲတပ်ဖွဲ့ဝင်လေးက လက်ထိတ်ကို

ဖြုတ်ပေးပြီး အလေးသွားဖို့ ခွင့်ပြုခဲ့တယ်တဲ့။ အဲဒီတရားခံက အလေးသွားဖို့ အိမ်သာဘက်ကို ထွက်ခဲ့ရင်းက ဂျာနယ်စာရွက်ပြဲလေးလား၊ မဂ္ဂဇင်းစာရွက်စုတ်လေးလား မသိတဲ့ စာရွက်စုတ်ကလေးကို ချေးကုန်းဖို့ ကောက်ယူခဲ့တယ်တဲ့။ အိမ်သာတက်ရင်း ကောက်ယူလာခဲ့တဲ့ စာရွက်ကလေးကို ဖတ်ရှုကြည့်လိုက်တော့ သူ့မှုခင်းဖြစ်ရပ်နဲ့ တူနေတာကို တွေ့လိုက်ရတယ်တဲ့။

အမှုဖွင့်ခံရတဲ့ သူနာပြုဆရာမရဲ့ရှေ့နေက ဆရာဝန်တွေ၊ သူနာပြုဆရာမတွေဟာ ဘယ်လူနာကိုမှ သေစေလိုတဲ့ စိတ်ဆန္ဒမရှိတဲ့အကြောင်း ဆေးထိုးခံရလို့ သေဆုံးတယ်ဆိုတာ အကြောင်းတိုက်ဆိုင်လို့သာ မမျှော်လင့်မထင်မှတ်ဘဲ သေဆုံးရတာဖြစ်ကြောင်း ဒါကြောင့် သူနာပြုဆရာမလေးကို သေမှုသေခင်းပုဒ်မ (၃၀၄) (က)နဲ့ အရေးယူထားတာကို သဘာဝ ယုတ္တိအရ စဉ်းစားပေးစေလိုကြောင်း လျှောက်ထားချက်အရ သူနာပြု ဆရာမလေးဟာ အမှုက လွတ်မြောက်သွားခဲ့တယ်တဲ့။

သူကလည်း ကလေးတစ်ယောက်က အသားမာကို ကုတ်ဖဲ့ရင်းက အနာရင်းလာလို့ သူသုံးနေကျ လက်တွေ့ပျောက်ဆေးကိုပေးပြီး အနာထဲ ထည့်ခိုင်းခဲ့တယ်တဲ့။ ကလေးဟာ အနာထဲ သူ့ဆေးလည်းထည့်ပြီးရော အကြောတွေဆွဲပြီး သေဆုံးသွားလို့ သူ့ကို သေမှုသေခင်းပုဒ်မ (၃၀၄) (က)နဲ့ အရေးယူခံခဲ့ရတာတဲ့။ ဒါကြောင့် သူက သူနာပြုဆရာမရဲ့ မှုခင်းဖြစ်ရပ်နဲ့ထပ်တူကျနေလို့ စဉ်းစားပေးဖို့ တရားသူကြီးကို ကိုယ်တိုင် အသနားခံတင်ပြလျှောက်လဲလိုက်တာ အမှုက ကွင်းလုံးကျွတ်



လွတ်မြောက်သွားခဲ့တယ်တဲ့။

ကျွန်တော်နဲ့ ညီအစ်ကိုဝမ်းကွဲတော်တဲ့ လူမိုက်ကြီးဟာ စာတိုပေစလေးတောင် ဒီလောက်တန်ဖိုးရှိ အကျိုးပြုနေရင် စာများများသာဖတ်ရင် ပိုပြီး အကျိုးရှိမယ်လို့ ခံယူပြီး လက်လှမ်းမီသမျှ စာပေတွေကို ဖတ်ရှုနေတာ မဝနိုင်ဘူးတဲ့။ စာပေကရတဲ့ ဗဟုသုတ၊ အသိဉာဏ်၊ ဆင်ခြင်တုံတရားနဲ့ ကျင့်ကြံကြိုးစားလိုက်တာ မင်းအမြင်ပဲ" လို့ ရှင်းပြခဲ့ပါတယ်။

သူလည်း စာပေရဲ့ကျေးဇူးကြောင့် လူမိုက်ဘဝကို ခဝါချ၊ အစကပြန်စပြီး ကြိုးစားခဲ့လို့ အိုဇာတာကောင်းသွားတာပါ။ မယုံကြည်နိုင်စရာ ကောင်းအောင် ပြောင်းလဲသွားတာပါ။

ကမ္ဘာပေါ်မှာလည်း စာပေရဲ့ကျေးဇူးကြောင့် ထင်ပေါ်ကျော်ကြားလူသိများသူတွေ၊ မြောက်မြားစွာ ရှိခဲ့ပါတယ်။ အချို့ကို ထုတ်နုတ်ပြလိုပါတယ်။

"ဒေါက်တာဆင်မြူရယ်စမိုင်း" ရဲ့ "ကိုယ့်ဒူးကိုယ်ချွန်၊ ကိုယ့်အားကိုယ်ကိုး" စာအုပ်ကို ကမ္ဘာကျော်ဆပ်ပြာသူဌေးကြီး "လေဘလီဗားဟုမ်း" က ပေါင်ခြောက်ကုဋေတန်တယ်လို့ တန်ဖိုးထားဂုဏ်ပြုခဲ့ပါတယ်။ ဘာကြောင့်လဲဆိုရင် သူဟာ အဲဒီစာအုပ်ကိုဖတ်ပြီး ကြိုးစားလိုက်တာ ခြောက်ကုဋေရှစ်သန်းတန် လီးဗားဆပ်ပြာကုမ္ပဏီကြီးကို ပိုင်ဆိုင်လိုက်ရလို့ပါပဲ။

ကမ္ဘာကျော်သံမဏိသူဌေးကြီး "အင်ဒရူးကာနယ်ဂျီ"ဟာ စာအုပ်စာပေရဲ့ကျေးဇူးကြောင့် သူ့ဘဝမြင့်မားလာတာကို မမေ့ဘဲ ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ သူ့မှာရှိတဲ့ ပစ္စည်းဥစ္စာစည်းစိမ်တစ်ဝက်ကို စာကြည့်

တိုက်ပေါင်း (၁၆၀၀)ကျော် တည်ထောင်ပေးပြီး စာပေကျေးဇူးကို ပြန်လည်ပေးဆပ်ခဲ့ပါတယ်။

ကမ္ဘာ့မော်တော်ကားသူဌေးကြီး "ဟင်နရီဖို့ဒ်"ဟာ နာရီစက်တွေကို တီထွင်လုပ်ကိုင်ဖို့ ကြံစည်နေတုန်းမှာ ပြင်သစ်လူမျိုး ဆောင်းပါးရှင် တစ်ဦးရေးသားတဲ့ "မြင်းမဲ့ရထား" အကြောင်း ဆောင်းပါးကို ဖတ်ရှုမိလိုက်တဲ့အခါမှာ မော်တော်ကားဘက်ကို စိတ်ပြောင်းသွားပြီး ကြိုးစားလိုက်တာ မော်တော်ကားသူဌေးကြီး ဖြစ်သွားပြီး ကမ္ဘာကျော်သွားခဲ့ပါတယ်။

ဆောင်းပါးလေးတစ်ပုဒ်ရဲ့ ကျေးဇူးဟာ ဘယ်လောက်အထိ ကြီးမားတယ်ဆိုတာ ထင်ရှားတဲ့သက်သေ သာဓကတစ်ရပ်ပါ။

ဒါကြောင့် စာများများဖတ်ကြပါလို့ ထပ်ဆင့်နှိုးဆော်မေတ္တာရပ်ခံလိုပါတယ်။ အင်္ဂလိပ်စာရေးဆရာ "အော်လီဗာဂိုးလ်စမစ်သ်"က "စာအုပ်စာပေ လူ့မိတ်ဆွေ"ဆိုတာနဲ့ပတ်သက်လို့ "ကျွန်ုပ်အဖို့ စာအုပ်ကောင်း တစ်အုပ်ကို ပထမအကြိမ်ဖတ်ရတဲ့အခါ မိတ်ဆွေသစ်တစ်ဦး တိုးတယ်လို့ မှတ်ယူပါတယ်။ နောက်တစ်ကြိမ် ထပ်ဖတ်ရတဲ့အခါမှာ မိတ်ဆွေဟောင်း တစ်ဦးနဲ့ ပြန်တွေ့ရသလို ခံစားရပါတယ်"လို့ ရေးသားခဲ့ပါတယ်။

လူသားအချင်းချင်း မိတ်ဆွေတွေက အမြဲထာဝရ ပူးတွဲနေထိုင်လို့ မရသလို၊ စိတ်အလိုမကျတဲ့အခါမှာ စိတ်ဆိုးစိတ်ကောက် သစ္စာဖောက်လေ့ ရှိကြပါတယ်။ မနာလို မရှုဆိတ် စိတ်ရိုင်းဝင်ရင် နောက်ကျောကို ဓားနဲ့ထိုးသလို အနိုးကပ်ရန်သူ ဖြစ်တတ်ပါတယ်။ လုပ်ကြံချောက်ချ



တတ်ပါတယ်။ ကိုယ့်ဘဝကိုယ့်စည်းစိမ်ကိုလည်း ဖျက်စီးဆုံးရှုံးစေပါတယ်။ နောက်ဆုံးမှာ အသက်ကိုတောင် အန္တရာယ်ပေးတတ်ပါတယ်။

စာအုပ်မိတ်ဆွေကတော့ ကိုယ်ဘယ်ကိုပဲသွားသွား ဘယ်ကိုပဲလာလာ ကိုယ်နဲ့မကွာ လိုက်ပါလာလိမ့်ရှိပါတယ်။ စားတဲ့နေရာ၊ နားတဲ့နေရာ၊ အိပ်တဲ့နေရာတွေမှာလည်း ပါလို့ရပါတယ်။ နောက်ဆုံး အိမ်သာထဲအထိ ယူဆောင်သွားလို့ ရပါတယ်။ ကိုယ့်ဘေးမှာ အမြဲထာဝရ ရှိနေနိုင်တာဟာ စာအုပ်မိတ်ဆွေပါ။ ကိုယ့်ကို ဘယ်တော့မှ သစ္စာမဖောက်၊ စိတ်မကောက်ဘဲ၊ အမြဲတမ်းထာဝရ အထောက်အကူပြုနေနိုင်တာဟာ စာအုပ်မိတ်ဆွေပါ။

ဒါကြောင့် စာရေးဆရာမ မစန္ဒာရဲ့ဖခင် "စာရေးဆရာကြီး မန်းတင်" က "စာအုပ်စာပေသည် ငြီးငွေ့နေလျှင် ပျော်ရွှင်စေ၏။ ဗဟုသုတ ပေးဝေ၏။ စိတ်အားငယ်က တက်ကြွစေ၏။ မာန်လွန်ကဲလျှင် သတိယှဉ်၏။ တရားဓမ္မလမ်းညွှန်ပြ၏။ လောကုတ်လောကီ၊ အဆီအနှစ်၊ အသစ်အကောင်း၊ စုပေါင်းပညာ၊ ဝေဖြာရောင်လင်း၊ အမှောင်ခွင်း၏" လို့ ရေးသားညွှန်ပြခဲ့ပါတယ်။

"စာရေးဆရာကြီးပီမိုးနင်း"ကလည်း "လူကိုစိတ်က အုပ်ချုပ်၏။ စိတ်ကိုဉာဏ်ပညာက အုပ်ချုပ်၏။ ဉာဏ်ပညာကို ဗဟုသုတက အုပ်ချုပ်၏။ သို့ဖြစ်၍ ဗဟုသုတရှိအောင် စာအုပ်စာတမ်းအမျိုးမျိုးတို့ကို ဖတ်ကြကုန်လော့" လို့ လှုံ့ဆော်သတိပေးခဲ့ပါတယ်။

စာပေပညာရှင်ကြီးတွေဟာ သူတို့ရဲ့ ကိုယ်တွေ့ဖြစ်ရပ်တွေနဲ့ သုံး

သပ်ထင်တပ်ပြီး ရေးစပ်ဖွဲ့နွဲ့မျှဝေပေးခဲ့ကြတာပါ။ ဒါကြောင့် "အလုပ်မရှိ စာပေကြည့်၊ တိုး၏အသိဉာဏ်" "အလုပ်လုပ်လျက်၊ စာပေကျက်၊ တိုးတက်အသိဉာဏ်"လို့ ဆောင်ပုဒ်ကလေးတွေ ထုတ်ထားပါတယ်။ အဓိက အချက်ကတော့ စာဖတ်ကြဖို့ပါပဲ။

"စာမဖတ်တတ်သောသူသည် မျက်မမြင်နှင့်တူ၏၊ စာဖတ်တတ်ပါလျက်၊ မဖတ်သောသူသည် အသွားရှိပါလျက်၊ မခုတ်ဘဲ ပစ်ထားသောဓားနှင့်တူ၏။ စာဖတ်ပါလျက်၊ မှတ်သားခြင်းမရှိသူသည် ရေပြင်၌ ရေးထားသောအရုပ်နှင့်တူ၏။ မှတ်သားပါလျက် ကျိုးကြောင်းမှန်မှား၊ မစဉ်းစားသောသူသည် အစာအာဟာရကို ညက်ညက်ဝါးမစားဘဲ မျိုချ၍ စားသောသူနှင့်တူ၏။ ကျိုးကြောင်းမှန်မှား၊ စဉ်းစားပြီး အမှန်ကိုသိပါလျက် လက်ခံကျင့်သုံးခြင်းမရှိသောသူသည် ဟင်းလျာ၏ အရသာကို မြည်းစမ်းကြည့်ပြီး ကောင်းမှန်းသိပါလျက် မစားသုံးသောသူနှင့် တူ၏" လို့ စာပေကို ဖတ်ရှုမှတ်သား လိုက်နာကြဖို့အတွက် "ဗုဒ္ဓမမ္မလောကစာစောင်" ထဲမှာ အလေးအနက်ထားပြီး မီးမောင်းထိုးပြ ဆိုဆုံးမထားပါတယ်။

"စာဆိုတာ မဖတ်သင့်တဲ့ စာရယ်လို့မရှိဘူး၊ မမှတ်သင့်တဲ့စာပဲရှိတယ်" လို့ တစ်ချိန်တုန်းက ပြောဆိုခဲ့ကြပါတယ်။ အဲဒီအချိန်ကာလက မှန်ကောင်းမှန်ပါလိမ့်မယ်။ ယနေ့ အိုင်တီခေတ်မှာတော့ အဘက်ဘက်က တိုးတက်လာလို့ စာဖတ်ချိန်ဘက်မှာ အားနည်းလာခဲ့ပါတယ်။ စာဖတ်ချိန်ကို လုယူနေကြတဲ့ ခေတ်မီဆက်သွယ်ယန္တရားတွေက များသထက် များလာလို့ အချိန်ကို လုနေကြရပါတယ်။



ဒီတော့ကာ ရသမျှ အချိန်ကာလအတွင်းမှာ ကိုယ့်ဘဝတိုးတက်ရာ တိုးတက်ကြောင်းကို မီးမောင်းထိုးပြနိုင်တဲ့စာပေ၊ ရှေ့ဆောင်လမ်းပြနိုင်မယ့် စာကောင်းပေမွန်တွေကို စိစစ်ရွေးချယ်ဖတ်ရှုကြဖို့ လိုပါတယ်။ ညစ်ညမ်းစာပေတွေ၊ အပျော်ဖတ်စာပေတွေကို ရှောင်ကြဉ်ခြင်းဟာ အသေ ဝနာစ ဗာလာနံ မင်္ဂလာဖြစ်ပြီး စာကောင်းပေမွန်တွေကို ဖတ်ရှုခြင်းဟာ ပဏ္ဍိတာနဉ္စသေဝနာမင်္ဂလာ ဖြစ်ပါတယ်။ ဗာဟုသစ္စ မင်္ဂလာနဲ့အညီ အကြားအမြင်များအောင်၊ အကျင့်စာရိတ္တကောင်းအောင်၊ စာကောင်း ပေကောင်းတွေကို ဖတ်ကြဖို့လိုပါတယ်။ အတ္တသမ္မာ ပဏိဓိစ မင်္ဂလာနဲ့အညီ မိမိခန္ဓာကိုယ်နဲ့ စိတ်ဓာတ်ကို ကျန်းမာကြံ့ခိုင်စေလိုရင် စာကောင်း ပေကောင်းတွေကို များများဖတ်၊ များများမှတ်၊ များများကျင့်သုံးလိုက်နာကြဖို့လည်း အထူးပဲ လိုအပ်လှပါတယ်။

အကြောင်းကတော့ မဖတ်သင့်၊ မမှတ်သင့်၊ မလိုက်နာသင့်တဲ့ စာပေညစ်တွေကလည်း ရှိနေဆဲမို့ပါ။ အဲဒီ စာဆိုးပေဆိုးတွေကို ဖတ်ရှုမှတ်သား အားကျအတုယူမိကြရင် ဆင်းရဲဒုက္ခနဲ့ ကျဆုံးရတဲ့ သာဓကတွေ မြောက်မြားစွာ ရှိခဲ့ဖူးပါတယ်။

အသည်းကွဲ၊ စာမေးပွဲကျရှုံးတာကို အားကျလောက်အောင် ရေးသားထားတဲ့ ချစ်၊ ကွဲ၊ ညား၊ သေဆုံး၊ ပျော်ပြုံး၊ အချစ်လုံးချင်းတွေ ဖတ်ရှုပြီး စာမေးပွဲတွေကျ၊ စိတ်ဓာတ်တွေကျ၊ အိပ်ရာထဲ လဲခွေနေမှိုင်တွေဝေးမော၊ စိတ်ကူးယဉ်ကြောမှာ၊ လောကကြီးကို အရှုံ့တိုက်နေခဲ့တဲ့ ကျောင်းသား လူငယ်လေးတစ်ယောက်ဟာ ဆရာကြီးပီမိုးနင်းရဲ့

စိတ်ဓာတ်ခွင်အားမြှင့်တင်ပေးတဲ့ တက်ကျမ်းစာအုပ်တွေကို အပျင်းပြေ ဖတ်မိသွားခဲ့ပါတယ်။ စာအုပ်ထဲမှာပါတာက "အိပ်နေလို့ ဘာမှ မဖြစ်လာဘူး။ ထိုင်မှိုင်ငိုင်ငေး နေလို့လည်း ဘာမှဖြစ်မလာဘူး။ စိတ်ကူး ယဉ်နေရင် ရူးသွားလိမ့်မယ်။ နစ်သထက်နစ်သွားလိမ့်မယ်။ ကျဆုံးပြီး လူဖြစ်ရှုံးသွားလိမ့်မယ်။ ထသွားပါ။ လှုပ်ရှားပါ။ ရုန်းကန်ပါ။ ပိတ်နေတဲ့ တံခါးကို တွန်းဖွင့်လိုက်ပါ။ လမ်းစပေါ်လာလိမ့်မယ်။ လမ်းပွင့်ရင်၊ တိုးတက်လာမှာ သေချာတယ်" ဆိုတဲ့ စေ့ဆော်လှုပ်နှိုး၊ အကျိုးမျှော် သတိပေးချက်တွေကြောင့် သတိတရား ရသွားပြီး တက်ကြွထက်သန်တဲ့ စိတ်ဓာတ်ခွန်အားနဲ့ ပြန်လည်ကြိုးစားလိုက်တာ၊ ဆယ်တန်းအောင် သွားပြီး တက္ကသိုလ်မှာ လူရည်ချွန်ဖြစ်၊ ဌာနဆိုင်ရာမှာ တိုင်းမင်းကြီး အဆင့်ဖြစ်၊ စာပေလောကမှာ စာပေဆုတွေရ၊ စည်သူတွဲ့လည်းရပြီး ထင်ရှားကျော်ကြားလာသူဖြစ်လာခဲ့ပါတယ်။

သူက ဘယ်သူလဲဆိုရင် မြန်မာနိုင်ငံစာရေးဆရာအသင်းရဲ့ ဥက္ကဋ္ဌ "ဆရာကြီး လယ်တွင်းသားစောချစ်" ပဲဖြစ်ပါတယ်။

ယခုဆိုရင် နေရာအနှံ့အပြားမှာ ကိုယ့်အားကိုယ်ကိုး စာကြည့် တိုက် တွေရှိနေကြပါပြီ။ ကိုယ်နဲ့လက်လှမ်းမှီသမျှ အချိန်ကိုခွဲတမ်းချပြီး ဖတ်ရှုကြစေချင်ပါတယ်။ ဗိုက်ပြည့်ဖို့ အစာများများ စားကြရသလိုပဲ ဦးနှောက် အာဟာရပြည့်ဖို့ စာများများဖတ်ကြဖို့လိုပါတယ်။ အသိဉာဏ် ဗဟုသုတ တိုးတက်ရင့်ကျက်လာတာနဲ့အမျှ ဦးနှောက်အာဟာရ ပြည့်ဝ လာမှာပါ။ ဦးနှောက်အာဟာရပြည့်ဝအောင် စာကောင်းပေကောင်း



တွေကို ရွေးဖတ်ကြပါ။ အသားကို စားကြတဲ့နေရာမှာ အရိုးကိုဖယ်ရှား ပြီးမှ စားကြရသလိုပဲ။ အကျိုးရှိစေတဲ့ စာကောင်းပေမွန်တွေကို စိစစ် ရွေးချယ်ဖတ်ကြပါ။ မှတ်ကြပါ။ အကျိုးရှိအောင် ကျင့်သုံးကြပါလို့ သပ်ဆင့်တွန်းအားပေးလိုပါတယ်။

လူငယ်တွေနဲ့ လုံးဝသက်ဆိုင်နေတဲ့ ယနေ့ပညာရေးရည်မှန်းချက် ဟာ အစဉ်လေ့လာသင်ယူနေရတဲ့ လူ့ဘောင်အဖွဲ့အစည်းတည်ဆောက်ဖို့ ဖြစ်ပါတယ်။ တစ်သက်တာလုံး သင်ယူနေကြရမယ့်နေရာ (Life Long Lerning Centre) တွေကတော့ ကျေးရွာစာကြည့်တိုက်တွေပဲ ဖြစ်ပါ တယ်။ ကျွန်တော်တို့နိုင်ငံမှာ ရပ်ကွက်ပေါင်း (၃၀၄၂) ရပ်ကွက်၊ ကျေးရွာ အုပ်စုပေါင်း (၁၃၆၂၉) အုပ်စု၊ ကျေးရွာပေါင်း ခြောက်သောင်းကျော်ရှိတဲ့ အနက် ကျေးရွာပေါင်း (၅၅၇၅၅) ရွာမှာ စာကြည့်တိုက်တွေ ဖွင့်လှစ် ထားပြီးဖြစ်သလို၊ မြို့ပေါ်ရပ်ကွက်တွေနဲ့ စာသင်ကျောင်းတွေမှာလည်း စာကြည့်တိုက်တွေ ဖွင့်လှစ်ထားပြီးဖြစ်ပါတယ်။

"စာအုပ်စာပေဟာ၊ အကောင်းဆုံးမိတ်ဆွေ၊ စာအုပ်စာပေကို လေ့လာလိုရင်၊ စာအုပ်စာပေတွေ၊ စုဝေးတည်ရှိနေတဲ့ စာကြည့်တိုက်ကို အသုံးပြုဖို့လိုတယ်။ ပညာပေါင်းစုံလေ့ လာနိုင်တဲ့နေရာဟာ စာကြည့် တိုက် ဖြစ်တယ်။ စာကြည့်တိုက်ဟာ အကောင်းဆုံးတက္ကသိုလ်ဖြစ်တယ်" လို့ စာပေနဲ့စာကြည့်တိုက်ပညာရှင် "ဆရာကြီးဦးသော်ကောင်း" က လမ်း ညွှန်ခဲ့ပါတယ်။ အလွန်ပင်မှန်ကန်တဲ့ လမ်းညွှန်ချက်ဖြစ်လို့ လိုက်နာကျင့် သုံးကြသင့်ပါတယ်။

ယနေ့လူငယ်တွေရော၊ လူရွယ်တွေပါ၊ စာများများ ဖတ်ရှုနိုင်ကြမယ်ဆိုရင် အနိမ့်ဆုံးအဆင့်၊ ဗဟုသုတတွေ တိုးပွားလာပြီး လူဝင်ဆံ့လာကြမယ်။ ဘေးလူတွေရဲ့ ချယ်လှယ်မှုအန္တရာယ်က ကင်းဝေးနိုင်တယ်။ လူလိမ်လူညာတွေရဲ့ ဘေးက ကင်းဝေးနိုင်တယ်။ လူနုံလူအ မဖြစ်ဘဲ လူလိမ္မာဖြစ်နိုင်တယ်။

ဒါကြောင့် "မာဃဒေဝလင်္ကာ"မှာ "ပညာပြည့်ဝ၊ နှလုံးလှသော်၊ ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ်တွင်းဖောက်၊ ဖြတ်တောက် လိုရာ၊ ပြီးနိုင်စွာ၏။" လို့ ညွှန်းဆိုထားပါတယ်။

"စာပေပညာရှင် ဦးပဂ္ဂိုဝ်" ကလည်း "စာပေအလှ၊ စာတစ်စလည်း၊ ဘဝသတိ၊ ဘဝသိသို့၊ ကူးတို့တာဝန်၊ လမ်းတစ်လမ်း" လို့ တက်လမ်းရှိဖို့ လှုံ့ဆော်ထားပါတယ်။

သည်တော့ကာ လူတိုင်းမှာ တက်လမ်းတွေကိုယ်စီကိုယ်ငှ ရှိနေကြပါတယ်။ ဆင်းရဲတွင်းမှ ထွက်လမ်းကိုယ်စီလည်း ရှိနေကြပါတယ်။


+ ဘဝတက်လမ်းနဲ့ ဘဝထွက်လမ်းတွေကို ပိတ်မထားကြပါနဲ့။

+ ဘဝတံခါးတွေကို ပိတ်မထားကြပါနဲ့။

+ ဘဝရည်မှန်းချက် ပန်းတိုင်ကို စာဖတ်ခြင်းစွမ်းရည်နဲ့ အရောက် လှမ်းနိုင်ပါတယ်။

ဒါကြောင့် စာကောင်းပေမွန်တွေကို ရှာဖွေဖတ်ရှုကြပြီး ဘဝတံခါးတွေကို ဖွင့်လှစ်နိုင်ကြပါစေလို့ ဆန္ဒမွန်ပြုလိုက်ပါရစေ။

မောင်ငြိမ်းထူး(ကြို့ပင်ကောက်)



## အများအကျိုးဆောင်ရွက်မှု

"ယနေ့ခေတ်အခါ စေတနာ့ဝန်ထမ်း လုပ်အားပေးများရဲ့ အရေးပါမှုနဲ့ တန်ဖိုးရှိမှုကို ပိုမိုအသိအမှတ်ပြုလာကြပါတယ်။ စေတနာ့ ဝန်ထမ်းလုပ်အားပေးခြင်းကို အားပေးမှုနဲ့ ထောက်ပံ့မှုများ တိုးပွားလာနေတဲ့ သက်သေ အထောက်အထားတွေလည်း ပိုများလာပါတယ်"

အမွှာဒေဗာ ထေမူဂျီ

စင်ကာပူ၊ ပါလီမန်၏ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်။

### ၁။ နိဒါန်း

စေတနာ့ဝန်ထမ်း လုပ်အားပေးတယ်ဆိုတာ မိမိရဲ့အချိန်၊ ထူးချွန်မှုနဲ့ ခွန်အားတွေကို သူတစ်ပါးကို ပေးတဲ့လူတွေရဲ့ ဆောင်ရွက်ချက်တွေပါ။ သူတို့ဟာ ဘာမှပြန်ရဖို့ မမျှော်ကိုးကြပါဘူး။ ကျွန်တော်တို့က စေတနာ့ဝန်ထမ်းလုပ်အားပေးတဲ့အခါ ကျွန်တော်တို့မှာ ကျွမ်းကျင်မှုနဲ့ စွမ်းရည်



များ ပိုင်ဆိုင်လာပါတယ်။ မိမိကိုယ်ကို တန်ဖိုးထားမှုလည်း ပိုမိုဖွံ့ဖြိုးလာပြီး ပိုမိုကောင်းမွန်တဲ့ လူသားတွေဖြစ်လာကြပါတယ်။ လူတွေဘာကြောင့် စေတနာ့ဝန်ထမ်းအလုပ်တွေ တာဝန်ယူလုပ်ကိုင်ဖို့ ဆုံးဖြတ်ရသလဲဆိုတဲ့ အကြောင်းရင်းက များစွာရှိပါတယ်။ ဘယ်လိုအကြောင်းပြချက်နဲ့ဖြစ်စေ၊ ကျွန်တော်တို့ဟာ စေတနာ့ဝန်ထမ်းများလုပ်တဲ့အခါ အောင်မြင်လိုရင် တချို့အချက်အလက်တွေကို ထည့်စဉ်းစားသင့်ပါတယ်။

* * * *

### ၂။ စေတနာ့ဝန်ထမ်းတစ်ဦးဖြစ်လာခြင်း

သင်က အသင်းဝင်အဖြစ် စာရင်းပေးသွင်းနိုင်တဲ့အသင်းအပင်း၊ ဝန်ဆောင်မှုအဖွဲ့အစည်းတွေ၊ အားကစားအဖွဲ့အစည်းတွေ၊ လူမှုရေးသာ သနာရေးအဖွဲ့အစည်းတွေ၊ ပညာရေးဆိုင်ရာကလပ်တွေ၊ အသွင်တူများအုပ်စုတွင် ပါဝင်ကြပါတယ်။ အဖွဲ့အသီးသီးရဲ့ ရည်ရွယ်ချက်တွေဦးတည်ချက်တွေကလည်း အမျိုးမျိုးကွဲပြားနေပါလိမ့်မယ်။ သင်ဘယ်အဖွဲ့မှာ ဝင်ရမလဲလို့ မဆုံးဖြတ်ခင် အဖွဲ့အသီးသီးအကြောင်းကို ပိုသိအောင် လေ့လာရင် ကောင်းတာပေါ့။ သူများတွေကို အဲဒီအဖွဲ့အကြောင်း မေးပါ။ သင့်မိတ်ဆွေတွေ၊ မိသားစုဝင်တွေဆီမှာလည်း မေးမြန်းကြည့်နိုင်သလို စေတနာ့ဝန်ထမ်းလုပ်အားပေးဌာနများကိုလည်း သွားကြည့်နိုင်ပါတယ်။

စေတနာ့ဝန်ထမ်းတစ်ဦးအဖြစ် အောင်မြင်ဖို့ သင့်ကိုယ်သင် ပြင်ဆင်ဖွဲ့စည်းရာမှာ ဒါဟာ အကူအညီပေးပါလိမ့်မယ်။ ပထမဆုံး၊ လတ်တစ်လော သင့်မှာရှိပြီးသား ကျွမ်းကျင်မှုနဲ့ သင်လိုချင်တဲ့ ကျွမ်းကျင်မှုဟာ ဘာလဲဆိုတာ ဆုံးဖြတ်ပါ။ ပြီးရင် သင်နဲ့အသင့်တော်ဆုံး၊ သင် စိတ်ဝင်စားနိုင်၊ နှစ်သက်နိုင်မယ့် စေတနာ့ဝန်ထမ်းအလုပ်ကို ရှာဖွေပါ။ ဒီအလုပ်အပေါ် အချိန်ဘယ်လောက်ပေးနိုင်မလဲဆိုတာ သင်အသိဆုံးပဲဆိုတော့ အစကတည်းက ဘယ်စေတနာ့ဝန်ထမ်းအလုပ်ဟာ သင်နဲ့ကိုက်မလဲဆိုတာ ဆုံးဖြတ်ရာမှာ ကူညီပါလိမ့်မယ်။ သင့်အချိန်တွေကို မပေးခင်မှာ သင့်ကို လက်ခံမယ့်အလုပ်အကြောင်း တတ်နိုင်သမျှ များများရှာဖွေထားပါ။ သင် စေတနာ့ဝန်ထမ်းလုပ်တဲ့အခါမှာတော့ သင့်ရဲ့အချိန်၊ အတွေ့အကြုံ၊ အသိပညာ၊ စိတ်ရှည်မှုတွေကို ပေးအပ်လိုက်ပါ။

****

**၃။ နှံ့ပြီးသောဝေထဲ့ကျွမ်းကျင်မှုများ၊ ဂုဏ်ရည်များ**

ကျွန်တော်တို့ဟာ စေတနာ့ဝန်ထမ်းအလုပ်မှာ ဝင်ရောက်လုပ်ကိုင်တဲ့အခါမှာ ကျွန်တော်တို့မှာ ကျွမ်းကျင်မှုတွေ၊ စွမ်းရည်တွေ၊ ဂုဏ်ရည်တွေ အတော်များများ တိုးတက်ဖြစ်ထွန်းလာပါတယ်။ အောက်ပါတို့ ပါဝင် ပါတယ်။

၁။ ကိုယ်ကျိုးမငဲ့ခြင်း (ပရဟိတစိတ်ထား)။



၂။ စာနာရိုင်းပင်းခြင်း (ကရုဏာ)။

၃။ ယုံကြည်မှု။

၄။ မိမိကိုယ်ကို တန်ဖိုးထားမှု။

၅။ အမှီအခိုကင်းမှု။

၆။ တာဝန်ယူတတ်မှု။

၇။ ကျွမ်းကျင်မှု။

၈။ စွမ်းရည်ထူးချွန်မှု။

၉။ ဖန်တီးနိုင်စွမ်း။

၁၀။ စာရိတ္တ၊ ကျင့်ဝတ်။

၁၁။ အလုပ်၌နှစ်မြှုပ်ထားမှု။

၁၂။ အခြေအနေဖန်တီးနိုင်စွမ်း။

၁၃။ ဆုံးဖြတ်ချက်ချမှတ်ခြင်း။

၁၄။ ပြဿနာ ဖြေရှင်းနိုင်ခြင်း။

၁၅။ ဆန်းသစ်တီထွင်ခြင်း
စတင်လုပ်ကိုင်တတ်ခြင်း။

၁၆။ ခေါင်းဆောင်မှု။

၁၇။ အဖွဲ့အစည်းနဲ့ လုပ်ကိုင်တတ်မှု။

၁၈။ ရောင်းရင်းဖြစ်ခြင်း။

၁၉။ ရည်ရွယ်ချက်ပြည့်ဝစွာလုပ်ဆောင်တတ်မှု။

၂၀။ စိတ်ဝင်စားဖွယ် အဆက်အသွယ်များ။

၂၁။ မိမိအသက်မွေးဝမ်းကျောင်း အလုပ်အတွက် အခွင့်အလမ်းများ။

၂၂။ အဆင့်အတန်းလူရာဝင်ဆံ့ခြင်း။

၂၃။ လူမှုအသိုင်းအဝိုင်းတွင် ဝင်ဆံ့ခြင်း။
ပတ်ဝန်းကျင်လူအများ၏ တိုးတတ်မှု၊
လူ့အဖွဲ့အစည်းတိုးတက်ခြင်း။

၂၄။ ဆက်ဆံရေးနယ် ပိုမိုကျယ်ပြန့်လာခြင်း။

၂၅။ အပန်းဖြေမှု။

၂၆။ စိတ်ကျေနပ်မှုရခြင်း။

အဲဒါတွေကြောင့် အချို့ ပြောကြတာပေါ့။

"စေတနာ့ဝန်ထမ်းတွေကို လစာမပေးတာဟာ သူတို့ဟာ တန်ဖိုးမရှိ လို့ မဟုတ်ဘူး။ သူတို့ဟာ တန်ဖိုးဖြတ်လို့ကို မရနိုင်လို့တဲ့" ကျွန်တော်တို့ဟာ စေတနာ့ဝန်ထမ်းလုပ်တဲ့အခါ ပိုပြီးဂရုစိုက်တတ်တဲ့၊ ပိုမိုကျက်သရေရှိတဲ့ သူတွေဖြစ်လာပါတယ်။ သူတစ်ပါးကိုလေးစားတတ်အောင် သင်ယူကြရပြီး ကျွန်တော်တို့ဟာ ကူညီတတ်တဲ့၊ ကြင်နာတတ်တဲ့သူတွေ ဖြစ်လာပါတယ်။ စေတနာ့ဝန်ထမ်းခြင်းဟာ မိမိတို့ရဲ့ အတ္တကိုနည်းအောင်၊ သူတစ်ပါးနဲ့ သူတို့ရဲ့လိုအပ်ချက်တွေကို ခံစားသိရှိအောင် လုပ်ပေးတယ်။ အာမာအရွှန်ဘက်ခ်ပြောတဲ့အတိုင်းဆို "နိုင်ငံတစ်ခုရဲ့ စာနာရိုင်းပင်းမှု၊ ကိုယ်ကျိုး မဲ့ဂရုစိုက်မှု၊ စိတ်ရှည်သည်းခံမှု၊ တစ်ဦးပေါ်တစ်ဦး မေတ္တာသက်သက် ထားရှိမှုတွေကို ထင်ဟပ်ပြတဲ့ စေတနာ့ဝန်ထမ်းတွေပါပဲ" တဲ့။



ဒီကမ္ဘာမြေပြင်ပေါ်က တစ်ခုတည်းသော လူအမျိုးအစားကတော့ စေတနာ့ဝန်ထမ်းတွေပါပဲ" တဲ့။

* * * *

### ၄။ စေတနာ့ဝန်ထမ်းလုပ်အားပေးခြင်း၏ အကျိုးကျေးဇူးများ

လူငယ်တစ်ယောက်အနေနဲ့ဆိုရင် စေတနာ့ဝန်ထမ်းလုပ်ဆောင်ခြင်းဟာ သင့်ရဲ့ဘဝအပေါ် သိသာထင်ရှားတဲ့သက်ရောက်မှု ရှိနေပါတယ်။ သူတစ်ပါးတွေကို ကျွန်တော်တို့ရဲ့ ဝန်ဆောင်မှုနဲ့ စေတနာ့ဝန်ထမ်းလုပ်ဆောင်ပေးလိုက်တဲ့အခါ တစ်ပါးသူကို ကူညီခြင်းကြောင့် ရတဲ့ ကျေနပ်မှုနဲ့ ပျော်ရွှင်မှုကို ကျွန်တော်တို့ တွေ့ကြုံရပါတယ်။ ကျွန်တော်တို့ရဲ့သူငယ်ချင်းတွေနဲ့ ပျော်ရွှင်ရင်း၊ ဒါမှမဟုတ် မိတ်ဆွေသစ်တွေ ဖြစ်နေရင်းမှာ ကျွန်တော်တို့က အကူအညီပေးသူတွေ ဖြစ်နေတာပါ။ ဘွတ်ကာ တီဝါရှင်တန်က ဒီလိုဆိုပါတယ်။ "အကယ်၍ သင်က မိမိကိုယ်ကို မြှင့်တင်ချင်တယ်ဆိုရင် တစ်ပါးသူတစ်ဦးဦးကို ဦးစွာသင်က မြှင့်တင်ပေးလိုက်ပါ" တဲ့။ စေတနာ့ဝန်ထမ်းခြင်းဟာ ကျွန်တော်တို့ကို အခြားသောသူများနဲ့ ဆက်နွယ်ဆက်စပ်ပေးတယ်။ ကျွန်တော်တို့ဟာ တစ်ပါးသူကို အကျိုးပြုပေးနေရင်းနဲ့ လုပ်ငန်းအတွေ့အကြုံကို ရနိုင်ပါတယ်။ တစ်သက်တာ လုပ်ငန်းအဖြစ် ရွေးချယ်ဖွယ်ရာ အလုပ်ကို စမ်းသပ်ကိုင်ကြည့်နိုင်တယ်။ ကိုယ့်အသက်မွေးဝမ်းကျောင်းအတွက် အဆက်

အသွယ်တွေ ရလာနိုင်တယ်။ စေတနာ့ဝန်ထမ်းခြင်းဟာ ကျွမ်းကျင်မှု စွမ်းရည်သစ်တွေ တိုးလာစေသလို၊ မိမိကိုယ်ကို တန်ဖိုးထားမှုကိုလည်း ယခင်ထက် မြင့်မားစေတယ်။ ဂျိုးဇက်ဂျက်ဖားဆန်ပြောတာကတော့ "အပြင်ထွက်ပြီး တစ်စုံတစ်ယောက်ကို တစ်ခုခုပေးအပ်လိုက်ပါ။ အဲလို လုပ်တာဟာ သင့်အတ္တကို ပျောက်စေပြီး သင့်ကိုပျော်ရွှင်သွားစေလိမ့်မယ်"တဲ့။ ကျွန်တော်တို့ ပါဝင်ဆောင်ရွက်နေကြတဲ့လုပ်ငန်းတွေကနေ သိသာထင်ရှားတဲ့ ဘဝအတွေ့အကြုံတွေရလာပါမယ်။ ကျွန်တော်တို့ဟာ ဘဝရဲ့ပြဿနာတစ်ချို့ကို ပိုကောင်းအောင် ကိုင်တွယ်ဖြေရှင်း နိုင်လာမယ်။ တစ်ခါက လူတစ်ဦးပြောခဲ့ဖူးသလိုပေါ့။ "ကျွန်တော်ရဲ့ စေတနာ့ဝန်ထမ်းအလုပ်အတွက် ကျွန်တော်ဟာ လုပ်ခကို သေချာပေါက်ရတာပေါ့။ အဲဒါကို ပိုက်ဆံအနေနဲ့ မရရုံလေးတစ်ခုပဲ" တဲ့လေ။

ကျွန်တော်တို့ရဲ့ပါဝင်ကူညီမှုတွေဟာလည်း အရေးကြီးပါတယ်။ အဲဒါတွေဟာ တန်ဖိုးရှိပြီး အသုံးကျတယ်။ လုပ်ဆောင်မှုနဲ့ပတ်သက်တယ်။ စေတနာ့ဝန်ထမ်းများအနေနဲ့ ကျွန်တော်တို့ဟာ ထူးခြားသွားအောင် စွမ်းဆောင်နိုင်ပါတယ်။

အန်နီတာရော့ဒစ်ဆိုသူက ပြောဖူးတယ်။ "လူတစ်ယောက်ဟာ ထူးခြားသွားအောင် စွမ်းဆောင်နိုင်တယ်ဆိုတာကို သင်မယုံဘူးဆိုရင် သင်ဟာ တစ်ခါမှ အိပ်ရာထဲမှာ ခြင်တစ်ကောင်နဲ့ အတူရှိမနေဖူးလို့ပဲ" တဲ့။

ကျွန်တော်တို့ဟာ အဖြစ်အပျက်တွေကို စုစည်းဖို့၊ ရန်ပုံငွေတွေ



ထူထောင်ဖို့၊ လူထုဆက်သွယ်ရေး၊ မဟာဗျူဟာများကို အသုံးချဖို့၊ ဘဝအဖုံဖုံက လူမျိုးစုံ၊ ပြဿနာမျိုးစုံကို ဖြေရှင်းဖို့၊ လုပ်ငန်းအစီအစဉ်ဆွဲဖို့၊ ဘဏ္ဍာရေးစီမံဖို့တွေကို လေ့လာသင်ယူရတယ်။ ကျွန်တော်တို့မှာရှိတယ်လို့ ကျွန်တော်တို့ တစ်ခါမှ မသိခဲ့ဖူးတဲ့ စွမ်းရည်တွေကို ဖွံ့ဖြိုးလာစေတယ်။ စေတနာ့ဝန်ထမ်းခြင်းဟာ ပျော်စရာလည်းကောင်းပြီး စိန်ခေါ်နေတဲ့ကိစ္စလည်း ဖြစ်တယ်။ "စေတနာ့ဝန်ထမ်းတစ်ဦးဟာ ရှားပါးတဲ့ကျောက်မျက်ရတနာတစ်ခုလိုပါပဲ။ မှန်ကန်တဲ့နေရာမှာချထားပြီး ဂရုစိုက်ပေးလိုက်ရင် အဲဒါက တောက်ပပြီး မြင်ရသူမှန်သမျှကို ပျော်ရွှင်ကြည်နူးမှုပေးတယ်" လို့ လူတစ်ယောက်က ပြောဖူးတယ်။ ဒါကြောင့် စေတနာ့ဝန်ထမ်းခြင်းဟာ ကျွန်တော်တို့ကို ပိုတော်တဲ့၊ ပိုကောင်းတဲ့လူတွေ ဖြစ်လာစေတယ်။

လူငယ်တွေ ရပ်ရွာအသိုင်းအဝိုင်းထဲမှာ ပါဝင်ပြီး စေတနာ့ဝန်ထမ်းအလုပ်တွေကို လုပ်တဲ့အခါမှာ ရရှိလာမယ့် အကျိုးကျေးဇူးတွေကတော့ အများကြီးရှိပါတယ်။ ရပ်ရွာအနေနဲ့လည်း အကောင်းဆုံးနဲ့ ဇောက်ချလုပ်ကိုင်တတ်တဲ့ အနာဂတ်ခေါင်းဆောင်တွေကို အရောင်တင်ပေးလိုက်ရလို့ အကျိုးရှိတယ်။ လူငယ်တွေဟာ လတ်ဆတ်တဲ့နည်းသစ်တွေကို တစ်ပါတည်း ယူလာကြတယ်။ ရပ်ရွာအသိုင်းအဝိုင်းရဲ့စိတ်ဓာတ်ကို ပိုကောင်းအောင်လုပ်မယ့် လန်းဆန်းတက်ကြွစေတဲ့ ရောက်ရှိမှုကို ဖြစ်စေတယ်။ လူငယ်တွေမှာ မူလအစ စိတ်ကူးတွေရှိကြတယ်။ အဲဒါဟာ သူ့အဖွဲ့အစည်း တွေကို ပြန်လည်သက်ဝင်လှုပ်ရှားစေတယ်။

ရပ်ရွာအသိုင်းအဝိုင်းနဲ့ စေတနာ့ဝန်ထမ်း၊ အလုပ်တွေမှာ ပါဝင်ဆောင်ရွက်ခြင်းဖြင့် သင်ဟာ ခေါင်းဆောင်မှု အရည်အချင်းနဲ့ ကိုယ်ရည်ကိုယ်သွေးတွေ ရရှိလာနိုင်တယ်။ သင်ဟာ လူစိမ်းတွေနဲ့ တွေ့ကြုံဆက်ဆံပြီး အဲဒီထဲက တချို့ဟာ စွမ်းရည်အများအပြားရှိသူ ဖြစ်နေပြီး သင့်ကို စိတ်ထက်သန်တက်ကြွစေသူတွေ ဖြစ်နိုင်တယ်။ မိတ်ဆွေသစ်တွေ သင့်မှာ တိုးလာစေတယ်။ သင့်ရဲ့ မိမိကိုယ်ကိုယုံကြည်မှုနဲ့ မိမိကိုယ်ကို တန်ဖိုးထားမှု တွေဟာလည်း ဆက်လက်ဖွံ့ဖြိုးလာပါလိမ့်မယ်။ စေတနာ့ဝန်ထမ်းခြင်းဟာ မိမိကိုယ်ကို လေ့လာဖို့အခွင့်အရေး (သင့်ကို) ပေးတယ်။

သင့်ရဲ့အသိပညာ ဗဟုသုတကို ကျယ်ပြန့်စေတယ်။ သင့်အတွက် ကမ္ဘာလောကသစ်ကြီးတစ်ခုကို ဖွင့်ပေးတယ်။ စေတနာ့ဝန်ထမ်းလုပ်ဆောင်ခြင်းဟာ ကိုယ့်ကိုယ်ကို ရပ်ရွာရဲ့အရေးကြီးတဲ့ အစိတ်အပိုင်းလို့ ခံစားရစေပါတယ်။

****

### ၅။ ဘာကြောင့် လူတွေ စေတနာ့ဝန်ထမ်းအလုပ်တွေ တာဝန်ယူ လုပ်ဆောင်ကြသလဲ?

အောက်ပါများမှာ သုတေသနလေ့လာချက်နှင့် အခြားသော အရင်းအမြစ်များမှရရှိသည့် လူများဘာကြောင့် စေတနာ့ဝန်ထမ်း အလုပ်များတွင် တာဝန်ယူဆောင်ရွက်ကြသလဲဆိုတဲ့ အကြောင်းရင်းအချို့



ဖြစ်ပါတယ်။

၁။ အတွေ့အကြုံသစ်တစ်ခု၊ စွန့်စားခြင်းတစ်ခုဖြစ်လို့။

၂။ ကျွန်တော်အားနေတဲ့ အချိန်တွေနဲ့ ကိုက်နေလို့။

၃။ နေရာတစ်ခုထဲမှာ လုပ်နေကြတာ ကျွန်တော်တို့တွေ အများကြီး နေမှာပဲ။

၄။ မိတ်ဆွေအသစ်တွေ ရချင်တယ်။

၅။ ဝန်ဆောင်မှုပေးခြင်းဟာ ကျွန်တော်တို့မိသားစုရဲ့ အစဉ်အလာပဲ။ ကျွန်တော်တို့ကို စေတနာ့ဝန်ထမ်းတွေဖြစ်လာဖို့ မျှော်လင့်ကြတယ်။

၆။ ကျွန်တော့်အချစ်ဆုံးသူငယ်ချင်းက ဝင်ဖို့ပြောလို့ပါ။

၇။ ကျွန်တော့်ကို အကူအညီတောင်းတဲ့သူက အရေးကြီးတဲ့ ပုဂ္ဂိုလ်တစ်ဦးပါ။ ကျွန်တော်ငြင်းလို့ မဖြစ်နိုင်။

၈။ စေတနာ့ဝန်ထမ်းဖို့ပြောတဲ့ပုဂ္ဂိုလ်က ကျွန်တော့်အကူအညီကို တကယ်ကိုလိုနေသူပါ။ ပျော်စရာကောင်းပုံပေါက်တယ်လေ။

၉။ ကျေးဇူးတင်ပါတယ်လို့ပြောဖို့။

၁၀။ ကျွန်တော်က လှုပ်ရှားမှုရှိတဲ့ နေရာမှာမှ နေချင်တာ။

၁၁။ ကျွန်တော်ရဲ့ နိစ္စဓူဝလမ်းကြောင်းကနေ ဖောက်ထွက်ချင်တယ်။ ငြီးငွေ့ခြင်းကနေ ဖောက်ထွက်ချင်တယ်။ ဒီလူတွေဟာ အလွန်အရေးကြီးတာတွေကို လုပ်နေတာလို့ ကျွန်တော်မြင်တယ်လေ။

၁၂။ အဖွဲ့အစည်းက ကျွန်တော့်ကို တကယ်လိုအပ်နေတယ်၊ ဆန္ဒလည်းရှိတယ်။

၁၃။ စွမ်းရည်သစ်တွေကို လေ့လာသင်ယူဖို့ ကျွန်တော့်အတွက် အခွင့်ကောင်းတစ်ရပ် ဖြစ်လိမ့်မယ်။ အတွေ့အကြုံထဲက ထုတ်ယူရရှိတဲ့ အသိပညာနဲ့ ကျွမ်းကျင်မှုဟာ အရေးရှိရင် ကျွန်တော့်အတွက် အသုံးဝင် လိမ့်မယ်။

၁၄။ ကျွန်တော်ရရှိတဲ့ လူသိများခြင်းက ကျွန်တော်ရဲ့ ကိုယ်ရေးကိုယ်တာ၊ ပုဂ္ဂိုလ်ရေးဘဝမှာ အကူအညီပေးနိုင်တယ်။ စိတ်ဖိစီးမှုတွေ လျှော့ချဖို့ပါ။

၁၅။ ကျွန်တော်ဟာ အတိတ်တုန်းက အကူအညီတွေ အများကြီး လက်ခံရရှိခဲ့ပြီးပါပြီ။ အခုတော့ ကျွန်တော့်ဘက်က ပြန်ပေးဆပ်ရမယ့် အချိန်ပါ။

၁၆။ သူတို့က လူတွေအသည်းအသန် လိုနေတယ်လေ၊ ကျွန်တော် ဝင်ပါရတော့တာပေါ့။

၁၇။ ကျွန်တော့်အချိန်တွေကို ဖြည့်ထားစရာ တစ်ခုခု ကျွန်တော် လိုနေတယ်။

၁၈။ စေတနာ့ဝန်ထမ်းအလုပ်တွေမှာ ပါဝင်ဆောင်ရွက်ခြင်းဟာ ကျွန်တော့်ကို ပိုပြီးဩဇာလွှမ်းမိုးမှု ရှိစေတယ်။

၁၉။ တကယ်လို့ ကျွန်တော့်အချိန်တွေကို လိမ္မာပါးနပ်စွာ မသုံးခဲ့ရင် တကယ်လို့ကျွန်တော်က တစ်စုံတစ်ရာကို လုပ်ဆောင်ဖို့



ပျက်ကွက်ခဲ့ရင် ကျွန်တော်ဟာ အချိန်တွေကို ဖြုန်းတီးပစ်ရာ ရောက်လိမ့်မယ်။

သင့်မှာလည်း ဘာကြောင့် စေတနာ့ဝန်ထမ်း တာဝန်ထမ်းသလဲ ဆိုတဲ့ ကိုယ်ပိုင်အထူးအကြောင်းပြချက်တစ်ခု ရှိကောင်းရှိမှာပါ။ ဒါပေမယ့် တစ်ပါးသူကို ကူညီချင်တဲ့ဆန္ဒနဲ့၊ သင်ပါဝင်သင့်တဲ့ အလုပ်အပေါ် သင့်ရဲ့အချိန်နဲ့စွမ်းအင်တွေ ပေးချင်တဲ့ဆန္ဒပဲ ဖြစ်ကောင်းဖြစ်နေမှာပါ။ မာတင် လူသာကင်းဂျူနီယာက ပြောဖူးတယ်။ "ဘယ်သူမဆို ဘာဝန်ထမ်းဆောင်နိုင်တဲ့အတွက် သင်ဟာ တက္ကသိုလ်ဘွဲ့ရတစ်ယောက် ဖြစ်မှရယ် မဟုတ်ဘူး။ သင့်မှာ စာကြောင်းရဲ့ကတ္တားနဲ့ ကြိယာကို ကိုက်ညီအောင် သုံးတတ်ရုံလေးတောင်မလိုဘူး။ သင်လိုတာက ကျက်သရေအပြည့်နဲ့ နှလုံးသားတစ်ခု၊ မေတ္တာတရားနဲ့ ရှင်သန်မောင်းနှင်နေတဲ့ စိတ်နှလုံးတစ်ခုပါ"

* * * *

### ၆။ စေတနာ့ဝန်ထမ်းချိန်မှာ ထားလှုပ်ခဲဲ

သင် စေတနာ့ဝန်ထမ်းလုပ်ချိန်မှာ အလုပ်အလေ့အကျင့်နဲ့ သင့်စိတ်ထားကို အသက်မွေးဝမ်းကျောင်းပညာရှင် တစ်ယောက်လို ခံယူထားသင့်တယ်။ သင်လုပ်နေတာတွေအတွက် လုပ်ခမရဘူး၊ သင် လုပ်ထားသင့်တယ်။ သင်လုပ်ပိုင်နည်းတွေဟာ ကစဥ့်ကလျဲဖြစ်လို့ ရတယ်၊

နမော်နမဲ့ ဖြစ်လို့ရတယ်လို့ သင် မအောက်မေ့သင့်ပါဘူး။ အဲဒီအစား သင်တာဝန်ယူလုပ်ဆောင်နေတဲ့ တာဝန်တွေ၊ အဖွဲ့အစည်းတွင်းမှာ သင့်ရဲ့ အခန်းကဏ္ဍတွေနဲ့ ပတ်သက်လို့ ရှင်းရှင်းလင်းလင်း သိထားသင့်တယ်။ သင်ဟာ အားကိုးအားထားပြုလောက်တဲ့သူ၊ တာဝန်ယူတတ်တဲ့သူ၊ အချိန်မှန်သူ၊ မမှိတ်မသုန်ကျသူ၊ ညှိနှိုင်းပြုပြင်လို့ရသူအနေနဲ့ ဖြစ်ဖို့လိုတယ်။ သင့်ကို တာဝန်တစ်ခုပေးအပ်လိုက်ရင် အဲဒါကို ပြီးစီးအောင် လုပ်လေ့ရှိကြောင်း သေချာပါစေ။ သင့်လို တာဝန်နဲ့အလုပ်တူတူချင်းနဲ့ ဆက်ဆံရာမှာ လုပ်ဖော်ကိုင်ဖက်စိတ်ထားပြီး ယဉ်ကျေးသိမ်မွေ့သင့်တယ်။ အလုပ်ပရိယာယ် ဘယ်လိုကြွယ်ရမလဲဆိုတာရော၊ တစ်ချိန်တည်း လိုအပ်တဲ့ အချိန်မှာ သင်ဟာလည်း တတ်သိသူဖြစ်ကြောင်း ဘယ်လို ထုတ်ဖော်ရမလဲဆိုတာကို သင်သိဖို့လိုပါတယ်။

စေတနာ့ဝန်ထမ်းတွေဟာ သူတို့ရဲ့အိမ်၊ ကျောင်း။ အလုပ်နဲ့ တခြား ဝန်ဆောင်မှု (သို့မဟုတ်) စေတနာ့ဝန်ထမ်းအဖွဲ့အစည်းတွေက အလုပ် တွေအတွက် အချိန်လိုအပ်ချက်တွေ ပြည့်မီဖို့ သူတို့ရဲ့အချိန်ကို ဘယ်လို စီမံခန့်ခွဲရမလဲဆိုတာ သိထားရမယ်။ စေတနာ့ဝန်ထမ်းတွေဟာ နှိုင်းချိန် စဉ်းစားတတ်တဲ့ စွမ်းရည် မွေးမြူထားသင့်တယ်။ ဒါမှ သူတို့ဟာ အခြေအနေကို ဝေဖန်ဆန်းစစ်ပြီး ပြဿနာတွေကို ထိုးထွင်းဖြေရှင်း ပေးလိမ့်မယ်။ အဲဒါဟာ အချိန်နဲ့အမျှ မိမိကိုယ်ကို စကားပြောခြင်းနဲ့ ပတ်သက်လာစေတယ်။ အထူးသဖြင့် ကျွန်တော်တို့ဟာ တာဝန်အသစ် တွေ၊ လုပ်ငန်းဆောင်တာအသစ်တွေနဲ့ ရင်ဆိုင်တိုးရချိန်မျိုးတွေမှာပေါ့။



ဥပမာအားဖြင့် ကျွန်တော်တို့ဟာ မိမိကိုယ်ကို အောက်ပါမေးခွန်းလေး တွေ မေးကြည့်နိုင်ပါတယ်။

၁။ ငါစွမ်းဆောင်နိုင်ချင်တာဘာလဲ။

၂။ ဒီအလုပ်အတွက် ဘယ်အသိပညာမျိုး ငါလိုသလဲ။

၃။ အဲဒါဟာ အရေးပါအရာရောက်တဲ့ ထည့်ဝင်ကူညီမှုတစ်ခု လုပ်ဖို့ အခွင့်အရေး ငါ့ကို ပေးသလား။

၄။ အချိန်နဲ့နေရာဟာ ဆီလျော်ရဲ့လား။

၅။ ငါ့ရဲ့အချိန်နဲ့ စွမ်းအင်တွေကို ပေးအပ်ဖို့ ငါဆန္ဒရှိရဲ့လား။

၆။ ခေါင်းဆောင်မှု အခန်းကဏ္ဍတစ်ခုယူဖို့ ငါက ပြင်ဆင်ပြီးသား လား။

၇။ ဒီလုပ်ငန်းမှာ ပါဝင်ဆောင်ရွက်ခြင်းဟာ ငါ့ရဲ့ကိုယ်ပိုင် တိုးတက်မှုကို ပိုကောင်းစေလိမ့်မလား။

စေတနာ့ဝန်ထမ်းတွေဟာ သူတို့ရဲ့တာဝန်တွေ ပြီးမြောက်ဖို့အတွက် လိုအပ်တဲ့အသိပညာနဲ့ ကျွမ်းကျင်မှုတွေရှိနေဖို့ တာဝန်ယူဖို့ လိုပါတယ်။ အကယ်၍ သင်ပါဝင်ထားတဲ့ အဖွဲ့အစည်းက သရုပ်ပြရှင်းလင်းတဲ့ ဆွေးနွေးပွဲတစ်ခုကို စီစဉ်ခဲ့ရင် အဲဒါကို သင်တက်ဖြစ်ကြောင်း သေချာပါစေ။ အဲဒီနေ့ သင်တာဝန်ယူရမယ့် အလုပ်အကြောင်း၊ အဖွဲ့အစည်းအကြောင်း၊ သတင်းအချက်အလက်တွေ သင်ရနိုင်တယ်လေ။ နောက်ထပ် သင်တန်း တွေလည်းတက်ပါ၊ ဒါဆို သင်ဟာ ကောင်းစွာစွမ်းဆောင်နိုင်လာပါ လိမ့်မယ်။

သင်ဟာ အတွေ့အကြုံကနေလည်း လေ့လာသင်ယူသင့်တယ်။ ပို့အရေးကြီးတာက စေတနာ့ဝန်ထမ်းတွေဟာ သူတို့ကိုယ်သူတို့ ဂရုစိုက်ဖို့ လိုတယ်။ ဒါမှ သူတို့ကျန်းမာပြီး သူတို့ရဲ့ တခြားတာဝန်ဝတ္တရားတွေအပြင် စေတနာ့ဝန်ထမ်းတာဝန်ကိုပါ ထမ်းဆောင်လိမ့်မယ်ပေါ့။

* * * *

## ၇။ ထပ်တာဝန်ယူနိုင်သော လုပ်ငန်းဆောင်တာများ

သင်ဟာ မိမိကိုယ်ကို တန်ဖိုးရှိအောင် လေးစားအောင် လုပ်နိုင်တဲ့ နည်းလမ်းတွေ အများကြီးရှိပါတယ်။ သင်ဟာ ဒေသတွင်း ဝန်ဆောင်မှု စီမံချက်တစ်ခုမှာ ပါဝင်ဆောင်ရွက်နိုင်တယ်။ ဒါမှမဟုတ် လူငယ်အုပ်စု တစ်ခုမှာ ခေါင်းဆောင်တစ်ဦးဖြစ်နိုင်တယ်။ ထုတ်ဖော်ဖို့ ဒါမှမဟုတ် ပြောင်းလဲပစ်ဖို့လိုနေတဲ့ ပြဿနာ (သို့) အကြောင်းရင်း တစ်ခုကို ရှာပါ။ ပြီးနောက် အဲဒါကို ကောင်းမွန်တိုးတက်အောင်လုပ်ပါ။ ဒါမှမဟုတ် ပြောင်းလဲပစ်လိုက်ပါ။ တကယ်လို့ သင်က ကွန်ပျူတာမှာ စိတ်ဝင်စားရင် သင့်စေတနာ့ဝန်ထမ်းအဖွဲ့အစည်းအတွက် ဝက်ဘ်ပေ့ချ် (Webpage) တစ်ခု ဖန်တီးတာမျိုး၊ ကူညီထိန်းပေးတာမျိုး လုပ်ကြည့်ပေါ့။ သင့်ကို စိတ်ဝင်စားသွားစေတဲ့အကြောင်းကိစ္စ (ဥပမာ - ပတ်ဝန်းကျင်အကြောင်း၊ တိရစ္ဆာန်တွေအကြောင်း)ကို ဗဟုသုတရှိအောင်လုပ်ပြီး တခြားသူတွေကို အဲဒီအကြောင်းပြန်သင်ပေးပါ။ အခြားသူများကို ကူညီပါ။ ဒါဟာ စေတနာ့



ဝန်ထမ်းခြင်းရဲ့ အခရာသော့ချက်ပါပဲ။

* * * *

## ၈။ အကျဉ်းချုပ်

စေတနာ့ဝန်ထမ်းခြင်းဟာ ကျွန်တော်တို့အတွက် ကောင်းကျိုးများစွာကို သယ်ဆောင်လာပါတယ်။ တစ်ပါးသူကို ကူညီလိုက်ရတဲ့အခါ ကျွန်တော်တို့ဟာ ကျေနပ်ပျော်ရွှင်ကြရတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ စေတနာ့ဝန်ထမ်းအလုပ်တွေမှာ ပုံမှန်ပါဝင်သင့်ကြတယ်၊ ဒါပေမယ့် အဲဒါကို ထိထိရောက်ရောက် လုပ်ဖို့အတွက် ကျွန်တော်တို့ဟာ အချို့သော အလေ့အကျင့်တွေကို သေသေချာချာ မွေးမြူကျင့်သုံးသင့်ပါတယ်။

* * * *

## ၉။ လေ့ကျင့်ခန်းများ

လေ့ကျင့်ခန်း (၁)

အကယ်၍ သင်ဟာ လတ်တလောမှာ ရပ်ရွာ (သို့) စေတနာ့ဝန်ထမ်းအလုပ်မှာ ပါဝင်ပြီးသားဆိုရင် သင်ပါဝင်ဆောင်ရွက်ရာမှ ရရှိတဲ့ ကောင်းကျိုးများ၊ ကျွမ်းကျင်မှုများ၊ ဂုဏ်ရည်များအားလုံးကို စဉ်းစားကြည့်လိုက်ပါ။ အဲဒါတွေကို ချရေးပါ။

လေ့ကျင့်ခန်း (၂)

သင် တစ်ဦးတည်းဖြစ်စေ၊ အခြားသူများနှင့်အတူတကွဖြစ်စေ၊ ကံအကြောင်းမလှသူများကို ကူညီရန်အတွက် သင်တာဝန်ယူ ပါဝင်နိုင်မယ့် အလုပ်တစ်ခုခုကို စဉ်းစားကြည့်ပါ။

(ထလထစိခု စိမ့်မှုစာအုပ်မှ ပြန်လည်ဖော်ပြပါသည်)

ဆွဲခိုင် (မိထိပညာ)

★★★★

# ရှေးရှေးလေးနဲ့ချောပေးဘောပါနော်

## ညိုညိုနိုင်

အတ္တကြီးတာ၊ တစ်ကိုယ်ကောင်းဆန်တာ၊ အပြိုင်အဆိုင် အနိုင်ယူချင်တာ၊ အနိုင်ကျင့်ချင်တာ၊ ဘယ်သူသေသေ ငတေမာပြီးရောဆိုတဲ့ စိတ်ရိုင်းတွေ ဝင်လို့၊

မေတ္တာ၊ ကရုဏာ၊ ကိုယ်ချင်းစာတရားတွေ ခေါင်းပါး ကုန်ကြတာ၊ လူစိတ်ပျောက်လို့ ဘီလူးစိတ်တွေ ပေါက်လာကြတာ၊ ကြောက်စရာကြီးနေတဲ့ ဒီလိုပုံအတိုင်း ရှေ့ဆက်သွားကြမယ်ဆိုရင်ဖြင့် . . .

## ကျားလျှာလေးနဲ့ချောပေးတော့ပါနော်

လွန်ခဲ့တဲ့ အနှစ်လေးဆယ်ကျော်လောက်က စာရေးသူဟာ လူငယ် တစ်ယောက်ပေါ့။ ဂုတ်ထောက်ဆံပင်ရှည်၊ Bell Bottom ခေါ်တဲ့ ခေါင်း လောင်းဘောင်းဘီ၊ စပို့ရှပ် (ဒါမှမဟုတ်) လက်ကြပ်အကျီတွေနဲ့ ကိုယ့် ကိုယ်ကို လှ,လှပြီ ထင်ခဲ့တာပဲ။

လူကြီးတွေအမြင်မှာတော့ ဒီကောင် ထောင့်မကျိုးတဲ့ လမ်းသူရဲတဲ့။ ဒါတောင် လက်မောင်းမှာ တက်တူးမထိုးရသေးဘူးလေ။

မိန်းကလေးတွေကတော့ သိပ်ပုံမပျက်လှပါဘူး။ ခုလို ဟော့ရှော့ တွေ မဟုတ်ကြသေးဘူး။ ထမီပဲဝတ်ကြသေးတဲ့ခေတ်၊ (၂၀)ရာစုထဲမှာပဲ ရှိသေးရဲ့။

ဟော. . . ခုခေတ် (၂၁)ရာစု၊ အနှစ်အစိပ်လောက်အကြာမှာ တော့ ဒီဇိုင်းတွေက ဆန်းကုန်ပြီ။ ဆံပင်တွေ အရောင်အမျိုးမျိုးဆိုးတယ်၊ High Light ဖောက်တယ်။ ဆက်တင်တွေချတယ်။ လက်သည်း ချွန်ချွန်ကို ရောင်စုံ ပြဒါးရောင်တွေ ချယ်တယ်။ တချို့က အနက်ရောင်၊



ရင်ဟိုက်တွေ၊ ဟပ်(ဖ်)ကပ်တွေ၊ ကြိုးပျောက်တွေ ဖြစ်လာတယ်။ ပေါင်လယ်စကတ်တောင် မဟုတ်ချင်တော့ဘဲ သရီးကွာတာ၊ ရှော့ပင် စတော့ကင်တွေ ဝတ်လာကြတယ်။ ရှိသမျှ ကိုယ်ကာယအလှတွေ ရက်ရက်ရောရော ထုတ်ပြကြတာပဲ။ ခါးပြတ်အကျီနဲ့ ချက်ပေါ်ရုံမက ဘောင်းဘီ တိုကြပ်လေးက နောက်ချိုင့်ကို ဖော်တယ်။ လူတွေဘယ်လို ဝိုင်းကြည့်ကြည့် မရှက်ပေါင်။ အေးလေ. . . (၂)လုံးခေတ်ဆိုတော့ နှလုံး ဖော်လည်း ဘာဆန်းတာမှတ်လို့။

ကောင်လေးတွေကလည်း ပန့်ကေတွေ၊ ဆံပင်ကာလာတွေ နားကပ်တွေ၊ ဂျင်းအနက်တွေ၊ တီရှပ်အနက်တွေနဲ့။ ကောင်လေး၊ ကောင် မလေး တွေအားလုံးလိုလို ဝတ်စုံနက်တွေများပြီး မြန်းခနဲကြည့်ရင် နင်ဂျာတွေ လားမှတ်ရ။ ဟလားလား. . . နေပူပြင်းပါဘိသနဲ့။ အပူတွေ လောင်လိုက်မယ့်ဖြစ်ခြင်း။

ကိုယ်ချင်းစာပါတယ်။ ကိုယ်လည်း ကိုယ့်ခေတ်ကိုယ့်အခါက အများနည်းတူ ခေတ်အကြိုက် ဒီဇိုင်းဆင်ခဲ့တာမဟုတ်လား။ အဝတ် အစားဒီဇိုင်းဆိုတာ ခေတ်ရေစီးကြောင်းကို လိုက်ခဲ့ကြတာပဲလေ၊

ဒါပေမယ့် ရိုးရာယဉ်ကျေးမှုတွေ အလွန်အကျွံပျက်တုန်တယ်လို့ တော့ ပြောချင်တယ်၊ စိတ်ဆိုးလည်း ဆိုးကြပေရော့၊

ပထမအချက်က ဟိရိဩတ္တပ္ပဆိုတဲ့ အရှက်အကြောက်တွေ လုံး နီးပါးကင်းသွားတာပေါ့။

လမ်းမလည်ခေါင် ဘယ်သူပဲကြည့်ကြည့်၊ မျက်နှာချင်းဆိုင်ဖ

ထားကြတယ်။ ဒါမှမဟုတ် ပခုံးဖက်၊ ခါးဖက်နဲ့ လျှောက်သွားကြမယ်။ ဘတ်စ်ကားပေါ်မှာ ပခုံးလေးနွဲ့မှီ၊ ပါးချင်းကပ်၊ ကျလိကျလိလုပ်မယ်။ နောက်ဘက်ဆို လူလစ်ရင် ကစ်(စ်)မယ်။ တခြားခရီးသည်တွေ လုံးလုံး ဝရှမစိုက်၊ အားနာရကောင်းမှန်းမသိ။

အဲ. . . သူတို့ကိုယ်သူတို့ ကိုးရိုးယားဇာတ်လမ်းတွဲထဲက မင်းသား မင်းသမီးတွေ မှတ်နေပုံနဲ့၊ နေ့ခင်းကြောင်တောင် လူလည်ခေါင်မှာ Love Scene ရိုက်နေကြတာများ။ ယိုသူမရှက် မြင်သူရှက်ဆိုတဲ့ စကား အတိုင်း။

ဒီယဉ်ကျေးမှုတွေ ဘယ်ကဘယ်လိုများ ကူးစက်လာပါလိမ့်။ စ,လုံးတို့၊ ယပက်လက်တို့ကို အခေါက်ခေါက်အခါခါ ကျွမ်းပစ်သွားနေတဲ့ မမချောတို့ သယ်လာတာလား။

ယောင်ယမ်းပြီး ခလုတ်ဖွင့်လိုက်တာနဲ့ "အညာတယော"လို့ လှမ်းနှုတ်ဆက်နေကျ။ စပယ်ရှယ် Import လိုင်စင်ရထားတဲ့ ဖန်သားပြင် ပြတင်းပေါက်တွေကလား။

ပြီးခဲ့တဲ့သင်္ကြန်မှာ မမကဲကဲတို့ ဘီယာပွဲတော်ကျင်းပသွားကြတာ လည်း သိပြီးမြင်ပြီးသား။ အဲဒါတွေကကော ဇာတ်လမ်းတွဲတွေထဲမှာ ရည်းစားနဲ့ကွဲလို့တစ်မျိုး၊ ပျော်လိုတစ်ဖုံဆိုပြီး ပျော်ပြမူးပြကြတဲ့ ကိုးရိုးယား မလေးတွေကို အားကျလို့လား။

သင်္ကြန်မဏ္ဍပ်စင်မြင့်တစ်ခုမှာ မူးရူးပြီး ဘီလူးမတွေ တိုင်ပွတ်တ,ကြတာရော အနောက်တိုင်းနိုက်ကလပ်တွေက ကော်ပီကူးတာ။ ဘီယာ



ဆိုင်တွေကလည်း ခွေးလှေးပျားတောနဲ့၊ ရပ်ကွက်တိုင်းမှာ စပျစ်သီးခိုင် တွေလို ပြွတ်ခဲနေတာ။ လူငယ်တွေ ရှောင်လို့မလွတ်ဘူး။ ပြောတော့ မယ်။ မြန်မာနိုင်ငံသာဆိုတယ်။ ခေတ်သစ်စီးပွားရေးနယ်ချဲ့၊ ယဉ်ကျေးမှု နယ်ချဲ့၊ လူမှုရေးနယ်ချဲ့သမားတွေ လက်ဝါးကြီးအုပ်ထားတာ သိသာ တယ်။ အတိုင်းသား။

****

မိဘတွေကပဲ မဆုံးမကြတော့လို့လား။ ကျောင်းတွေကပဲ မထိန်း ကြလို့လား။ ဆယ်ကျော်သက် (၇၀)ရာခိုင်နှုန်းလောက်က ပက်ပက် စက်စက် ရိုင်းကုန်ကြပါပြီ။

အဆိုးဆုံးကတော့ "ပါးကျိုးသွားမယ်" ဆိုတဲ့စကားဟာ ခေတ်နောက် ကျသွားရာက "သောက်ခွက်ကို ဖြတ်ရိုက်ပစ်လိုက်လို့" ဆိုတဲ့အသံတွေ မိန်းကလေး၊ယောက်ျားလေးပါးစပ်တွေမှာ ညံနေတာပါပဲ။ (အရင်းအတိုင်း ပြောရတာ ခွင့်လွှတ်)

ဘတ်စ်ကားပေါ်မှာ ခဏခဏကြုံဖူးတယ်။ ဆွမ်းခံဘုန်းကြီးကြွလာလို့ သံဃာခုံမှာ နေရာဖယ်မပေးဘဲ ခပ်တည်တည်ထိုင်နေကြတာတွေ၊ သက်ကြီး ရွယ်အို၊ ကိုယ်ဝန်ဆောင်တွေကို နေရာလုထိုင်ကြတာလည်းရှိရဲ့။ ကြည့် လိုက်တော့ လုံချည်ဝတ် မြန်မာမ၊ မြန်မာထီးလေးတွေ။

ဒါပေမယ့် စတော့ကင်ဝတ် အပျိုမလေးတစ်ယောက် ထ,ပေး

လိုက်တဲ့ မဂ်လာမြင်ကွင်းမျိုးလည်း တွေ့လိုက်ရသား။ ဂျယ်ထောင်ထားတဲ့ ကွာတာပင်နဲ့ လူငယ်လေးက "အဘလာထိုင်"ဆိုပြီး နေရာပေးတာလည်း ကြုံဖူးပါရဲ့။ ဩော်. . . လူငယ်တိုင်းလည်း ထင်သလောက် မရိုင်းဘူးပဲ။ ဒီနေရာမှာ အဓိက ဆိုလိုတာက စိတ်ဓာတ်တွေ အောက်တန်းသိပ်ကျလာတဲ့ကိစ္စ။

လမ်းပေါ်မှာ တစ်ယောက်ယောက် ငှက်ပျောခွံတက်နင်းလို့ဖြစ်ဖြစ်၊ ခြေချော်လဲတာပဲဖြစ်ဖြစ် ပြေးထူမယ်မထင်နဲ့။ တခစ်ခစ် တဟားဟားနဲ့ ဝိုင်းရယ်လိုက်ကြတာလေ။ အဲဒါ မြန်မာတွေပြောရင် မယုံနိုင်စရာ။

တစ်ခါက မြို့လည်ပလက်ဖောင်းပေါ်မှာ အသက်ကြီးကြီး ဦးပဉ္စင်းတစ်ယောက်ကို ရှပ်ပြာပြာနဲ့ သုတ်ခြေတင်လာတဲ့ ဂါဝန်ဝတ်မလေးက ဝင်တိုက်သွားတယ်။ ခြေလှမ်းသုံးလေးလှမ်းရောက်မှ ပြန်လှည့်ကြည့်ပြီး "ဆောရီးနော်" ဆိုပဲ။ သနားတယ်။ "ကန်တော့. . . ကန်တော့" ဆိုတဲ့စကား သူ့နှုတ်က ပြောမထွက်ဘူး ထင်ပါရဲ့။

နောက်. . . မကြားဝံ့မနာသာ အချင်းချင်းပြောကြတာရှိသေး၊ တစ်ယောက်ယောက် စကားများတာကို "ချီးမပေါက်နဲ့" ဆိုပဲ။ ပါးစပ်ကို ရွံ့စရာနဲ့ နှိုင်းပြောလိုက်တာကို ယဉ်ကျေးလိုက်တာလို့ ဆိုရမလား။ ရှေ့အစဉ်အဆက်က အီးပေါက်တာတောင် နားယဉ်အောင် "လေလည်တယ်" လို့သာ ယဉ်ယဉ်ကျေးကျေးပြောလာခဲ့တာပါ။

****



လမ်းကျဉ်းလေးမှာ နှစ်ယောက်ဆုံကြတယ်၊ တစ်ယောက်ကို ဦးစားမပေးဘူး။ အတင်း တိုးဝင်တိုးဖြတ်တယ်၊ လမ်းလုသွားတယ်၊ ရှေ့ဆင့် နောက်ဆင့်လာကြရင်လည်း တွန်းတွန်းတိုက်တိုက်နဲ့ ကျော်တက်သွား တတ်ကြတယ်။

စက်ဘီးနင်းလာတယ်၊ ခပ်လှမ်းလှမ်းရှေ့က လူဖြတ်မယ်ဆိုတာမြင်လျက်သားနဲ့ နောက်က ကွေ့ရှောင်မသွားဘူး၊ လူသွားမယ့်လမ်းကြောင်းတည့်တည့် အရှိန်ပြင်းပြင်း ဖွတ်ဖြတ်သွားတယ်။

စက်ဘီးချင်းဆုံတော့လည်း ဘာထူးလဲ။ ကိုယ်ကရှောင်ပေးလိုက်ရင် သူလည်း အန္တရာယ်ကင်း၊ ကိုယ်လည်း မနာရဘူး။ ဒီလို မစဉ်းစားဘူး။ လာရဲလာခဲ့။ သတ္တိရှိရင် လုပ်လိုက်ဆိုပြီး တည့်တည့်ကြီးကို ခေါင်းချင်းဆိုင်လိုက်တာ။ ပြီးတော့မှ ရန်ဖြစ်ချင်ဖြစ်ကြ၊ ရှေ့က အတင်းဝင်ဖြတ်လမ်းလု သွားတာလည်းရှိသေး။

ဒီလိုနဲ့ ဆိုင်ကယ်တိုက်မှုတွေက တောရော မြို့ပါ ဟိုးဟိုးကျော်လို့၊ တိုက်လိုက်ပြီဆိုလည်း သေကြကျေကြ၊ များသောအားဖြင့် လူငယ်တွေ၊ ကားတွေမှာလည်း ဒီအတိုင်းပဲ။ ပြိုင်မောင်းပြိုင်ကျော် ခေါင်းတည့်ဆိုင်၊ ဒုန်းခနဲဆို တုံးလုံးပက်လက် သွေးပွက်ပွက်၊ လူငယ်ဒရိုင်ဘာတွေပါပဲ။

ဒီဖြစ်ရပ်တွေကို အဖြေထုတ်ကြည့်၊ ဘာကြောင့်လဲ၊

အတ္တကြီးတာ၊ တစ်ကိုယ်ကောင်းဆန်တာ၊ အပြိုင်အဆိုင် အနိုင်ယူချင်တာ၊ အနိုင်ကျင့်ချင်တာ၊ ဘယ်သူသေသေ ငတေမာပြီးရောဆိုတဲ့

စိတ်ရှိင်းတွေ ဝင်လို့။

မေတ္တာ၊ ကရုဏာ၊ ကိုယ်ချင်းစာတရားတွေ ခေါင်းပါးကုန်ကြတာ။ လူစိတ်ပျောက်လို့ ဘီလူးစိတ်တွေ ပေါက်လာကြတာ။ ကြောက်စရာကြီးနော်။ ဒီလိုပုံအတိုင်း ရှေ့ဆက်သွားကြမယ်ဆိုရင်ဖြင့် . . .

****

လိမ်မယ်၊ လစ်မယ်၊ လုမယ်ဆိုတဲ့ လ,သုံးလုံးကြေသမားတွေ ပေါလာတယ်။ သတင်းစာ၊ ဂျာနယ်တွေမှာကြည့်ရင် အသက် (၂၀) အောက် လူငယ်တွေ အများကြီး။

တစ်ချို့ဆို ခေတ်ပညာတတ်၊ လူရည်သန့်လေးတွေပါ။ ဝမ်းနည်းစရာ ရင်လေးစရာပါပဲ၊ အရင်းစစ်လို့ အမြစ်လှန်လိုက်။ ပျော်ချင်ပါးချင်လို့၊ လွယ်လွယ်ရ လွယ်လွယ်သုံးဖို့။ အထူးသဖြင့် မူးယစ်ဆေးဖိုး ရှာကြတာတဲ့။ တစ်ချို့ကလည်း လောင်းကစားရှုံးလို့ ကြံဖန်တာဆိုပဲ။

မူးယစ်သားကောင်ဘဝမှာ ကလိမ်ကကျစ်နဲ့ ဘတ်တာလုတာ အဆင်မပြေရင် လူပါသတ်တဲ့အထိ ရက်စက်ဖို့ ဝန်မလေးကြတော့။

ဘောလုံးပွဲလောင်းကြတာ ယောကျ်ားလေးတွေတင်မက မိန်းကလေးတွေတောင်ပါတယ်ဆိုပဲ။ ရှုံးကြပြီဆိုလည်း သိန်းသောင်းချီလို့၊

ဒီတော့ အပတ်မလည်ဘဲ ဇယားတွေ နောက်ကုန်ကြရတာပါပဲ။ ဘာတွေဖြစ်ကုန်ကြတာလဲ။ "အရေးယူနှိမ်နင်းပါတယ်" ဆိုတဲ့ကြားက



မူးယစ်ဆေးတွေက ဘယ်ကထွက်လာမှန်းမသိ။ လောင်းကစားဒိုင်တွေ တိုးတိုး တိတ်တိတ် မှိုလိုပေါက်။

ဖွဟဲ့ . . . လွဲပါစေ၊ ဖယ်ပါစေ၊ ကောလဟလပဲဖြစ်ပါစေ၊ တက္ကသိုလ် ကျောင်းသူကျောင်းသားတွေကြားမှာတောင် "အဖော်"တွေ ဝေတယ် ဆိုလား။

လူငယ်တွေ ပျက်စီးချင်တိုင်း ပျက်စီးနေကြတာတော့အမှန်။

လူကြီးမိဘတွေက ဒီအတိုင်းလက်ပိုက်ကြည့်နေကြတော့မှာလား။ အစိုးရလူကြီးမင်းတွေကိုပဲ "လုပ်ကြပါဦး" လို့ တိုင်တည်ရတော့မှာလား။

****

လူဆိုတာ ခေတ်ရဲ့သားကောင်။ စံနစ်ရဲ့ကျေးကျွန်။ အတိတ်တစ်ခေတ်က ဆိုရှယ်လစ်ဆိုပြီး အမှောင်ရာစိုးခဲ့လို့ ရိုးရာဓလေ့တွေ၊ ဘာသာယဉ်ကျေးမှုတွေ၊ အကျင့်စာရိတ္တတွေ၊ စရိုက်ကောင်းတွေ ပျက်သွင်းခဲ့ရတဲ့ ဒဏ် ခုမှ ခံရလေပြီလား။

အိုင်တီခေတ်၊ ဒီခေတ်ကြီးမှာ တော်တဲ့လူငယ်တွေ အများတော်ပါတယ်။ ဘွဲ့အထပ်ထပ်ရသူတွေလည်း မနည်းမနောပါ။ နိုင်ငံခြားပညာသင်သူတွေ၊ ရာထူးကြီးစားတွေလည်း အားကျစရာတောင်တောင်း ငယ်ငယ်ရွယ်ရွယ်နဲ့ ကုမ္ပဏီပိုင်ရှင်သူဌေးကြီးတွေအထိ ရှိနေပါရဲ့၊ ဒါပေမယ့် ရာခိုင်နှုန်းတွက်ရင် အစိပ်လောက် (၂၅)ရာခိုင်နှုန်းလောက်

သာလို့ အားနာပါးနာနဲ့ ပျော့ပြောရတော့မှာပါပဲ။

ကျန်တဲ့လူငယ်တွေကတော့ အထက်မှာတင်ပြခဲ့တဲ့အတိုင်း၊ အနာဂတ်ပျောက်နေသလို လမ်းပေါ်မှာ လတ်ယားလတ်ယားနဲ့ လေလွင့်နေကြတယ်၊ လက်ဖက်ရည်ဆိုင်မှာ အချိန်ဖြုန်းနေကြတယ်။ အုပ်စုဖွဲ့ ဆေးမှုးပြီး ညကြီးသန်းခေါင် အသံသေး အသံကြောင်နဲ့ ထ,အော်နေကြတယ်။ ကောင်မလေးတွေကလည်း မလုံတလုံနဲ့ မော်ဒယ်ရှိုးလျှောက်တာကိုပဲ ဘဝထွက်ပေါက်လို့ ထင်ရာက လမ်းမှားရောက်နေကြရပြီ။ ကဲ. . . ဘာဆက်လုပ်ကြမလဲ။

★★★★

စာရေးသူတို့ငယ်ငယ်ကတော့ မိဘအိုးဘွားတွေက ဒီလိုနေ ဒီလိုထိုင် ဒီလိုစား ဒီလိုသွားလို့ အစစအရာရာ ကြပ်မတ်ဆုံးမမှုတွေ ပေးပါတယ်။

မူလတန်းကျောင်းသားဘဝမှာလည်း ပြည်သူ့နီတိတို့၊ မင်္ဂလသုတ်တို့၊ အခြေခံပရိယတ္တိ ဗုဒ္ဓဘာသာစာမေးပွဲတို့ သင်ရဖြေရ။

ဥပုသ်နေ့ဆိုလည်း ကျောင်းအုပ်ဆရာကြီးက သင်ခန်းစာယူစရာ ပုံပြင်လေးတွေနဲ့ ဩဝါဒစကားပြော။

ဆရာဆရာမတွေကလည်း တာဝန်ကျေကျေနဲ့ ကျောင်းသားတွေကို သားသမီးရင်းခြာနဲ့မခြား ပြုစုစောင့်ရှောက်၊ လိမ္မာရေးခြားရှိအောင်



ပညာသင်ပေးရုံမက မုန့်ပါကျွေးသေးတာ။

အရွယ်ရောက်လာပြီ၊ စာဖတ်တတ်နေပြီ။ ဒီတော့လည်း ဗဟုသုတ/ဟင်းလေးအိုးကြီးတွေဖြစ်တဲ့ ပြန်ကြားရေးဌာန စာကြည့်တိုက်၊ စာပေဗိမာန်စာကြည့်တိုက်၊ ပြည်သူ့စာကြည့်တိုက်ဆိုတဲ့ အခမဲ့ စာကြည့်တိုက်တွေမှာ ကြိုက်ရာစာအုပ်ငှားဖတ်ကြ၊ ရပ်ကွက်စာကြည့်တိုက်ဆိုလည်း ပေါမှပေါ။

စာမျိုးစုံဖတ်တဲ့ကျေးဇူးကြောင့် လူပေလူတေ မောင်လေပွေဖြစ်ရမယ့်အစား ခုလို စာရေးဆရာတောင် ဖြစ်ခဲ့ရ။

ခုလည်း ဝမ်းသာအားတက်စရာတော့ အကောင်းသား။ အထက်တန်းအဆင့်ထိ ယဉ်ကျေးလိမ္မာသင်တန်းတွေ ဘုန်းတော်ကြီးတွေက ဖွင့်ပေးကြပြီ။

အစိုးရစာကြည့်တိုက်တွေ၊ စေတနာ့ဝန်ထမ်းစာကြည့်တိုက်တွေသည်း အလျှိုလျှိုပေါ်နေပါပြီ။

အနှစ် (၄၀)လောက်ဆိုပေမယ့် နောက်မကျသေးဘူး ပြောရမှာပဲ။ ချက်အစဉ် ပြင်ခဏတဲ့၊ လူငယ်တွေ စာဖတ်ကြဖို့ပဲ လိုပါတော့တယ်။ အလိမ္မာ စာမှာရှိတာကိုး။

သိပ္ပံဘက်ချည်း မဲမနေပါနဲ့၊ ဝိဇ္ဇာပညာရပ်ဆိုတဲ့ အတွေးအခေါ်အမြော်အမြင်တွေ အားကောင်းဖို့လည်း ကြိုးစားရပါဦးမယ်။ တစ်ချိန်က သိပ္ပံမှသိပ္ပံဆိုပြီး ဝိဇ္ဇာကို အဝိဇ္ဇာမှောင်ချခဲ့လို့ စုံလုံးကန်းဘဝတွေရောက်ခဲ့ကြရတာပါ။

ကိုယ့်ဘာသာ ကိုယ့်ယဉ်ကျေးမှုကို လေးလေးစားစား သိသင့်တယ်။

< ကိုယ့်နိုင်ငံပထဝီကို မြင်ကြည့်တတ်ရမယ်။

နိုင်ငံရဲ့သမိုင်းကို ကောင်းကောင်းကြေညက်ရမယ်။

ကမ္ဘာ့သမိုင်းကို ထဲထဲဝင်ဝင် လေ့လာရမယ်။

ဆရာကြီး ဒေါက်တာသန်းထွန်းမိန့်ကြားခဲ့သလို သမိုင်းသင်တာလူလိမ်မခံရဖို့ပဲလို့ နားလည်ကြရမယ်။ >

အတိတ်က သင်ခန်းစာယူ

အနာဂတ်ကောင်းကျိုးကို မျှော်မှန်း

ပစ္စုပ္ပန်မှာ တည်ဆောက်။

* * * *

သွားစမ်းပါ။ ဒါမျိုးတွေ ရိုးနေပြီလို့ပဲ ပြောချင်ပြော၊ တူးသောင်ဖင်တွဲလ်မော်ဒန်တွေကြားမှာ တွမ်တီးစင်ကျူရီက ကလီရှေးကြီးလေသံနဲ့ ဦးနှောက်တွေ လာမစားစမ်းနဲ့လို့ အပြစ်တင်ချင်တင်။

နီတိဆရာကြီးစတိုင်ဖမ်းပြီး ဘာရိုင်တွေပေးတယ်လို့ပဲ ထင်ချင်ထင်။

စာရေးသူဟာ လူငယ်တွေကို ချစ်တယ်။ လူငယ်တွေကို လေးစားတယ်။ လူငယ်တွေကို တန်ဖိုးထားတယ်ဆိုတဲ့စကားကိုတော့ ယုံလိုက်ပါ။ အရင်းခံ ဒီစေတနာနဲ့ မေတ္တာစကားလေးတွေ လက်ဆောင်ပေးပါရစေ။



လူငယ်တွေကို ဗဟိုပြုပြီး ပြောချင်တာတွေ အားကြီးကြီး။

အမိန့်ပေးတာ မဟုတ်ဘူးနော်။

တော်ကြာ အမိန့်တွေပေးတာ မကျေနပ်ဘူးဆိုပြီး ကော်နီသီချင်းသဟစ်နေကြမှာ စိုးရသေး။

ကိုင်း. . . ပြောလိုက်ပြီ။

♣ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ဦးထိပ်ထား
မိဘစကားနားထောင်
ဆရာသမားတွေကို အရေးထားပါ၊ လေးစားပါ။

♣ ပညာတတ်အောင် ကြိုးစားပါ။
ကြိုးစား၊ ကြိုးစား၊ ထပ်ပြီး ကြိုးစား။

♣ ရိုးသားဖြောင့်မတ်ပါ။
ရိုးဂုဏ် တစ်သက်စားမကုန်။
ရိုးသားမှုဟာ ဒီနေ့ထိ ကမ္ဘာပေါ်မှာ ခေတ်စားနေတုန်း

♣ ခေတ်မီတိုးတက်ပါစေ
ခေတ်လွန် တိုးမတက်ပါစေနဲ့။

♣ ဘာမဆို မလုပ်ခင်စဉ်းစား
စဉ်းစားပြီးမှလုပ်။

♣ အချိန်ကို လေးစား။
အချိန်ဟာ ရွှေထက်အဖိုးတန်တယ်။
နောင်းသွားတဲ့အချိန်တွေ ပြန်လိုချင်လို့ ရမှာမဟုတ်။
အဓိပ္ပါယ်မဲ့ အချိန်မဖြုန်းမိဖို့ သတိပြု။

♣ ကိုယ့်ကိုယ်ကို တန်ဖိုးထား။
လူ့ဘဝကို တန်ဖိုးထား။

♣ လူလူချင်း တန်ဖိုးထား၊
လူလိုသိ၊ လူလိုမြင်။
လူကို လူလိုဆက်ဆံမှ လူပီသမယ်။
လူအချင်းချင်း စာနာညာတာ မေတ္တာပွား။

♣ ယဉ်ကျေးပါ၊ သိမ်မွေ့ပါ။
ရိုင်းစိုင်းတာ သူ့ဖို့၊ ယဉ်ကျေးတာ ကိုယ့်ဖို့။
ဘယ်သူဘယ်လောက်ပဲ ရိုင်းရိုင်း ကိုယ်မရိုင်းပါနဲ့။
အထက်တန်းစားစိတ် မွေးပါ။



♣ တစ်ကိုယ်ကောင်း မဆန်နဲ့။
အတ္တနဲ့ ပရ မျှပါစေ။
သူ့အကျိုး ကိုယ့်အကျိုးကြည့်။
အများအကျိုးဆောင်။

♣ ဘာမဆို စေတနာထားပြီးလုပ်။
လိုချင်လောဘကို ရှေ့တန်းမတင်ပါနဲ့။
အလွယ်လမ်း ဖြတ်လမ်းတွေလိုက်ရင် ဒုက္ခများသွားမယ်။

♣ စိတ်ချမ်းသာအောင် ပျော်ပျော်နေ။
အပျော်တော့ မကျူးပါနဲ့။

♣ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးကို အမြတ်တနိုးချစ်၊
ကိုယ့်ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်၊
လူမျိုးခြားတိုင်းတစ်ပါး ယဉ်ကျေးမှုဟာ
အထင်ကြီးစရာမဟုတ်

♣ ကိုယ့်နိုင်ငံသမိုင်းကို ကျနလေ့လာ။
ခေတ်သမိုင်းကိုကြည့်။

♣ စာဖတ်ပါ၊ စာဖတ်ပါ၊ တွေ့သမျှ စာဖတ်ပါ။
ဖတ်ပါ၊ မှတ်ပါ၊ လိုက်နာပါ၊ ကျင့်ဆောင်ပါ။

♣ မိတ်ဆွေစစ်ကို ရှာ။
မိတ်ဆွေတုကို ရှောင်။
မိတ်ဆွေဆိုးကို ကြဉ်။
မိတ်ဆွေကောင်းကို ပေါင်း။

♣ ဒေါသစိတ်ထိန်း၊ သည်းခံစိတ်မွေး
မျှဝေခံစား။
ပေးပြီးမှယူ၊ မတန်တဆတော့ မယူသင့်။
အပေးအယူမျှပါစေ။

♣ အတွေ့အကြုံတွေက သင်ခန်းစာယူ
အမှားသိရင် အမှန်ပြင်

♣ လောကခံကို ရင်ဆိုင်။
ရဲရင့်သတ္တိရှိ။
စွန့်လွှတ်စွန့်စား
မြန်မာ့သွေးကိုပြ။



တော်ပါတော့၊ များနေပြီ၊ ဒါတောင် ကျန်သေးတယ်၊ မနည်းဘူး။ လူငယ်တွေ ကောင်းစေချင်လွန်းလို့၊ တိုင်းပြည်ကြီး သာယာလှပစေချင်တဲ့ စိတ်နဲ့။

ကျားလျှာလေးနဲ့ ချောပေးတာပါနော်။

ညီညီနိုင်

****

သို့

စာပေဝါသနာရှင်နှင့် စာဖတ်သူပရိသတ်များထံသို့

ဓေတ်ကြေးမုံ(လူငယ်အောင်မြင်ရေးစာစုများ)အတွက် ဝေဖန်အကြံပြုချက်များ၊ စာမူကိုစွများ၊ လူငယ်အောင်မြင်ရေးစာစုအတွက် ကလောင်သစ်များကို လိုက်လံရှာ ဖိတ်ခေါ်အပ်ပါသည်။

**ခေတ်ကြေးမုံစာတည်းအဖွဲ့**

**စိန်မိုးယံစာပေ**
အမှတ်(၁၅)၊ အောင်တော်မူလမ်း၊
မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉၅၁၈၄၁၀၀
Email ; DiamondSkyPublishing@gmail.com
FB ; Facebook.com/DiamondSkyPublishing


သို့

စာပေဝါသနာရှင်နှင့် စာဖတ်သူပရိသတ်များထံသို့

ဓေတ်ကြေးမုံ(လူငယ်အောင်မြင်ရေးစာစုများ)အတွက် ဝေဖန်အကြံပြုချက်များ၊ စာမူကိုစွများ၊ လူငယ်အောင်မြင်ရေးစာစုအတွက် ကလောင်သစ်များကို လိုက်လံရှာ ဖိတ်ခေါ်အပ်ပါသည်။

**ခေတ်ကြေးမုံစာတည်းအဖွဲ့**

**စိန်မိုးယံစာပေ**
အမှတ်(၁၅)၊ အောင်တော်မူလမ်း၊
မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉၅၁၈၄၁၀၀
Email ; DiamondSkyPublishing@gmail.com
FB ; Facebook.com/DiamondSkyPublishing



## ဘဝ၏ တက်လမ်းများ

### တစ်ခုတည်းသော ဦးတည်ချက်

နောင်တော်စာရေးဆရာတစ်ယောက်က ဩဝါဒစကား ဆိုခဲ့ဖူးသည်။

"ငါ့ညီ. . . မင်းဘဝမှာ မင်းဘာဖြစ်သလဲ။ ဖြစ်ချင်တာကို အသေအချာစဉ်းစား၊ စဉ်းစားပြီးမှ ဆုံးဖြတ်ပါ။ အဲသည်ဆုံးဖြတ်ချက်ဟာ ဘယ်အကြောင်းကိစ္စနဲ့မှ ယိမ်းယိုင်မသွားပါစေနဲ့။ ဖြစ်ချင်တာ သေချာပြီဆိုရင် သတ်သတ်မှတ်မှတ် ဦးတည်ချက်တစ်ခုတည်းပဲ ထားရမယ်။ ဟိုလူပြော . . ဟုတ်နိုး၊ သည်လူပြော. . . ဟုတ်နိုးဆိုရင် သွားပြီသာမှတ်တော့" တဲ့။

စေ့စေ့တွေးကြည့်တော့ သည်စကားက သွေးထွက်အောင် မှန်လှချေ၏။ မိမိ၏ ဖြတ်သန်းမှုကာလတစ်လျှောက်၌ ဟိုနေရာစပ်စပ်၊ သည်နေရာစပ်စပ်၊ ဟိုနေရာဝင်လုပ်၊ သည်နေရာဝင်လုပ်လိုက်နှင့် ဦးတည်ချက် ဝေဝါး၊ ထွေပြားနေသူတွေကို တွေ့ခဲ့ရဖူးသည်။ ထိုသူတို့မှာ ခုန်ထွက်သွား လေ့မရှိ။ အောင်မြင်မှုတွေလည်း အလွဲလွဲအချော်ချော်။

မိမိတို့ တက္ကသိုလ်စာသင်သားဘဝတုန်းကလည်း သည်လိုလွဲချော်



သည့် ဖြစ်ရပ်သာဓကတွေကို တွေ့ဖူးသည်။ အရောင်းအဝယ်၊ ကုန်သွယ်မှုအပေါ် ဝါသနာပါသော သူငယ်ချင်းတစ်ယောက်။ အမှန်တကယ် သူမွေးချယ်တတ်သင့်သည်က စီးပွားရေးတက္ကသိုလ်သာဖြစ်၏။ သို့ရာတွင် စာပေသမားတစ်ယောက်ဖြစ်ရန် ဝါသနာထုံသော မိမိအားခင်မင်မှုကို အကြောင်းပြု၍ စီးပွားရေးတက္ကသိုလ်မတက်ဘဲ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်တက်ကာ မိမိယူသော မြန်မာစာဘာသာရပ်ကို လိုက်ယူသည်။ စာဖတ်ဝါသနာ မပါ၊ ကဗျာမပြောနှင့် ခေတ်ကာလပေါ်ဝတ္ထုတစ်ပုဒ်တစ်လေမျှကိုပင်လျှင် ခံစားဖတ်ရှုခြင်း မရှိသောသူအဖို့ စာသင်နှစ်တွေကုန်ဆုံးတော့ ဝိဇ္ဇာဘွဲ့ ရိုးရိုးကလေးတစ်ခုသာ ပိုက်သွားနိုင်ခဲ့သည်။ ဘာမျှ ထူးထူးခြားခြား ဖြစ်မလာခဲ့။ တကယ်ဆိုလျှင် စီးပွားရေးတက္ကသိုလ်သာ သူတက်ရောက်ဖြစ်ခဲ့ပါက ထူးချွန်ကောင်းထူးချွန်လာနိုင်သည်။ သို့တည်းမဟုတ် သူကျင်လည်ကျက်စားမည့် စီးပွားရေးဝန်းကျင်နယ်ပယ်၌ အောင်မြင်မှုရမှာ သေချာသည်။

လူတိုင်း၊ လူတိုင်းတွင် မမြင်နိုင်သော စွမ်းအားများရှိကြ၏။ သည်စွမ်းအားများကို ခိုင်ခိုင်မာမာချမှတ်ထားသည့် ဦးတည်ချက်တစ်ခုတည်းနှင့် ပေါင်းစပ်လိုက်ပါက အောင်မြင်မှုရလိမ့်မည်မှာ အသေအချာပင်။

ဦးတည်ချက် တစ်ခုတည်းမရှိသူ၊ တစ်သမတ်တည်း မရှိသူအဖို့ အောင်မြင်မှုဟူသည် နီးမလိုလိုနှင့် ဝေးတတ်စမြဲဖြစ်သည်။ စွမ်းအင်တို့ စုစည်းမှုမရှိဘဲ ပြန့်ကြဲနေပါက အာရုံစူးစိုက်မှုတို့မှာလည်း ပျက်ပြားတတ်သည်သာပင်။

လူအချို့သည် တစ်ခုမကောင်း၊ တစ်ခုပြောင်းတတ်ကြသည်။ ထိုသူတို့အဖို့ နကိုမူလကတည်းက ဦးတည်ချက်တစ်ခုတည်း ထားရှိခြင်း မဟုတ်သည့်အတွက် ဟိုပြောင်းသည်ပြောင်း လုပ်နေကြရခြင်းဖြစ်ပေရာ အောင်မြင်မှုဟူသည်မှာလည်း အလွဲလွဲအချော်ချော် ဖြစ်နေတတ်ပေသည်။ တစ်ခုမကောင်း၍ တစ်ခုပြောင်းလိုက်သည့်အတွက် အချိန်တွေကုန်ခဲ့ရ၏။ ပြောင်းလိုက်သောတစ်ခုအတွက်လည်း အချိန်တွေပေးရပေဦးတော့မည်။ အခြေအနေကို ကနဦးမှစရသည့်အတွက် ရလဒ်အဖြေမှာလည်း အောင်မြင်မည် မအောင်မြင်မည် မသေချာပေ။

သို့ဖြစ်၍ ဘဝ၌ မိမိရည်မှန်းရာသို့ ရောက်ရှိအောင်မြင်လိုသူအဖို့ တစ်ခုတည်းသော ဦးတည်ချက်ကို ချမှတ်လျက် ဦးတည်ရာလမ်းကြောင်းအတိုင်း အာရုံစူးစိုက်ကာ လေ့ခွက်ချည်းကျန် အလံမလှဲစတမ်း စိတ်ဓာတ်ကို ထားရပေလိမ့်မည်။

ယနေ့လက်ရှိ အောင်မြင်နေကြသူတို့ကို လေ့လာဆန်းစစ်ကြည့်လျှင် စိုက်ကော်၍ ချုပေါ်သို့ ရောက်ကြခြင်းမဟုတ်။ "ငုတ်မိသဲတိုင် တက်နိုင်ဖျားရောက်" ဆိုသောစိတ်ဓာတ်မျိုးဖြင့် လောကဓံကို ကြံ့ကြံ့ခံကာ လုံ့လအားထုတ်ခဲ့ခြင်းကြောင့်သာ ဖြစ်ပေ၏။

* * * *



**အလေးအနက်ထားဝါ မထွေးပျယ်မထွားဝါနဲ့**

ဘဝဟူသည် အမိဝမ်းမှကျွတ်ပြီး ကွယ်လွန်ချိန်အထိဟု အချို့က ဆိုကြ၏။ အချို့ကလည်း ဘဝဟူသည် လောကဓံနှင့်စီးချင်းထိုးခြင်း ဟူ၍လည်း ကဗျာဆန်ဆန်ပြောကြ၏။ အချို့ကလည်း ဘဝဟူသည် တိုက်ပွဲဟူ၍လည်း ပြတ်ပြတ်သားသား ဆိုကြ၏။ သူ့အမြင်နှင့်သူ၊ သူ့ဒဿနနှင့်သူ မှန်ကန်ကောင်းမွန်ကန်နေပေလိမ့်မည်။

ဘဝတစ်ခုဖြစ်တည်လာလျှင် အောင်မြင်စွာတည်ဆောင်နိုင်ဖို့ လိုပေလိမ့်မည်။ ဘဝ၌ အောင်မြင်နေသူတို့ကို လေ့လာကြည့်လျှင် သွေးကြောင်၍ ဘေးရှောင်နေသူများ မဟုတ်ကြ။ သွေးပျက်၍ ဘေးထွက်နေသူများ မဟုတ်ကြ။ သူတို့သည် ဘဝတစ်ခုကို အလေးအနက်ထားကာ လောကဓံ ကို ကြံ့ကြံ့ခံနိုင်ခဲ့ကြသူများ ဖြစ်နေကြသည်။

သူတို့မှာ ဦးတည်ချက် ရှိသည်။

ရည်ရွယ်ထားသော ပန်းတိုင်ရှိသည်။

သူတို့၌ ရှိသောဦးတည်ချက်ကို သံမှိုစွဲလျက် ရည်ရွယ်ထားသော ပန်းတိုင်ရှိရာထံ လျှောက်လှမ်းကြသော်လည်း မည်သို့သောအခါမျှ ပေါ့ပေါ့ဆဆ မနေခဲ့ကြ။ မပြောမဆိုခဲ့ကြ။ မလုပ်မကိုင်ခဲ့ကြ။ အသေးအဖွဲတို့မှ ကလေးများကို လစ်လျူရှုခြင်းမပြုဘဲ အလေးအနက်ထားလုပ်ဆောင်ခဲ့ကြသည်။

မမ္ပပဒမှ မဂ္ဂဝင်လာ ပေါ်ဒွိလမထေရ်ဆိုလျှင် ပိဋကတ်သုံးပုံကို အာဂုံဆောင်နိုင်သော မထေရ်ဖြစ်၏။ သို့ရာတွင် သံသရာဝဋ်ဆင်းရဲမှ

လွတ်မြောက်ရန်အတွက် အားထုတ်ခြင်းမပြုဘဲ ပညာမာန်ယစ်နေသူဖြစ်၏။ သည့်အတွက် ဂေါတမဘုရားရှင်က ပေါဋ္ဌိလမထေရ်ကို မြင်လေတိုင်း "အချည်းနှီးပေါဋ္ဌိလ. . . အချည်းနှီးပေါဋ္ဌိလ" ဟူ၍ပင် စကားချီလေ့ရှိ၏။ ထိုသို့ကြားရဖန်များလာသည့်အခါ ထိတ်လန့်လာခဲ့၏။

"ငါဟာ. . . အဋ္ဌကထာနဲ့တကွ ပိဋကတ်သုံးပုံကို အာဂုံဆောင်နိုင်သူ ဖြစ်ပေတယ်။ ရဟန်းငါးရာတို့ကိုလည်း သင်ကြားပို့ချပေးနေတဲ့သူ။ ဒါပေမယ့် ဘုရားရှင်က ငါနဲ့ဆုံတွေ့လေတိုင်း "အချည်းနှီးပေါဋ္ဌိလ" လို့ပဲ မိန့်တော်မူခဲ့တယ်။ ဒါဟာ ငါ့အနေနဲ့ ရဟန်းကိစ္စမပြီးသေးလို့ပဲ"

သည်သို့တွေးတော ဆင်ခြင်မိပြီးသည့်နောက် တောထွက်ခဲ့လေ၏။ တောတွင်း၌ရှိကြကုန်သော မထေရ်ကြီးများထံ တပည့်ခံ၏။ မထေရ်ကြီးတို့က လက်မခံဘဲ တစ်ပါး၊ တစ်ပါးဆီစေလွှတ်ရင်းမှ နောက်ဆုံးခုနစ်နှစ် အရွယ်သာမဏေငယ်လေးထံ ရောက်လာခဲ့၏။

စင်စစ် မိမိက မထေရ်ကြီး။ သူက သာမဏေငယ်။

သို့ရာတွင် သူသည် သွေးမပျက်ခဲ့။ အလေးအနက်ထားကာ သာမဏေငယ်ကလေးကိုပင် ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးလျက် တပည့်ခံခဲ့၏။ (စင်စစ် သာမဏေငယ်လေးမှာ အရဟတ္တဖိုလ်ဆိုက်နေပြီးသားဖြစ်၏) သာမဏေငယ်လေး ခိုင်းစေသမျှကို ကျိုးနွံစွာလုပ်ဆောင်၏။ သူ့အတွက် ဦးတည်ချက်လည်း ထားရှိပြီးဖြစ်၏။ ရည်မှန်းရာပန်းတိုင်လည်း ရှိနေပြီး ဖြစ်၏။ ပန်းတိုင်ရောက်ဖို့ရာ အလေးအနက်ထား၏။

ဤတွင် သာမဏေငယ်လေး ဥပမာပြသော ဖွတ်တောင်ပို့ကို



ဥာဏ်ဖြင့် ဆင်ခြင်ကာ မနောဒွါရမှအပ စက္ခုဒွါရ၊ သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှာဒွါရ၊ ကာယဒွါရ စသည့် ငါးဒွါရတို့ကိုပိတ်၍ မနောဒွါရကမှဉာဏ်စီးဖြန်းခြင်းဖြင့် ပန်းတိုင်ဖြစ်သော အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့ရသည် မဟုတ်ပါလော။

သို့ဖြစ်၍ အောင်မြင်ပေါက်ရောက်လိုသူအတိုင်းအဖို့ အရာရာကို ဥပေက္ခာမထားဘဲ အလေးအနက်ရှိဖို့ လိုအပ်လှပါ၏။

****

**ထယ်အရပ်မှာ နေရစေလဲ**

မိမိဘဝမှာ အောင်မြင်တိုးတက်ကြီးပွားချမ်းသာလိုကြသူများအနေဖြင့် နက်သန်နေရာမှန်ကို ရွေးချယ်တတ်ဖို့ လိုပေလိမ့်မည်။ သည့်အတွက် "လူမှန်-နေရာမှန်" ဆိုသည့်စကား ပေါ်ထွန်းလာခြင်း ဖြစ်ပေလိမ့်မည်။ ဂေါတမဘုရားရှင်ဟောကြားတော်မူသည့် မင်္ဂလာသုတ်တော်တွင်

✗ "ပတိရူပ ဒေသ ဝါသောစ

တော် မင်္ဂလ မုတ္တမံ"

ဟု တွေ့ရှိရသည်။ ဆိုလိုရင်းအနက်ကား

"သင့်တင့်လျောက်ပတ်သော အရပ်၌ နေရခြင်းသည် မြတ်သော မင်္ဂလာမည်၏"

ဟူ၍ ဖြစ်လေ၏။

အောင်မြင်လိုသူ၊ ကြီးပွားချမ်းသာလိုသူတို့အဖို့ မိမိတို့နေထိုင်သင့် နေထိုင်အပ်သော အရပ်ဒေသတို့ကို ရွေးချယ်နေထိုင်တတ်ကြဖို့ လိုပေ၏။ ဘုရားဟောနိပါတ်တော်တစ်ခု၌ ဘီလုံးငှက်ငယ်သည် မိမိနှင့် သင့်တင့်လျောက်ပတ်သောနေရာ၌ မနေမိသည့်အတွက် စွန်ရဲ၏ ထိုးသုတ်ခြင်းကို ခံခဲ့ရ၏။ ထိုအခါ ဘီလုံးငှက်ငယ်က-

"ငါ့အရပ်မဟုတ်၍ စွန်ရဲ၏ ထိုးသုတ်ခြင်းကို ခံရ၏။ ငါ့အရပ် ဖြစ်ပါ မူ ထိုးသုတ်နိုင်လိမ့်မည်မဟုတ်"

ဟုဆို၏။ စွန်ရဲလည်း ထိုစကားကို ကြားသည့်အခါ မခံချင်စိတ်ဖြင့် ဘီလုံးငှက်ငယ်၏အရပ်ဖြစ်သော ထွန်စာခဲများရှိရာ လယ်ကွင်းပြင်သို့ လွှတ်ပေး၏။ ဘီလုံးငှက်ငယ်လည်း သင့်တင့်လျောက်ပတ်သည့် နေရာသို့ ရောက်သောအခါ ကျစ်စာခဲပေါ်တက်၍ စိန်ခေါ်၏။ စွန်ရဲလည်း မလောက်လေးမလောက်စားက စိန်ခေါ်သည်ဟုဆိုကာ ကောင်းကင် ထက်မှ တစ်ရှိန်ထိုးဆင်းလျက် ဘီလုံးငှက်ငယ်ကို သုတ်၏။ ဤတွင် ဘီလုံးငှက်လည်း မြေစာအတွင်းသို့ဝင်ကာ ပုန်းအောင်းလေတော့၏။ ထိုအခါ မြေကျစ်စာခဲနှင့် စွန်ရဲ၏ ရင်ဘတ်တို့မှာ ပြင်းစွာရိုက်ခတ်မိ လေ၏။ ထို့နောက် စွန်ရဲလည်း ကောင်းကင်ထက်ပျံတက်၏။ ဘီလုံးငှက် လည်း ကျစ်စာခဲပေါ်ပြန်တက်ပြီး စိန်ခေါ်လေ၏။ စွန်ရဲလည်း ထိုးဆင်း ၏။ ဘီလုံးငှက်လည်း မြေအောက်သို့ ဝင်ပုန်း၏။ စွန်ရဲ၏ရင်ဘတ်နှင့် မြေစာခဲတို့ ပြင်းစွာရိုက်ခတ်မိ၏။ ဤသို့အကြိမ်ကြိမ်အခါခါ ပြုသည်



ရှိသော် စွန်ရဲလည်း ရင်ကွဲ၍ သေပွဲဝင်ခဲ့ရ၏။

သည်သာဓကကို ကြည့်လျှင် ဘီလုံးငှက်ငယ်သည် သင့်တင့် လျောက်ပတ်သော နေရာ၌ နေထိုင်၍ဖြစ်ပေသည်။

သင့်တင့်လျောက်ပတ်ခြင်း မရှိ။ မနေသင့်၊ မထိုင်သင့်သော အရပ်၌ နေထိုင်မိသူတို့အဖို့ ကြီးပွားအောင်မြင်တိုးတက်ဖို့ရာ ဝေးစွ။ ပျက်စီးဆုတ် ယုတ်ရလေသော အဖြစ်အပျက်သာဓကတွေဆိုသည်မှာ မိမိတို့ပတ်ဝန်းကျင်တွင် အများကြီးဖြစ်လေသည်။

စာပေသမားတစ်ယောက်အဖို့ ရင်းအတွက် သင့်တင့်လျောက်ပတ် သောနေရာမှာ စာပေဝန်းကျင်အသိုင်းအဝိုင်း၌ပင် ဖြစ်လေသည်။ စာပေ သမားတို့နှင့်တွေ့ဆုံကာ အသိဉာဏ်ချင်း ဖလှယ်၊ တင်ပြ၊ ဆွေးနွေး၊ အားကျစရာပုဂ္ဂိုလ်ကို စံထားအတုယူလျက် အားထုတ်ခြင်းဖြင့် စာပေစင် မြင့်၌ ပွဲလယ်တင့်လေမည်သာဖြစ်၏။ စာပေသမားမှမဟုတ်၊ အခြား အခြားသော သူတို့သည်လည်း မိမိတို့ဘဝ တိုးတက်မြင့်မားရလေအောင် အထောက်အကူပြုနိုင်သည်၊ အားကိုးအားထားပြုလောက်သည့် ရည်မှန်း ချက်ပန်းတိုင်နှင့် နီးစပ်နိုင်သည့် အရပ်ဒေသတို့ကို ရွေးချယ်ရပေလိမ့်မည်။ အားကိုးအားထားမပြုလောက်သည့် ရည်မှန်းချက်ပန်းတိုင်နှင့် အလှမ်း ဝေးသည့် အရပ်ဒေသတို့ကို ရှောင်ရှားရပေလိမ့်မည်။

ကိုယ်ကောင်းလျှင် ခေါင်းဘယ်မရွေ့ဟူသော်ငြား ကိုယ်ကလည်း ကောင်း၊ ပတ်ဝန်းကျင်ကလည်းကောင်းဆိုသည့် အရပ်ဒေသကို ရွေးချယ် သင့်ပါ၏။

## အောင်မြင်မှုအပေါ်ကျေနပ်ခြင်း

လူတိုင်း အောင်မြင်လိုကြသည်။ ဒါသည် သဘာဝတရားဖြစ်၏။

သို့ရာတွင် အောင်မြင်လိုကြသူတိုင်း အောင်မြင်အောင် ဦးတည်ချက်ထား၍ ကြိုးစားကြပါ၏လော။

ဤသို့ ဦးတည်ချက်ထား၍ ကြိုးစားခြင်း၊ မကြိုးစားခြင်းကပင်လျှင် အောင်မြင်မှုတွေ ရှိလာခဲ့ကြသည်။ "ထင်သာထင် . . . မဝင်" ဆိုသည့် မအောင်မြင်မှုတွေရှိလာကြသည်။

ဘဝ၌ အောင်မြင်ကြီးပွားတိုးတက်ဖို့ လုပ်ဆောင်ရသည်မှာ မလွယ်ကူကြောင်း (အထူးသဖြင့် ကိုယ်ထူးကိုယ်ချွန်သမားတွေ) သိကြပါလိမ့်မည်။ အခက်အခဲ အတားအဆီးမှန်သမျှသည် ခါးသီးလွန်းလှသလောက် အောင်မြင်မှုမှာမူ ချိုမြိန်လှပေ၏။ အခက်အခဲအတားအဆီး မှန်သမျှကို ကျော်လွှားဖြတ်သန်းပြီး အောင်မြင်မှုရရှိလာရာ၌လည်း ထိုအောင်မြင်မှုကို ပြန်လည်မကျရှုံးရလေအောင် ထိန်းသိမ်းရခြင်းမှာလည်း ခက်ခဲလှပါ၏။ အချို့ အအောင်မြင်ကြီးအောင်မြင်ခဲ့ပြီးမှ ထင်မှတ်မထားနိုင်လောက်အောင် ကျရှုံးသွားခဲ့ကြသည်ကို မြင်တွေ့ရဖူးသည်။

"ဆင်းရဲသည့် ဒဏ်ကို ခံနိုင်၏။ ချမ်းသာသည့်ဒဏ်ကိုမူ မခံနိုင်" ဟူသော စကားနှင့်လျော်ညီစွာပင် "ကျရှုံးသည့်ဒဏ်ကို ခံနိုင်၏။ အောင်မြင်သည့် ဒဏ်ကိုမူ မခံနိုင်" ဟုဆိုရလေမည်လား။ ဆင်းရဲခြင်း၏ တစ်ဖက်တွင် ချမ်းသာခြင်းရှိ၏။ ကျရှုံးခြင်း၏တစ်ဖက်တွင် အောင်မြင်ခြင်းရှိ၏။ ထိုအတူပင် ချမ်းသာခြင်း၏တစ်ဖက်တွင် ဆင်းရဲခြင်းရှိသကဲ့သို့



အောင်မြင်ခြင်း၏ တစ်ဖက်တွင်လည်း ကျရှုံးခြင်းတို့ ရှိနေစမြဲပင်။

"ဘဝဟူသည် နေတတ်လျှင် ကျေနပ်စရာတွေချည်း" ဟု ဆိုကြ၏။ ဒါကတော့ တရားသဘောနှင့် ကောက်ချက်ပြုခြင်း ဖြစ်ပေလိမ့်မည်။

အောင်မြင်မှုပန်းတိုင်သို့ ရောက်ဖို့ရာ ဝုန်းခနဲတက်၍မရ၊ လှေကားထစ်များသဖွယ်တစ်ဆင့်ချင်း၊ တစ်ဆင့်ချင်း တက်သွားရသည်။ ဝုန်းခနဲတက်ခြင်း၏ တစ်ဖက်တွင် ဝုန်းခနဲကျခြင်းရှိ၏။ တစ်ဆင့်ချင်းတက်လျှင် ကျလျှင်လည်း တစ်ဆင့်ချင်းကြမည့်သဘောပါပေ။ တစ်ဆင့်ချင်းတက်ရာ၌ လက်ရှိရောက်နေရာ၊ ရပ်တည်နေရာကို ခိုင်မာမှုရှိမရှိ ဆင်ခြင်သုံးသပ်ရ၏။ ခိုင်မာမှုရှိမှသာ နောက်တစ်ဆင့်ကို တက်လှမ်းနိုင်ပေလိမ့်မည်။ အလှမ်းကျယ်လွန်းသဖြင့် အလယ်လပ်တတ်သည်ဆိုသော သဘောများလည်း ရှိပေ၏။

အောင်မြင်မှုရရှိသူတို့အဖို့ မိမိတို့အောင်မြင်မှုအပေါ် ကျေနပ်ခြင်းကား သဘာဝကျပါသည်။ သို့ရာတွင် ကျေနပ်ခြင်းဖြင့် သာယာမနေဘဲ ဆက်လက်တည်မြဲအောင် ထိန်းသိမ်းဖို့လိုအပ်ပါသည်။ ထိန်းထားခြင်းမရှိပါက ပြန်လည်လျှောကျတတ်ပါသည်။ ဤနေရာ၌ စိတ်ဓာတ်သည် အရေးကြီးပါသည်။ ဥစ္စာပစ္စည်း လျှောကျခြင်းထက် စိတ်ဓာတ်လျှောကျခြင်းက ဆိုးပါသည်။ သည်အခါတွင် ဖြစ်မြန်၊ ပျက်မြန် သောတစ်ခုတရားကို နှလုံးသွင်းဆင်ခြင်တတ်ဖို့ အရေးကြီးပါသည်။ စိတ်ကို ကြည်လင်အောင် ထားဖို့လိုပါသည်။

စိတ်သည် အရာရာကို ဦးဆောင်နေပါသည်။ တက်ကြွသော စိတ်

သည် အောင်မြင်မှုပန်းတိုင်ကို နီးကပ်စေ၍ နိမ့်ကျသောစိတ်မှာမူ အောင်မြင်မှုနှင့် အလှမ်းဝေးပါသည်။

အောင်စိတ်ကို မွေးမြူပါ။ အောင်စိတ်တို့ ထွန်းကားစေမည့် စာကောင်းပေမွန်တို့အား ရွေးချယ်ဖတ်ရှုပါ။

✶✶✶✶

**အချိန်ကို တန်ဖိုးထားပါ**

ကုန်လွန်သွားပြီးသည့်နောက် ပြန်မရနိုင်သည့်အရာသည် "အချိန်" ဖြစ်၏။

ဘဝတစ်ခု၏ တိုးတက်ခြင်း. . .

ဘဝတစ်ခု၏ ဆုတ်ယုတ်ခြင်း. . .

ဘဝတစ်ခု၏ အောင်မြင်ခြင်း. . .

ဘဝတစ်ခု၏ ကျရှုံးခြင်း. . .

အစရှိသည့် လက္ခဏာတို့ကို ဖော်ဆောင်ပေးနိုင်သည်မှာ အချိန်ပင်ဖြစ်၏။

လူသားမှန်သမျှ အချိန်ကို သုံးစွဲနေကြ၏။ သုံးစွဲပုံ၊ သုံးစွဲနည်း၊ အသုံးချပုံ၊ အသုံးချနည်းကွဲပြားမှုကြောင့် အဆိုပါ လက္ခဏာများဖြစ်ပေါ်လာရသည်။

"အချိန်နှင့်ဒီရေသည် လူကိုမစောင့်" ဟု ဆိုကြသည်။



"အချိန်သည် တန်ဖိုးဖြတ်၍မရ" ဟု ပြောကြ၏။

သို့ရာတွင် လူတိုင်းပင် အချိန်ကို တန်ဖိုးရှိစွာ အသုံးချတတ်ပါ၏လော။ အတော်များများပင် အသုံးချရကောင်းမှန်းမသိ။ အလွယ်တကူရရှိနေသောအချိန်ကို တန်ဖိုးမထားဘဲ အလဟဿဖြုန်းပစ်နေကြသည်။

အချိန်ကို တန်ဖိုးရှိစွာ အသုံးချတတ်သော လူငယ်တစ်ဦးကို တွေ့ဖူး၏။ သူသည် ဒလမြို့နယ်တွင်နေ၍ ရန်ကုန်တစ်ဖက်ကမ်းရှိ စာအုပ်တိုက် တစ်တိုက်၌ အလုပ်လုပ်ရာ တစ်နေ့လျှင် အသွားတစ်ခေါက်၊ အပြန်တစ်ခေါက် ကူးတို့သင်္ဘောစီးရ၏။ သင်္ဘောပေါ် ရောက်လေတိုင်း ထောင့်တစ်နေရာတွင် နေရာယူကာ မလေးရှားစကားပြောစာအုပ်ကလေးကို အသွား(၂)ရွက်၊ အပြန်(၂)ရွက် အလွတ်ကျက်မှတ်သည်၊ ကျက်မှတ်ပြီး သမျှ ပြန်နွှေးသည်။ သည်လိုနှစ်ကာလ မကြာခင်မှာပင် ခရီးသွားရာ၌ အချိန်ကို တန်ဖိုးရှိစွာ အသုံးချသည့်အတွက် မလေးရှားစကားကို အတော် ပြောလာနိုင်သည်။ ထို့နောက် သူ့အပေါ် သံယောဇဉ်ရှိသူတစ်ဦးက မလေးရှားသို့ ပို့ဆောင်ပေးခဲ့၏။ မလေးရှား မသွားခင် စကားပြောသင်တန်းတစ်ခုကိုလည်း အနီးကပ်တက်ခဲ့၏။ မလေးရှားရောက်တော့ သူလေ့လာခဲ့ခြင်း များက အထောက်အကူပြု၏။ နေရာကောင်းရ၏။ ယခုကြီးပွားနေသော လူငယ်ကလေးတစ်ယောက် ဖြစ်နေပါပြီ။

စင်စစ် အချိန်ကို အသုံးပြုတတ်မှု၊ အသုံးချနိုင်မှုက သူ့အား အောင်မြင်မှုရှိရာသို့ ပို့ဆောင်ပေးလိုက်ခြင်း ဖြစ်၏၊ အချိန်သည်


လူ့တန်ဖိုးကို မြင့်မားစေသလို ဆုတ်ယုတ်စေနိုင်၏။

လူသားတိုင်း တစ်ရက်လျှင် (၂၄)နာရီဆိုသောအချိန်ကို ကိုယ်စီကိုယ်ငှ ပိုင်ဆိုင်ထားကြ၏။ အောင်မြင်မှုရရှိဖို့အတွက်ကတော့ အချိန်ကို တန်ဖိုးရှိအောင် အသုံးချဖို့လိုပါ၏။ ဤသို့ အချိန်နှင့်ပတ်သက်၍ သတိပြုဖွယ် ဇယားကလေးတစ်ခုကို အမှတ်ရလာ၏။ မိမိတို့ သုံးခဲ့ဖြုန်းခဲ့သောအချိန်များ၊ သုံးနိုင်၊ ဖြုန်းနိုင်သေးသည့်အချိန်များကို သတိပြုစေလိုပါသည်။

| အသက် | | ကုန်လွန်ခဲ့သောရက်များ | | ကျန်ရှိသောရက်များ |
|---|---|---|---|---|
| ၁၈ နှစ် | - | ၆၅၇၀-ရက် | - | ၁၇၁၅၅ ရက် |
| ၂၀ နှစ် | - | ၇၃၀၀-ရက် | - | ၁၆၄၂၅ ရက် |
| ၃၀ နှစ် | - | ၁၀၉၅၀-ရက် | - | ၁၂၇၇၅ ရက် |
| ၄၀ နှစ် | - | ၁၄၆၀၀-ရက် | - | ၉၁၂၅ ရက် |
| ၅၅ နှစ် | - | ၂၀၀၇၅-ရက် | - | ၃၆၅၀ ရက် |
| ၆၅ နှစ် | - | ၂၃၇၂၅-ရက် | - | - |

နန္ဒမိုးကြယ်

****



## ချမ်းသာရန် နည်းသုံးနည်းသာရှိသည်

(၁) ရင်းနှီးမြှုပ်နှံပါ ။ ရင်းနှီးမြှုပ်နှံရန် အကြောင်းပေါ်လာပါက ရင်းနှီးမြှုပ်နှံမှုကို လုပ်ပါ။ လုပ်ငန်းလုပ်တတ်သူက သင့်အတွက် အမြတ်တွေရအောင် လုပ်သွားလာပါလိမ့်မည်။ သူ့ကိုပင် သင်ကျေးဇူးတင်ရဦးမည်။ သင်က ဘာမျှလုပ်စရာမလိုဘဲ အခွံသားထိုင်စားရုံပင်။ လုပ်တတ်ကိုင်တတ်သူတစ်ဦးအပေါ် ယုံကြည်စိတ်ချထားကာ သင့်ငွေပင်ငွေရင်းကို မြှုပ်နှံရုံမျှဖြင့် ကိုယ်က အချောင်အမြတ်စားရသည်မှာ သင်ကံကောင်း၍ ဖြစ်ပါသည်။

(၂) လက်ထပ်ပါ ။ ဤအချက်ကိုမူ သင်အထိန်းအချုပ်ဖြင့် လုပ်တတ်ရန်လို၏။ နေ့ချင်းညချင်း ချမ်းသာစေသောနည်းဖြစ်၏။ လူအတော်များများပင် ဤသို့တွက်၍ လုပ်ကြသည်များသည်။ မှန်းချက်နှင့်နှမ်းထွက်မကိုက်တာတွေလည်း ရှိသပေါ့။ တွက်ရေးတော့ စက်သူဌေး။ တွက်ကြည့်မှ စက်မရှိ ဤကိန်းတွေလည်း ရှိသည်ပင်။ သို့သော် ခြွင်းချက်များကို ထည့်မစဉ်းစားပါနှင့်ဦး။



(၃) ရင်းနှီးမြှုပ်နှံစရာလည်းမရှိ ချမ်းသာသူနှင့်လည်း လက်မထပ်ရလျှင် သင့်အတွက် ချမ်းသာစရာ နည်းလမ်းတစ်ခုသာ ကျန်ပါတော့သည်။ သင့်ဝင်ငွေထက် ပိုလျော့သုံး။ ခြိုးခြံသုံးကာ စုဆောင်းမိသမျှကို အမြတ်အမှန်ရနိုင်မည်ဟု သင်ထင်သောလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံပါ။

ဘယ်နေရာတွေမှာ ရင်းနှီးမြှုပ်နှံရမလဲ?

(က) အိမ်၊ မြေ

(ခ) စီးပွားရေးလုပ်ငန်း

(ဂ) စတော့

(ဃ) ငွေစုလက်မှတ်

**အိမ်မြေအရောင်းအဝယ်ရင်းနှီးမှု**

ကျွန်တော်သိသမျှ လူချမ်းသာများထဲတွင် အများစုမှာ အခြားနည်းလမ်းများထက် အိမ်မြေအရောင်းအဝယ်ဖြင့် ကြီးပွားသူများပါသည်။ ဘယ်လိုအိမ်မြေ အရောင်းအဝယ်လဲ။ လယ်မြေ၊ ယာမြေ၊ ဥယျာဉ်ခြံမြေ၊ လူနေ အိမ်မြေ၊ တိုက်တာ၊ အခန်း၊ ဟိုတယ်စသဖြင့် မျိုးစုံ။ ဘယ်နေရာတွေကလဲ။ တစ်တိုင်းပြည်လုံးနေရာအနှံ့။ ဘယ်အချိန်လဲ။ အချိန်အခါမရွေး၊ ကျဈေးတွင် ဝယ်မိပြီး တက်ဈေးတွင် ထုတ်ရောင်း၍ ငွေဝါတ်တိုးသလို၊ တက်ဈေးကာလမှာပဲ ဈေးကစားလျှင် ကစားနိုင်သလို အတိုး

အမြတ်များတတ်ပါသည်။ အိမ်မြေအရောင်းအဝယ်ကြောင့် ကြီးပွားဖို့ ကျိန်းသေသလား။ ဒီလိုတော့ဖြင့် ကံသေကံမ ပြောမရပါ။ မြေယာကြောင့် ခွက်ခွက်လန် အရှုံးပေါ်သူအချို့လည်း ရှိပါသေးသည်။

မြေယာအရောင်းအဝယ်ဖြင့် ချမ်းသာသူများထဲတွင် အောက်ပါ နည်းလမ်းသုံးခုမှ တစ်ခုခုကြောင့် ကြီးပွားသွားသူတွေရှိပါသည်။

ပထမနည်းမှာ ဝင်ငွေရနေသော အိမ်မြေကွက်ကို ဝယ်ယူခြင်းဖြစ်သည်။ ငှားရမ်းခရနေသော မြေ (သို့မဟုတ်) အိမ်ကို တစ်ဆင့်ပြန် ဝယ်ခြင်းကို ဆိုလိုပါသည်။ ထိုအိမ်မြေငှားရမ်းခ ရသောငွေကို အခြားငှားရမ်းခရသော အိမ်မြေထပ်ဝယ်ခြင်းဖြင့် အရင်းတိုးပွားစေသော နည်းဖြစ်ပါသည်။ -ဤသို့ တစ်ဆင့်တစ်ဆင့်ဝယ်ရင်းဖြင့် ထိုသူ၏ အသက် (၅၀) (သို့မဟုတ်) ၅၀ ကျော်တွင် မြို့၏တစ်ဝက်ကိုပင် ဝယ်ယူမိပါမည်။ အခြားသူတွေကတော့ ဆိုမည်။ ဤမိသားစုသည် မြို့တစ်ဝက် ပိုင်ဆိုင်ယဖြင့် ကံကောင်းကြသည်ဟူ၍။ တကယ်တော့ ကံကောင်းခြင်း သက်သက် မဟုတ်ပါ။ သူတို့ လုပ်စရာရှိတာကို သူတို့လုပ်၍ ချမ်းသာခြင်းသာ ဖြစ်ပါသည်။ ထိုသို့ပြုလုပ်သဖြင့် သူတို့မှာ စွန့်စရာလမ်း သိပ်မမြင်ပါ။ သူတို့၏ ချမ်းသာနှုန်းသည် နှေးကွေးချင် နှေးကွေးမည်။ သို့သော် စွန့်စားရင်းနှီးမှုနှုန်းကလည်း နည်းပါသည်။ ဖြည်းဖြည်းမှန်မှန် သေချာပေါက်ကြီးပွားမည်ကား အမှန်။

ဥပမာ (၁)

လွန်ခဲ့သော နှစ်အနည်းငယ်က ဟဲရစ်ဘာဏ်မှ ကျွန်တော်နှင့်လုပ်



ဖော်ကိုင်ဖက်တစ်ဦးဖြစ်သူ “ဘီလ်မောရစ်ဆင်” ထံမှ ဖုန်းလာသည်။

“ဖရက်ရေ၊ ခင်ဗျား ဂျိုးဘလိုးကို သိတယ်နော်။ သိတယ် မဟုတ်လား”

“ဟင့်အင်း၊ ကျွန်တော်သူ့နာမည် ကြားတောင်မကြားဖူးဘူး”

“အေးဗျာ။ ခင်ဗျားသူ့ကို မြင်ရင်မှတ်မိပါလိမ့်မယ်။ သူက တစ်ခါတုန်းက ကျွန်တော်တို့ဌာနမှာ စာပို့လုလင်လုပ်ခဲ့ဖူးတယ်လေ။ ခုတော့ သူ အငြိမ်းစားယူတော့မလို့။ သူက အခွန်လွတ်စာချုပ်တချို့ဝယ်ချင်လို့။ အဲဒါခင်ဗျား အကြံဉာဏ်လေး ဘာလေးပေးလိုက်ပါဗျာ”

“ရပါတယ်။ ကျွန်တော်တတ်နိုင်သလောက် ကူပါ့မယ်”

ထိုသူ ကျွန်တော့် ရုံးခန်းရောက်လာသောအခါ သူ့ကို ကျွန်တော် မှတ်မိသွားပါသည်။ သူက ကျွန်တော့်ရုံးခန်းသို့ ကြိမ်ဖန်များစွာ ဝင်ထွက်ဖူးသည်။ သို့သော် သူ့နာမည်ကိုကား ကျွန်တော်မသိခဲ့။

သူနှင့်စီးပွားရေးအကြောင်း ဆွေးနွေးရင်းနှင့် သူ့ထံမှ ထူးထူးခြားခြား ဇာတ်လမ်းတစ်ပုဒ်ကြားရသည်။ သူသည် မြီးကောင်ပေါက်အရွယ်တွင် အင်္ဂလန်မှ အမေရိကသို့ ရောက်လာခဲ့သည်။ အဆောက်အအုံ ဆောက်သော လုပ်ငန်းတစ်ခုတွင် အစောင့်အလုပ်ကို ရသည်။ လခလေးများကို စုကာအခန်းလေးတစ်ခန်းဝယ်သည်။ အစောင့်အလုပ်လုပ်ရင်း ပြင်ဆင်မှု လုပ်ငန်းတချို့ပါ ပူးတွဲလုပ်ဆောင်သည်။ ဝင်ငွေထဲမှ အခန်းနောက်တစ်ခန်း ထပ်ဝယ်သည်။ ဟဲရစ်ဘာဏ်မှ သူအငြိမ်းစားယူသောအခါ သူ့တွင် တန်ဖိုးရှိသော အခန်းအတော်များများ ပိုင်ဆိုင်နေပြီ၊

သူသည် ဘဏ်ဝန်ထမ်းထဲတွင် အချမ်းသာဆုံးလူများထဲမှ တစ်ဦးဖြစ်နေပြီ၊ သူ၏ မူရင်းလစာမှာ နည်းနည်းလေး။ ဒါကိုလောက်အောင် သုံးသည်။ သူ့မှာ ကြွေးမြီးလည်း မရှိ။

ဥပမာ(၂)

ကျွန်တော်တို့ ဟဲရစ်ဘဏ်တွင် ဒေါ်လာငွေ (၁၀)သန်း အပ်နှံထားသော ဖောက်သည်တစ်ဦးရှိ၏၊ သူကြီးပွားလာတာ အဓိကက အိမ်မြေအရောင်းအဝယ်ဟုဆိုသည်။ သူ့မှာ ကြွေးမြီးမရှိ၊ လူငယ်ဘဝကတည်းက သူသည် ဝင်ငွေများထဲမှ ခြိုးခြံစုဆောင်းကာ ရှိကာဂိုတွင် ဟိုတယ်အခန်းတစ်ခန်း ဝယ်သည်၊ ထိုဟိုတယ်ခန်းမှ ရသောဝင်ငွေဖြင့် နောက်ထပ် ဟိုတယ်ခန်းတစ်ခန်း ထပ်ဝယ်သည်။ ထိုဟိုတယ်နှစ်ခန်းမှ ရသောငွေဖြင့် နောက်ထပ်ဟိုတယ်ခန်းတစ်ခုပြီးတစ်ခု ထပ်ထပ်ဝယ်သည်၊ သို့ဖြင့် ဟိုတယ်ခန်းတွေ အများကြီးပိုင်ဆိုင်လာသည်၊ ဝင်ငွေက များသည်ထက် များလာ၏၊ ထို့ကြောင့် သူကြီးပွားလာတာ မဆန်းပါ။

သူ၎င်းသို့ ရင်းနှီးမြှုပ်နှံရာတွင် ငွေမချေး။ အကယ်၍ ငွေချေး၍ လုပ်ငန်းလုပ်ခဲ့လျှင် ယနေ့သူဒေါ်လာ ၁၀သန်း ချမ်းသာနေတာထက် ဒေါ်လာ သန်း၁၀၀ ပိုချမ်းသာချင် ချမ်းသာနေပေမည်၊ သို့သော် ၎င်းကိစ္စသည် သိပ်မရေရာ။ အတိုးနှုန်းတွေ မိုးထိမြင့်မားလာသော ကာလတွင် အရင်းထဲကပါ ပါချင်ပါသွားနိုင်သည်၊ သူက ငွေချေးတာ မယုံကြည်။ ထို့ကြောင့် ညည ကောင်းကောင်းအိပ်ပျော်သည်။ သူသည်



ဒေါ်လာ (၁၀)သန်းနှင့် ဒေါ်လာသန်း (၁၀၀)၏ ကွာခြားချက်တန်ဖိုးကို ကောင်းကောင်း နားလည်၏။ ထို့အတူ ဒေါ်လာ (၁၀)သန်းနှင့် ဒေါ်လာ (၁. ၀၀)၏ တန်ဖိုးကိုလည်း ကောင်းစွာနားလည်သူဖြစ်၏၊ ၎င်းနေရာတွင် ဥပဒေသတစ်ခု ထွက်လာ၏၊ အိမ်တို့ မြေယာတို့ဝယ်ရာတွင် ငွေချေးပြီးတော့ မဝယ်ပါနှင့်။ မြေတို့အိမ်တို့ဖြင့် ကြီးပွားလာသူများထဲတွင် ငွေချေးပြီးဝယ်ယူရင်းနှီး မြှုပ်နှံသူဟူ၍ ကျွန်တော်တစ်ယောက်မျှ မတွေ့ဖူးပါ။ အိမ်မြေအရောင်းအဝယ်ဖြင့် ကြီးပွားလာသူဒုတိယအုပ်စုကတော့ အိမ်တွေမြေတွေ ဝယ်တုန်းက ဘာမှမဟုတ်ပေမယ့် အကြောင်းတစ်ခုခုကြောင့် ထိုအိမ်တွေ မြေတွေက ဈေးအဆမတန် တက်သွားကာ ကြီးပွားလာသူတွေ ဖြစ်၏၊ ပထမဝယ်လိုက်တုန်းကတော့ သာမန်မြေကွက်ပါပဲ။ သို့သော် အဝေးပြေးလမ်းမကြီးက သူ့မြေဘေးမှာ ဖြတ်ပြီးဖောက်လိုက်တော့ အလိုလိုနေရင်း သူ့မြေက လမ်းဘေးရောက်သွားသည်၊ ဓာတ်ဆီဆိုင်လုပ်မည့် သူက သူ့ မြေထဲမှ နည်းနည်းဖဲ့ဝယ်သည်၊ မက်ဒေါ်နယ်လ် စားသောက်ဆိုင်ကလည်း ထိုနေရာမှာပင် မြေဝယ်ဖို့ဖြစ်လာသည်၊ ဟောလီးဒေးအင်း ထမင်းဆိုင်လည်း မြေကွက်လိုလာသည်၊ သို့ဖြင့် သူ့မြေဈေးက ကြိုက်ဈေးတောင်း၍ ရလာတော့သည်၊ တစ်ခါတလေလည်း ကံကောင်းချင်တော့ မိမိဝယ်ထားသော လယ်ယာမြေပေါ်တွင် ရေနံထွက်သည်ကိုသိလာ၍ ရေနံကုမ္ပဏီတွေက အဆမတန်ဈေးပေး၍ ဝယ်ခြင်းဖြင့် ချမ်းသာလာသူတွေလည်း ရှိ၏။

လူကြီးလူကောင်းတစ်ယောက် ကျွန်တော့်ထံလာပြီး သူ့ဝင်ငွေ

တိုးပွားရာ တိုးပွားကြောင်း ဆွေးနွေးဖူးသည်။ သူက အငြိမ်းစားယူခါနီးပြီ၊ သို့သော် သူ၏ နေထိုင်မှုအဆင့်ကိုမူ လျှော့မချလို။ သူ့မှာ ဝယ်ထားသော စတော့နှင့် စာချုပ်များစွာရှိရာ လူများစုအဖို့ကား တကယ်မက်လောက်သော ငွေပမာဏဖြစ်၏၊ ကျွန်တော်တို့ ဆွေးနွေးပြီးသောအခါ သူဘယ်လို စီးပွားရေးလုပ်နေသလဲဟု ကျွန်တော်မေးကြည့်၏။ သူက ကော်ဇေးကုန်သည်ဖြစ်၏၊ သူ့ကော်ဇေးလုပ်ငန်းဖြင့် သူချမ်းသာလာသည်ဟု ကျွန်တော်ထင်သည်၊ သူ့ကော်ဇေးလုပ်ငန်းမှ ရသော ဝင်ငွေက မဆိုးကြောင်း၊ သို့သော် သူချမ်းသာလာခြင်းမှာ ကော်ဇေးကြောင့် မဟုတ်ကြောင်း သူက ပြောသည်။

"ကျွန်တော် ပိုက်ဆံတွေ ဘယ်လိုရလာတယ်ဆိုတာ ခင်ဗျား မသိချင်ဘူးလား"

သူကမေးတော့ ကျွန်တော်က သိချင်ပါသည်ဟု ပြန်ပြောလိုက်သည်။ "ဒါဆို ကျွန်တော်ပြောမယ်" ဟုဆိုကာ သူက အပေါ်ဝတ် ကုတ်အင်္ကျီဖားကြီးကို ချွတ်ကာ အေးအေးဆေးဆေးထိုင်ပြောပါတော့သည်။

၁၉၄၀ လောက်တုန်းက သူနှင့်သူ့ဇနီးမှာ သားငယ်လေးနှစ်ဦးရှိသည်၊ သူတို့ ဇနီးမောင်နှံနှစ်ဦးစလုံးပင် လယ်ထဲမှာမွေး၊ လယ်ထဲမှာပင် ကြီးပြင်းလာကြသူတွေ ဖြစ်ကြသည်။ သူတို့သားတွေကိုလည်း လယ်ထဲမှာပင် ကြီးပြင်းလာလျှင် ကောင်းမှာပဲဟု ထင်မိ၏။ ထို့ကြောင့် ရှီကာဂိုအနောက်ဘက်သို့သွားကာ လယ်တွေဝယ်ခဲ့သည်၊ ကလေးနှစ်ယောက် ကောလိပ်ကျောင်းပြီးချိန်လောက်အထိတော့ လယ်ထဲက ဝင်ငွေနှင့်



လောက်နိုင်အံ့သည်ဟု သူတို့ တွက်ထားကြသည်၊ ဤမျှ လောက်ပင် သူတို့ ရည်မှန်းချက်ထားခဲ့၏။

၁၉၅၀ ပြည့်နှစ်များအလယ်ပိုင်းလောက်တွင် သူတို့လယ်ကွက်ဘေးတွင် လမ်းဖောက်ဖို့ဖြစ်လာသည်။ ထိုအချိန်တွင် သားငယ်ပင် ကောလိပ် စတက်နေပြီ။ ထိုနှစ်ပိုင်းတွင်ပင် လူကြီးလူကောင်းတစ်ဦးက သူတို့ လယ်တွေကို ဝယ်ချင်ပါသည်ဟု စကားကမ်းလှမ်းလာသည်၊ ထိုသူက လယ်ထဲတွင် အိမ်များဆောက်ချင်သည်ဟု ဆို၏။ ယနေ့ခေတ်တွင် အီလီနွိုက် ပြည်နယ်၊ ဟော့ဖ်မင်းမြေကွက်များတွင် မြို့ရှိလူဦးရေ ၃၈,၂၅၈ ၏ အများစုမှာ သူတို့လယ်တွင်ပင် အိမ်များဆောက်နေကြ၏၊ ဤသို့ဖြင့် သူငွေတွေ အများကြီးရခဲ့သည်၊

တိုက်ဆိုင်တာပဲလား၊ ကံကောင်းလို့ပဲလား။ တကယ်တော့ ဒီယုန်မြင်လို့ ဒီချုံထွင်ခဲ့ခြင်းမဟုတ်ပါ။ မြေယာကွက်များမှ ငွေပေါ်အောင်လုပ်ဖို့ နဂိုက သူ့မှာ ရည်ရွယ်ချက်မရှိ။ သို့သော် မြေယာကွက်မှ ငွေတွေ တစ်ပုံတစ်ပင် သူရခဲ့သည်၊ ကျွန်တော်သိသော လူချမ်းသာ အတော်များများသည် ဤသို့ပင် မြေယာဖြင့် ချမ်းသာလာကြသည်၊

ကျွန်တော်သိသော မြေယာပိုင်ဆိုင်သူ တတိယအုပ်စုမှာမူ သူတို့ဝယ်ထားသော မြေယာများကို တစ်ခုခုဖန်တီးပြီး မြေယာတန်ဖိုးပိုတက်လာအောင် လုပ်တတ်သူများ ဖြစ်ကြသည်၊ လယ်ယာမြေဥပဒေတွေ ပြောင်းလဲလာသောအခါ လယ်မြေများပေါ်တွင် အိမ်ယာစီမံကိန်းတွေ လုပ်ကြ ဈေးဆိုင်တွေတည်ကြဖြင့် မြေတန်ဖိုးကို ပိုမြှင့်ခဲ့ကြသည်၊ အခြား

သူများထံမှငွေဖြင့် မိမိဥစ္စာပစ္စည်းတိုးပွားအောင် လုပ်ယူကြသူများဖြစ်ကြသည်။ အဆင်ပြေအောင်မြင်လာသောအခါ သူတို့သည် အလျင်အမြန် ချမ်းသာလာကြသည်။ တစ်ခါတစ်လေ အဆင်မပြေတာတွေလည်း ရှိတတ်သပေါ့။ ထိုအခါကျတော့လည်း မြန်မြန်မွဲချင်မွဲသွားတတ်ကြတာလည်း ရှိပါသည်။ စီးပွားရေးလုပ်တယ်ဆိုတာကလည်း အနည်းနှင့်အများ စွန့်စားဖို့တော့ လိုသည်မဟုတ်လား။

ကျွန်တော့်မိတ်ဆွေတစ်ဦးရှိသည်။ သူသည် မြေယာဖြင့် ချမ်းသာလာပြီး အသက်(၆၀)ရောက်သောအခါ မြေယာဖြင့်ပင် မွဲသွားသူဖြစ်၏။ သူသည် တက်ဆက်ပြည်နယ်၏ မြို့လေးတစ်မြို့တွင် လေယာဉ်ကွင်းငယ်တစ်ခုဘေးမှ မြေဝယ်ခဲ့၏။ ၁၉၅၀လောက်တွင် လေယာဉ်ကွင်းနံဘေးရှိသူမြေများသည် မကြာခင် တန်ဖိုးရှိလာမည်ဖြစ်ကြောင်း သူတွက်မိ၏။ ထို့ကြောင့် သူ့နံဘေးနံဘီရှိ မြေကွက်များကို သူရတတ်သလောက်လျှောက် ဝယ်သည်။ ၁၉၆၀-ပြည့်နှစ်များတွင် လေယာဉ်ကွင်းသို့ ဂျက်လေယာဉ်များ ဆင်းလာသည်။ ဂျက်လေယာဉ်ဆင်းဖို့အတွက် လေယာဉ်ကွင်းတိုးချဲ့ ရတော့မည်။ လေယာဉ်ကွင်းကိုလည်း အသစ်ထပ်ဆောက်ရသည်။ ကျွန်တော့်မိတ်ဆွေ တွက်ထားသလိုပင် လေယာဉ်ကွင်းနံဘေးတွင် ကားရပ်နားစခန်းတွေ၊ စားသောက်ဆိုင်တွေ အလျှိုအလျှိုပေါ်လာသည်။ သူ၏ မြေပေါ်တွင် ထိုဆိုင်တွေ ဆောက်လာကြရ၏။ ၁၉၈၁တွင် သူနှင့်ကျွန်တော်တွေ့တော့ သူ၏ စီးပွားရေးအောင်မြင်မှုကို ကျွန်တော်က ချီးကျူးခဲ့သည်။ သူက ဤမျှဖြင့် မရပ်သေးဘဲ စီးပွားရေး



နယ်ထပ်ချဲ့ဦးမည်ဆို၏။ သူ့စကားအတိုင်းပင် သူက သူ့မှာရှိသမျှငွေတွေရော၊ ချေးလို့ရသမျှတွေရော ပေါင်းကာ အိမ်ယာစီမံကိန်းတစ်ခုကို အကြီးအကျယ်လုပ်၏။ သို့သော် ချေးငွေမှ အတိုးနှုန်းတွေက သူမျှော်လင့်ထားသလို မဟုတ်ဘဲ တရိပ်ရိပ်တက်လာသည်။ နောက်ဆုံးတွင် အတိုးဆပ်ရသည်နှင့် သူ့မှာရှိသမျှငွေ အကုန်လုံးတက်တက်ပြောင်တော့သည်။ (ထိုအချိန်တွင် သူ့အသက် ၆၀ ရှိပြီ) ကံကောင်းချင်တော့ အတိုးနှုန်းများသည် ၁၉၈၂တွင် သိသိသာသာ ပြန်ကျလာသည်။ ခုတော့ ကျွန်တော်မိတ်ဆွေသည် လူချမ်းသာတစ်ယောက် ပြန်ဖြစ်လာပါသည်။ သို့သော် ရင်တမမနှင့် အိပ်မပျော်ခဲ့သော ညများစွာကိုကား သူရင်းနှီးလိုက်ရသည်။ ကောင်းပြီ၊ မြေယာလုပ်ငန်းမှုချအောင်မြင်ရေးအတွက် တကယ့်လျှို့ဝှက်ချက်က ဘာလဲ။ အချက်နှစ်ချက်သာရှိသည်ဟု ကျွန်တော်ထင်သည်။

(၁) ငွေကြေးဖောင်းပွမှု

(၂) တည်နေရာအနေအထား

ပထမကမ္ဘာစစ်ပြီးနောက်ပိုင်း ဂျာမဏီတွင် အဆိုးရွားဆုံး ငွေကြေးဖောင်းပွမှုဖြစ်ခဲ့သည်။ ထိုအချိန်တွင် အခိုင်မာဆုံးမှာ မြေယာပိုင်ဆိုင်မှုပင်ဖြစ်၏။ ၁၉၆၅-ခုနှစ်လယ်ပိုင်းတွင် အမေရိကန်ပြည်၌ ငွေကြေးဖောင်းပွမှု စတင်လာသည်။ ၁၉၈၀၊ ၁၉၈၁ အဆိုးဆုံးဖြစ်လာ၏။ ထိုအချိန်တွင် ငွေကြေးခိုင်မာမှုအတွက် အသေချာဆုံးရင်းနှီးမြှုပ်နှံမှုမှာ မြေကွက်ပဲဖြစ်သည်။ ထို့ကြောင့် မြေဈေးတွေ ခေါင်ခိုက်လာ၏။

ထို့အတူပင် ရွှေငွေ ကျောက်မျက်ရတနာ၊ အနုပညာပစ္စည်း၊ ရှေးဟောင်းပစ္စည်းဈေးတွေကလည်း ငွေကြေးဖောင်းပွမှုကြောင့် ဈေးမြင့်လာကြ၏။

၁၉၈၀-ပြည့်နှစ်များ၏ စောစောပိုင်းလောက်တွင်မူ မြေယာဈေးတွေ တန့်သွားသည်။ အထူးသဖြင့် လယ်မြေဈေးတွေက ထိုးကျသွားသည်။ ထိုအခါတွင် မြေအနေအထားပေါ်မူတည်၍ ဈေးနှုန်းခိုင်မာအောင် ကျားကန်၍သာရတော့သည်။ ငွေကြေးဖောင်းပွမှုအမြင့်ဆုံးကာလများထက် ငွေကြေးဖောင်းပွမှုမရှိသောကာလတွင် မြေအရောင်းအဝယ်လုပ်တာက ပိုသေချာ၏။ ဤသည်ပင်လျှင် အကွက်အကွင်းကျသော မြေအနေအထားကို ရွေးချယ်တတ်ဖို့က လိုသေးသည်။

မြေတန်ဖိုးတွက်ရာတွင် ဆောက်ထားသော အိမ်အပေါ်တွင်လည်း မူတည်သေးသည်။ မြေဝယ်တော့မည်ဆိုလျှင် မိမိကိုယ်တိုင် မြေနှင့်ပတ်သက်၍ ကျွမ်းကျင်ရန်လိုသေးသည်။ တစ်စုံတစ်ဦးကို တိုင်ပင်ပြီး မြေဝယ်မည်ဆိုလျှင် ရှုံးဖို့က သေချာသလောက်ရှိနေသည်။

မြေပေါ်တွင် အိမ်တွေဆောက်ဦးမည်ဆိုပါစို့။ သင့်ငွေနှင့် မနိုင်လျှင် ချေးငှားဆောက်တန်ဆောက်ရမည်။ ဤတွင် စဉ်းစားစရာအချက်နှစ်ချက်ပေါ်လာပြန်သည်။

(၁) အကြွေးဒဏ်ကို ခံနိုင်ရည်ရှိ,မရှိ။

(၂) ကြွေးကျေအောင် ဆပ်နိုင်သောသင့်အရည်အချင်း။

၁၉၃၀ပြည့်နှစ်များ၏ စီးပွားရေးကပ်ဆိုးကြီးကို ကျွန်တော်ကိုယ်တိုင် ကြုံခဲ့ရဖူးသည်။ ထိုစဉ်က ကျွန်တော်မှာ မြီးကောက်ပေါက်



အရွယ်။ ထိုအချိန်က လူအများစုသည် မိမိလယ်မြေတွေကို ပေါင်နှံကြရ၏။ ကျွန်တော်တို့ ကျေးလက်တစ်လျှောက် ကားမောင်းသွားလျှင် တစ်မျှော်တစ်ခေါ်လယ် ကွင်းပြင်ကြီးတွေကို မြင်ရ၏။

"ဒီလယ်မြေတွေကို ဘယ်သူပိုင်သလဲ"

ထိုမေးခွန်းကို အဖြေရလွယ်လှပါသည်။

"နယူးရောက် အသက်အာမခံကုမ္ပဏီက ပိုင်တာပေါ့"

ကျွန်တော့်အဖေကတော့ ခြွင်းချက်ထဲတွင် ပါပါသည်။

"ငါ့မြေတွေဟာ ဘယ်တော့မှ နယူးယောက်အသက်အာမခံကုမ္ပဏီမှာ မပေါင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ငါ့မှာဆပ်စရာအကြွေးမှ မရှိတာ"

အဖေ့ကို ကျွန်တော်ဂုဏ်ယူမိပါသည်။ အဖေသည် စကားအတိုင်းပင် တစ်သက်လုံး ကြွေးကင်းမြီကင်းနေသွားခဲ့သည်။ ထိုအချိန်မှစ၍ ကျွန်တော်လည်း ငါလည်း အဖေ့လိုပဲ ဘယ်တော့မှ ကြွေးတင်မခံရတဲ့လူ ဖြစ်စေရမယ်ဟု သန္နိဋ္ဌာန်ချခဲ့သည်။

၁၉၅၂တွင် ကျွန်တော့်ဇနီးနှင့် ကျွန်တော်သည် အီလီနွိုက်ပြည်နယ်၊ ဝင်နက်ကာမြို့တွင် အိမ်တစ်လုံးဝယ်ခဲ့၏။ ကျွန်တော်တို့သည် ငွေအကြေချေ၍ ဝယ်ခဲ့ကြသည်။ အကယ်၍ ငွေချေးပြီးသာ ဝယ်ခဲ့လျှင် ဒီထက်ကောင်းသော အိမ်မျိုးမရနိုင်ဘူးလား။ ရချင်ရမည်။ မရချင်မရ။ အဖြေကား မသေချာ။ ကြွေးယူပြီး ကျွန်တော်က ကျေအောင်ဆပ်နိုင်ဦးမှ၊ နို့မို့ဆိုလျှင် အတိုးဒဏ်ကြောင့် အိမ်ရောင်းပြီး ဆပ်ချင်ဆပ်ရနိုင်တယ်။

ကျွန်တော်တို့က ကိုယ့်ဝင်ငွေလေးကို ကိုယ်ခြစ်ချုပ်သုံးစွဲသည်။ အပျော်ခရီးတွေထွက် အဖိုးတန်ကားတွေ အဝတ်အစားတွေဝယ်၊ ဇိမ်ကျကျနေထိုင်၊ သို့ဆိုလျှင် မွဲဆေးဖော်တာနှင့် အတူတူ။ အကယ်၍ ရှိစုမဲ့စုငွေလေးဖြင့် မသေချာမရေရာသော မြေဝယ်၊ စတော့ဝယ်။ တန်ဖိုးတွေကျလျှင် ကုန်ပေရော့။ တက်ဈေးမိလျှင်ကား ယခုထက်ပို ချမ်းသာချင် ချမ်းသာမည်။ ဘာမှ ကံသေကံမ မပြောနိုင်။

ဘယ်နေ့ဘာဖြစ်မည်ဟု မည်သူက ကျိန်းသေပေါက် တွက်နိုင်ပါ့မလဲ။ သေချာတာ တစ်ခုတော့ ရှိသည်။ ကျွန်တော်တို့သည် စိတ်ပူစရာကြွေးမြီ မရှိဘဲ အိမ်အိုလေးတစ်လုံးတွင်ပင် နှစ်ပေါင်းများစွာ စိတ်အေးလက်အေး နေနိုင်ခဲ့သည်။ ကြွေးယူပြုံးပြုံး၊ တောင်းလျှင်မုန်း ဆိုတာမျိုး ကျွန်တော်တို့မှာ မခံစားခဲ့ရ။ ကြွေးဆိုတာ ယူတော့လွယ်သလို ဆပ်ဖို့ကြတော့ ခက်ပြီ။ ကြွေးမြီးလာလျှင် အိမ်ရောင်းဆပ်တန် ဆပ်ရမည်။ ထိုအခါတွင် ဘဝပျက် ကရော။

သိပ်သေချာနေသော အလုပ်အတွက် ငွေလိုလျှင်ကား ကြွေးယူတန် ယူရမည်။ အရင်းကို အသာထား။ အတိုးကို ဆပ်နိုင်မဆပ်နိုင်ကား ကိုယ့်ဘာသာကိုယ် အစကတည်းက တွက်ထားဖို့ လိုသည်။ ဒီအကြွေးလောက်တော့ အပျော့ပေါ့။ ငါ့လုပ်ငန်းအောင်မြင်မှာ သေချာလို့ အသာလေး ဆပ်နိုင်တယ်ဆိုသူများအနေနှင့်ကား ဤစာအုပ်ကို ဖတ်နေစရာပင် မလိုတော့ပါ။

ဤအခန်းကို ကျွန်တော်နိဂုံးချုပ်ပါတော့မည်။



(၁) မှန်ကန်သော မြေကွက်တွင် မြေဝယ်ပါ။ (မှန်ကန်သော မြေဆိုတာကတော့ သင့်အဆုံးအဖြတ်ပေါ်တွင် မူတည်ပါသည်)

(၂) မိမိမှာ နိုင်သလောက်ငွေနှင့်သာ ဝယ်ပါ။ (အကြွေးရလျှင်ဆင်တောင် သက်စေ့ဝယ်ချင်တယ်ဆိုတာ စိတ်မျိုးမထားရ)

(၃) ဝယ်ပြီးမြေကို ဈေးကောင်းရသည်ဆိုကာ ချက်ချင်းပြန်မရောင်းရ။ စိတ်ရှည်လက်ရှည် တက်ဈေးကို အချိန်ယူစောင့်ပါ။

အပေါင်းအန့် အချေးအငှားတွေနဲ့ အိမ်မြေဝယ်ဖို့ မစဉ်းစားပါနှင့်။ သင့်ဘဝတွင် စိတ်ဖိစီးမှုဒဏ်မခံရလေအောင် ကြွေးကင်းမြီးတင်း နေနိုင်ဖို့ သတိချပ်ပါ။ ချမ်းသာချင်လျှင် ကြွေးရှောင်ပါ။

မြေကွက်ဖြင့် မွဲသူအများစုမှာ အတိုးမဆပ်နိုင်၍ မိမိရှိပစ္စည်း ပြောင်ကြောင်းသိကြ၍ ဖြစ်ပါသည်။ ထို့ကြောင့်ပင် စီးပွားရေးလုပ်ငန်းငယ်များ အလျှိုလျှိုပေါ်လာကြခြင်းဖြစ်၏။

သို့သော် စီးပွားရေးလုပ်ငန်းသစ်တိုင်း အောင်မြင်သည်မဟုတ်။ ဇယားကို ကြည့်ပါ။ ဖျက်သိမ်းလိုက်ရသော လုပ်ငန်းမှာ ၁၉၇၅တွင် ၁၁၄၀၀ ရှိရာမှ ၁၉၈၆ တွင် ၆၁၂၃၂ အထိ ရှိလာသည်ကို တွေ့ရသည်။

အဘယ်ကြောင့် ဤမျှထိ ဆုံးရှုံးကြပါသနည်း။ ထိုအထဲတွင် စီးပွားရေးလုပ်ငန်းငယ်လေးများသာမက ကုမ္ပဏီကြီးတွေလည်း ပါဝင်ကြသည်။ ဥပမာ-"ဘရာနှစ်(ဖ်)လေကြောင်း ကုမ္ပဏီ"၊ "အယ်လ်တီဗီကော်ပိုရေး

ရှင်း” စသည်။ လုပ်ငန်းငယ်များ ဆုံးရှုံးရခြင်း၏ အဓိကအချက်မှာ ကျောထောက်နောက်ခံငွေကြေး မပြည့်စုံ၍ ဖြစ်ပါသည်။ သို့သော် ကျွန်တော်ကတော့ ဤအဖြေသည် ကျေနပ်လောက်ဖွယ် ရှင်းလင်းချက်ဟု မယူဆပါ။ အရင်းအနှီးမလုံလောက်ခြင်းအကြောင်း တစ်ခုသာ ဖြစ်ပါသည်။

၁၉၅၀ပြည့်နှစ်များနှင့် ၁၉၆၀ပြည့်နှစ်များက ကျွန်တော့် မိတ်ဆွေသုံးဦးရှိပါသည်။ သူတို့မှာ ဉာဏ်ရည်ထက်မြက်ပြီး လုပ်ရည်ကိုင်ရည်ရှိသူများဖြစ်ကြသည်။ တစ်ဦးက တစ်ခါသုံးဆေးထိုးအပ်ကုမ္ပဏီထောင်၏။ တစ်ဦးက ဓာတုဗေဒပစ္စည်းနှင့် ဆေးဝါးထုတ်လုပ်သည်။ တတိယ တစ်ဦးမှာမူ ကျောင်းသုံးစာအုပ်ထုတ်ဝေသူ၊ သူတို့သုံးဦးလုံးပင် ကြီးပွား သင့်သူတွေဖြစ်၏။ သို့သော် သူတို့သုံးဦးလုံးပင် မြောင်းထဲရောက်ကုန်ကြသည်။ သူတို့သည် ငွေကြေးမပြည့်စုံကြသဖြင့် စီးပွားရေးမှာ လျော်ရင်းနစ်ကြသည်။

ကျွန်တော့်တွင် “ဘီလ်ဖရက်ယန်း” ဆိုသော တူတစ်ဦးရှိသည်။ သူသည် ၁၉၅၇တွင် “ဘူးလ်(စ်) ဂက်(ပ်) အထက်တန်းကျောင်း” မှ ကျောင်းထွက်သည်။ ထို့နောက် ရုပ်မြင်သံကြား ကိုယ်ထည်လုပ်သော ကုမ္ပဏီတွင် အလုပ်ရသည်။ ရည်မှန်းချက်မြင့်မြသော လူငယ်ပီပီ စနေ၊ တနင်္ဂနွေနှင့် အားလပ်ရက်များတွင် သူသည် ပရိဘောဂဆိုင်များသို့ သွားပြီး ပညာထပ်ရှာသည်။ ၁၉၇၂ တွင် အလုပ်မှ ထွက်ကာလက်သမားပစ္စည်းတွေဝယ်ပြီး လယ်တောထဲမှ အိမ်တစ်လုံးငှားကာ ပရိဘောဂဆိုင်တစ်ခု ကိုယ်ပိုင်လုပ်သည်။ သို့ဖြင့် “ယန်းပရိဘောဂ ထုတ်လုပ်ရေးကုမ္ပဏီ” ပေါ်ထွန်းလာသည်။



အရင်းအနှီးမလုံလောက်ဘူးဆိုလျှင် သူ့ကုမ္ပဏီသည် ဒေဝါလီခံရသည့်အထဲ ပါသွားနိုင်သည်။ သို့သော် ဤသို့မဟုတ်၊ သူ၏ ကိုယ်ပိုင်အရည်အချင်းဖြင့် ကြိုးစားလုပ်ကိုင်ခဲ့ရာ ၁၉၈၇-ခုတွင် သူ့ကုမ္ပဏီမှာ အချိန်ပြည့် ဝန်ထမ်း(၇၅)ယောက်ထိ ရှိလာခဲ့၏။ “ဘီလ်ဖရက်” ၏ အောင်မြင်မှုဇာတ်လမ်းကို ၁၉၈၆-ခု၊ မတ်လ၊ (၆)ရက်နေ့ထုတ် “မေရစ်တောင်း၊ စီတီမင်ထရီကျွန်း” သတင်းစာတွင် ဖော်ပြခဲ့၏။ သူသည် ယခုအခါ တင်နက်ဆီပြည်နယ်၊ ဝိုက်(စ်) ဘတ်(စ်)မြို့တွင် ဒုတိယအကြီးဆုံး လုပ်ငန်းရှင်ဖြစ်နေပြီ။

“ဘီဖရက်” ၏ အောင်မြင်မှုတွင် သူ့ဇနီး “ဘရင်ဒါ”၏ ထောက်ပံ့ကူညီမှုကလည်း မှတ်တမ်းတင်ထားရမည်။ “ဘရင်ဒါ” သည် လုပ်ငန်းအတော်များများတွင် နေဝင်မိုးချုပ်ထိ အလုပ်ကြိုးစားလုပ်သည်။ “ယန်း” ကုမ္ပဏီသည် ပရိဘောဂအချောများ ရောင်းချသော ကုမ္ပဏီကြီးများသို့ ကိုယ်ထည်အစိတ်အပိုင်းများ သွင်း၏။ ကုမ္ပဏီကြီးတွေက သူတို့ဘာသာထုတ်လုပ်သည်ထက် အချိန်ကုန်သက်သာ၊ ဈေးသက်သာ၊ အရည်အသွေး ပိုကောင်းသဖြင့် “ယန်း” ကုမ္ပဏီကို အားကိုးကြသည်။ ဥပမာ-ဆိုဖာ တစ်ခုဆိုပါစို့။ “ယန်း” ကုမ္ပဏီက ခြေထောက်၊ လက်တန်းတွေထုတ်ပေး ၏။ ကုမ္ပဏီကြီးများက ပရိဘောဂဆင်ပြီး ရောင်းရုံ။

“ဘီလ်ဖရက်” သည် ပရိဘောဂလုပ်ငန်းကျွမ်းကျင်မှုကို သူပထမဆုံးလုပ်သော ရုပ်မြင်သံကြားကိုယ်ထည်လုပ်ငန်းကုမ္ပဏီမှ ရခဲ့သည်ဟု ကျွန်တော်ထင်သည်။

"ဦးလေးရေ" ဒီပညာကို အဲဒီကုမ္ပဏီက ကျွန်တော်ရခဲ့တာ မဟုတ်ပါဘူး။ လူတိုင်း ဘယ်သူမဆို သင်ရင်တတ်တဲ့ ပညာပါ။ ကျွန်တော် အဲဒီ ကုမ္ပဏီက ဘာပညာရခဲ့သလဲသိလား"

"အေးကွာ မင်းအဲဒီကုမ္ပဏီက ဘာပညာရခဲ့တယ်ဆိုတာ ငါသိချင်တယ်"

"ကိုယ့်ပစ္စည်းကို ဘယ်လိုဈေးနှုန်းနဲ့ ရောင်းရမယ်ဆိုတဲ့ ပညာပါပဲ။ ပထမကုမ္ပဏီက ရခဲ့တဲ့ အဲဒီပညာဟာ သိပ်ကိုအရေးကြီးပါတယ်။ ကျွန်တော့်ရဲ့ လုပ်အားခအရင်းကို ကျွန်တော်သိတယ်လေ။ ကျွန်တော့်အတွက် အမြတ်ရသင့်သလောက် ကျွန်တော်မရရင် မရောင်းဘူး။ တခြားလူတွေက ကိုယ့်ပစ္စည်းကိုယ် ဘယ်လောက်နဲ့ ရောင်းရမှန်းကို မသိဘူး။ ဒါကြောင့် သူတို့စီးပွားပျက်ကြတာပေါ့"

ကိုယ့်ပစ္စည်းကိုယ် ဘယ်ဈေးနှင့်ရောင်းရမည်ကို ကောင်းကောင်းသိသော သူသည် ချမ်းသာသည်ဟူသော ဥပဒေသတစ်ခုကို ကျွန်တော့်တူထံမှ ကျွန်တော်သိရှိလိုက်ရသည်။

## ရိုးရိုးစတော့များ

လူချမ်းသာဖြစ်စေသော တတိယနည်းမှာ ရိုးရိုးစတော့ ပိုင်ဆိုင်မှုများကြောင့်ဖြစ်ကြောင်း ကျွန်တော်သိပါသည်။ ထိုအချက်သည် ကျွန်တော့်အတွက်လည်း တကယ်ပင် အကျိုးဖြစ်စေခဲ့ပါသည်။ သို့ဆိုလျှင် ရိုးရိုး စတော့တွေဝယ်ထား။ ချမ်းသာပြီတဲ့လား။ အမြဲတစေတော့ ဒီလိုမဟုတ်ပါ။



၁၉၈၂-ခုနှစ်၊ ဩဂုတ်လလယ်တွင် ရင်းနှီးမြှုပ်နှံသူတွေများစွာသည် ငွေများ လွယ်လွယ်ရခဲ့ကြသည်။ တက်ဈေးမိ၍ ပွပေါက်တိုးကြခြင်းဖြစ်သည်။ သို့သော် စတော့ဖြင့် တကယ်ချမ်းသာလာသူများသည် စတော့ တက်ဈေးကျဈေးကို မကြည့်။ ကျဈေးကာလရော တက်ဈေးကာလပါ နှစ်ရှည်လများ စတော့ကစားသူများသာ ဖြစ်ကြသည်။ ယခုအများစု ကြုံနေကြရသည်မှာ စတော့ကို ကျဈေးတွင်ဝယ်ပြီး ဈေးနည်းနည်း တက်သည်နှင့် ပြန်ရောင်းပစ်လိုက်ကြသူများ ဖြစ်ကြသည်။ ထိုသူတို့အဖို့ကား အကျိုးအမြတ်ရှိသင့်သလောက် ရှိမည်။ သို့သော်စတော့ဖြင့်ကား မချမ်းသာနိုင်ပါ။

### ရိုးရိုးစတော့အောင်မြင်စွာ ရင်းနှီးမြှုပ်နှံရေးအတွက် လိုအပ်ချက်များ

အခြားသူများ၏ ငွေကြေးကို စီမံလုပ်ကိုင်ပေးသော ကျွန်တော်၏ (၂၇)နှစ်တာ အတွေ့အကြုံအရ အောင်မြင်သော စီးပွားရေးသမားများသည် အောက်ပါအရည်အချင်းများ ရှိကြသည်။

**အထောင်းမြင်စိတ်ရှိခြင်း**

အအောင်မြင်ဆုံးသော စတော့ရင်းနှီးမြှုပ်နှံသူအများစုသည် အကောင်းမြင်စိတ် ရှိသူများဖြစ်ကြသည်။ သူတို့သည် အမြဲပင်အကောင်းမြင်ကြသည်။ သူတို့သည် အကောင်းမြင်မှုအမျိုးစွဲနေသူများပင် ဖြစ်ကြသည်။ သူတို့သည် လွတ်လပ်သော ကုန်သွယ်မှုစနစ်ကို အမြဲပင်ယုံကြည်ကြကာ ဤစနစ်ကြောင့် အမေရိကန်နိုင်ငံ၏ အနာဂတ်သည် တောက်

ပြောင်ဝင်းလက်လိမ့်မည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့် စတော့ဈေး ကွက်ပျက်၍ စတော့ဈေးတွေထိုးကျနေချိန်တွင် မည်သူမျှ စတော့မဝယ် လိုကြသော်လည်း သင့်အတွက်တော့ ထိုအချိန်သည် ဝယ်ရန်အကောင်း ဆုံးအချိန်ဖြစ်၏။

၁၉၃၂-ခု၊ ဇူလိုင်လ၊ (၈)ရက်နေ့သည် အမေရိကန်စီးပွားရေး သမိုင်း၏ ထင်ရှားသော ရက်စွဲတစ်ခုဖြစ်၏။ ထိုနေ့သည် "ဒေါင်ဂျုံး(စ်) စက်မှုလုပ်ငန်း" ၏ စတော့ အောက်ဆုံးဆင့်ထိ ကျသွားသောနေ့ဖြစ်၏။ ထိုနေ့၏ ကုန်သွယ်မှုနှုန်းသည် ၄၀. ၅၆ ထိ ကျလာသည်။ ထိုနေ့တွင် နယူးရောက်စတော့လဲလှယ်ရေးဌာန၏ စာချုပ်(၂၀၀)ကို တစ်ခုလျှင် (၂) ဒေါ်လာ သို့မဟုတ် (၂)ဒေါ်လာမပြည့်တပြည့်ဖြင့် ရောင်းသည်။ ၁၉၃၂-ခု၊ ဇူလိုင်လ၊ (၈)ရက်နေ့သည် သူဌေးကြီး ဂျွန်ဒီရောက်ဖဲလား၏ (၉၃) နှစ်မြောက် မွေးနေ့လည်း ဖြစ်၏။ ထိုနေ့တွင် သတင်းထောက်များက သူ့ကို တစ်ခုခုပြောရန် တိုက်တွန်းကြသည်။ ထို့ကြောင့် သူက ပြောလိုက်သည်။

"ဒီနေ့ရက်တွေဟာ အများစိတ်ဓာတ်ကျတဲ့ ရက်တွေပဲ။ ကျွန်တော့် သက်တမ်း(၉၃)နှစ်အတွင်းမှာတော့ စိတ်ဓာတ်ကျလိုက်၊ စိတ်ဓာတ်တက် လိုက်နဲ့ပဲ ဖြတ်သန်းခဲ့တယ်။ ဒါပေမယ့် ဒီလိုနဲ့ပဲ ကြီးပွားသထက်ကြီးပွား ခဲ့တယ်"

စတော့ဈေးကွက်သမိုင်း၏ အမှောင်ဆုံးနေ့တွင် (၉၃)နှစ်အရွယ် ပုဂ္ဂိုလ်ကြီးက ထိုသို့ပင် အကောင်းမြင်ခဲ့သည်။ သူပြောတဲ့အတိုင်းလည်း မှန်ပါသည်။



**ငွေအချို့အဝယ်ရှိခြင်း**

အောင်မြင်သော ရင်းနှီးမြှုပ်နှံသူတစ်ယောက်အဖို့ လုပ်ငန်းစရန် အတွက် ငွေမြောက်မြားစွာ မလိုသော်လည်း ငွေအချို့အဝက်တော့ လိုပါ မည်။ စတော့များကို ရှယ်ယာဖြင့် ရောင်းပါသည်။ အချို့မှာ တစ်ဒေါ်လာ င် မပြည့်ပါ။ ကော်မရှင်တန်ဖိုးပါထပ်ပေါင်းလျှင် ဒေါ်လာအနည်းငယ် ဖြင့် စတော့ပိုင်ပါမည်။ ရိုးရိုးစတော့အနည်းငယ် ရင်းနှီးမြှုပ်နှံပိုင်ဆိုင်ရန် အတွက် မည်သည့်အခါမှ လက်မနှေးပါနှင့်။ အနည်းဆုံးရှယ်ယာ (၁၀၀) ထက်မနည်းပိုင်ဆိုင်ရန် ကြိုးစားသင့်သည်။ သို့သော် ရှယ်ယာ (၁၀၀) မပိုင်ဆိုင်နိုင်မချင်း စောင့်နေဦးမည်ဆိုလျှင်ကား မည်သည့်အခါမှ အထ မြောက်တော့မည် မဟုတ်ပါ။ ထို့ကြောင့် ရတတ်သရွေ့ စုဆောင်းဝယ်ယူ ခြင်းကိုပင် အကြံပေးလိုပါသည်။

ကျွန်တော်သည် ၁၉၄၆-ခု၊ အောက်တိုဘာတွင် ပထမဆုံးစတော့ ကို ဝယ်ခဲ့ပါသည်။ ထိုအချိန်သည် ၁၉၄၆-ခုနှစ်၊ ဩဂုတ်နှင့်စက်တင်ဘာ တွင် စတော့ဈေးကွက် အကျဆင်းဆုံးကာလ ဖြစ်သည်။ ကျွန်တော်၏ စတော့ မှာ "ဂျင်နရယ်မော်တော်" ကုမ္ပဏီမှ ရှယ်ယာ (၁၃)စုဖြစ်သည်။ ရှယ်ယာ တစ်စုကို (၄၈)ဒေါ်လာ ဖြစ်သည်။ စုစုပေါင်း ဒေါ်လာ (၆၅၀) ဦးခန့်ဖြစ် သည်။ (ထိုအထဲတွင် ပွဲစားခကော်မရှင်များ ပါဝင်သည်) ရှယ်ယာ (၁၃) စုသာ အဘယ်ကြောင့်ဝယ်သနည်းဟု မေးစရာရှိသည်။ ထိုအချိန်တွင် ကျွန်တော်ချမ်းသာသမျှဟူ၍ ဤမျှလောက်သာ ကျွန်တော့် မှာ ရှိပါသည်။ နှစ်ပေါင်းများစွာကြာမှ စတော့အကြောင်းတွေဖတ်ပြီး

ကျွန်တော်ကောင်း ကောင်းနားလည်တော့မှ စတော့ကို များများကစားခဲ့ပါသည်။

ထိုအချိန်တွင် ဝါရှင်တန်ဒီစီရှိ စစ်ပြန်စစ်မှုထမ်းများအုပ်ချုပ်ရေးဌာနတွင် ကျွန်တော်အလုပ်လုပ်ကိုင်နေပါသည်။ ကျွန်တော့်ဘဝတစ်သက်တာတွင် ဒေါ်လာ (၆၅၀)ကို တစ်လုံးတစ်ခဲတည်း စွန့်စွန့်စားစား ဤတစ်ကြိမ်သာ သုံးဖူးပါသည်။ ထိုသို့ စတော့ဝယ်ပြီးနောက် ကျွန်တော်သည် ထိုအကြောင်းကို တစ်ယောက်ယောက်ကို ပြောချင်စိတ်ပြင်းပြလာသည်။ ထို့ကြောင့် ရုံးသို့ ပြန်ပြီး လုပ်ဖော်ကိုင်ဖက်များထဲမှ တစ်ယောက်ကို ကျွန်တော် စတော့ရင်းနှီးမြှုပ်နှံသည့်အကြောင်း ပြောပြလိုက်သည်။ ထိုသူက ကျွန်တော့်ပြောစကားကို ဟားတိုက်ရယ်ပြီး အနီးအနားမှ လူတွေကိုပင် အဖော်စပ်ကာ ကျွန်တော့်ကို ရယ်စရာသတ္တဝါလို လုပ်ပစ်လိုက်၏။

"ဘာပြောတယ် မစ္စတာယန်း။ ခင်ဗျား ဘာဝယ်လိုက်တယ်ဆိုတာ ပြန်ပြောပြပါဦး"

"ဂျင်နရယ်မော်တော်ကုမ္ပဏီက ရှယ်ယာ(၁၃)စုကို ဝယ်လိုက်တာလေ"

"ဒီမှာ နားထောင်ကြဟေ့။ ဟောဒီမစ္စတာယန်းက ဒီနိုင်ငံမှာ အကြီးဆုံး ကုမ္ပဏီဖြစ်တဲ့ ဂျင်နရယ်မော်တော်ကုမ္ပဏီမှာ ရှယ်ယာဝင်သတဲ့။ ဒါဆိုသူလည်း ချမ်းသာတော့မယ် ထင်သလားမသိဘူး။ ရယ်ရတယ်နော်"



မည်သူတွေမည်မျှပင် ဟားတိုက်ကြစေ။ ကျွန်တော်ကတော့ ကျွန်တော်လုပ်တာမှန်သည်ဟုပင် ထင်ပါသည်။ လူတွေကတော့ ကျွန်တော့်ကို မြင်လျှင် နောက်စရာသတ္တဝါဟုပင် ထင်နေကြ၏။

"မစ္စတာယန်းနဲ့ လျှောက်မသွားကြနဲ့နော်. . . သူက ဖွက်ကားတွေ လမ်းပေါ်မှာတွေ့တိုင်း သူ့ကားတွေလို့ ထင်နေတာသိလား"

သူတို့ပြောတာ ကျွန်တော်မနာပါ။ ကျွန်တော်သည် "ဂျီအမ်" ကားသစ်တွေကို ကြည့်ပြီး ဤကားများထဲတွင် ကျွန်တော်လည်း ပါဝင်ပိုင်ဆိုင်သည်ဟု စိတ်မှာ ခံစားရပါသည်။

အကယ်၍ ကျွန်တော်သည် "ဂျင်နရယ်မော်တော်" ကုမ္ပဏီတွင် စတော့လက်မှတ်များကို ၁၉၈၇-ခုနှစ်၊ မေလ အထိထားခဲ့လျှင် ရမည့်အတိုးနှုန်းနှင့်ဆိုလျှင် ရှယ်ယာ (၇၈)ခုကို ပိုင်ဆိုင်ခွင့်ရလိမ့်မည်။ ၁၉၈၇-ခုနှစ်၊ မေလ၊ (၃၁)ရက်နေ့ ပေါက်ဈေးအရ ရှယ်ယာ(၇၈)ခု၏ တန်ဖိုးမှာ ဒေါ်လာ (၆၄၄၉) ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း (၄၀)က စိုက်ထုတ်ထားသော ဒေါ်လာ (၆၅၀)အတွက် ကျွန်တော်ယခုအချိန်တွင် စုစုပေါင်း ဒေါ်လာ (၁၀၂၀၄) ရမည်ဖြစ်ရာ ရာခိုင်နှုန်းအားဖြင့် (၂၄၆၀) ရာခိုင်နှုန်းဖြစ်ပါသည်။

ထိုမျှသာလား။ မကသေးပါ။ ထိုဒေါ်လာ (၁၀၂၀၄) ကို နှစ်ပေါင်း (၄၀)အတွင်း ကျွန်တော်လေးလတစ်ကြိမ် ခွဲဝေခံစားခွင့်လည်း ရှိ၏။ ထို ငွေများကို ကျွန်တော်ထုတ်မသုံးဘဲ ငွေစုဘဏ်တွင် ထည့်ထားပါက အတိုး နှုန်းရငွေ ဒေါ်လာ (၉၄၉၄) ရဦးမည်။ ဟဲရစ်ဘဏ်က ၁၉၄၆

မှ ၁၉၅၁ ကြားတွင် စုငွေအပေါ် အတိုးနှုန်း (၁. ၂၅)ရာခိုင်နှုန်း ပေး၏။ ၁၉၅၆ တွင် (၁. ၅)ရာခိုင်နှုန်း၊ ၁၉၅၉ တွင် (၂)ရာခိုင်နှုန်း၊ ၁၉၆၅ တွင် (၃)ရာခိုင်နှုန်း၊ ၁၉၆၅ တွင် (၃. ၅)ရာခိုင်နှုန်း၊ ၁၉၇၀ တွင် (၄)ရာခိုင်နှုန်း၊ ၁၉၇၃ တွင် (၄. ၅)ရာခိုင်နှုန်း၊ ၁၉၈၂ တွင် (၅)ရာခိုင်နှုန်း၊ ထိုမှ နောက်ပိုင်းတွင် (၅. ၅)ရာခိုင်နှုန်းထိ တိုးတက်လာခဲ့၏။ ဒေါ်လာ (၆၅၀) ရင်းနှီးမြှုပ်နှံမှုမှ ပြန်လည်ရရှိငွေမှာ (၂၅,၄၉၇)ဒေါ်လာဖြစ်၏။ (၃၉၀၀) ရာခိုင်နှုန်းတိုးတက်လာမည် ဟု ဆိုရမည်။ ထိုနှစ်တွင် ရှယ်ယာ (၇၈)ခုနှင့် (၅. ၅)ရာခိုင်နှုန်း အတိုးနှုန်းတို့ကြောင့် တစ်နှစ်ကို အတိုးချည်းသက်သက် ဒေါ်လာ (၁၀၈၄) ရပေဦးမည်။

ဤသည်မှ စတော့ရင်းနှီးမှုဖြင့် မည်မျှထိ အကျိုးအမြတ်ရှိပုံကို အကြမ်းဖျင်းတွက်ပြထားခြင်းဖြစ်ပါသည်။ သို့သော် ကျွန်တော်သည် ဂျင်နရယ်မော်တော်မှ စတော့များကို ရှည်ကြာစွာ ကိုင်စွဲမထားခဲ့ပါ။ ၁၉၄၇-ခုနှစ်၊ မေလတွင် ကျွန်တော်နေတာက ရှီကာဂို။ သို့သော် ကင်ဆပ်စ်ပြည်နယ်၊ ဖို့စတော့သို့သွားကာ လက်ရှိဇနီးကို မင်္ဂလာဆောင်ရန်ကိစ္စက ပေါ်လာသည်။ ကျွန်တော်ငွေလိုလာပြီ။ သို့သော် ရှီကာဂိုတွင် ကျွန်တော့်ကို ချေးမည့်ငှားမည့်သူ တစ်ဦးမျှမရှိ။ ထိုကြောင့် လက်ထပ်လက်စွပ် ဒေါ်လာ (၇၀၀)တန်ဝယ်ဖို့ မင်္ဂလာကိစ္စစီစဉ်ဖို့အတွက်၊ တစ်ခုတည်းသော နည်းလမ်းမှာ စတော့တွေကို ထုတ်ရောင်းရန်သာ ရှိတော့၏။ ထိုသို့တွေးသည့်အတိုင်းလည်း လုပ်ခဲ့၏။ ယခုတော့ ဇနီးသည်ကိုမြင်တိုင်း အတိုးနှုန်း (၃၉၀၀) ရာခိုင်နှုန်းရမည့် ငွေပမာဏကို သတိရမိနေတော့၏။



သို့သော် ကံကောင်းချင်တော့ နောက်ပိုင်းတွင် ရတတ်သမျှစတော့တွေကို ဝယ်ထားနိုင်သဖြင့် ငွေရေးကြေးရေး အဆင်ပြေခဲ့ပါသည်။

ကျွန်တော်ပြောချင်သည်မှာ ငွေလုံးငွေရင်းအများကြီးရှိမှ စတော့ဝယ်ရမည်မဟုတ်ဟု ဆိုသည်ပင်။ အချိန်က စကားပြောပါသည်။ သင့်ဘဝတွင် ငယ်ငယ်ရွယ်ရွယ်တုန်းကစပြီး စတော့တွေ စ,ဝယ်ခဲ့လျှင် ငွေပမာဏနည်းပင်နည်းသော်လည်း အသက်ကြီးလာလျှင် ငွေအမြောက်အမြားရရှိနိုင်သည်ဟူသော အချက်ကို သတိပေးလိုပါသည်။

### မှန်ကန်သောအဆုံးအဖြတ်

အောင်မြင်သော စတော့ပိုင်ဆိုင်သူ ဖြစ်လာနိုင်ရန် မှန်ကန်သော အဆုံးအဖြတ်ရှိဖို့တော့ လိုသည်။ အချို့သူများကတော့ အဆုံးအဖြတ်မှန်မှုသည် မွေးရာပါအရည်အချင်းဖြစ်၏။ အချို့ကတော့ အဆုံးအဖြတ်မှန်ဖို့ တမင်ပင် လေ့ကျင့်သင်ယူကြရ၏။ သင်သည် အဆုံးအဖြတ် သိပ်မမှန်ဟု သင့်ကိုယ်သင်ထိုင်မိပါက စတော့ဈေးကွက်သို့ အလောသုံးဆယ်မဝင်သင့်သေးပါ။ တခြားနည်းလမ်းများကိုသာ စဉ်းစားရွေးချယ်သင့်ပါသည်။

### ကံကောင်းမှု

အဆုံးအဖြတ်မှန်ကန်မှုထက် ပိုအရေးကြီးသည်မှာ ကံကောင်းမှုပင် ဖြစ်သည်။ အဆုံးအဖြတ် မည်မျှပင်မှန်စေကာမူ ကံမကောင်း၍

ရွှံ့နိမ့်ခဲ့ရသော သာဓကများစွာရှိသည်။ ကျွန်တော်သိသော လူချမ်းသာများထဲမှ အတော်များများသည် ကံကောင်း၍ ချမ်းသာသောသူများ ဖြစ်ကြသည်။

လွန်ခဲ့သော နှစ်အတော်ကြာကြာက ပုဂ္ဂိုလ်တစ်ဦး ကျွန်တော့်ထံ လာကာ ရင်းနှီးမြှုပ်နှံမှုကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးဖူးသည်။ သူသည် အငြိမ်းစားမယူခင် ပြင်ဆင်သင့်တာ ပြင်ဆင်ထားလို၍ အကြံလာ တောင်းခြင်းဖြစ်၏။ သူ့အကြံအစည်မှာ ယခုကတည်းက စတော့တွေ ဝယ်ထားကာ အငြိမ်းစားယူချိန်တွင် အသီးအပွင့်စားရန်၍ ဖြစ်၏။ ထို့ကြောင့် သူသည် "စတူဒီဘေကာ" ကုမ္ပဏီတွင် ရှယ်ယာတစ်စုလျှင် ခြောက်ဒေါ်လာဖြင့် ရှယ်ယာတွေ ဝင်ထား၏။ ကျွန်တော်ကမူ "စတူဒီဘေကာ" ကုမ္ပဏီ၏ အခြေအနေသည် ငွေရေးကြေးရေး အကျပ်အတည်းရှိနေကြောင်းသိနေ၍ သူ့ကို အကြံမပေးလို။ သို့သော် သူ့ကို မေးခွန်းတစ်ခုတော့ မေးကြည့်မိ၏။

"စတူဒီဘေကာကို ဘာဖြစ်လို့ ရွေးချယ်တာလဲ"

"စတူဒီဘေကာက နာမည်ရှိပြီးသားလေ။ နောက်ပြီး တစ်စုကို ခြောက်ဒေါ်လာဆိုတော့ ဈေးပေါလို့ဝယ်ထားတာပေါ့"

ကျွန်တော်က ဘဏ်ငွေစာရင်းများကို သိထားသူမို့ "စတူဒီဘေကာ" ကုမ္ပဏီ၏ အခြေအနေကို ကောင်းစွာနားလည်ထားပြီး ဒီလူတော့ မွဲမှာပဲ ဟုထင်မိ၏။ သို့သော် ဖြစ်ချင်တော့ သူမမွဲပါ။ ၁၉၃၀-ပြည့်နှစ်များ၏ အလယ်ပိုင်းကာလတွင် စတော့တန်ဖိုးတွေ တစ်ရှိန်ထိုး



မြင့်တက်လာ၍ သူလည်း ပွပေါက်တိုးသွားသည်။

နောက်ဖြစ်ရပ်တစ်ခု ပြောပါဦးမည်။ ၁၉၆၀-ပြည့်နှစ်တွင် ကနေဒီ သမ္မတအဖြစ် အရွေးခံပြီးစ ကာလဖြစ်၏။ သမ္မတသစ်၏ စီးပွားရေး အကြံပေးကောင်စီဥက္ကဋ္ဌအဖြစ် "ဒေါက်တာဟယ်လာ" အား ရွေးချယ်မည်ဟူသော သတင်းကို ကြားရသည်။ ထို့ကြောင့် လူတစ်ယောက်က စတော့ဈေးကွက်ကို ပြေးကာ "ဘာမှမေးမနေနဲ့" ကျွန်တော့်ကို ဒေါက်တာ ဟယ်လာကော်ပိုရေးရှင်းက ရှယ်ယာ (၂၀၀)သာ ရောင်းပါ" ဟုပြော၏။

တကယ်တော့ ထိုသူနားကြားလွဲပြီး ထင်ရာစွတ်လုပ်ခြင်း ဖြစ်၏။ သမ္မတအကြံပေးကောင်စီ ဥက္ကဋ္ဌ "ဒေါက်တာဟယ်လာ" မှာမင်နီဆိုတာ တက္ကသိုလ်မှ ဘောဂဗေဒပါမောက္ခဖြစ်ပြီး စီးပွားရေးလုပ်ငန်းလုပ်နေသော "ဒေါက်တာဟယ်လာ ကော်ပိုရေးရှင်း" နှင့် ဘာမျှ မသက်ဆိုင်ပါ။ နာမည်တူနေခြင်းသာ ဖြစ်၏။ မည်သို့ဆိုစေ သူရှယ်ယာဝင်ချိန်မှစ၍ "ဒေါက်တာဟယ်လာ" ကော်ပိုရေးရှင်းမှာ စတော့ဈေးတွေ တရိပ်ရိပ်တက်လာ၍ သူကံကောင်းခဲ့၏။ နောက်ကျမှ သမ္မတ၏အကြံပေးပုဂ္ဂိုလ်နှင့် ယခုကော်ပိုရေးရှင်းသည် နာမည်တူရုံမှလွဲ၍ ဘာမျှမဆိုင်ကြောင်း သိလာသောအခါ သူက ရှယ်ယာတွေ ပြန်ရောင်းလိုက်၏။ ထိုအခါတွင်လည်း ထိုက်သင့်သလောက် အမြတ်တွေရခဲ့၏။ သူရှယ်ယာရောင်းပြီး မကြာခင်မှာပင် တက်ဆက်ပြည်နယ်၌ စီးပွားရေးကပ်ဆိုက်ခဲ့၍ လုပ်ငန်းများ ခွက်ခွက်လန်အောင် ရှုံးကြရာ "ဟက်လာကော်ပိုရေးရှင်း" သည် အကြီး

မားဆုံး ဆုံးရှုံးခဲ့၍ သူ့ထံအရင်းအနှီးမြှုပ်နှံထားသူအားလုံး အရင်းပြုတ်ကြရ၏။ သို့သော် ထိုအဆုံးအရှုံးများထဲတွင် ကျွန်တော့်လူမပါနိုင်တော့ပါ။

## ထည်းခံနိုင်မှု

စတော့ရင်းနှီးမြှုပ်နှံသူများထဲတွင် အောင်မြင်သူအများစုမှာ အလွန် သည်းခံတတ်သူများဖြစ်ကြောင်း ကျွန်တော်ကိုယ်တွေ့သိရ၏။ စတော့ ရင်းနှီးမြှုပ်နှံပြီး ချက်ချင်းလက်ငင်းထုတ်ရောင်းသူများမှာ မကြီးပွားကြ။ ကျွန်တော့်မိတ်ဆွေတစ်ဦးရှိသည်။ သူ့အသက်က (၉၀)ကျော်ပြီ။ သို့သော် သူသည် ယခုတိုင်စတော့ ဈေးကစားနေဆဲ။ သူက တင့်တောင့်တင့်တယ် နေနိုင်သူဖြစ်၏။ သို့သော် ချမ်းတော့ မချမ်းသာပါ။ ၁၉၁၆-ခုနှစ်တုန်းက သူဝယ်ထားခဲ့သော "ယူနီယံကာဘိုက်" စတော့ကိုသာ လက်ထဲမှာ ကြာကြာကိုင်ထားနိုင်ခဲ့လျှင် ယခုဆိုသန်းကြွယ်သူဌေးအသာလေးဖြစ်ပြီဟု သူက ပြောသည်။ ယခုတော့ သူက စတော့ကစားတော့ကစားသည်။ နည်း နည်းလေးမြတ်ရိပ်မြင်လျှင် စတော့တွေ ဝယ်လိုက်၊ ရှုံးမည်ကြံလျှင်ထုတ် ရောင်းလိုက်နှင့် သံသရာလည်နေ၏။

ထိုအဘိုးကြီးနှင့် ဆန့်ကျင်ဘက်မိတ်ဆွေတစ်ဦးရှိသေးသည်။ သူက အသက်(၇၀)ကျော်ပြီ။ သန်းပေါင်းများစွာလည်း ကြွယ်ဝသူဖြစ်၏။ သူသည် စတော့ ဈေးကျချိန်တွင် ဝယ်ထားပြီး တော်ရုံတန်ရုံဈေးတက်ရုံ



မျှဖြင့် ထုတ်မရောင်းဘဲ လက်မှာကိုင်ထား၏။ သူက မည်သည့်အခါမျှ မလော။ အချိန်ကို စိမ်ပြေနပြေထိုင်စောင့်တတ်၏။ သူမှန်းထားသော စိတ်ကြိုက်ဈေးမရောက်မချင်း သည်းခံစောင့်ဆိုင်းတတ်သည်။ ၁၉၆၀-ပြည့်နှစ် နှောင်းပိုင်းလောက်တွင် သူစောင့်နေသော အချိန်လာ၏။ သူ့ရင်းနှီးမြှုပ်နှံမှု၏ အဆပေါင်းများစွာ အမြတ်ရအောင် ယူရောင်းနိုင်ခဲ့၏။ ၁၉၈၀-ပြည့်နှစ်များတွင် သူ့ပွပေါက်တစ်ချီတိုးပြန်သေးသည်။

စတော့ဈေး ကျဈေးကို မည်သူအပိုင်တွက်နိုင်ပါသလဲ။ စီးပွားရေး ဝိဇ္ဇာကြီးများသာ ခန့်မှန်းနိုင်သော ကိစ္စဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့ သာမန်လူတွေမှာကား ကိုယ်ဝယ်ထားပြီးသော စတော့များကို အချိန်တိုတိုအတွင်း ပြန်မရောင်းဘဲ တစ်စုံတစ်ရာသော အတိုင်းအတာ အချိန်လောက်အထိကား သည်းခံအောင့်အည်းတတ်ဖို့သာ လိုအပ်ပါသည်။ တစ်ခါတစ်ရံ နှစ်နှင့်ချီပြီး စောင့်ချင်စောင့်ရတတ်သည်။

## ဆုံးဖြတ်မှုအရည်အသွေး

အောင်မြင်သော စတော့ ရင်းနှီးမြှုပ်နှံသူအများစုသည် အဆုံးအဖြတ်ပိုင်နိုင်သူများ ဖြစ်ကြသည်။ သူတို့သည် မွေးရာပါဗီဇအရပဲ အဆုံးအဖြတ်မှန်ကန်တတ်သူတွေပဲလား။ သို့တည်းမဟုတ် လေ့ကျင့်ရင်းအလုပ်က သင်ပေး၍ တတ်မြောက်လာသူတွေလား။ ဒါတွေတော့ အတိအကျ မပြောနိုင်။ မိသားစုရေးရာ၊ လူမှုရေးရာများတွင်လည်း ထိုသို့ပင် အဆုံးအဖြတ် ပိုင်နိုင်သူတွေပဲလား။ ဒါတွေလည်း ကျွန်တော်နှင့်

မဆိုင်ပါ။ ကျွန်တော်သိသည်ကား စတော့ကို ဈေးကျချိန်တွင် မည်မျှ မည်မျှရလျှင် ရောင်းမည်ဟူသော အဆုံးအဖြတ်ပြတ်သားစွာ ချမှတ်တတ်သူများ ဖြစ်ပါသည်။ ချက်ချင်း လက်ငင်းကောက်ကာငင်ကာ ဆုံးဖြတ်ရမည်ကိုကား မဆိုလိုပါ။ အချိန်အတော်အသင့် ယူတန်ယူရမည်။ ဘက်စုံထောင့်စုံ တွက်ချက်သင့်တာ တွက်ချက်ရမည်။ သို့သော် ဆုံးဖြတ်ချက်ချပြီဆိုလျှင်ကား ပြတ်သားရမည်။ အဆုံးအဖြတ်မရေရာတတ်သူများကား စတော့ဈေးကွက်တွင် အောင်မြင်ဖို့ မလွယ်ပါ။

## သတ္တိ

စတော့ရင်းနှီးမြှုပ်နှံမှုတွင် အရေးကြီးဆုံးအရည်အချင်းမှာ သတ္တိပင်ဖြစ်သည်။ တခြားသူတွေ ဒလဟော ရောင်းနေချိန်၌ ဝယ်ရဲသော သတ္တိရှိရမည်။ စတော့ဈေးကွက်တွေ အောက်ဆုံးထိကျနေလည်း ဝယ်ရဲရမည်။ စီးပွားရေးအခြေအနေမဟန်လျှင်လည်း ဝယ်ထားရမည်။ တကယ်တော့ စီးပွားရေးကပ်ဆိုက်ချိန်သည် စတော့ဝယ်လို့ အကောင်းဆုံးအချိန်ပင်ဖြစ်သည်။

လူများစုကား စတော့ဈေးတက်မှ ဝယ်တတ်ကြသည်။ ဈေးတက်ချိန်ဝယ်၍ နည်းနည်းမြင့်တာနဲ့ ပြန်ရောင်းခြင်းသည် သတ္တိမဟုတ်။ လူများစုသိထားကြသည်မှာ စတော့ဈေးတက်လျှင် ဝယ်ကြ။ ဈေးကလည်း အမြဲတက်နေမည်ဟု ထင်ထားကြခြင်းဖြစ်၏။ စတော့ဈေးကျပြန်လျှင်လည်း တစ်သက်လုံး ဈေးတွေကျမည်ထင်ကာ မဝယ်ရဲ



မပြုရဲကြပြန်။ တကယ်ဖြစ်သင့်သည်ကား စတော့ဈေးအကျဆုံးအချိန်တွင် များများဝယ်ထားပြီး ကြာကြာထိန်းသိမ်းထားသင့်သည်။ သတ္တိနှင့် အကောင်းမြင်စိတ်သည် ဒွန်တွဲနေသည်။ အကောင်းမြင်စိတ်ဆိုသည်မှာလည်း အပေါ်ယံကြော မဟုတ်။ တကယ်ပင် နှစ်နှစ်ကာကာ အကောင်းမြင်တတ်သော စိတ်ကို ဆိုလိုသည်။ ထိုစိတ်မရှိသူသည် သတ္တိမရှိနိုင်။ စတော့ဈေးကွက်တွေ မြောင်းထဲရောက်ချိန်တွင် သိမ်းကျုံးပြီး ဝယ်ထားရဲသော သတ္တိရှိသူသည်သာ အကောင်းမြင်စိတ် တကယ်နက်နက်ရှိုင်းရှိုင်း ရှိသူဖြစ်၏။

## လောင်းကစားရင် ချမ်းသာမလား။ မတွက်ပါ။

ထီထိုးမလား။ မြင်းလောင်းမလား။ လေးကောင်ဂျင်ချမလား။ ဖဲကစားမလား။ ဒါတွေလုပ်ပြီး အကြီးအကျယ်နိုင်လာရင်တော့ ချမ်းသာလာနိုင်တာပေါ့။ သတင်းစာတွေ၊ စာစောင်တွေ၊ ဂျာနယ်တွေမှာ ဖတ်ဖူးပါသည်။ ထိုသို့ ချမ်းသာလာသူများအကြောင်း။

သို့သော် ထိုသို့ချမ်းသာလာရန် အခွင့်အလမ်းများ အလွန်နည်းပါးပါသည်။ ဗြိတိသျှစွယ်စုံကျမ်းအဆိုအရ လောင်းကစားမှုရသော ငွေ၏ (၁၂)ရာခိုင်နှုန်းမှ (၂၅)ရာခိုင်နှုန်းသည် နိုင်ငံတော်ဘဏ္ဍာသို့ ဝင်သည်ဟု သိရ၏။ ထိုငွေထဲမှ လက်ကျန်ငွေကိုသာ သင်ကံကောင်းလွန်းမက ကံကောင်းမှ အနိုင်ရနိုင်ပါသည်။ မြင်းပွဲဆိုပါစို့၊ အများထဲမှ ကိုယ်လောင်းသားသော မြင်းကလည်း နိုင်ရဦးမည်၊ ကိုယ်လောင်းထားသော လောင်း

ကြေးကလည်း များရဦးမည်။ ဒါမှသာ ငွေများများရမည်။ တခြားရှုံးမည့် မြင်းတွေမှာ ငွေပုံအောလောင်းပြီး နိုင်မည့်မြင်းကျမှ ငွေနည်းနည်းသာ လောင်းမိ၍ နိုင်သော်လည်း အရင်းပင် ပြန်မရသည့်အဖြစ်မျိုးတွေ များ၏။ အများစုမှာကား ပါသမျှငွေကုန်ပြီး ပြန်ကြ၊ နောက်တစ်ပတ် အခွင့်အလမ်း ရလိုရငြား ပြန်မျှော်ကြသူတွေသာ များ၏။ ထီထိုးတာ လည်း ထို့နည်းအတိုင်းပင်။ ဂဏန်းတွေအများကြီးကို အကုန်လိုက်တူ ဦးမှ၊ ဂဏန်းရော အက္ခရာရော တူပြီးသော်လည်း ဆုကြီးဝင်ဦးမှ၊ ဆုကြီး ဝင်တာတောင် တစ်စောင်တည်းထိုးမိလျှင် ငွေအရနည်းမည်။ မင်္ဂလာစုံ တွဲထိုးမိပါမှ. . . စသဖြင့်၊ စသဖြင့် ထီပေါက်၍ ချမ်းသာသည်ဆိုသော အချက်သည် အတော့်အတော်ပင် ဖြစ်ခဲသောကိစ္စဖြစ်၏။ ဖဲတို့၊ ဂျင်တို့ကား ပြောစရာ ပင်မလိုတော့။

နိုင်ငံတော်အစိုးရက ဖွင့်လှစ်သော အောင်ဘာလေထီကား ထိုးနိုင် သူများ ထိုးသင့်သည်။ တစ်လကို ထီလေးငါးဆယ်စောင်ထိုး၍ကား မည်သူမျှ မွဲမသွားနိုင်။ ထီမထိုးလျှင်လည်း ထိုပိုက်ဆံသည် တစ်နည်းနည်းနှင့် ကုန်သွားမှာ သေချာသည်။ ထီထိုးတာကမှ နိုင်ငံတော်က အခွန်အကောက် တွေရပြီး စာသင်ကျောင်းတွေ ဆေးရုံတွေ တည်ဆောက်နိုင်သဖြင့် မိမိ လည်း တစ်ဖက်တစ်လမ်းက ကုသိုလ်ရနိုင်သေးသည်။ နိုင်ငံတော် အတွက် အခွန်ငွေကို တစ်နည်းတစ်ဖုံရှာပေးရာ ရောက်သေးသည်။ ထီသည် တကယ်တော့ မျှော်လင့်ချက်ကို ဝယ်ခြင်းပင်ဖြစ်၏။ မျှော်လင့်ရာ အခွင့်အလမ်းကား နည်းကောင်းနည်းမည်။ သို့သော်



ကိစ္စမရှိ၊ ထိုနည်းနည်း ထဲတွင် ကိုယ်မပါဘူးဟု မည်သူမျှ မပြောနိုင်။ မျှော်လင့်ချက်ဟူသည် လူတစ်ယောက်၏ ဖြစ်တည်မှုတွင် အလိုအပ်ဆုံး အချက်တစ်ခုဖြစ်သည်။ မျှော်လင့်ချက်ကို ငွေ(၅၀)ဖြင့် ဝယ်ရမည်မှာ ထိုက်တန်၏။ မိမိဝင်ငွေထက် ထွက်ငွေက မများပါစေနှင့်။ ဝင်ငွေ ထွက်ငွေမျှအောင်လုပ်ပြီး ပိုငွေကို တစ်ခုခုတွင် ရင်းနှီးမြှုပ်နှံပါ။ ထိုကြား ထဲမှ ကံစမ်းသည့်သဘောဖြင့် ထီမှန်မှန်ထိုးပါ။ မပေါက်တောင်မှ အလှူဒါနတစ်ခုခု နိုင်ငံ့အကျိုးပြုတစ်ခုခုဖြစ်သွား၍ လုပ်သင့်လုပ်ထိုက် သော အလုပ်ဖြစ်ပါသည်။

(ချမ်းသာဖို့ အမြဲချမ်းသာဖို့ စာအုပ်မှ ပြန်လည်ဖော်ပြပါသည်)

ဟိန်းလတ်

★★★★

သို့

စာပေဝါသနာရှင်နှင့် စာဖတ်သူပရိသတ်များထံသို့

ခေတ်ကြေးမုံ(လူငယ်အောင်မြင်ရေးစာစုများ)အတွက် ဝေဖန်အကြံပြုချက်များ၊ စာမူကိုစွမ်းများ၊ လူငယ်အောင်မြင်ရေးစာစုအတွက် ကလောင်သစ်များကို လှိုက်လှဲစွာ ဖိတ်ခေါ်အပ်ပါသည်။

**ခေတ်ကြေးမုံစာတည်းအဖွဲ့**

**စိန်မိုးယံစာပေ**

အမှတ်(၁၅)၊ အောင်တော်မူလမ်း၊

မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း – ၀၉၅၁၈၄၁၀၀

Email ; DiamondSkyPublishing@gmail.com

FB ; Facebook.com/DiamondSkyPublishing

သို့

စာပေဝါသနာရှင်နှင့် စာဖတ်သူပရိသတ်များထံသို့

ခေတ်ကြေးမုံ(လူငယ်အောင်မြင်ရေးစာစုများ)အတွက် ဝေဖန်အကြံပြုချက်များ၊ စာမူကိုစွမ်းများ၊ လူငယ်အောင်မြင်ရေးစာစုအတွက် ကလောင်သစ်များကို လှိုက်လှဲစွာ ဖိတ်ခေါ်အပ်ပါသည်။

**ခေတ်ကြေးမုံစာတည်းအဖွဲ့**

**စိန်မိုးယံစာပေ**

အမှတ်(၁၅)၊ အောင်တော်မူလမ်း၊

မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း – ၀၉၅၁၈၄၁၀၀

Email ; DiamondSkyPublishing@gmail.com

FB ; Facebook.com/DiamondSkyPublishing

# အောင်မြင်သော ဘဝတည်ဆောက်နည်း

## တက္ကသိုလ်စိုးမိုးနိုင်

“ဟော့ . . ဆင်းရဲတာ ချောင်းသော်၊ မြောင်းသော်ထဲမှာ ကျော့ကျော်ခွဲမယ်ဆိုရင်တော့ ဆင်းရဲသေလို့ ရောက်လို့ရှုမပမယ့် ပင်လယ်သမုဒ္ဒရာထဲမှာတော့ မီးအဝိုင်းလုပ်လို့မရဘူး။ ဗိုက်ပိုင်ထိမ်းကျောင်းမှ လိုရာရောက်မှာ”

လို့ပြောခဲ့တဲ့ အကြောင်းအရာကို ဖတ်ရှုသည့်မှာ ကြာခဲ့ပြီ

## အောင်မြင်သော ဘဝတည်ဆောက်နည်း

မိုးနဲ့မြေကြား. . . ဘဝများဟာ. . .
နေမင်းနီနီ ခေါင်းပြူထွက်လာတော့
အိပ်ရာက နိုးထလို့
ဘဝအတွက်. . . တစ်နေ့တာ၊ ရုန်းကန်မှုကို စကြတာပေါ့။
တစ်ချို့က အောင်မြင်ကြတယ်။
တစ်ချို့တော့လည်း ဘဝလမ်းမှာ
ခရီးပန်းလို့ နွမ်းခွေကြတယ်။
တကယ်တော့. . . ဘဝအောင်မြင်မှုအတွက်
ဉာဏ်မီသလောက်တော့. . .
အားမာန် ဖွဲ့တွေနဲ့ လူတိုင်း
ပန်းတိုင်ဆီသို့ ချီတက်ကြတာပါပဲ
ရလဒ်အဖြေ. . . ကွာခြားခြင်းရဲ့
အဓိက အချက်က



"စိတ်ဓာတ်" ကြောင့်ပေါ့။

အမှန်တကယ်အားဖြင့် ဘဝအောင်မြင်မှုသည် "စိတ်ဓာတ်" အပေါ်တွင် အဓိကတည်မှီနေသည်၊ အဘယ်ကြောင့် "စိတ်ဓာတ်" ပေါ်တွင် တည်မှီနေသည်ဟုဆိုရသော် လူသားသည် ရုပ်ကြီးသက်သက် ရှိသော ပုဂ္ဂိုလ်လည်းမဟုတ်။ လူသားဆိုသည်မှာ ရုပ်နှင့်နာမ် အစုအဝေး ကြီးပင် ဖြစ်သည်။ ဘဝအတွက် "လူသား" ကြိုးပမ်းသည်ဆိုရာ၌ အမှန်တကယ်အား ဖြင့် ရုပ်၊ နာမ် အစုအဝေးကြီး၏ ကြိုးပမ်းချက်ဆိုက မှားမည်မဟုတ်ပါ။

"စိတ်ဓာတ်" ပေါ်တွင် ဘဝအောင်မြင်မှု၊ နိမ့်ကျ ကျဆုံးမှုတို့သည် အဓိကတည်မှီနေသည်ဟု ဆိုခြင်းမှာ အကြောင်းရှိပါသည်။

"စိတ်ဓာတ်" ဆိုသော စကားလုံးကို ကြည့်မည်ဆိုပါက "စိတ်" ဆိုသော စကားလုံးနှင့်၊ "ဓာတ်" ဆိုသောစကားလုံး၊ နှစ်လုံးပေါင်းနှင့် ပေါင်းဖွဲ့ထားသည်ကို တွေ့ရသည်။ ထိုစာလုံးတစ်လုံးချင်း၏ အဓိပ္ပါယ် သည် လွန်စွာလေးနက် နက်ရှိုင်းလွန်းလှပါသည်။

ထို "စိတ်ဓာတ်" ဆိုသော စကားလုံး၏ နက်ရှိုင်းမှုကို သရုပ်ခွဲကြည့် မည်ဆိုပါက "စိတ်" ဆိုသော စကားလုံးသည် အာရုံကို သိမှတ်၏။ "နာမ်" ပိုင်းဆိုင်ရာ အဓိက ဝေါဟာရဖြစ်ပြီး "ဓာတ်"ဆိုသော စကားလုံး သည် ကား "ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော" တည်းဟူသော မူလဘူတ ဓာတ်ကြီး (၄)ပါးတို့၏ သရုပ်ကိုဖော်ညွှန်းသည့် "ရုပ်"တရား၏ ဝေါဟာရ ပင်ဖြစ်သည်။

ထို့ကြောင့် "စိတ်ဓာတ်" ဆိုသည်မှာ တစ်နည်းအားဖြင့် "ရုပ်နာမ်" တရားနှစ်ပါးတို့ကို ဖော်ညွှန်းခြင်းပင်ဖြစ်သည်။

သို့ဖြစ်၍မိမိ၏ ရုပ်တည်းဟူသော ခန္ဓာကိုယ်ကြီး ကျန်းမာပါမှ မိမိလိုရာကို လုပ်ဆောင်နိုင်မည်။ မိမိလိုရာဆန္ဒပြည့်ဝရန် စိတ်တည်းဟူသော နာမ်တရားလည်း ကောင်းမွန်မှန်ကန်ပါမှ မိမိဘဝကို မိမိပဲ့ကိုင်ထိန်းကျောင်း နိုင်ပေလိမ့်မည်။

စိတ်ဓာတ်နှင့်ပတ်သက်၍ ကမ္ဘာကျော်စာရေးဆရာကြီးတစ်ဦး၏ ရေးဖွဲ့မှုကို သွား၍သတိရမိသည်။ ကမ္ဘာကျော်စာရေးဆရာကြီး၏ ရေးသားသော ဝတ္ထုတစ်ပုဒ်တွင် အကြောင်းအရာတစ်ခုကို ယနေ့တိုင် မမေ့နိုင်သေးပါ။ ဆရာကြီးတစ်ဦးက ဇာတ်ကောင်တစ်ကောင်ကို ပညာပေးရာတွင် ပြောကြားသောစကားမှာ မှတ်သားဖွယ်ရာ ကောင်းလှပါသည်။

"ဟေ့. . . မင်းဟာ ချောင်းငယ်၊ မြောင်းငယ်ထဲမှာ လှေလှော်ခဲ့မယ်ဆိုရင်တော့ မင်းထင်သလို လှော်လို့ရပေမယ့် ပင်လယ်သမုဒ္ဒရာထဲမှာတော့ ဒီအတိုင်းလုပ်လို့ မရဘူး။ ပဲ့ကိုင်ထိန်းကျောင်းမှ လိုရာရောက်မှကွ" လို့ပြောခဲ့တဲ့ အကြောင်းအရာကို ဖတ်ဖူးသည်မှာ ကြာခဲ့ပြီ။ စာအုပ်အမည်ကိုတော့ တိတိကျကျ မမှတ်မိတော့။ အကြောင်းအရာသာ ရင်ထဲမှာ စွဲနေသည်။

အဓိကအားဖြင့် ကျဉ်းမြောင်းသောလမ်းတွင် သွားမည်ဆိုပါက အပြောင်းအလွဲသည် မသိသာ။ ကျယ်ပြန့်လွန်းသောနေရာတွင် အရပ်



မျက်နှာတိုင်းတာမှု၊ သံလိုက်အိမ်မြှောင်၊ မြေပုံ၊ ကွန်ပတ်စ၊ ကြယ်တာရာ၊ နက္ခတ်တို့ကိုကြည့်၍ မိမိသွားရမည့် ခရီးလမ်းကြောင်းကို ဆွဲပါမှ လိုရာကို ရောက်နိုင်သကဲ့သို့ ဘဝခရီးလမ်းတွင် ရုပ်ခန္ဓာမည်မျှပင် ကျန်းမာသန်စွမ်းမှုနှင့် ပြည့်စုံသော်လည်း ဘဝခရီးရေးဆွဲမှုပိုင်းဆိုင်ရာတွင် နာမ်တရားတည်းဟူသော စိတ်ပိုင်းဆိုင်ရာ အားနည်းနိမ့်ကျနေမည်ဆိုပါက အဘယ်သို့လျှင် ဘဝပန်းတိုင်သို့ ရောက်ပါမည်နည်း။

**"အလွယ်ဆုံး၊ အရှင်းဆုံး ဘဝအောင်မြင်အောင် ဘယ်လို လုပ်ရမလဲ"**

ဟုမေးလာတဲ့အခါ ကျွန်ုပ်အနေနှင့် ခပ်ရှင်းရှင်း "စိတ်ဓာတ်ကို ကောင်းအောင်ပြင်ပေါ့"လို့ အဖြေပေးမိမည်။ ထိုထက်ရှင်းအောင်ပြောမည်ဆိုပါက ရုပ်ပိုင်းခန္ဓာ၏ ကျန်းမာရေးကို ကောင်းအောင်ကြိုးစားခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ တိုးတက်မြင့်မားမှုရှိအောင် လုပ်ရမည်။ ဤသို့ ရုပ်ပိုင်းကျန်းမာအောင်နှင့် နာမ်ပိုင်း စိတ်ပိုင်းဆိုင်ရာ အသိတရားကြွယ်ဝအောင် လုပ်ခြင်းအားဖြင့် အကြင်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် အဆင့်အတန်းမြင့်သော ဘဝတစ်ခုတွင် အောင်မြင်ခြင်း၏ နေရာတစ်ခုကို ဧကန်ရမည်ဟု ရဲရဲကြီး အာမခံဝံ့ပါသည်။

ဤသို့ဆိုလျှင် ဘဝအောင်မြင်ရေးအတွက် လုပ်ဆောင်ရမည်ကို အပိုင်း (၂)ပိုင်းခွဲခြား၍ ရသည်။ ထိုအပိုင်း (၂)ပိုင်းမှာ-

(၁) ခန္ဓာကိုယ်ကျန်းမာရေးအပိုင်း

(၂) စိတ်ဓာတ်အသိပညာ မြင့်မားရေးအပိုင်း ဟူ၍ ဖြစ်ပါသည်၊

### ၀။ ခန္ဓာထိုင် ကျန်းမာရေး

ဗုဒ္ဓစာပေတွင် ကျန်းမာရေးနှင့်ပတ်သက်၍ အဆိုတစ်ခုရှိသည်။ "ကျန်းမာခြင်းသည်၊ လာဘ်တစ်ပါး" တဲ့။ ကျန်းမာနေသောအခါ၊ ကျန်းမာခြင်း၏ တန်ဖိုးကို သိသူနည်းပါးသည်။ ကျန်းမာခြင်းကျဆင်း၍ ရောဂါဘယနှင့် ကြုံဆုံရသောအခါတွင်မှ ကျန်းမာခြင်း အရေးပါပုံသည် ပိုမို ထင်ရှားလာသည်။ မည်သူမဆို ကျန်းမာခြင်းမရှိပါဘဲ လောကီရေးရာ ကိစ္စရပ်တွင်လည်းကောင်း၊ လောကုတ္တရာကိစ္စရပ်တွင်လည်းကောင်း လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်း မရှိပါ။

ထို့ကြောင့်ပင် အဆင့်မြင့်မားသော တာဝန်ကြီးများကို ထမ်းဆောင်ဖို့ရန်အတွက် ကျန်းမာရေးအပိုင်း ကောင်းမွန်မှုကို ဆေးစစ်ရမည်။ ကျန်းမာရေးအဆင့်အတန်း နိမ့်ကျပါက (ဆေးမအောင်ပါက) မည်မျှပင် ပညာ များ တတ်မြောက်ပါသော်လည်း ထမ်းဆောင်ရမည့် တာဝန်တွင် ကျန်းမာရေး အဆင့်အတန်းမမီသဖြင့် မိမိတတ်ကျွမ်း၊ တတ်မြောက်သော ပညာအတွက် အကျိုးခံစားမှုသည် ကျန်းမာရေးကြောင့် လက်လွတ်ဆုံးရှုံးရပေလိမ့်မည်။ ဤသည်မှာ လောကီရေးရာအလုပ်အကိုင်တွင် ကျန်းမာရေး၏ အရေးပါပုံကို တင်ပြခြင်းဖြစ်သည်။

ထိုနည်းတူစွာ လောကုတ္တရာ တရားအားထုတ်ရာတွင် မြတ်ဗုဒ္ဓ၏ လမ်းညွှန်မှုကို လယ်တီဆရာတော်ဘုရားကြီးက ဝိဇ္ဇာမဂ္ဂဒီပနီတွင် အောက်ပါအတိုင်း ဖော်ညွှန်းပြဆိုထားပါသည်။

သမထ ဝိပဿနာအလုပ်လုပ်လို့ အောင်မြင်ဖြစ်ထွန်းလိုသူသည်-



(၁) ဘုရားကို ယုံကြည်ခြင်း

(၂) ကိုယ်လက်အင်္ဂါ ကျန်းမာကြံ့ခိုင်ခြင်း

(၃) ဝမ်းတွင်းနှလုံး ဖြောင့်စင်းခြင်း

(၄) ဝီရိယ ထက်သန်ခြင်း

(၅) ရုပ်၊ နာမ်ခန္ဓာတို့၏ ဖြစ်ထွန်းမှု၊ ချုပ်ကွယ်မှုတို့၌ ဉာဏ်၏ စူးရှခြင်း

စသော အင်္ဂါတို့ကို ဖော်ညွှန်းပြဆိုရာတွင် ကျန်းမာကြံ့ခိုင်မှုသည်လည်း ပါဝင်နေပါသည်။

ထို့ကြောင့် သင်သည် လောကီကိုပဲလုပ်လုပ်၊ လောကုတ္တရာကိုပဲ လုပ်လုပ် ကျန်းမာရေးသည် အဓိကပင် မဟုတ်ပါလော။

### ထင် ကျန်းမာအောင် မည်သို့ပြုမည်နည်း?

ကျန်းမာအောင် ပြုလိုသောသူသည် ပထမဦးစွာ ရုပ်သဘော၊ နာမ်သဘောကို သိရန်လိုသည်။ ရုပ်ကျန်းမာမှုသည် ဓာတ်(၄)ပါးတို့၏ မျှတမှုပေါ်တွင် တည်မီသည်။ ထိုဓာတ် (၄)ပါးမျှတမှု၊ ကျန်းမာမှုကို ဖြစ်စေအောင် ထိန်းချုပ်ထားသော အရာ (၄)ခုသည် ရုပ်ကြီးနှင့် ပတ်သက်နေသည်။ ထိုရုပ်ကြီးကို ထိန်းချုပ်မှုများကား. . .

(၁) ကံ

(၂) ဥတု

(၃) အာဟာရ

(၄) စိတ် တို့ပင်ဖြစ်သည်။

**ကံတရား**

မိမိကြည့်သောမှန်တွင် မိမိပုံရိပ်သည် ထင်စမြဲပင်။ ထိုမှန်ကို ကြည့်၍ မိမိကပြုံးမည်ဆိုက ထိုမှန်ထဲက မိမိ၏ပုံရိပ်သည်လည်း လိုက်၍ပြုံးမည်။ မိမိက မှန်ကိုကြည့်၍ မဲ့ပြမည်ဆိုပါက မိမိပုံရိပ်က လိုက်၍ မဲ့ပေလိမ့် မည်။ ကံတရားသည်လည်း ထိုသဘောပင် ဖြစ်သည်။ မိမိကောင်းတာလုပ်လျှင် ကောင်းတာဖြစ်မည်။ မိမိ မကောင်းတာ လုပ်လျှင် မကောင်းတာဖြစ်မည်။ "ကံ" ဆိုသည်မှာ "ကမ္မ"ဟူသော သဒ္ဒါမှ ဆင်းသက်လာရကား အလုပ်ဟူသော အဓိပ္ပါယ်ကို ဆောင်သည်။ မိမိ လုပ်ဆောင်ချက်သည် ကောင်းမှု၊ ဆိုးမှုတို့၏ အဓိကသော့ချက် ဖြစ်သည်။

လွယ်လွယ်ရှင်းရှင်း ဥပမာတစ်ခုကို ထုတ်နုတ်ဖော်ပြရပါလျှင် မိမိက ညလုံးပေါက် ပွဲကြည့်မည်ဆိုပါက နောက်တစ်နေ့တွင် အားအင်ကုန် ခန်းချိနဲ့ခြင်း၊ အလုပ်အကိုင်ပျက်ခြင်း စသော အကျိုးကိုရမည်မှာ. . . မိမိ၏ ညလုံးပေါက် ပွဲကြည့်ဟူသော လုပ်ဆောင်ချက်ကံကြောင့် ဖြစ်သည်။ အကယ်၍ မိမိသည် အချိန်မှန်အိပ်၊ အချိန်မှန်စားပါက မိမိ၏ ခန္ဓာကိုယ် အင်အားမျှတနေသည်မှာလည်း မိမိ၏ လုပ်ဆောင်ချက် အပေါ်တွင်သာ အခြေခံသည်။ ကျန်းမာမှု၊ အသက်ရှည်မှုသည် သီလ တရားတွင် အခြေခံသည်။ သီလတရားသည် တစ်နည်းအားဖြင့် လူ့ကျင့်



ဝတ်ကို စောင့်ထိန်းသောသူသည် မကောင်းသော အန္တရာယ်အဖြစ်အပျက် တို့နှင့် မကြုံဆုံနိုင်ပါသဖြင့် အသက်ရှည်ကျန်းမာသည်မှာ သဘာဝကျ သည်။ ကျန်းမာလို သူသည်-

(၁) သီလစောင့်ထိန်းပါ။

(၂) အတိုင်းအတာ အတိုအရှည်ကို ချိန်ဆ၍ လုပ်ကိုင်တတ် ပါစေ။

(၃) မကောင်းသော အကျင့်စရိုက်ဆိုးကို ရှောင်ပါ။

(၄) အသိတရားကို ပျက်ပြားချို့ယွင်းစေသော အရက်သေစာ သောက်စားမှုကို ရှောင်ပါ။

(၅) မကောင်းသော အပျော်အပါးလိုက်စားမှုကို ရှောင်ခြင်း

ဖြင့် ကောင်းမြတ်သော ကံတရားလုပ်ဆောင်ချက်များဖြစ်ပေါ်လာ၍ သင့်ကံတရားက သင်၏ကျန်းမာရေး၊ ကြံခိုင်ရေးကို ကောင်းမွန်စေပါသည်။

**ဥတု**

အဘယ်လူသား တစ်ဦးတစ်ယောက်. . . မည်သူမဆို. . . ဆင်းရဲ ချမ်းသာ၊ အဆင့်ရှိသူ၊ အဆင့်မဲ့သူမျှ ဥတုနှင့်ကင်း၍ မရ၊ ဥတုပြုသမျှ ခံကြရသည်။ ဥတုဆိုသည်မှာ ပူမှု၊ အေးမှု၏ အကြောင်းပင်ဖြစ်သည်ဟု အတိုအားဖြင့် ဆိုချင်သည်။ ထိုပူမှု၊ အေးမှုကို လူသည် မျှမျှတတဖြစ်ရန် လိုသည်။ ထိုပူမှု၊ အေးမှုသည် ကျန်းမာရေး၏ အခြေခံသော အချက်ကြီး တစ်ခုပင်ဖြစ်သည်။ မြင်သာအောင် ဥပမာတစ်ခုပြချင်သည်။ ရေခဲရေ

ထည့်ထားသော ဖန်ခွက်ထဲရှိရေကိုသွန်၍ ရေနွေးပူပူကို ရုတ်တရက် လောင်းထည့်လိုက်မည်ဆိုပါက အေးမှု၊ ပူမှုသဘောတရားကြောင့် ဖန်ခွက် လန့်၍ ကွဲတတ်သည်ကို လူတိုင်း သတိပြုမိကြသည်။ ထိုအလွယ်ဆုံး၊ အရှင်းဆုံး အခြေခံသဘောတရားမှနေ၍ နေမင်းကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော ကမ္ဘာ့ဥတုကြီးကို မဆန့်ကျင်အောင် နေထိုင်တတ်ဖို့ရန် အချို့မေ့နေတတ်ခြင်းဖြင့် ဥတု၏ နှိပ်စက်သော ဝေဒနာရောဂါတို့ကို ခံစားကြရသည်။ ထို့ကြောင့် ဥတုအကြောင်းကို ပိုမိုနားလည်အောင် လေ့လာပါ။ ထို့နောက် ဥတုနှင့်လျော်ကန်သော စားမှု၊ သောက်မှု ဝတ်စားဆင်ယင်မှုပြုခြင်းဖြင့် သင်၏ ကျန်းမာရေးကို ပိုမိုတိုးတက် ကောင်းမွန်လာပါစေ။

### အာဟာရ

သတ္တဝါမှန်သမျှ အသက်ရှင် ရပ်တည်နိုင်ရေးအတွက် အာဟာရကို မမှီ၍မရ။ အာဟာရကို မှီဝဲစားသုံးရသည်။ ယနေ့တိုးတက်နေသော ကမ္ဘာတွင် အာဟာရနှင့်ပတ်သက်၍ ကျန်းမာရေးဌာနမှ လမ်းညွှန်ချက်များ၊ တီဗီရုပ်မြင်သံကြားမှ ပို့ချသော ဟောပြောချက်များနှင့် လူသားတစ်ရပ်လုံး ကျန်းမာရေးအတွက် ဆောင်ရွက်ပုံကို ကြည့်ခြင်းဖြင့် အာဟာရမှီဝဲမှု၏ အရေးပါပုံကို သိရသည်။

လူသားသည် အာဟာရကို မှီဝဲရာတွင် အကျိုး (၅)ပါးကို ရည်ရွယ်သည်။ ထိုအကျိုး (၅)ပါးမှာ-



(၁) အာယု (ခေါ်) အသက်ရှည်ရေး။

(၂) ဝဏ္ဏ (ခေါ်) အဆင်းလှပရေး။

(၃) သုခ (ခေါ်) ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရေး။

(၄) ဗလ (ခေါ်) ကိုယ်ခန္ဓာအင်အား တောင့်တင်းရေး။

(၅) ဉာဏ (ခေါ်) အသိဉာဏ်အတွေးအခေါ် မှန်ကန်ပြည့်ဝရေး

တို့အတွက် အာဟာရကို မှီခြင်းဖြစ်သည်။ အာဟာရအတွက် ဆိုရိုး စကားရှိသည်။ "စားတတ်လျှင် ဆေး၊ မစားလျှင် ဘေး" ဟူ၍လည်းကောင်း၊ "အစာလည်း ဆေး၊ ဆေးလည်း အစာ" ဟူ၍လည်းကောင်း ပြောဆိုကြသည်။ သင့်အနေဖြင့် ဥတုနှင့် ခန္ဓာမျှတအောင်နေ၊ လျော်ကန်သော အာဟာရကို ရွေးချယ်စားသောက်ခြင်းဖြင့် သင်၏ ကျန်းမာရေးကို ပိုမိုတိုးတက်ကောင်းမွန်စေပါလိမ့်မည်။

(ဥတုဇာတ်ဓာ သဘာဝဆေးပညာ စာအုပ်မှ ပြန်လည်ဖော်ပြပါသည်)

ယက္ကသိုလ် မိုးမြင့်မိုး

* * * *

သို့

စာပေဝါသနာရှင်နှင့် စာဖတ်သူပရိသတ်များထံသို့

ခေတ်ကြေးမုံ(လူငယ်အောင်မြင်ရေးစာစုများ)အတွက် ဝေဖန်အကြံ ပြုချက်များ၊ စာမူကိုစွမျး၊ လူငယ်အောင်မြင်ရေးစာစုအတွက်ကလောင်သစ်များကို လှိုက်လှဲစွာ ဖိတ်ခေါ်အပ်ပါသည်။

**ခေတ်ကြေးမုံစာတည်းအဖွဲ့**

**စိန်မိုးယံစာပေ**

အမှတ်(၁၅)၊ အောင်တော်မူလမ်း၊

မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း - ၀၉၅၁၈၄၁၀၀

Email ; DiamondSkyPublishing@gmail.com

FB ; Facebook.com/DiamondSkyPublishing

သို့

စာပေဝါသနာရှင်နှင့် စာဖတ်သူပရိသတ်များထံသို့

ခေတ်ကြေးမုံ(လူငယ်အောင်မြင်ရေးစာစုများ)အတွက် ဝေဖန်အကြံ ပြုချက်များ၊ စာမူကိုစွမျး၊ လူငယ်အောင်မြင်ရေးစာစုအတွက်ကလောင်သစ်များကို လှိုက်လှဲစွာ ဖိတ်ခေါ်အပ်ပါသည်။

**ခေတ်ကြေးမုံစာတည်းအဖွဲ့**

**စိန်မိုးယံစာပေ**

အမှတ်(၁၅)၊ အောင်တော်မူလမ်း၊

မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း - ၀၉၅၁၈၄၁၀၀

Email ; DiamondSkyPublishing@gmail.com

FB ; Facebook.com/DiamondSkyPublishing

# တရိတ္တတန်ဖိုး

## မေတ္တာရှင် (ရွှေပြည်သာ)

"ဆရာတော်ဘုရား. . .မြန်မာပြည်သူတွေဟာ ဗုဒ္ဓဘာသာ ဖြစ်ပါလျက် ဘာဖြစ်လို့ ကမ္ဘာမှာအဆင်းရဲဆုံး ဖြစ်နေရတာလဲ. . .ဘုရား။ အမေရိကန်၊ အင်္ဂလန် စတဲ့နိုင်ငံတွေက ဘာသာခြား (ခရစ်ယာန်ဘာသာဝင်) တွေဖြစ်နေပါလျက် ဘာဖြစ်လို့ ကမ္ဘာမှာအချမ်းသာဆုံးဖြစ်နေရတာလဲ. . .ဘုရား"



## စာရိတ္တ တန်ခိုး

ခုနစ်တန်းကျောင်းသူလေးတစ်ယောက်၏ မေးခွန်းနှင့်အတူ စာရေးသူ၏ အဖြေမှာ စာဖတ်သူများအတွက် စိတ်ဝင်စားဖွယ် ကောင်းလှသဖြင့် ပြန်လည် တင်ပြပါမည်။ ထိုကျောင်းသူကလေး၏ မေးခွန်းမှာ-

မေး။ ။ ဆရာတော်ဘုရား. . . မြန်မာပြည်သူတွေဟာ ဗုဒ္ဓဘာသာဖြစ်ပါလျက် ဘာဖြစ်လို့ ကမ္ဘာမှာ အဆင်းရဲဆုံး ဖြစ်နေရတာလဲ ဘုရား။ အမေရိကန်၊ အင်္ဂလန်စတဲ့ နိုင်ငံတွေက ဘာသာခြား (ခရစ်ယာန်ဘာသာဝင်) တွေ ဖြစ်နေပါလျက် ဘာဖြစ်လို့ ကမ္ဘာမှာအချမ်းသာဆုံး ဖြစ်နေရတာလဲ ဘုရား။

"ဗုဒ္ဓက ခိုးသောသူ ဆင်းရဲမည်၊ မခိုးသောသူ ချမ်းသာမည်" ဟု ဟောထားရာ မြန်မာများတွင် ခိုးသောသူများသောကြောင့် ဆင်းရဲခြင်း ဖြစ်သည်၊ ဥရောပနိုင်ငံအများစုသည် မခိုးသောကြောင့် ချမ်းသာကြခြင်း



ဖြစ်သည်။ ဗုဒ္ဓက ဆက်ဟောရာတွင် ခိုးတတ်သောသူ၏ ဥစ္စာစည်းစိမ်များကို မီး၊ ရေ၊ မင်း၊ ခိုးသူ၊ အမွေခံဆိုးဟူသော ရန်သူမျိုးငါးပါးက ဖျက်ဆီးမည်ဟူ၍ ဖြစ်၏။

မြန်မာပြည်တွင် (၂၀၁၀)ခုနှစ်က မီးလောင်သော အကြိမ်ပေါင်း တစ်ထောင့်တစ်ရာကျော်ခဲ့သည်။ အပေါ်ယံကြည့်လျှင်ကား ပေါ့ဆမီး၊ ရှို့မီးတစ်ခုခုပင်ဖြစ်၏။ နက်နဲစွာကြည့်လျှင်ကား ခိုးတတ်သူများသောကြောင့် မီးလောင်ရခြင်း ဖြစ်၏။ အိမ်ခြေတစ်ထောင်ရှိသောရပ်ကွက် မီးလောင်ပြာကျသည်။ ဆိုင်ခန်းတစ်ထောင် မီးလောင်ပြာကျသည်ဟူရာ၌ အားလုံး ခိုးတတ်သည်ကား မဟုတ်၊

အိမ်ခြေတစ်ထောင်တွင် ကိုးရာက ခိုးတတ်သည်၊ ဆိုင်ခန်းတစ်ထောင်တွင် ကိုးရာက ခိုးတတ်သည်ဆိုလျှင် ထိုရပ်ကွက်၊ ထိုဆိုင်ခန်းမှာ မီးလောင်မှာ သေချာပေသည်။ မီးများမီးနိုင်ဟုဆိုထားသည် မဟုတ်ပါလော။

ရန်ကုန်တိုင်းအတွင်းရှိ ဈေးကြီးတစ်ဈေးအပေါ်ဆုံးထပ် ဆိုင်ခန်းများကို မီးလောင်ရာ ဆေးပစ္စည်းများ ကျပ်ငွေကုဋေနှင့်ချီ၍ မီးလောင်ပျက်ဆီးခဲ့ရသည်၊ အပေါ်ယံကြည့်လျှင်ကား ပေါ့ဆမီးပင် ဖြစ်၏။ နက်နဲစွာကြည့်လျှင်ကား ခိုးတတ်သော ဆိုင်ခန်းများခြင်းကြောင့် မီးလောင်ရခြင်းပင် ဖြစ်၏။ ပေးသင့်သောအခွန်ကို ပြည့်စုံအောင်မပေးဘဲ အခွန်ဝန်ထမ်းကို လာဘ်ထိုးခြင်း၊ ခွင့်မပြု၊ တရားမဝင်သော ဆေးဝါးများကို မှောင်ခိုနည်းဖြင့် သယ်ယူရောင်းချခြင်းတို့သည် ခိုးယူခြင်းတစ်မျိုး ဖြစ်၏။

ထို့အပြင် ဆေးရောင်းချရာ၌ ယူသင့်သောအမြတ်ငွေထက် ပိုတင်ပြီး အဆမတန်ယူခြင်းသည် ခိုးမှုဟု တိုက်ရိုက်မပြောသော်လည်း ရိုးသားမှုကား မဟုတ်တော့ပေ။

ရိုးသားမှုမပါပါက မတရားမှု၊ လိမ်လည်မှု၊ ခိုးယူမှုများကို သွယ်ဝိုက်၍ ကျူးလွန်ခြင်းတစ်မျိုးပင် ဖြစ်၏။ ဆေးနှင့်ဆေးပစ္စည်းများ ကျပ်သိန်းပေါင်း (၇)ထောင်ကျော် မီးလောင်ပျက်စီးခံရသော ဆေးကုန်သည်ကြီးတစ်ဦးသည် စာရေးသူ၏ ဒကာတစ်ဦးထံ ယခုလို ဖွင့်ဟဝန်ခံခဲ့ဖူးသည်။

"မတရားသောနည်းနဲ့ရတဲ့ ပစ္စည်းဥစ္စာတွေဟာ မတရားသောနည်းနဲ့ ပြန်ကုန်တယ်ဆိုတာ အမှန်ပါပဲ။ မြန်မာပြည်မှာ အပူလှိုင်းဖြစ်တဲ့ရက်တွေ အတွင်းမှာ ကျွန်တော်တို့ဆေးကုန်သည်အများစုဟာ လက်ဝါးချင်းရိုက်ပြီး တစ်ရာလောက်သာတန်တဲ့ ဓာတ်ဆားထုပ်လေးတွေကို ကျပ် (၄၅၀)၊ (၅၀၀)လောက်အထိ တင်ရောင်းခဲ့ကြတယ်။ ဒါဟာ မရိုးသားမှုတစ်ခုပဲဆိုတာ ယခုလို ဆိုင်ခန်းကြီးမီးလောင်မှ သတိထားမိတာပါ။ ကျွန်တော် မတရားသောနည်းနဲ့ ဘယ်သောအခါမှ ပိုက်ဆံမရှာတော့ဘူး"

မြန်မာပြည်၌ ခိုးမှုအများဆုံး ကျူးလွန်သော ပစ္စည်းမှာ စက်သုံးဆီ ဖြစ်သည်။ မြန်မာပြည်ရှိ အထင်ကရ လမ်းမကြီးတစ်ခု ဖောက်လုပ်ရာ၌ စက်သုံးဆီများကို ကားအစီးလိုက် စာရင်းလိမ်၍ ခိုးယူကြကြောင်း သိရသည်။ တစ်ကမ္ဘာလုံး၏စံချိန်မှာ တစ်ဂါလံလျှင် (၆)ပုလင်းဖြစ်သော်



လည်း မြန်မာပြည်၌ တစ်ဂါလံလျှင် (၅)ပုလင်းဖြစ်နေသည်မှာ ကြာပြီဟုဆို၏။

စက်သုံးဆီများကို ကားအစီးလိုက် သယ်ရသောအခါ အထူးသတိထားသင့်သော အချက်တစ်ချက်ရှိ၏။ တစ်စီးလျှင် အနည်းဆုံး ဂါလံ (၁၆၀၀)ခန့်ဆံ့၏။ ဆီဂါလံပြည့်၊ မပြည့် ကားအပေါ်ပိုင်းမှ အဖုံးကို ဖွင့်ကြည့်လေ့ရှိကြ၏။ အဖုံးဖွင့်ကြည့်လျှင် ကားဆီအပြည့်ပါသည်ကို တွေ့ရလိမ့်မည်။ သို့သော် ဆီကန်ထဲထည့်ပြီးသောအခါ ချိန်တွယ်ကြည့်ပါက ဂါလံ ငါးဆယ်ခန့် လျော့နေသည်ကို တွေ့ရလိမ့်မည်။ အဘယ့်ကြောင့်နည်း. . .။

ဆီထည့်ယူလာသော တိုက်ကီကြီးထဲတွင် ခြောက်လက်မအကျယ်ရှိ မိုးကာပိုက်ကြီးကို အခွေလိုက်ထည့်ထားသောကြောင့်ပေတည်း။ တိုင်ကီကြီးထဲမှ ဆီများကို အကုန်ဖောက်ချပေပြီး ဖြစ်သော်လည်း ခြောက်လက်မ မိုးကာပိုက်ခွေကြီးထဲတွင် ဆီဂါလံငါးဆယ်ခန့် ကျန်နေတတ်သောကြောင့်ပေတည်း။

✱ ✱ ✱ ✱

**စက်သုံးဆီကို အငြိမ်ထိမ်းအောင် လစ်တဲ့နည်း**

"တစ်ခါကလည်း တံတားကြီးတစ်စင်း ဆောက်ရာတွင် ကိုးရီးယားအင်ဂျင်နီယာများ လာရောက်ကြီးကြပ်ဆောက်လုပ်ကြသည်။ မြန်မာ

ကားသမားအချို့ ဆိုးနိုးတတ်သည်ကို ကြားဖူးထားသော်လည်း ကိုးရီးယား များက မြေသယ်ကားကြီးဆယ်စင်းကို ကိုယ်တိုင် မြေတင်ဆီထည့်ပြီး နာရီ တွက်ကာ မောင်းကြည့်ကြသည်။

ဆယ်ဂါလံဆိုလျှင် တစ်ရက်တာ အခေါက်ငါးဆယ်ရကြောင်း တွေ့ သွားကြသည်။ ထို့ကြောင့် မြန်မာကားသမားလုပ်ငန်း စဆင်းသော နေ့မှာပင် ကိုးရီးယားများက ဆယ်ဂါလံထုတ်ပေးပြီး အခေါက်ငါးဆယ် ပြည့်အောင် မောင်းပေးဖို့၊ အခေါက်ငါးဆယ်ပြည့်၍မှ ပိုလျှင် စက်သုံးဆီ များကို အပြင်တွင် ရောင်းစားနိုင်ကြောင်း ခွင့်ပေးကြသည်။

အခေါက်ငါးဆယ်ပြည့်ပါက ကားတွင် ဆီမကျန်တော့ကြောင်း ကိုယ်တိုင်သိထားသောကြောင့် ယခုလို ခွင့်ပြုကြခြင်းဖြစ်၏။ သို့သော် မြန်မာကားသမားများသည် ကိုးရီးယားများ မှာထားသည့်အတိုင်း အခေါက်ငါး ဆယ်စီလည်းပြည့်အောင် မောင်းပေးကြ၏။ နေ့စဉ်လည်း ဆီများကို ပီပါလိုက် ရောင်းစားနေကြ၏။

ကိုးရီးယားများ ဘယ်လိုမှ စဉ်းစားလို့မရအောင် ဖြစ်သွားကြ၏။ မြေသယ်သော ကားဆယ်စီးလုံး တစ်စီးမှဆီပို၍လည်း မရ၊ ကားတိုင်း လည်း အခေါက်ငါးဆယ်ပြည့်အောင် မောင်းပေးကြသည်။ ဆီတွေ ဘယ် လိုများ ပိုနေကြပါလိမ့်။ နောက်ဆုံး ဘယ်လိုမှ ဉာဏ်မမီနိုင်တော့သဖြင့် မြန်မာကားသမားများ မြေသယ်ရာသို့ ကိုယ်တိုင် လာကြည့်ကြရတော့ ၏။

မြန်မာတို့၏ ဆီပိုအောင်လုပ်နည်းကို လက်တွေ့မြင်ကြရလေပြီ။



မြေသယ်ကားဆယ်စီးကို ရှေ့ငါးစီး၊ နောက်ငါးစီး ညီညီညာညာရပ်ပြီး မြေများအထည့်ခံကြသည်။ ဆယ်စီးလုံးမြေပြည့်သည်နှင့် ရှေ့ငါးစီးကို စက်နှိုးပြီး၊ နောက်ငါးစီးကို စက်မနှိုးတော့ဘဲ ကြိုးနှင့်ဆွဲသွားလေ၏။ ထို့ကြောင့်လည်း ကားငါးစီးစာဆီများ နေ့စဉ်ပိုနေခြင်းဖြစ်၏။ ကိုးရီးယားများသည် မြန်မာကားသမားများ၏ ဆီပိုအောင်လုပ်နည်း ဖော်မြူလာကို ကိုးရီးယားအထိ အပါယူသွားကြ၏။

****

ဝေတတ်ပြားနှင့်တူသော ဖွတ်များ

ရန်ကုန်သာသနာ့တက္ကသိုလ်တွင် သံဃာတော်များအတွက် ချက်ကပ်ရန်ထားသော ဘဲဥအလုံးတစ်ရာကျော်မှာ တစ်ညတည်း လက်ရာခြေရာမပျက်ဘဲ ပျောက်ဆုံးသွားသဖြင့် စားဖိုမှူးကြီးမှာ တော်တော် အတွေးရ ခက်သွားလေ၏။ လူလာခိုးတာဆိုလျှင် ဝင်ရာ၊ ထွက်ရာတွေ့ရမည်။ ယခုကား မတွေ့။

တိရစ္ဆာန်တစ်ကောင်ကောင် ခိုးစားလျှင်လည်း တွဲရာ ရှုရာတွေ့ရ မည်သာဖြစ်၏။ ဤကဲ့သို့လည်း မတွေ့။ နောက်ဆုံး ကိုယ်တိုင်သိခွင့်ရ အောင် နောက်ထပ် ကြက်ဥတစ်ရာဝယ်၍ ယခင်နေရာမှာပင် ထားလိုက် သည်။ မီးမှိန်မှိန်ထဲတွင် ခြင်ထောင်ထောင်ကာ တစ်ညလုံးချောင်းကြည့် နေလိုက်သည်။ ညသန်းခေါင်လောက်တွင် လူမဟုတ်သော သူခိုးများကို

တွေ့ရလေပြီ။

မြေကြွက်ကြီး အကောင်ခြောက်ဆယ်ခန့် ဝင်လာသည်ကို တွေ့ရသည်။ တရားခံတော့ တွေ့လေပြီ။ သို့သော် ဘဲဥတွေကို မကွဲမရှအောင် ဘယ်လိုများသယ်ပါလိမ့်ဟု စဉ်းစားနေဆဲမှာပင် ကြွက်အကောင်သုံးဆယ်က ဘဲဥတွေရှေ့နားတွင် ပက်လက်လှန်လိုက်သည်ကို တွေ့ရသည်။ ပြီးလျှင် ဘဲဥတစ်လုံးစီကို သူတို့၏ဝမ်းဗိုက်ပေါ်သို့ ဖြည်းညင်းစွာ တင်ကြသည်။

ကျန်အကောင်သုံးဆယ်က ကြက်ဥများ ဗိုက်ပေါ်တင်ကာ ပက်လက်လှန်သော ကြွက်များ၏ အမြီးတို့အား ကိုက်ဆွဲယူသွားကြသည်ကို တွေ့ရလေသည်၊ ဘဲဥတွေကို မကွဲအောင် ခိုးယူတတ်သော အာဂကြွက်များပေတကား။ သူတို့၏တွင်းခေါင်းထဲသို့ လိုက်တူးကြည့်သောအခါ မနေ့ညက ခိုးထားသော ဘဲဥအလုံးတစ်ရာကို ပြန်တွေ့ကြရသည်။

သည်ကြွက်တွေကို ဘဲဥတွေမကွဲအောင် ခိုးယူနည်း မည်သူကများ သင်ပေးလေသနည်း။ မည်သူကမှ သင်ပေးမည်မဟုတ်ပါ။ ထိုကြွက်များသည် ခိုးတတ်သော ဝန်ထမ်းများသေပြီး ကြွက်ဘဝသို့ရောက်သွားခြင်း ဖြစ်ပါလိမ့်မည်။ လူ့ဘဝမှ ခိုးတတ်သော အလေ့အထသည် ကြွက်ဘဝထိ လိုက်လာခဲ့ပေသည်တကား။

****



**လေထဲမှ ဒေါ်လာများ**

တစ်ခါက အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့ရှိ ဘဏ်တစ်ဘဏ်တွင် အမေရိကန်အမျိုးသားကြီးတစ်ဦး ငွေအပ်နေ၏။ ထိုစဉ်မှာပင် လေပွေ တစ်ခုမွှေ့လိုက်ရာ ကောင်တာပေါ်တင်ထားသော ဒေါ်လာများ လေထဲသို့ ပါသွားလေသည်။ လေပွေသည် ဒေါ်လာများကို တော်တော်မြင့်မြင့်ထိ ဆွဲယူသွားသောကြောင့် ပြေးလိုက်ရန် မဖြစ်နိုင်တော့ပေ။

သူ သေချာမှန်ထားလိုက်သည်။ ဆယ်ဒေါ်လာတန်လေးရွက်နှင့် ငါးဒေါ်လာတန် ခြောက်ရွက်၊ စုစုပေါင်း ဒေါ်လာ (၇၀)ဖြစ်သည်။ ဘဏ်ကိစ္စများ ပြီးစီးသောအခါတွင်မှ အနီးစပ်ဆုံး ရဲစခန်းတစ်ခုသို့သွားပြီး ယခုလို မှာကြားလိုက်သည်၊

“စခန်းမှူးကြီးခင်ဗျား ကျွန်တော့်ရဲ့ ဒေါ်လာ (၇၀) လေထဲကို လွင့်ပါသွားခဲ့ပါတယ်၊ ကောက်ရလို့ ပြန်အပ်လာသူများရှိရင် ကျွန်တော့်ထံ အကြောင်းကြားပေးပါ။ ဟောဒါ ကျွန်တော့်ရဲ့ ဖုန်းနံပါတ်နဲ့ လိပ်စာကတ်ပါ”

ထိုအခါ စခန်းမှူးက ဝမ်းပန်းတသာ ယခုလို ပြန်ပြောသည်၊


“ဟာ. . . အတော်ပဲ၊ စောစောလေးကမှ (၃၅)ဒေါ်လာ လမ်းမှာ ကောက်ရလို့ဆိုပြီး လာအပ်သွားတယ်၊ တစ်ခါတည်း ယူသွားလိုက်ပါ”

ထိုအချိန်မှာပင် အမျိုးသားတစ်ယောက် စခန်းထဲကို ဝင်လာပြီး လမ်းမှာ ကောက်ရသောကြောင့်ဟုဆိုကာ (၃၅)ဒေါ်လာ လာအပ်ပြန်လေသည်။ ထို့ကြောင့် ဒေါ်လာ (၇၀)ပျောက်သွားသော အမေရိကန်ကြီး

သည် တစ်နာရီခန့်အတွင်း အားလုံးပြန်ရသွားခဲ့သည်။

ထိုစာရိတ္တတန်ဖိုးကြောင့်ပင် အမေရိကန်နိုင်ငံသူ၊ နိုင်ငံသားများသည် တစ်ကမ္ဘာလုံးတွင် အချမ်းသာဆုံးဘဝသို့ ရောက်နေကြခြင်း ဖြစ်သည်။ ထို့ကြောင့် ဣဇ္ဈတိဘိက္ခဝေ သီလဝတော စေတော ပဏိဓိ သဝိသုဒ္ဓတ္တာ။ သီလရှိသူ တောင့်တချက်သည် စင်ကြယ်သောကြောင့် အလုံးစုံပြည့်စုံရသည်ဟု ဘုရားရှင်က အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဟောကြားတော် မူခဲ့ခြင်း ဖြစ်သည်။

✱✱✱✱



ဘောလုံးပွဲနှင့် လူငယ်များ

**"တိုးတယ်ထူတိုင်း စာဖတ်ထြပြီး**
**စာဖတ်ထူတိုင်းလည်း တိုးတယ်ထြထည်"**

ဟု တရုတ်စကားပုံတစ်ခုကဆိုသည်။ ထို့အတူ ဆရာမကြီး လူထု ဒေါ်အမာကလည်း-

**"စာဖတ်တဲ့လူမှ စိတ်ဓာတ်အဆင့်အတန်းမြင့်မားမယ်"**

ဟုပြောခဲ့ဖူးသည်။ ထို့ကြောင့် စာပေသည် လူသားတို့၏ ဘဝ တစ်လျှောက်လုံးအတွက် ဆရာပင်ဖြစ်သည်။

ထို့အတူ မိဘဆရာသမားတို့၏ ဆုံးမစကားများက ကျွန်တော်တို့ ဘဝကို တိုးတက်စေခဲ့သလို ဘာသာတရား၏ အဆုံးအမကလည်း ကုသိုလ်နှင့် ယဉ်ကျေးမှုကို ဖြစ်ထွန်းစေသည်။ ထို့ပြင် "အားကစားနည်း အချို့ကလည်း ဘဝကို အောင်မြင်အောင် ဖန်တီးလာနိုင်သည်"ဟု ကျွန်တော်ထင်သည်။ ထိုအားကစားအမျိုးအစားမှာ လူသားတိုင်း စိတ်ဝင်စားသော "ဘောလုံးအားကစားနည်း" ပင်ဖြစ်သည်။



ကျွန်တော်က ကျဆိမ့်လက်ဖက်ရည်ကို ကြိုက်သည်။ ခေတ်ပေါ် ကဗျာကို နှစ်သက်သည်။ လူငယ်တွေ၏ပြောင်းလဲတိုးတက်ခြင်းကို စိတ်ဝင်စားသည်။ ရုရှတင်းနစ်မယ် ရှာရာပိုပါ၏ ကစားဟန်ကို သဘော ကျသည်။ အဖြူရောင်ကိုယ်ကျင့်တရားကို တန်ဖိုးထားသည်။ ထို့အတူ ဘောလုံးပွဲများကိုလည်း အားပေးသူတစ်ယောက်ဖြစ်သည်။

လူကြီးလူငယ်မရွေး ဘောလုံးပွဲကို စိတ်ဝင်စားကြသည်။ သို့သော် တစ်ယောက်နှင့်တစ်ယောက် ခံစားပုံချင်းတော့ မတူညီကြပေ။ တချို့က ဘောလုံးပွဲကို ကိန်းဂဏန်းနှင့် ရင်ခုန်ပြီး တချို့က အဖြူသက်သက် ရင်ခုန်သည်။ ကျွန်တော်က ဒုတိယအမျိုးအစားမှာ ပါသည်။ မိမိအားပေး သည့် အသင်းနိုင်လျှင် အပျော်များနှင့် စိတ်လက်ပေါ့ပါးနေတတ်ပြီး ရှုံး သွားလျှင် (သို့) သရေကျလျှင် စိတ်တွေလေးလံထိုင်းမှိုင်းပြီး စိတ် မကောင်း ဖြစ်ရသည်။

တစ်ရံရောအခါက "စနေ၊ တနင်္ဂနွေ" ညများသည် ကျွန်တော့် အတွက် ဂန္ထဝင်ကဗျာတစ်ပုဒ်ကို ဖတ်ရသလို ရင်ထဲမှာ သိပ်လှပ်လှပ်ရှား ရှား မဖြစ်ခဲ့သော်လည်း နှစ်တစ်နှစ်၏ ဩဂုတ်လ ဒုတိယပတ်တစ်ပြီး စနေ၊ တနင်္ဂနွေညများသည် ကျွန်တော့်အတွက် ပရီးမီးယားလိဂ်ဘောလုံး သမားများ၏ မှော်ဆန်သော အစွမ်းများကြောင့် "L.P" ကဗျာတစ်ပုဒ်ကို ဖတ်လိုက်ရသလို ရင်ခုန်ခဲ့ရပြန်လေသည်။ ထို့ကြောင့် မြတ်ခင်းစိမ်းများ ပဥ္စလက်ဆန်သော ခြေထောက်များနှင့် စနေ၊ တနင်္ဂနွေ ညများသည် ကျွန်တော့်အတွက် ဆက်မက်ချင်သော အိပ်မက်များ ဖြစ်နေသည်မှာ

သဘာဝကျသော ဇာတ်ဝင်ခန်းတစ်ခုပင် ဖြစ်ပါသည်။

(၁၀)နှစ်အရွယ် ကျွန်တော့်သားလေးက ကျွန်တော့်လိုပင် ဘောလုံးပွဲများကို စိတ်ဝင်စားသလို စားစရာမှန်သမျှကိုလည်း မငြင်းပေ။ ထို့ကြောင့် သားအဖနှစ်ယောက် ဘောလုံးပွဲသွားတိုင်း အလကား ကိုယ်နဲ့ဆိုင်တာလည်း မဟုတ်ဘူး။ အရည်မရ၊ အဖတ်မရ ဆိုသော စကားနှင့် အမျိုးသမီးက ကန့်ကွက်စကားဆိုသော်လည်း ကျွန်တော်တို့သားအဖ နှစ်ယောက်က မိမိအားပေးသည့် အသင်းကစားသည့် ညတိုင်း "အိုးထရက်ဖို့ဒ်"ရောက်လိုက်၊ "အမ်းဖီး"ရောက်လိုက်နှင့် တာဝန်ကျေ ကြပြန်လေသည်။

သားအဖနှစ်ယောက်စလုံး ဘောလုံးပွဲကြိုက်ကြသော်လည်း သုဝဏ္ဏ အားကစားကွင်းသို့ ကိုယ်တိုင်သွားကြည့်ဖို့တော့ မစွန့်စားရဲပေ။ အဘယ်ကြောင့်ဆိုသော် လမ်းစရိတ်၊ မုန့်ဖိုး၊ ကွင်းဝင်ကြေးစသည့် ကုန်ကျငွေသည် နှစ်ရက်စာ မီးဖိုချောင်စရိတ်နှင့် ညီမျှနေသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ကိုယ်တိုင်သွားကြည့်ချင်သောစိတ်ကို မီးဖိုချောင် စရိတ်က အကြိမ်ကြိမ် အနိုင်ကစားရင်း သုဝဏ္ဏအားကစားကွင်းကို ဝေးဝေးကသာ လွမ်းနေရ၏။

ထိုအခါ သားက "ကျော်ကိုကို" နှင့် "ရန်ပိုင်" ကိုမသိသော်လည်း "ရွန်းနီ" နှင့် "မက်ဆီ" ကိုသိသည်။ "မင်းသူ" နှင့် "ရာဇာဝင်းသိန်း" ကို မမှတ်မိသော်လည်း "စီရော်နယ်ဒို" နှင့် "အင်ဒီယေစတာ" ကိုမှတ်မိ သည်။ "ဖာဂူဆန်" နှင့် "မော်ရင်ဟို" ကို မြင်တာနှင့် နာမည်ပြောနိုင်



သည်။ စနေ၊ တနင်္ဂနွေညများတွင် "ဒီည သားအတွက် ဘာမုန့်ရှိလဲ" ဟု သားကမမေးသော်လည်း "ဖေကြီး. . . မန်ယူပွဲရှိလား၊ အိမ်ကွင်းလား၊ အဝေးကွင်းလား" ဟု မေးတတ်သည်။

* * * *

လူငယ်ဆိုသည်မှာ ဘာမဆိုဖြစ်နိုင်သည်။ ထို့ကြောင့် လူငယ်လေး များ၏ လက်ထဲတွင် ရောင်စုံ Soft Pen တွေရှိနေသည်ဟု ကျွန်တော် ထင်သည်။ ထိုရောင်စုံဘောလ်ပင်များဖြင့် သူ့ဘဝ၊ သူ့လူမျိုး၊ သူ့တိုင်း ပြည်ကို အရောင်ချယ်နိုင်သောကြောင့် ဖြစ်သည်။

သို့သော် ဝါကျတစ်ကြောင်းရေးလျှင် စာလုံးပေါင်းမှန်ဖို့လိုသလို သဒ္ဒါအထားအသို မလွဲဖို့လည်း လိုသည်။ ထို့အတူ သူ့တို့ဘဝကို အရောင်ခြယ်တော့မည်ဆိုလျှင်လည်း မှန်ကန်သော အရောင်အသွေးကို ရွေးချယ်ဖို့ တည့်မတ်လမ်းညွှန်ပေးရမည့်သူမှာ ကျွန်တော်တို့မိဘများ၏ တာဝန်သာ ဖြစ်သည်။ ဥပမာ - တောအုပ်ကို အစိမ်းရောင်ခြယ်စေပြီး ပိတောက်ပန်းကို အဝါရောင်ခြယ်စေတာမျိုး ဖြစ်သည်။

မိသားစုသုံးယောက်ဖြင့် ပေါင်းတင်ထားသော ကျွန်တော်တို့ကမ္ဘာ လေးမှာ လူငယ်ဟုပြောလို့ရသော သားလေးက ဘောလုံးဝါသနာပါသဖြင့် ကျောင်းပိတ်ရက်များတွင် ခြေရင်းက မြေကွက်လပ်မှာ သူ့သူငယ်ချင်း များနှင့် ဘောလုံးကန်သည်။ ဘောလုံးပွဲကောင်းလျှင် "Sky Net"

ပြသော လက်ဖက်ရည်ဆိုင်မှာ သားအဖနှစ်ယောက် ထွက်ကြည့်သည်။ သို့သော် အပေးအယူတော့ရှိသည်။ "ကျောင်းကပေးလိုက်သော အိမ်စာများကို ပြီးအောင်လုပ်ပြီးမှ လိုက်ပြမည်" ဆိုသော အချက်ပင်ဖြစ်၏။

နောက်တစ်ချက်မှာ ကျောင်းပိတ်ရက်တွင် ဘောလုံးကန်သည့်ကိစ္စဖြစ်သည်။ ကျွန်တော့်အမျိုးသမီးက "ခြေကျိုးမယ်၊ ဒဏ်ရာရမယ်" ဆိုသော စကားလုံးအဟောင်းကြီးနှင့် အနီကတ်ပြသည်။ ကျွန်တော့်သဘောကတော့ ရှင်းသည်။ ယောကျ်ားတစ်ယောက်အတွက် ဒဏ်ရာဆိုတာ သိပ်တော့မဆန်းပေ။ "တစ်နေ့နေ့ တစ်ချိန်ချိန်တွင် လူငယ်တစ်ယောက်ဖြစ်သော ကျွန်တော့်သားလေးသည် နိုင်ငံဂုဏ်ကိုဆောင်သော ကစားသမားတစ်ယောက် ဖြစ်လာစေရမည်" ဆိုသော ရည်ရွယ်ချက်ဖြင့် ခွင့်လွှတ်ခဲ့သည်။ ထို့အတူ အားကစားက ကျန်းမာရေးကို အထောက်အကူဖြစ်စေသလို ပညာရေးနှင့် အားကစားကိုလည်း ခွဲခြားသတ်မှတ်ကာ သူ့အပိုင်းနှင့်သူ ကြိုးစားစေခဲ့သည်။

ထိုအခါ ကျွန်တော်တို့ သားအဖနှစ်ယောက် ဘောလုံးပွဲကြည့်ခြင်း၏ ရည်ရွယ်ချက်မှာ အားကစားကို စိတ်ဝင်စားခြင်းအပြင် ဘဝကို စနစ်တကျ မှန်မှန်ကန်ကန်တည်ဆောက်ရန် ဘောလုံးပွဲတစ်ပွဲမှ သင်ခန်းစာ ယူစရာတချို့လည်း ရှိနေသောကြောင့် ဖြစ်သည်။ ဘောလုံးပွဲကြည့်သူတစ်ယောက်သည် မိမိအားပေးသည့် အသင်းနိုင်လျှင် ပျော်သည်။ ရှုံးလျှင် စိတ်ပျက်သည်။ သို့သော် ထိုခံစားမှုက အပေါ်ယံကိစ္စဖြစ်သည်။ ကျွန်တော်က သည့်ထက် ပိုလေးနက်စေချင်သည်။



စုပေါင်းဆောင်ရွက်မှု၊ အသင်းလိုက်စုစည်းမှု၊ ညီညွတ်မှုတို့ဖြင့် ဘဝမှာ အောင်မြင်နိုင်သည်ဆိုသော အတွေးကို ဘောလုံးပွဲကြည့်သူ လူငယ်လေးတွေရစေချင်သည်။ မိမိဖြတ်သန်းနေသည့်ကာလတွင် မည်သည့် နယ်ပယ်မှာဖြစ်ဖြစ် "လူကျံဘော" နှင့်တူသော အခွင့်အရေးယူတာမျိုး မဖြစ်အောင်လည်း ဘောလုံးပွဲတစ်ပွဲက သင်ခန်းစာပေးသည်။

ထို့ပြင် မိမိအခွင့်အရေးရဖို့အတွက် (သို့) မိမိဘဝကောင်းစားရေးအတွက် တစ်စုံတစ်ယောက်ကို အနာတရဖြစ်အောင် လုပ်လိုက်သဖြင့် "ပြစ်ဒဏ်ဘော" ဖြစ်သွားတာမျိုးလည်း ဘဝမှာ မကြုံရလေအောင် ဘောလုံးပွဲတစ်ပွဲကပင် ဆုံးမပေးသည်။ ထို့အတူ မိမိသည် မိမိ၏မိသားစုမှာ၊ ဝန်းကျင်မှာ၊ မိမိနိုင်ငံမှာ တစ်စုံတစ်ခု အကျိုးမပြုသေး။ "ဘေးထွက်ဘော" တစ်လုံးလိုမဖြစ်စေရန် ဘောလုံးပွဲတစ်ပွဲကပင် သင်ပေးနေပြန်လေသည်။

ထို့အတူ မိမိပစ္စည်းဥစ္စာ၊ ဂုဏ်သိက္ခာစသည်တို့ မဆုံးရှုံးစေရန်အတွက် စည်းကမ်းမဲ့စွာ ကာကွယ်လိုက်သောကြောင့် "ပယ်နယ်တီ" အပေးခံရသော အဖြစ်မျိုး ဘဝမှာ ဖြစ်ပေါ်မလာစေရန် ဘောလုံးပွဲတစ်ပွဲက ကျွန်တော်တို့ လူသားအားလုံး (အထူးသဖြင့် လူငယ်)ကို တည့်မတ်ပေးနေခြင်းပင် ဖြစ်သည်။

✶✶✶✶

သားက ငယ်သေးသည်။ သို့သော် ဘောလုံးပွဲကြည့်ခြင်းကြောင့် သူ့ဘဝတစ်လျှောက်လုံး "လူကျွံဘော" မဖြစ်ရအောင်၊ စည်းကမ်းလိုက်နာတတ်အောင်၊ စည်းလုံးညီညွတ်အောင်၊ အခက်အခဲမှန်သမျှကို လူချပြီး ဖြေရှင်းသည့် "ပယ်နယ်တီဘော" မဖြစ်ရအောင် လူမှုဝန်းကျင်ကို အကျိုးမပြုသော "ဘေးထွက်ဘော" နှင့်တူသော လူတစ်ယောက် မဖြစ်ရအောင်ဆိုသည့် အတွေးများက သားဘဝ တစ်လျှောက်လုံးကို သင်ခန်းစာပေးသွားနိုင်မည်ဟု ကျွန်တော်ယုံကြည်နေမိသည်။

သေချာသည်မှာ ကျွန်တော်တို့အားလုံး ဘောလုံးပွဲတွေကို ကြည့်နေကြဦးမည်သာ ဖြစ်၏။ သို့သော် ကိန်းဂဏန်းမပါဘဲ ရင်ဘတ်နှင့် ခံစားပြီး ဦးနှောက်နှင့်ဆင်ခြင်ဖို့တော့ လိုအပ်သည်။ ထို့ကြောင့် ဘောလုံးပွဲတစ်ပွဲကပေးသော သင်ခန်းစာများကို လူငယ်တိုင်း အတုယူတတ်ဖို့သာ လိုအပ်လှပေသည်။

မောင်မိုးဦး

****

[illegible]

[illegible]

မောင်ညိုအေး (ပန်းတော)

"ပရိသတ်ကြီး. . .စာဖတ်ကြပါ။ စာမဖတ်ကြဘူးဆိုရင်တော့ ကျွန်တော့်လို ခပ်ညံ့ညံ့လူတစ်ယောက် စင်ပေါ်တက်ပြီး ညာလေဝါးလေ၊ လုပ်သမျှ အမြဲခံနေရမှာပဲ"

## လူငယ်တစ်ယောက်ရဲ့အိပ်မက်ကောက်ကြောင်း

ကိုတင်မြင့်ဦး (သံတွဲ) ပြောတုန်းက အမှတ်မဲ့၊ ပေလီနှင့် မနီးမဝေး မှာ ရှိမှာပဲဟု ထင်ဖြစ်သည်။ တကယ်တော့ ပေလီဆိုတာ လင်းသာ၊ မြပင်၊ ဂျိတ်တော စသော ရွာတန်းရှည်ကို ခေါ်ခြင်းဖြစ်သည်။ ဂျိတ်တော မှာ ပေလီရွာတန်းရှည်၏ အစွန်အဖျား။ ဂျိတ်တောသို့ရောက်ဖြစ်သည်က (၂၀၀၆)ခုနှစ်၊ ဒီဇင်ဘာလ (၂၇)။

ဟိုတယ်ရောက်သည်နှင့် ရေချိုးဆိပ်မှာ တဝကြီး ဇိမ်ခံလိုက်မည် ဆိုသော အိပ်မက်များ ပျက်ပြယ်သွားသည်။ ခရစ္စမတ်နှစ်သစ်ကူး ကာလမို့ ပေလီတစ်ကြောမှာ ဟိုတယ်ခန်းတွေ မရတော့။ ရသော တစ်ခန်းကို မိသားစုပါသော ဆရာလယ်တွင်းသားစောချစ်အား ပေးလိုက်ရသည်။

ဆရာကောက်နွယ်ကနောင်၊ မြတ်သူစံ(ဝါးခယ်မ) တို့နှင့်အတူတူ ဂျိတ်တော၏ အိမ်တစ်အိမ်မှာ တည်းဖို့ ဖြစ်လာ၏။ ပေလီမှာ အရှင် လတ်လတ်မြင်နေရပြီး ကြင်ဖို့ခက်ပြီ။ မြတ်သူစံ၏ စေ့ဆော်မှုကြောင့်သာ



ကြုံသလို အဝတ်လဲပြီး ပေလီရေချိုးဆိပ်သို့ ဆင်းဖြစ်ကြသည်။

ပေလီရေချိုးဆိပ်မှာ ဥရောပအငွေ့အသက်တွေ အတိုင်းသား တွေ့ရသည်။ နိုင်ငံခြားသူများ၏ မဖုံးမကွယ် အလှအပများကို ငေးမောရင်း နာရီဝက်မျှ လှိုင်းစီးကြသည်။ ရေငန်သောက်ဖြစ်ခဲ့ကြသည်။

****

ရခိုင်ရိုးမပေါ်မှာ အိပ်မက်မက်ခွင့်မရသလို ပေလီကိုလည်း ငြီးငွေ့အောင် ဇိမ်မခံဖြစ်။ မိုးချုပ်တော့လည်း ဂျိတ်တောစင်မြင့်က အိပ်မက် တွေကို ခိုးခဲ့ပြန်၏။ သူ့အရင် ဆရာကောက်နွယ်ကနောင် တက်သည်။

သူ့အလှည့်ရောက်တော့ (၁၉၆၂)ခုနှစ် တော်လှန်ရေးကောင်စီ ဘက်ပြီးနောက်ပိုင်း (၁၉၆၇)ခုနှစ်မှာမွေးသော သူ့အား များများ မမျှော်လင့်ဖို့နှင့် ခပ်ညံ့ညံ့လူတစ်ယောက်သာဖြစ်ကြောင်းကို စကား ပလ္လင် ခံရသည်။

အမေမပေးဘဲ ဘုန်းတော်ကြီးကောင်းမှုကြောင့် "အေးသိန်း"ဟု ဘွင်ရကြောင်းကို ပြောသည်။ ပြီးတော့ မောင်ညိုအေး(ပန်းတော)၊ လူမေး သူမေးများသော "ပန်းတော"။ မောင်လှမျိုး(ချင်းချောင်းခြံ) ရာသက်ပန် တောင်ငူဆောင်)၊ မြတ်သူစံ(ဝါးခယ်မ)၊ သက်ဦးခိုင်(ရွှေကျင်)၊ ဟိုတစ်ခါက ရေးဖော်များ၏ ကွင်းပါ သင်္ကေတပြုရာများကို ပြောဖြစ်သည်။

မြတ်သူစံက ဝါးခယ်မသား။ ဦးနု၊ ဒေါ်ခင်နှင်းယုတို့နှင့် ဇာတိတူသူ။

မြစ်ကူးချောင်းခြား ခေါင်းဆောင်နေရာမှာ အင်္ဂလိပ်မင်းများ ရုံးစိုက်ခဲ့ရာ ဒေသ၊ ရွှေကျင်ကိုရောက်ပြီး အမြော်အမြင်ကြီး စည်းစနစ်ကျလွန်းသော အင်္ဂလိပ်များကို နှာခေါင်းရှုံ့ချင်သလိုလိုဖြစ်ပြီးမှ ရွှေကျင်သား ဆာဂျေအေ မောင်ကြီးကြောင့် ရုံးစိုက်ခဲ့ခြင်းဟု သိရသည်။ သက်ဦးခိုင်က အဲဒီရွှေကျင်သား။

ရာသက်ပန်မှာ တောင်ငူသူမဟုတ်။ မာတုကလျာနှင့်လည်း အမျိုးမတော်။ ရန်ကုန်-ပြည်လမ်းကြောပေါ်ရှိ အိုးသယ်ကုန်းမြို့မှ ဖြစ်သည်။ မြန်မာစာဖြင့် မဟာဝိဇ္ဇာပြီးသည်အထိ အဆောင်နေခွင့်မရခဲ့၍ အင်းလျားတို့၊ ရတနာတို့ ပေးခွင့်မသာ။ သူမတို့ မြန်မာစာဌာန၏ "တောင်ငူဆောင်" ကို သင်္ကေတပြုခဲ့ခြင်းသာ။

ချင်းချောင်းဟု ဆိုလိုက်သည်နှင့် အဲဒီအချိန်က နန်းတော် နတ်နန်းတမျှ ခမ်းနားထည်ဝါလွန်းသောလူတစ်စုနေထိုင်ရာကိုသာ လူတွေ မြေးမြင်ခဲ့ကြသည်။ အဲဒီချင်းချောင်းဟု အထင်ခံရတာ မကြိုက်။ အသည်းနာသည်ဟု မောင်လှမျိုးပြောသည်။ ယခင်က ရန်ကုန်တက္ကသိုလ်(ကြည့်မြင်တိုင်နယ်မြေ)နှင့် ခြံစည်းရိုးကပ်ရပ်ကွက်မှာ မောင်လှမျိုးချက်ကြွေရာ ချင်း ချောင်းခြံဖြစ်၏။

ပန်းတောသား ဟန်ဆောင်ထားသောသူက ရန်ကုန်သားစစ်စစ်၊ ရေရောသူမဟုတ်။ စာတွေ၊ ကဗျာတွေ စရေးချိန်။ ဆရာမောင်စိန်ဝင်း (ပုတီးကုန်း)မှာ လျှမ်းလျှမ်းတောက် နာမည်ကြီးနေ၏။ "သောကခြေရာ" မှာ သူတို့နှလုံးသားတွေကို တော်တော်ညှို့ယူနိုင်ခဲ့သည်၊



"ပန်းတောမှာ ကြွေနေသည်" ကိုဖတ်ပြီး ကြွေနှင့်ပန်းတောကို ငြိတွယ်ဖြစ်သည်၊ စာရေးခြင်းဝိဇ္ဇာမှာ အမိတက္ကသိုလ်မှာ တည်၏။ အမိတက္ကသိုလ်အား "ပန်းတော" ဟု သင်္ကေတပြုချင်သည်၊ ဆရာမင်းလူသည်ပင် "ပန်းကျောင်း" ဟု တင်စားပြီး ဝတ္ထုဖွဲ့ခဲ့သည်မဟုတ်ပါလား။

သို့ဖြင့် မောင်ညိုအေး(ပန်းတော) ဖြစ်လာသည်။

လုံးချင်းစထွက်ဖြစ်တော့ ပုတီးကုန်းနယ်ဘက်မှ ပန်းတောဆိုတာ မရှိဘူးဟု သတင်းသဲ့သဲ့ကြားသည်။ မလိုတမာစကား၊ ဘဝင်မကျစရာစကားဟု ထင်ကြသည်။ ဆရာမောင်စိန်ဝင်းနှင့် ရင်းနှီးဖြစ်သောအခါမှ ပန်းတောနှင့်ပတ်သက်ပြီး ငိုရမလို ရယ်ရမလိုဖြစ်ရတော့သည်။

"ရွှေပန်းတောမှာ ကြွေနေသည်လို့ ရေးလို့မှမဖြစ်ဘဲကွာ။ တကယ်တော့ ကြွေနေတဲ့ ပန်းတောဟာ အပြင်မှာတော့ ရွှေပန်းတောပဲ"

* * * *

အမိမဲ့သားဘဝ၊ ဆယ်ကျော်သက်ဘဝတွေမှာ မျိုးစုံညံ့ခဲ့သည်။ ဆိုးခဲ့သည်။ ခပ်ညံ့ညံ့သူပြောမည့် ခေါင်းစဉ်က "စာပေလူငယ်နှင့် တောင်းသော ဝန်းကျင်"

ကိုယ်တိုင် ညံ့ပင်ညံ့သော်လည်းအမှီပြုရာ ဝန်းကျင်ကိုတော့ ကောင်းကောင်းလေးပဲ ဖြစ်စေချင်သည်။

ဆိုးသော၊ ညံ့သောသူက ဆယ်တန်းအောင်တော့ သချာ်ကိုမှ

ရွေးပြီး ယူဖြစ်ခဲ့သည်။ အင်းလျားလေးကန် ကုက္ကိုရိပ် လူငယ်ကင်တီးမှ သည် အဓိပတိလမ်း၊ ဦးချစ်၊ မြမေတ္တာတို့ဆီမှာပဲ ကဗျာတွေ စာတွေ ရေးရင်း တဝဲလည်လည်။ စာသင်ခန်းဆီ တစ်ခေါက်တစ်ကျင်းသွားရမှာ အဓိပ္ပာယ် မဲ့သလိုလို။

ညံ့ခဲ့၊ ဆိုးခဲ့ပေမယ့် အသိတွေကတော့ စာပေရိပ်မှာ မသိမသာ ခိုလှုံဖြစ်သည်။ ဖတ်ရင်း ရေး၊ ရေးရင်း ဖတ်ဖြင့် မုဆိုးစိုင်သင် နေဖြစ်ခဲ့ ဖူး၏။

ကံ့ကော်ရိပ်မှာ အမြဲခိုပြီး စာရေးဆရာဖြစ်ချင်သည့် စိတ်တွေ ကြောင့် ဂုဏ်ထူးတန်းတက်ခွင့်ရခဲ့သည်။ ခပ်ညံ့ညံ့လူတစ်ယောက် အတွက်တော့ သင်္ချာဂုဏ်ထူးတန်းတက်ခွင့်ရတာ မဟာအခွင့်အရေး တစ်ခုပဲလေ။

အဲဒီအခါက မောင်ညိုအေး(ပန်းတော)အဖြစ် ကင်ပွန်းတပ်ခွင့်ပြု ခဲ့သော "ပန်းကံ့ကော်လွမ်းစကား" ဝတ္ထုတိုလေး။ ဆရာ နွမ်ဂျာသိုင်း ကြီးကြပ်သော ပန်းနုသက်ကဏ္ဍမှာ ပါလာသည်။ ပန်းဝေသီမဂ္ဂဇင်း ကိုင်ပြီး စာရေးဆရာဖြစ်ပြီကွဟု ကြွေးကြော်လက်သီးလက်မောင်း တန်းဖြစ်ခဲ့ပေမယ့် ထိပေါက်ပြီး ထိလက်မှတ်ပျောက်သူလို ဖြစ်ခဲ့ရသည်။

မဂ္ဂဇင်း၏ မာတိကာမှာသာပါပြီး အထဲစာမျက်နှာတွေကတော့ ဆုတ်ရာဖြဲရာတွေသာ ပါလာသည်။ လက်ဆောင်ရသော စာအုပ်မှ မဟုတ်။ ၁၉၈၈-ဒီဇင်ဘာလထုတ် ပန်းဝေသီမဂ္ဂဇင်းတိုင်းလိုလိုပါ ဆုတ်ရာဖြဲရာတွေနှင့် လူတွေ ဖတ်ခွင့်မရခဲ့။



စာရေးဆရာလည်းဖြစ်၊ ဂုဏ်ထူးတန်းလည်း တက်ခွင့်ရ၊ ထိုအချိန် မှာပင် ကြမ္မာငင်သည်။ စာသင်ခန်း၏ တံခါးရွက်များကို ခေတ်၏ လေနီ ကြမ်းက ရိုက်ခတ်တော့သည်။ ထိုလေနီကြမ်းကြီးမှာ အာဏာရှင်ကို ဆန့် ကျင်သော နိုင်ငံရေးလှုပ်ရှားမှုပင်။ ပိုက်ဆံများ တရားမဝင် ကြေညာခြင်း၊ RIT ကျောင်းသား ဖုန်းမော်နှင့် စိုးနိုင်တို့ ကျည်သင့်ကာ သေဆုံးရခြင်း၊ တံတားနီအရေးအခင်း၊ ပြီးတော့ ဖွန်ကျောင်းသားလှုပ်ရှားမှု၊ ထိုမှတဖန် သွေးတွေ ပေကျံခဲ့သော ရှစ်လေးလုံး လူထုအုံကြွမှု၊ လေနီကြမ်းကြောင့် အားလုံး ဝရုန်းသုန်းကား၊ ဖရိုဖရဲ။ သူလည်း လေနီကြမ်းကြောင့်ပင် ကံ့ကော်တောမှနေပြီး ဆိတဖလူးပန်းရနံ့သင်းသော ဘဝတက္ကသိုလ် အင်းစိန်အကျဉ်းထောင်သို့ လွင့်စဉ်ခဲ့၏။

ချစ်ရသော ကံ့ကော်တောကို ရှင်ခွဲ ခွဲခဲ့ရသည်။ ဆရာဗန်းမော် တင်အောင်၏ဖောက်လိုက် ဒေါက်တာရေချမ်း ဖြစ်ခွင့်မရသလို၊ သာမန် ဘွဲ့တစ်ခုနှင့်သာ ကျေနပ်လိုက်ရသည်။

* * * *

အနာဂတ်ကို ဦးဆောင်ပုံဖော်ဖို့ဆိုတာ သူတို့လို ဖားတစ်ပိုင်း၊ ငါး တစ်ပိုင်းတွေမှာ အင်အားမရှိ။ လူငယ်တွေကိုသာ အားကိုးယုံကြည်ပြီး အနာဂတ်မှာ အတူရှိနေချင်၏။

အိန္ဒိယနိုင်ငံ၏ သိပ္ပံပညာရှင်တစ်ဦး၊ ပြီးတော့ အိန္ဒိယကို တိုးတက်

အံ့မခန်းအောင် ပံ့ကိုင်ပေးသော သမ္မတကြီး အဗ္ဗဒူကလမ်၊ ကလမ် ကလည်း မြူစင် မြူထူးဖွယ် လူငယ်များနှင့်သာ အိန္ဒိယ၏မြင့်မြတ်ရဲရင့်သော အဗ္ဗတ္တကို ရှာဖွေလိုသည်ဟု ပြောဖူးသည်။

သူတို့ ကဗျာရေးစ ဆယ်ကျော်သက်ဘဝ "ဗီယမ်ကောင်း စိတ်ဓာတ်" ဟု ကြွေးကြော်အားကျခဲ့ဖူး၏။ ဗီယက်နမ်-အမေရိကန် စစ်ပွဲမှာ အမေရိကန်တို့ အနိုင်မရဘဲ ဆုတ်ခွာပေးခဲ့ရသော ရဲရဲတောက် တော်လှန်ရေး စိတ်ဓာတ်ဖြစ်သည်။ သူတို့ ကြွေးကြော်အားကျခဲ့သော အတိတ်ဆီက "ဗီယက်ကောင်းစိတ်ဓာတ်" မှာ သွေးတွေ၊ ဝါးဒမိုင်းတွေ၊ အာယာတတွေ ပေကျံနေခဲ့၏။

ယခုမျက်မှောက် ဗီယက်နမ်မှာ နေ့ချင်းညချင်း ငြိမ်းချမ်းတိုးတက် ကြီးထွားလာ၏။ လူငယ်တွေက "ဗီယမ်ကောင်းစိတ်ဓာတ်" ကို အားကျ မက်မောနေ၏။ အခုလူငယ်တွေ ကြွေးကြော်အားကျချင်သည့် "ဗီယက် ကောင်းစိတ်ဓာတ်" မှာ အတိတ်တုန်းကလို သွေးတွေ၊ ဝါဒမိုင်းတွေ၊ အာယာတတွေ မပေကျံ၊ မစွန်းထင်း။ ပကတိ ငြိမ်းချမ်းဖွံ့ဖြိုးဖို့ အဖြူသက်သက် တောင့်တ မွတ်သိပ်နေကြခြင်းပင်။

****



မျိုးဆက် လက်ဆင့်ကမ်းခြင်း၊ ရာဇဝင်ထဲမှာ ဖြတ်သန်းခဲ့ရသော မျိုးဆက်များ၊ ဆယ်ကျော်သက် ပထမမျိုးဆက်က ကိုလိုနီဆန့်ကျင်ရေး၊ လွတ်လပ်ရေးအတွက် တာဝန်ယူခဲ့သည်ဟု ဆို၏။ ဒီနောက် ဒုတိယ၊ တတိယ၊ လက်ရှိဖြစ်တည်နေတာက စတုတ္ထမျိုးဆက်ဟု ဆရာဒဂုန် တာရာက ဆို၏။

ရာဇဝင်ထဲမှာ မျိုးဆက်တွေ ဖြတ်သန်းရင်း ပျောက်ဆုံးသွားခြင်းမျိုး ရော မရှိဘူးလားဟု တွေးဖြစ်သည်။ ဒုတိယမျိုးဆက်လား၊ တတိယမျိုး ဆက်လား၊ မိမိကိုယ်တိုင်ပင် ဖြစ်နေမလားဆိုတာ တွေးမိရင်းဖတ်ဖူးသော စာပိုဒ်လေးအား ရွတ်ပြဖြစ်သည်။ ၂၀၀၁-ခုနှစ်၊ အာရှနှင့်ပစိဖိတ်ဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်အဖွဲ့အစည်းမှာ မစ္စတာဟက်စုပြောခဲ့ သော စကားဖြစ်၏။

"မှန်ကန်တဲ့ ပညာရေးစနစ်ကို လက်ခံသင်ယူခြင်းမပြုကြရတဲ့ လူငယ်တွေဟာ စီးပွားရေးဝေါဟာရအရ သုံးစွဲခေါ်ဝေါ်တဲ့ "ပျောက်ဆုံး သွားတဲ့ မျိုးဆက်" အဖြစ်ကို ပြောင်းလဲသွားမယ်။ သူတို့ကို သင့်လျော်တဲ့ အထောက်အပံ့တွေ မပေးခဲ့ရင်တော့ သူတို့ဟာ လူမှုရေးအရပါ "ပျောက် ဆုံးသွားတဲ့ မျိုးဆက်" အဖြစ်သို့ ရောက်သွားလိမ့်မယ်"

****

မိမိနှင့်ပတ်ဝန်းကျင်မှာ တိုက်ရိုက်ဆက်သွယ်မှုရှိ၏။ ကောင်းခြင်း၊ ဆိုးခြင်းတွေ အပြန်အလှန်သက်ရောက်နေ၏။

တစ်ပိုင်တစ်နိုင် ပတ်ဝန်းကျင်ကောင်းတွေ ဖန်တီးချင်တဲ့ စိတ်ရှိနေမှ၊ နှမ်းတစ်စေ့နဲ့ ဆီမဖြစ်ပါဘူးဆိုပြီး ဘာသိဘာသာ စရိုက်တွေကို ခဝါချနိုင်မှ၊ အခက်အခဲပြဿနာတွေကို တွေးကြောက်နေဖို့ မလို၊ ဘဂ်လားဒေ့ရှ်နိုင်ငံသား မိုဟာမက်ယူနွတ်(စ်)ထံ စကားရောက်ဖြစ်ပြန်၏။

ယူနွတ်(စ်)အဖို့ သူပိုင်ငွေ ၇၂ဒေါ်လာဖြင့် ၁၉၇၆မှာ "ဂရာမင်း" အသေးစား ငွေချေးဘဏ်တစ်ခုထူထောင်သည်။ သူ့အိပ်မက်၊ သူ့စေတနာ ကြားဖူးမြင်ဖူးနေကျ ချစ်တီးဓလေ့စရိုက်မဟုတ်။ စပါးပေး၊ ပဲပေး၊ နေ့ပြန်တိုး၊ အမိန့်ရ အပေါင်ဆိုင်သဘောမျိုးမဟုတ်။

ဆင်းရဲသား၊ လက်လုပ်လက်စားများ အရင်းအနှီးရအောင် ထုတ်ချေးသော လက်ထဲအရောက်ပို့ပေးသော ဘဏ်စနစ်ဖြစ်သည်။ အထူးသဖြင့် အိမ်ရှင်မများ အရင်းအနှီးရပြီး လုပ်ငန်းတစ်ခုဖြင့် ဘဝတစ်ဆင့်တက်ဖို့ ဆင်းရဲတွင်းနွံမှ လွတ်မြောက်ဖို့ ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။

အနှစ်သုံးဆယ်ကြာတော့ ယူနွတ်(စ်)၏ အိပ်မက်များက ကမ္ဘာပေါ်ရှိ ဆင်းရဲသားများအတွက် လမင်းပမာ၊ ဂရာမင်း၏ နည်းပညာအတိုင်း အာရှနှင့်အာဖရိကမှာ အသေးစားငွေချေးဘဏ်တွေ အလျှိုလျှိုပေါ်ခဲ့သည်။

၂၀၀၆-ခုနှစ်အတွက် ယူနွတ်(စ်)နှင့် ဂရာမင်းဘဏ်ကို ငြိမ်းချမ်းရေး နိုဗယ်ဆုပေးရသည်အထိ အောင်မြင်ခဲ့သည်။



ဟုတ်ပြီ။ ယူနွတ်(စ်)တစ်ယောက်တည်း ကမ္ဘာပေါ်မှာ ကောင်းသောဝန်းကျင်ကို တည်ဆောက်ခဲ့တာတော့ မဟုတ်၊ အများအပြား ရှိခဲ့ဖူးသည်။

သူတို့အတိတ်သမိုင်းမှာလည်း သူ့နည်းသူ့ဟန်ဖြင့် တည်ဆောက်ခဲ့ကြသူများမှာ အထင်ကရ၊ ကုန်းဘောင်ခေတ်နှောင်းပိုင်းမှာတော့ ကနောင် မင်းသားနှင့် ယောအတွင်းဝန် ဦးဖိုးလှိုင်။

ဦးဖိုးလှိုင်ဆိုလျှင် တိုင်းပြည်ကို ခေတ်နှင့်အညီအုပ်ချုပ်ဖို့ ရာဇဓမ္မသင်္ဂဟကျမ်းကို ရေးသားဆက်သခဲ့သည်။ အဲဒီကာလနှင့်ကိုက်ညီသော စည်းမျဉ်းခံ ဘုရင်စနစ်ကို ကျင့်သုံးဖို့ကြိုးစားခဲ့ဖူးသည်။ သိုးဆောင်းနိုင်ငံများ၏ ဖွဲ့စည်းအုပ်ချုပ်ပုံများကို လေ့လာပြီး ရာဇဓမ္မသင်္ဂဟကျမ်းကို ရေးသည်။ ဘုရင်နှင့်မိဖုရား၏ ခါးထက်ထက်အောက်မှာ ရာဇဓမ္မသင်္ဂဟကျမ်းလည်း အစိတ်စိတ်အမွှာမွှာဖြစ်ခဲ့ရ၏။

ဆရာကြီးဒဂုန်တာရာပြောခဲ့သော ပထမမျိုးဆက် ၁၉၃၇၊ နိုဝင်ဘာလ (၄)ရက်မှာ သခင်နုနှင့် ဦးထွန်းအေးက ငွေငါးရာကျပ်စီ မ,တည်၊ "နဂါးနီစာအုပ်အသင်း" ဟု ဒီးဒုတ်ဦးဘချိုက အမည်ပေး တည်ထောင်ခဲ့ဖူးသည်။ နဂါးနီစာအုပ်အသင်းကြောင့် သခင်အောင်ဆန်းလို လူငယ်ခေါင်းဆောင်တွေ ပေါ်လာပြီး တိုင်းပြည်လွတ်လပ်ရေးရသည်အထိ အောင်မြင်ခဲ့ဖူးသည်။

* * * *

ခပ်ညှဲ့ညှဲ့လူတစ်ယောက် ဂျိုက်တောစင်မြင့်၊ ဒီဇင်ဘာ အအေးတို့ဖြင့် နပန်းလုံးဖြစ်ခဲ့သည်။ ပန်းမြိုင်လယ်က ဥယျာဉ်မှူးအတွက်တော့ ညနက်နက် သွေးခဲမတက်ဖြစ်တော့မည်ကို သတိရဖြစ်သည်။

ဆရာ လယ်တွင်းသား စောချစ်အလှည့်မရောက်မီ . . .

"ပရိသတ်ကြီး. . . စာဖတ်ကြပါ။ စာမဖတ်ကြဘူးဆိုရင်တော့ ကျွန်တော့်လို ခပ်ညှဲ့ညှဲ့လူတစ်ယောက် စင်ပေါ်တက်ပြီး ညာလေ ဝါးလေ၊ လုပ်သမျှ အမြဲခံနေရမှာပဲ" ဟုပြောရင်း ဂျိုက်တောညကို နှုတ်ဆက်ဖြစ်၏။

****

ဂျိုက်တော၏ ချမ်းချမ်းစီးစီး အရှက်မှာခဏလေးပဲ မေ့ဖြစ်သည်။ ရေးသူဖတ်သူ တွေ့ဆုံပွဲ၊ နေ့လယ်စာစား၊ ကားဂိတ်တန်းဆင်းစသော အစီအစဉ်များကြောင့် မျက်လုံးဖန်တာကို ဂရုမထားနိုင်အား။

ဂျိုက်တောလမ်းဆုံမှ ဈေးလမ်းအတိုင်း ပင်လယ်ကမ်းခြေသို့ ဆင်းလာဖြစ်ကြသည်။ ကမ်းခြေရောက်တော့ ဝမ်းရေး တံငါလေှတွေ ဖွေးဖွေးလှုပ်လို့။

ငါးစိမ်း၊ ငါးခြောက်နှင့် ချေးနံ့များ မနက်ခင်းမှာ ရောထွေးပျံ့လွင့်နေသယောင်။

ကြည့်မဆုံးသော ငွေသောင်ယံပေါ်မှာ အုပ်စုလိုက် ခြေကျင်



လျှောက်ပြီး တွေ့ဆုံပွဲလုပ်မည့် အုန်းခြံရှိရာသို့ လာဖြစ်ကြသည်။ ငွေသောင်ယံမှာတော့ ကောက်စရာ ခရုခွံတွေ လုံးဝမရှိသလောက်ရှားနေ၏။

"ဒီမှာမွေး ဒီမှာကြီးတဲ့ လူတွေ အရမ်းကုသိုလ်ထူးတယ်။ ကျွန်တော်တို့မှာတော့ တကူးတက အပင်ပန်းခံပြီး ပင်လယ်ကို လာကြည့်ရတာလို့ ညတုန်းက ဆရာကြီးပြောခဲ့တယ်နော်"

ဒေသခံ လူငယ်တစ်ဦး၏ အမေးကို "ဟုတ်တယ်လေ" ဟု ဆရာ လယ်တွင်းသား စောချစ်က ဖြေ၏။ ထိုလူငယ်ကပင် ဆက်ပြီး. . .

"ဒီကမ်းခြေတစ်လျှောက်က နေရာတွေ၊ အုန်းခြံတွေကို ဈေးကောင်းရတယ်ဆိုပြီး လူတွေက ရောင်းပစ်ကြတယ်။ ဗဟုသုတနည်းတော့ ဒီလောက်အထိ တိုးတက်ဖြစ်လာလိမ့်မယ်လို့ မထင်ကြဘူး။ ဈေးကောင်းရတယ်ဆိုတာကလည်း မဖြစ်စလောက်ပါ။ အကြောင်းကြောင်းကြောင့် ရောင်းပစ်လိုက်ရတာလည်း ရှိတယ်။ အခုချိန်မှာ ဒီက လူတွေ ကမ်းခြေတစ်လျှောက် လမ်းလျှောက်ခွင့်မရတော့ဘူး။ ငါးဖမ်းလှေကပ်ခွင့်လည်း မရှိတော့ဘူး။ နိုင်ငံခြားသားနဲ့ ဧည့်သည်တွေ အနှောင့်အယှက်ဖြစ်မှာစိုးလို့ တားမြစ်ထားကြတယ်"

ဒေသခံ လူငယ်စကားကြောင့် ဆရာလယ်တွင်းသား စောချစ်ရော၊ သူတို့အားလုံးပါ ဘာတစ်ခွန်းမှ ပြန်မပြောဖြစ်ကြဘဲ ကိုယ်စီတွေးနေဖြစ်ကြသည်။

****

နေ့လယ်စာစားပြီးသည်နှင့် ဂိုတ်တောအား အပြီးနှုတ်ဆက်ဖြစ်သည်။

သံတွဲကားဂိတ်မှ ရိုးမပေါ်သို့ ခရီးနှင်၏။ အလာတုန်းက ညကြီးမိုးချုပ်မို့ ရိုးမခရီးမှာ မသဲမကွဲ။ အပြန်ခရီးမှာတော့ လင်းတုန်းမို့ ရိုးမအလှကို အတိုင်းသား မြင်တွေ့ရသည်။

ချောက်ကမ်းပါးစွန်းတွေပေါ်မှာ ခရီးသည်တင်ကားက ကွေ့ပတ်ပြီး အဆင်းအတက်လုပ်နေသည်။ ချောင်လို့ တိမ်းလို့ မလွတ်သော တောင်ပေါ်လမ်း။ ညာဘက်မှာ တောင်နံရံ၊ ဘယ်ဘက်မှာတော့ အလွန်တရာနက်သော ကမ်းပါး။ တစ်လှည့်စီဖြင့် ထိုနှစ်ခုကြားမှာ အသည်းယားချင်စရာ။

သွားနေလာနေကျ မဟုတ်သောကြောင့် ကြည့်ရင်း မြင်ရင်း ကြောက်စိတ်ဝင်ဖြစ်သည်။

အသွားတုန်းက အမည်သာ ကြားလိုက်ပြီး ရောက်မှန်းမသိခဲ့သော "မိုးထိတောင်ထိပ်" စခန်းမှာ ကားနားသည်။ ရခိုင်ပြည်နယ် ပဲခူးတိုင်းနယ်ခြားနေရာလည်း ဖြစ်သည်။

ကြယ်တွေကိုပင် ဆွတ်ခူးလို့ ရလောက်အောင် မြင့်မားသောကြောင့် "မိုးထိတောင်" ဟု ခေါ်ခြင်းတဲ့။

မိုးထိတောင်ပေါ်မှနေပြီး ကြယ်တွေကို မဆွတ်ခူးခဲ့သော်လည်း ခိုက်ခိုက်တုန်အောင် ချမ်းပြီး ပြီးစလွယ်နိုင်သော ထမင်းဟင်းများကို ဆာဆာဖြင့် ဝါးမျိုဖြစ်ခဲ့ကြ၏။

မောင်စည်သူအေး (ပန်းတော)

****

# အနာဂတ်ရဲ့ပဲ့ကိုင်ရှင်

## မင်းပုည

"ကိုယ်ပိုင်အသိစိတ်နဲ့ မိမိဘဝကို တိုးတက်အောင်မြင်အောင် လုပ်ဆောင်ဖို့ ခက်ခဲနေကြပါတယ်။ သူတစ်ပါး အောင်မြင်တိုးတက်တာကို ကြည့်ပြီး မနာလိုဖြစ်နေတတ်ကြပါတယ်။ ဒါဟာ မှားယွင်းတဲ့စိတ်ဓာတ်တွေပါ။ သူတစ်ပါးသား အောင်မြင်တာကို မြင်တွေ့ရရင် အားကျရမယ် အောင်မြင်အောင်ကြိုးစားဖို့ လိုအပ်ပါတယ်။ သူ့လို အလုပ်လုပ်ရင် အောင်မြင်မယ်ဆိုတဲ့ စိတ်ဓာတ်ရှိရင် မအောင်မြင်နိုင်စရာမရှိပါဘူး။"

## အနာဂတ် ပုံကိုင်ရှင်

“အမေ ပိုက်ဆံတစ်ထောင်လောက် ပေးပါ”

ဟု တောင်းလိုက်တဲ့အသံကြောင့် ရုတ်တရက် ကြည့်လိုက်မိရာ ဈေး ဖန်းခေါင်းရွက်ထားတဲ့ ခပ်နွမ်းနွမ်း မိန်းမတစ်ယောက်နှင့် အသက် (၂၀)ကျော် လူငယ်တစ်ယောက်ကို တွေ့လိုက်ရတယ်။

လူငယ်ဟာ သပ်သပ်ရပ်ရပ်ဝတ်ဆင်ထားပြီး တစ်ကိုယ်လုံး မွှေး ကြိုင်နေတာကို တွေ့ရတော့ စိတ်ဝင်စားမိတယ်။ အမေဟု အခေါ်ခံရတဲ့ အသက်ငါးဆယ်ကျော်မိန်းမကြီးက ဘာပြောမလဲဆိုတာကို စိတ်ဝင်စား မိပြန်တယ်။ အလားတူ အရွယ်ရောက်ပြီးဖြစ်တဲ့ လူငယ်က ဘာကြောင့် တောင်းရတာလဲ။

အလုပ်လုပ်လို့ရတဲ့ ပိုက်ဆံတွေကို အပ်ထားလို့တောင်းယူတာလား ဟု တွေးမိတယ်။ အလုပ်ကရတဲ့ လုပ်အားခကို မိခင်ထံအကုန်အပ်ပြီး ပြန်တောင်းယူတယ်ဆိုရင်တော့ လိမ္မာလိုက်တဲ့ သားလေးဟုမှတ်ချက်ပေး ချင်ပါတယ်။ အဲဒီအတွက်ကြောင့် မိခင်ဖြစ်သူရဲ့ အဖြေကိုကြားချင်စိတ်



များ ထွက်ပေါ်လာပြန်တယ်။

“ဟဲ့. . . ငါ့မှာ ပေးစရာမရှိတော့ဘူး။ နေ့ပြန်တိုးပေးရအုံးမယ်။ အိမ်စားဖို့လည်း ကျန်သေးတယ်”

“တစ်ထောင်လောက် ပေးတာဘာဖြစ်တာမှတ်လို့”

“ဖြစ်တာပေါ့ဟဲ့. . . နင်တောင်းတာက ဆန်(၄)လုံးနဲ့ ဟင်းရံဖိုးရ တယ်။ နင်အပျော်အပါးအတွက် မပေးနိုင်ဘူး”

“ငါးရာပဲပေးတော့ ဟိုကောင်တွေ စောင့်နေကြပြီ”

“အလုပ်လုပ်ပါဆိုတော့ ဘာဖြစ်တယ်လေး။ ညာလေးနဲ့ ပိုက်ဆံကြ တော့ တောင်းတတ်တယ်”

ဟု မိခင်ရဲ့စကားကြားလိုက်ရတဲ့အတွက် အလွန်ပဲ အံ့သြမိတယ်။ အသက်(၂၀)ကျော်အရွယ် ရောက်နေတာတောင်မှ အလုပ်မလုပ်ဘဲ မိဘ ထံ လက်ဝါးဖြန့်တောင်းသုံးနေတုန်းပါလား။ တကယ်ဆိုရင် ဒီအရွယ်ဟာ ကိုယ့်ဒူးကိုယ်ချွန်အလုပ်လုပ်နိုင်တဲ့ အရွယ်ဖြစ်နေပြီ။

ဘာကြောင့် မိဘအရိပ်ကို ခိုနေကြတာလဲ စဉ်းစားမိပါသေးတယ်။ ပြောင်းလဲလာတဲ့ ခေတ်ကာလမှာ ဒီလိုလူငယ်တွေရှိနေခြင်းဟာ အနာ ဂတ်အတွက် ရင်လေးစရာပါပဲ။ ဒီကြားထဲ လူငယ်တော်တော်များများ ပြောတဲ့စကားကို ကြားယောင်နေမိသေးတယ်။

ခေတ်ကြီးက ပြောင်းလဲလာပြီ၊ တိုးတက်လာပြီ၊ အိုင်တီခေတ်၊ အင် တာနက်ခေတ် လို့ဆိုကြတယ်။ မှန်ကန်တဲ့ စကားရပ်တွေသာဖြစ်ပေမယ့် ၎င်းစကားကို နားမလည်နိုင်တာတွေ ရှိနေပါတယ်။

## ခေတ်ကြီးပြောင်းလဲလာပြီ

ခေတ်ကြီးပြောင်းလဲလာအောင် ဘယ်သူတွေက ဖန်တီးကြတာလဲ။ လူသားတွေက ဖန်တီးလိုက်ခြင်းတာ ဖြစ်ပါတယ်။ လူသားတွေ ဖန်တီးလိုက်တဲ့ခေတ်ကြီးကို လူငယ်များက ဆက်လက်ပြောင်းလဲလာအောင် ကြိုးစားလုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်ပါတယ်။ အရှေ့က ပြောင်းလဲပြီဆိုလို့ နောက်က ပြောင်းလဲတာကတော့ နည်းလည်ဖို့ခက်ခဲပါတယ်။ အဲဒီ ပြောင်းလဲခြင်းဆိုတဲ့ စကားရပ်ရဲ့အဓိပ္ပာယ်ကို နားလည်သဘောပေါက်ဖို့တော့ လိုအပ်ပါတယ်။

တစ်နေကုန် လက်ဖက်ရည်ဆိုင်ထိုင်၊ လမ်းဘေးကျားထိုင်ထိုးနေလို့တော့ ဘာမှပြောင်းလဲလာမှာ မဟုတ်ပါဘူး။ ကိုယ်ကိုယ်တိုင်က လုပ်ဆောင်ဖို့တော့ လိုအပ်ပါတယ်။

****

## တိုးတက်လာပြီ

ဘာတွေကို တိုးတက်တာလဲ။ မျက်မှောက်ခေတ်လူငယ် (၆၀) ရာခိုင်နှုန်းဟာ အလုပ်မလုပ်ဘဲ အလကားအချိန်ကုန်ခံတာ များနေကြတယ်။ ကိုယ်ပိုင်အသိစိတ်နဲ့ မိမိဘဝကို တိုးတက်အောင်မြင်အောင် လုပ်ဆောင်ဖို့ ခက်ခဲနေကြပါတယ်။ သူတစ်ပါးအောင်မြင် တိုးတက်တာကို ကြည့်ပြီး မနာလိုဖြစ်နေတတ်ကြပါတယ်။ ဒါဟာ မှားယွင်းတဲ့စိတ်ဓာတ်



တွေပါ။ လူတစ်ဖက်သား အောင်မြင်တာကို မြင်တွေ့ရရင် အဲဒီလူထက် အောင်မြင်အောင်ကြိုးစားဖို့ လိုအပ်ပါတယ်။ သူ့လို အလုပ်လုပ်လို့ အောင်မြင်မယ်ဆိုရင် ကိုယ်လည်း မအောင်မြင်နိုင်စရာမရှိပါဘူး။

လူငယ်ဆိုတာ အနာဂတ်ရဲ့ သားကောင်းရတနာတွေဟု တင်စားပြောဆိုခဲ့ကြပါတယ်။ မှန်ကန်တဲ့ စကားရပ်တစ်ခုသာ ဖြစ်တယ်။ အောင်မြင်ကျော်ကြားတဲ့ လူကြီးတွေဟာ လူငယ်ဘဝကစခဲ့ကြတာပါ။ လူကြီးဘဝရောက်မှ စခဲ့တာမဟုတ်ခဲ့ပါဘူး။

ထို့အတွက်ကြောင့် လူငယ်များဟာ ငယ်စဉ်အရွယ်ထဲက ကြိုးစားဖို့ လိုအပ်ပါတယ်။ အနာဂတ်အောင်မြင်တဲ့ လူငယ်များသည် အတိတ်ကစပြီး ကြိုးစားမှ အနာဂတ်မှာ အောင်မြင်မှုရမှာ သေချာပါတယ်။

ရှေးပညာရှင်ကြီးများက အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဟု ခွဲပြောခဲ့ကြတယ်။

လက်ရှိ ပစ္စုပ္ပန်ဘဝရောက်ရှိတဲ့ လူငယ်တွေဟာ အနာဂတ်အောင်မြင်မှုရရှိရန်အတွက် အများထက်သာလွန်ရန် ကြိုးစားဖို့လိုအပ်ပါတယ်။ ဒါမှ အများထက်သာလွန်တဲ့ အောင်မြင်မှုတွေ ရရှိမှာ သေချာတယ်။ အဲဒါကြောင့် ကြိုးစားဖို့ အလွန်အရေးကြီးပါတယ်။

ထိုကဲ့သို့ ကြိုးစားတဲ့နေရာမှာ အခက်အခဲ၊ အတားအဆီးတွေနဲ့ ကြုံတွေ့ရမှာ သေချာပါတယ်။ ဘယ်လိုအခက်အခဲ အတားအဆီးတွေ တွေ့ကြုံပါစေ စိတ်ဓာတ်မကြဘဲ ကျော်လွှားနိုင်အောင် ကြိုးစားဖို့လိုအပ်ပါ တယ်။ ပင်ပန်းတယ်၊ ခက်ခဲတယ်၊ အပြိုင်အဆိုင်တွေ များတယ်ဆိုပြီး

စိတ်ဓာတ်ကျမသွားပါနဲ့။ အဲဒါဆိုရင် ကျဆုံးခြင်းများနဲ့သာ ရင်ဆိုင်ရပါလိမ့်မယ်။ အောင်မြင်မှုဆိုတာ လွယ်ကူတယ်မရှိပါ။

အခက်အခဲများနဲ့ ရင်ဆိုင်ရပါမယ်။ လွယ်လွယ်နဲ့ရတဲ့ အောင်မြင်မှုဟာ လွယ်လွယ်ပဲ ကျဆုံးတတ်ပါတယ်။ ဒါကြောင့် တစ်ခုမှာချင်ပါတယ်။ လွယ်လွယ်လေးနဲ့ ရရှိတဲ့အောင်မြင်မှုကို မလိုက်မိစေချင်ပါဘူး။ စကားပုံတစ်ခုရှိသေးတယ်။ ပေါ့ပေါ့နေ ပေါ့ပေါ့စားတဲ့၊ ဒါဟာ အင်မတန် လေးနက်ပါတယ်။ အရှင်းဆုံးပြောရရင် တန်ဖိုးမရှိတဲ့သူလို့ ပြောလိုက်ခြင်းတာဖြစ်ပါတယ်။

အနာဂတ်မှာ တန်ဖိုးရှိတဲ့လူငယ်လေးများဖြစ်စေဖို့ တန်ဖိုးရှိတဲ့အလုပ်တွေ လုပ်စေချင်ပါတယ်။ ထိုသို့ လုပ်ဆောင်တဲ့အခါမှာ "မိမိကိုယ်ကို ကျောက်ဆောင်၊ ပတ်ဝန်းကျင်ကို လှိုင်းတံပိုးကဲ့သို့ သဘောထားပါ" အဲဒါဆိုရင် အောင်မြင်သော လူငယ်တစ်ယောက်ဖြစ်မှာ သေချာပါတယ်။ အဲဒီ အောင်မြင်မှုကိုအောင် ဘယ်လိုလုပ်မလဲ စဉ်းစားကြည့်ပါ။

တစ်ဖက်သားကို ဝေဖန်ပုတ်ခတ်ပြီး ရရှိလာတဲ့အကျိုးအမြတ်ဟာ အောင်မြင်မှုမဟုတ်။ ကိုယ့်အစွမ်းအစနဲ့ ရရှိလာခြင်းကတာ အောင်မြင်မှုအစစ်ဖြစ်ပါတယ်။ အောင်မြင်လိုသူအတွက် အောင်မြင်မှုဟာ မခက်ခဲဘဲ ကြိုးစားမှုတာ အဓိကဖြစ်ပါတယ်။

အောင်မြင်မှုကို လိုလားတဲ့ မောင်လပြည့်ဆိုတာရှိတယ်။ မောင်လပြည့်ဟာ ချမ်းသာကြွယ်ဝသူ အတိုင်းအပိုင်းက မဟုတ်။ သာမန်မိသားစုက မွေးဖွားလာသူတစ်ယောက်ဖြစ်ပါတယ်။



ဖိုးလပြည့် ကျောင်းစတက်ချိန်မှာ ကျောင်းမုန့်ဖိုးဆိုတာ နပ်မှန်အောင်မရ။ ရတာထက် မရတာက များနေတယ်။ ကျောင်းမှာစားဖို့ ထမင်းချိုင့်တော့ ပါတယ်။ မောင်လပြည့်ကို ခင်မင်တဲ့ ကျောင်းသားကအလွန်နည်းတယ်။ မောင်လပြည့်အတွက် သူငယ်ချင်းဆိုတာရှိပေမယ့် အဓိက မကျ။ စာတာ အဓိကဖြစ်နေတယ်။

ချမ်းသာတဲ့ ကျောင်းသား၊ အဆင်ပြေတဲ့ကျောင်းသားတွေက အဖက်လုပ်ပြီး ခေါ်ပြောခြင်းမရှိ၊ ဘယ်လိုပင်ဖြစ်ပေမယ့် မောင်လပြည့်က အတန်းထဲမှာတော့ နံပါတ်(၁)ဖြစ်နေတယ်။ အဲဒါဘာကြောင့်လဲဆိုတော့ ကြိုးစားခြင်းရဲ့ရလဒ် တစ်ခုဖြစ်တယ်။

မောင်လပြည့် အတန်းထဲမှာ အဆင့်(၁)နဲ့ အောင်မြင်မှုများ ရရှိတာကို မကျေနပ်သူတွေ မနာလိုသူ များစွာရှိလာတယ်။ မောင်လပြည့်ဟာ ဒါတွေအားလုံးကို မဆိုင်သလို သဘောထားနေတယ်။ အောင်မြင်မှုကို လိုလားတဲ့ မောင်လပြည့်ဟာ ပြိုင်ဆိုင်သူတွေ ဘယ်လောက်ပင်ပေါ်များပေမယ့် စိတ်ဓာတ်ကျသွားခြင်း၊ စိတ်ပျက်ခြင်း၊ မကောင်းကြံခြင်းမျိုးတွေမထားဘဲ လမ်းကြောင်းအမှန်ကိုတာ ဦးတည်နေတယ်။

မောင်လပြည့် သူငယ်ချင်းအနည်းစုကတော့ စာတော်တဲ့ မောင်လပြည့်ကို အားကိုးကြတယ်။ မောင်လပြည့်ကလည်း သူတတ်သမျှ အားလုံးကို အကုန်ပြပေးတယ်။ ရင်းသင်ပြမှုကြောင့် သူငယ်ချင်းများ အဆင်ပြေကြသည်။ မောင်လပြည့်အပေါ် ယုံကြည်လာကြသည်။

စာကြိုးစားတဲ့ မောင်လပြည့်အတွက် မိဘများက အတတ်နိုင်ဆုံး

ကူညီကြပေမယ့် နေ့ပြန်တိုးငွေနဲ့ ချေးရောင်းပြီး မိသားစုဘဝရပ်တည်နေရတဲ့အတွက် အဆင်ပြေမှုဆိုတာက အလွန်နည်းပါးလှသည်။ မိသားစုမှာ မောင်လပြည့်တစ်ယောက်တည်းမဟုတ်။ အစ်ကိုတစ်ယောက်နဲ့ အစ်မ တစ်ယောက်ရှိသေးတယ်။

မိသားစုမှာ အငယ်ဆုံးသားဆိုလားဆိုတော့ အငယ်ဆုံးမဟုတ်။ ညီမ တစ်ယောက်ရှိနေသေးတယ်။ မိဘနှစ်ပါးဟာ သားသမီးတွေကို ကျောင်းထားရသည်ဆိုတဲ့အတွက် ဘယ်လောက်ရုန်းကန်ရမလဲဆိုတာ စဉ်းစားကြည့်ရင် သိနိုင်ပါတယ်။ ဘယ်လိုပင်ဖြစ်စေ မောင်လပြည့်ကတော့ စာကိုပဲ ကြိုးစားနေတတ်တယ်။

ထူးခြားတာတစ်ခုရှိသေးတယ်။ မောင်လပြည့်ဟာ စာကျက်တဲ့နေရာမှာ အချိန်ဇယားကိုယ်တိုင် ရေးဆွဲပြီး ရေးဆွဲတဲ့အတိုင်း စာကိုကျက်လေ့ရှိတယ်။ ထို့အတူ ကစားချိန်နှင့် စာကျက်ချိန်ကိုလည်း ခွဲခြားထားတယ်။ အဲဒါ တစ်နေ့မဟုတ် နေ့စဉ်အလုပ်တစ်ခုလို လုပ်လေ့ရှိတယ်။ စာကျက်ချိန်တွင် မည်သည့်သူငယ်ချင်းက ကစားရန်လာရောက်ခေါ်ပစေ လိုက်ကစားလေ့မရှိ။ စာနဲ့ပတ်သက်လာရင် အားနာလေ့မရှိ။ စာကျက်ရအုန်းမယ်ဟု ပြောတတ်လေ့ရှိတယ်။

ထို့အတူ စာကျက်ချိန်မှ မိဘများခိုင်းတာကိုတောင် ငြင်းဆိုတတ်တယ်။ သူကစားနေချိန်မှာ ဘာလုပ်ခိုင်းမလဲ။ ကစားတာကိုရပ်ပြီး လုပ်ပေးတတ်တယ်။ စာတော်တဲ့ မောင်လပြည့်ကို ကျောင်းအုပ်ဆရာမကြီးအပါအဝင် ဆရာ၊ ဆရာမတိုင်းက ချီးကျူးလေ့ရှိတယ်။ စာမကြိုးစားတဲ့



ကျောင်းသားတွေကို မောင်လပြည့်ကို ဥပမာပေးပြီးသင်ပြကြတယ်။

တချို့က ကြိုးစားတယ်။ တချို့က မကျေနပ်ကြပေ။ ပိုက်ဆံရှိတဲ့ကျောင်းသားတချို့ မုန်းတီးပြီး မောင်လပြည့်ကို ပြဿနာရှာတတ်တယ်။ မောင်လပြည့်ဟာ အတတ်နိုင်ဆုံးသည်းခံပြီး ရှောင်တတ်တယ်။ ရင်ဆိုင်တွေ့တဲ့အခါ အေးဆေးစွာဖြေရှင်းတတ်တယ်။

မောင်လပြည့်ရဲ့ ကြိုးစားမှု၊ စာတော်မှုတွေကြောင့် မိဘများ၊ မျက်နှာကောင်းရတယ်။ တော်တဲ့သားလေးတစ်ယောက် ပိုင်ဆိုင်ထားခြင်းကြောင့် ဖြစ်တယ်။ ရက်၊ လ၊ နှစ်တွေ ပြောင်းလာသလို မောင်လပြည့်ဟာ အတန်းကြီးလာတယ်။ ထိုအတွက်ကြောင့် မောင်လပြည့်ဟာ ဆယ်တန်းစာမေးပွဲကို ဂုဏ်ထူးခြောက်ဘာသာနဲ့ နှစ်ချင်းပေါက် အောင်ခဲ့ပါတယ်။ စာမေးပွဲမအောင်တဲ့ ကျောင်းသားတွေရှိသလို တချို့လည်း ကျောင်းကထွက် မိန်းမယူ၊ တချို့က မိဘပိုက်ဆံထိုင်သုံးပြီး အရက်သမားတွေဖြစ်ကုန်ကြတယ်။ မိဘက အလုပ်တစ်ခုခုကို လုပ်စေချင်တယ်။ အလုပ်မလုပ်ရင် ကျောင်းပြန်တက်၊ ဘွဲ့တစ်ခုရအောင်ယူပေါ့။ သူတို့ကတော့ မိဘရဲ့ဆန္ဒများကို လက်မခံ။ သူငယ်ချင်းတွေနဲ့သာ အချိန်ကုန်ဖို့ဆန္ဒများ ရှိနေကြတယ်။

လွန်ခဲ့တဲ့ နှစ်အတန်ကြာက လူငယ်တွေဟာ လတ်ဖက်ရည်ဆိုင်ထိုင်ရတာ ယဉ်ကျေးမှုတစ်ခုလို သတ်မှတ်ထားကြပေမယ့် ယခုကာလမှာ လက်ဖက်ရည်ဆိုင်ရဲ့ ယဉ်ကျေးမှုဆိုတာ မရှိကြတော့ဘူး။ အရက်ဆိုင်ယဉ်ကျေးမှုဖြစ်လာကြတယ်။ ဒီနေရာမှာ တစ်ခုတို့ သတိရလာတယ်။

"ခေတ်ကြီးက ပြောင်းလဲသွားပြီ၊ တိုးတက်လာပြီဆိုတဲ့စကားဟာ ဒါတွေကို ဆိုလိုတာလား"။

မကြာခင် ရက်ပိုင်းတစ်ခုက အသက်(၅၀)ကျော် ဆိုက်ကားသမားနဲ့ ဆိုက်ကားစီးရင်း လူငယ်နဲ့ပတ်သက်ပြီး စကားပြောမိကြတယ်။ အများကြီးထဲက တစ်ခုကို တင်ပြချင်ပါတယ်။

"အခုလူငယ်တွေက လက်ဖက်ရည်ဆိုင် မထိုင်တော့ဘူးဆရာ။ အရက်ဆိုင်ထိုင်ကုန်ကြပြီ။ အလုပ်ကို မယ်မယ်ရရ မလုပ်ကြဘဲ မိဘထံက ပိုက်ဆံတောင်းပြီး သူငယ်ချင်းသုံးလေးယောက်နဲ့ အရက်ဆိုင်ထိုင်ကုန်ပြီ"

"ကျွန်တော်က အရက်မသောက်တော့ ဒါတွေ မသိဘူးဗျာ။ ဒါပေမယ့် မေးရအုံးမယ်။ အရက်ဆိုင်ရောရှိလို့လား။ အရက်ဆိုင်က ရှားပါတယ်။ ဆိုင်မှာလူတွေရှိမှာ မဟုတ်ဘူး"

"အမလေး ဆရာရယ်။ လက်ဖက်ရည်ဆိုင်က ရှားချင်ရှားနေမယ်။ အရက်ဆိုင်က ပေါ်လာပြီ။ အခု ကျွန်တော်တို့သွားတဲ့ လမ်းမှာ အရက်ဆိုင်နဲ့လက်ဖက်ရည်ဆိုင် ဘယ်ဆိုင်က ပိုများတယ်ကြည့်သွားပါ"

ဆိုက္ကားသမားပြောမှ ကြည့်သွားမိတယ်။ အမှန်ကတယ် ဖြစ်နေတယ်။ အရက်ဆိုင်တွေ ပေါ်နေတာကိုတွေ့လိုက်ရတယ်။ အလွန် အံ့ဩမိတယ်။ သွားရာက ကြည့်လိုက်တော့ ဆိုင်တွေထဲမှာ အသက်ကြီးကြီး အရက်သမားတွေ ရှားပါးပြီး လူလတ်နဲ့လူငယ်တွေကိုတာ တွေ့လိုက်ရတယ်။



ဩော်. . . အနာဂတ်ရဲ့ သားကောင်းရတနာလေးတွေ အရက်ဆိုင်ထိုင်ပြီး မိမိဘဝကို ဖျက်နေကြပါလား။ ခေတ်လူငယ်လေးများသည် အနာဂတ် တိုးတက်ရေးကို ထိုနေရာမှာ အချိန်ကုန်မခံစေချင်။ တိုးတက်ပြောင်းလဲလာတဲ့ ခေတ်ကာလမှာ ဘဝကို ခေတ်ကာလနဲ့အတူ ပြောင်းလဲစေချင်သည်။

ပြောင်းလဲနေတဲ့ ခေတ်ကာလမှာ စိတ်ဓာတ်တွေကို ပြောင်းလဲစေချင်တယ်။ သူဘာကြောင့် တိုးတက်အောင်မြင်သလဲ၊ ငါလည်း သူထက် တိုးတက်အောင်မြင်ရမယ်ဆိုတဲ့ စိတ်နဲ့ ကြိုးစားရင်အောင်မြင်နိုင်တယ်။ တကယ်လည်း ကြိုးစားစေချင်တယ်။ တစ်ဖက်သားကို ကလိမ်ကကျစ်ကျပြီး အချောင်သမားတွေ မဖြစ်စေချင်။ အနာဂတ်ဘဝ တိုးတက်အောင်မြင်ပြီး အများအထင်ကြီးလေးစားရတဲ့ လူသားတစ်ယောက်အဖြစ် ရပ်တည်နိုင်အောင် ကြိုးစားစေချင်ပါတယ်။

ယခု မောင်လပြည့် ဆယ်တန်းကို ဂုဏ်ထူးခြောက်ဘာသာနဲ့ အောင်မြင်သွားပြီ။ သူဘာကြောင့် အောင်မြင်တာလဲ ငွေကြေးချမ်းသာလို့ မဟုတ်ဘူးဆိုတာတော့ အထက်မှာ တင်ပြပြီး ဖြစ်ပါတယ်။

သူဟာ ရိုးသားတယ်။

ကြိုးစားတယ်။

မိဘ၊ ဆရာသမားကို ရိုသေတယ်။

သွန်သင်ဆုံးမမှုကို လက်ခံတယ်။

စနစ်ကြတယ်။

ဒီလိုလူတစ်ယောက်အတွက်တော့ မအောင်မြင်စရာဆိုတာ ရှိလာမှာမဟုတ်။ ယခုမောင်လပြည့်ဟာ အောင်မြင်မှုအတွက် လမ်းဆုံကို ရောက်နေပြီ။ ဆရာဝန်ကြီး လုပ်မလား။ အင်ဂျင်နီယာကြီး လုပ်မလား။ စစ်ဗိုလ်ကြီးလုပ်မလား။ အခြားပညာရှင် ဘာလုပ်မလဲ။ လုပ်စရာလမ်းစများ ပွင့်လာပြီ။ ဆုံးဖြတ်ချက် မှန်မှန်နဲ့သာရွေးချယ်ဖို့သာ ရှိနေပြီ။

ကဲ. . . လူငယ်များသို့ မောင်လပြည့်နေရာကို ရောက်ကြရင် ဘယ်အရာကို ရွေးချယ်ကြမလဲ။ ဆရာဝန်ကြီးလား၊ စစ်ဗိုလ်ကြီး၊ အင်ဂျင်နီယာကြီးလား။ ကြိုက်နှစ်သက်ရာကိုတော့ ရွေးချယ်ကြမှာပေါ့။ မောင်လပြည့်လည်း ရွေးချယ်ထားတယ်။ ၎င်းရဲ့ ရွေးချယ်မှုများကို မိဘတွေက ဘယ်လို ထောက်ပံ့ပေးကြမှာလဲ။ ဒါဟာ အရေးကြီးတဲ့အချက်တစ်ခု ဖြစ်နေတယ်။

ဘာကြောင့်လဲဆိုတော့ မောင်လပြည့်ရဲ့မိဘများက လူချမ်းသာတွေ မဟုတ်လို့ဆိုတာပဲ ဖြစ်တယ်။ လူချမ်းသာ၊ အသိုင်းအဝိုင်းကဆိုရင် မောင်လပြည့်ရဲ့ အနာဂတ်ဟာ အကောင်းဆုံးဖြစ်သွားမှာ သေချာတယ်။ ဘာဖြစ်ချင်လဲ ထောက်ပံ့ပေးရန် အဆင်သင့်ဖြစ်နေတယ်။

မောင်လပြည့်ရဲ့ လက်ရှိဘဝက နေပြန်တိုး ပိုက်ဆံနဲ့ ဈေးရောင်းရတဲ့ မိခင်နဲ့ ဆိုက္ကားသမား ဖခင်တို့ရဲ့သားဖြစ်နေတော့ လုပ်ချင်တာ လုပ်ရန် မလွယ်ကူနိုင်။ ဆရာဝန်ကြီးလုပ်ရန် ရည်ရွယ်သော်လည်း ဆေးကျောင်းအတွက် ငွေကြေးများလိုအပ်သည်။ အင်ဂျင်နီယာဆိုလည်း ထောက်ပံ့စရာငွေက မလိုက်နိုင်။ ဖြစ်ချင်တာက ဆရာဝန်ကြီးနဲ့ အင်ဂျင်



နီယာ။ ငွေကြေးက အလွန်ရှားပါးနေတယ်။

မိဘများကို ရင်းနှီးတဲ့မိတ်ဆွေတွေက မောင်လပြည့်ကို ဆရာဝန်ကြီးဖြစ်အောင် မြေတောင်မြှောက်ပေးရန် အကြံများ ပေးနေကြတယ်။ မိဘနှစ်ပါးသည် သားသမီးတွေထဲက ပညာထူးချွန်တဲ့ သားရတနာအတွက် စဉ်းစားရခက်နေကြတယ်။ ပညာကို ဆုံးခန်းတိုင်အောင် မထားနိုင်မှာကိုလည်း စိုးရိမ်နေကြတယ်။

မိဘနှစ်ပါးသည် မောင်လပြည့်အတွက် ဘာလုပ်ပေးရမလဲဆိုတာကို ဝေခွဲမရသလို ဖြစ်နေတယ်။ မောင်လပြည့်ဘာကို စိတ်ကူးထားသလဲ သိချင်နေကြတယ်။ အနီးပတ်ဝန်းကျင်ကတော့ ဆရာဝန်အတွက် ဆေးကျောင်းပို့ရန် တိုက်တွန်းကြတယ်။ မိဘများကလည်း မောင်လပြည့်ကို ဆေးကျောင်းတက်မယ်ဆိုရင် ဖြစ်အောင်ထားမယ်ဟု ဆုံးဖြတ်ထားကြတယ်။

ထိုအတွက်ကြောင့် ပြင်ဆင်မှုများ ကြိုတင်ပြုလုပ်ထားကြတယ်။ မိဘများကလည်း မောင်လပြည့်ကို ဆေးကျောင်းပို့မည်ဟု ပြောဆိုနေကြတယ်။ အားလုံးကလည်း ထောက်ခံကြတယ်။ ထူးချွန်တဲ့ ကလေးကို မြေတောင်မြှောက်ပေးတာကောင်းသည်ဟု ပြောကြတယ်။ မိဘများက ဆေးကျောင်းအတွက် ပိုင်ဆိုင်တဲ့ မြေကွက်ကို တစ်ဝက်ရောက်ပြီး ဆေးကျောင်းထားရန် စီစဉ်နေကြတယ်။

မောင်လပြည့်ကတော့ မိဘများကို ပညာရေးနဲ့ပတ်သက်ပြီး ဘာတစ်ခွန်းမှ မပြော။ စာအုပ်တွေကိုတာ ဝယ်ယူဖတ်လေ့ရှိသလို တချို့ငှားဖတ်နေတယ်။ မောင်လပြည့်ဟာ ၎င်းရဲ့ရှေ့ဆက်ရမယ့် ပညာရေးကို

မိဘများအား ပြောကြားခြင်းမရှိသလို မိဘများ စိတ်ညစ်မှာကို ဒိုးရိမ်နေတယ်။

ထို့အတူ ဆယ်တန်းကို ဂုဏ်ထူးတွေနဲ့ အောင်မြင်သူဆိုပြီး မာန်တက်ခြင်းမရှိ။ မေ့မေ့ပျောက်ပျောက်နေတယ်။ တချို့မိဘတွေက ၎င်းတို့ ကလေးတွေကို စာကျူသင်ပေးရန် တောင်းဆိုလာကြတယ်။ အဲဒီအတွက် စာသင်ပေးတယ်။ စာသင်ပေးတဲ့အတွက် မုန့်ဖိုးပေးကြတယ်။ အဲဒီမုန့်ဖိုးကို မိဘထံပေးသလို စာအုပ်များဝယ်ဖတ်တယ်။

တစ်နေ့ညနေခင်းမှာ မောင်လပြည့်က မိဘထံခွင့်တောင်းလာတယ်။ သူကျောင်းတက်မယ်ဟု ရုတ်တရက်ပြောလာတော့ မိဘများမှာ အလွန် အံ့သြကြတယ်။ ရုတ်တရက် ဘာလုပ်ရမှန်းမသိအောင် ဖြစ်ကုန်ကြတယ်။ သို့သော် ကြိုတင်ပြင်ဆင်ထားတဲ့အတွက် တော်သေးတယ်။

"မိခင်က ဆေးတက္ကသိုလ်တက်မှာလား" ဟုမေးလာတဲ့အခါ မောင်လပြည့်က ဆေးတက္ကသိုလ်။ ဆင်းရဲတဲ့ မိဘများက သူ့ကျောင်းစရိတ်ကို ထောက်ပံ့ရတာနဲ့ အလွန်အခက်တွေ့နိုင်တယ်။ ကုန်ကျစရိတ်တွေ များမယ်။ တပ်မတော်ထဲဝင်ပြီး တပ်မတော်ဆေးတက္ကသိုလ်တက်ရင် မိဘများအတွက် အခက်မကြုံသလို တပ်မတော်သားတစ်ယောက်ဖြစ် တပ်မတော်သားတွေရဲ့ အသက်ကိုကယ်ရင်း တိုင်းပြည်တာဝန်ကို ထမ်းဆောင်နေတော့ အားလုံးအတွက် အဆင်ပြေတာပေါ့ဟု ရှင်းပြလိုက်လေတယ်။

မိဘများသည် မောင်လပြည့်ရဲ့ ဆန္ဒကို လက်ခံလိုက်ရတယ်။ ၎င်း၏ဆန္ဒက တပ်မတော်သားဆရာဝန်မရရင် ပိုလ်လောင်းတော့ တက်



မည်ဟု ဆုံးဖြတ်ထားတယ်။ မောင်လပြည့်ရဲ့ ရည်မှန်းချက်သည် အလွန်မွန်မြတ်လှသည်။ လူသားတစ်ယောက်ဖြစ်လာလျှင် တာဝန်ယူမှုနဲ့ တာဝန်သိမှုဆိုတာ ရှိပါတယ်။

တိုးတက်နေတဲ့ ခေတ်ကြီးက လူငယ်တွေဟာ တာဝန်ယူမှုနဲ့ တာဝန်သိမှု ဘယ်အရာလက်ခံချင်ကြပါသလဲ။ ကြိုးစားရမယ့်အချိန်မှာ မကြိုးစားဘဲ စိတ်တွေ လေလွင့်နေရင်တော့ အနာဂတ်အတွက် အခက်ကြုံစရာများဖြစ်လာနိုင်ပါတယ်။

မျက်မှောက်ကာလရဲ့ လူငယ်များဟာ ဘယ်လိုလမ်းမျိုးကို ရွေးချယ်သင့်ပါသလဲ။ အပေါင်းအဖော်တွေနဲ့ အရက်ဆိုင်ထိုင်ခြင်း၊ လမ်းဘေးကျားထိုးခြင်းဆိုတဲ့ အလုပ်မျိုးကိုတော့ ရှောင်ရှားရမယ်။ သူများတွေဘာကို ဘယ်လိုကြိုးစားနေလဲ။ ငါတို့ ဘာကိုဘယ်လိုကြိုးစားရင် အောင်မြင်မလဲဆိုတာကိုကော စဉ်းစားသင့်တယ်။ မိဘ ပိုက်ဆံထိုင်သုံးနေမယ့်အစား ကိုယ့်ပိုက်ဆံကို ရှာပြီး သုံးတာက တန်ဖိုးရှိပါတယ်။

ကိုယ့်ပိုက်ဆံရှာသုံးဆိုတာက မဟုတ်တာလုပ်ဖို့ တိုက်တွန်းနေတာမဟုတ်ပါဘူး။ ရိုးရိုးသားသားကြိုးစားခြင်းကို ဆိုလိုခြင်း ဖြစ်ပါတယ်။ ငွေကြေးသုံးဖြုန်းနိုင်သူရဲ့ အနားကိုကပ်ပြီး သူကျွေးတာစား၊ သူပေးတာယူပြီး အချိန်အကုန်ခံနေရင် ဘာတိုးတက်မှုမှရှိလာမှာ မဟုတ်ဘူး။ အချောင်သမားတာ ဖြစ်လာပါလိမ့်မယ်။

အချောင်သမား မဖြစ်အောင် ကြိုးစားဖို့လိုပါတယ်။ ငယ်ရွယ်တဲ့ဘဝမှာ အချိန်ကုန်ခံနေရင် အရွယ်ရောက်လာတဲ့အခါမှာ သူများခိုင်း

ဘက်ဖြစ်သွားနိုင်တယ်။ အရက်သမားဖြစ်သွားနိုင်တယ်။ ဘဝမှာ အသက်ရှင်ပါရက်နဲ့ သေတဲ့လူ ဖြစ်သွားနိုင်တယ်။ ကိုယ့်အတွက် မကောင်းသလို မိသားစုလည်း စိတ်ညစ်ရနိုင်ပါတယ်။

အဲဒီအခါကျရင် "နောင်တရလိုက်တာ" ဟု ပြောဆိုညီးညူလာရင် ဘယ်သူကို အပြစ်ပုံချမလဲ။ ဘယ်သူ့ကိုမှ အပြစ်ပုံမချလိုက်ပါနဲ့။ မိမိကိုယ်တာ အပြစ်ပုံချပါ။ အဲဒါကြောင့် အပြစ်ပုံမချမိစေရန် ငယ်ရွယ်တဲ့အချိန်မှာ အချိန်ကုန်မခံဘဲ ပညာရပ်တစ်ခုကို ကျွမ်းကျင်စွာ တတ်မြောက်အောင် သင်ကြားထားသင့်ပါတယ်။

ယခု မောင်လပြည့်ဟာ ငယ်ရွယ်တဲ့အရွယ်လေးမှာ ပညာကိုအစွမ်းကုန်ကြိုးစားရှာဖွေလာရာ ဒေါက်တာဗိုလ်ကြီး ဖြစ်သွားသည်။ အနာဂတ်အတွက် စိတ်ချရတဲ့ မှတ်တိုင်တစ်ခုကို စိုက်ထူနိုင်ခဲ့ပြီး မိသားစုလည်း စိတ်အေးချမ်းသာစွာ နေနိုင်သည်။ သူအနာဂတ်ကို သူစိတ်ကြိုက်ဖန်တီးနိုင်သလို အများအတွက်လည်း ဆောင်ရွက်ပေးနိုင်သည်။

မည်သူကမှ အထင်မသေးရဲတော့ဘူး။ တော်လိုက်တဲ့ ကောင်လေးဟုချီးကျူးကုန်ကြသည်။ "ဘဝပဲ့ကိုင် ဘယ်သူလဲ" ဆိုတဲ့ မေးခွန်းကိုလေးပြောချင်သေးတယ်။

အထက်က မေးခွန်းကို ဘယ်လိုဖြေမလဲ။ "ဘဝရဲ့ ပဲ့ကိုင်ဘယ်သူလဲ" အမှန်က ဘယ်သူမှ မဟုတ်ဘူး။ မိမိဘဝရဲ့ ပဲ့ကိုင်ဟာ မိမိသာဖြစ်တယ်။ ဘဝဆိုတဲ့လှေကြီးဟာ လောကရဲ့သံသရာခရီးမှာ ဦးတည်ရာကိုမျောနေမှာပဲ။ အဲဒါဆို လိုချင်တဲ့ ပန်းတိုင်ကိုရောက်မှာမဟုတ်ဘူး။ ဖိစီးမှု၊



ပင်ပန်းမှု၊ စိတ်ဓာတ်ကျမှုများနဲ့ ကြုံတွေ့ရလိမ့်မယ်။ အဲဒါဆို အောင်မြင်မှုတွေ ပျောက်ဆုံးကုန်လိမ့်မယ်။

အဲဒီလို မဖြစ်အောင် မိမိရဲ့ဘဝကို မိမိတာ ပဲ့ကိုင်ရှင်ပဲ ဖြစ်ရမယ်။ ဒါမှ အောင်မြင်မှုပန်းတိုင်ကို ဆုတ်ကိုင်နိုင်မှာဖြစ်ပါတယ်။ မောင်လပြည့်ဟာ သူ့ရဲ့ဘဝကို သူကိုယ်တိုင် ပဲ့ကိုင်ပြီး လှော်ခတ်လိုက်တဲ့အတွက် အောင်မြင်မှုပန်းတိုင်ကို ဆုတ်ကိုင်နိုင်ခဲ့တယ်။ ပတ်ဝန်းကျင်ရဲ့ မျက်နှာသာပေးမှု၊ အထင်ကြီးမှုတွေကို ခံစားနေရတယ်။ လေးစားမှုကို ခံရတယ်။ အဲဒါဘာကြောင့်လဲ။ ကြိုးစားမှုကြောင့်ပဲ ဖြစ်နေတယ်။

သူဟာ မကြိုးစားဘဲ ပျင်းရိနေရင် အောင်မြင်မှုဆိုတာကို ရနိုင်မှာမဟုတ်ဘူး။ အရက်သမားမဖြစ်ရင် အချောင်သမား၊ သူခိုး၊ ဓားပြဖြစ်သွားမှာ သေချာတယ်။ ဘဝမှာ တန်ဖိုးမရှိတဲ့လူအဖြစ်နဲ့ အသက်ရှင်ရပ်တည်နေသွားရမှာ သေချာတယ်။ ပစ္စုပ္ပန်ရော အနာဂတ်ပါ တန်ဖိုးမရှိသူတစ်ယောက် ဖြစ်နေမယ်။ တိုက်တွန်းချင်ပါတယ်။ တိုးတက်နေတဲ့ခေတ်ကြီးမှာ တိုးတက်ကြတဲ့လူငယ်တွေဖြစ်အောင် ကြိုးစားကြစေချင်ပါတယ်။

တိုးတက်တဲ့ခေတ်ကြီးပါလို့ ထိုင်ပြီးပြောနေရုံနဲ့တော့ တိုးတက်လာမှာ မဟုတ်။ ကြိုးစားမှ တိုးတက်လာမှာပါ။ ခေတ်ကြီးတိုးတက်မှ လူငယ်တွေရဲ့ အောင်မြင်မှုဟာ တိုးတက်လာမှာပါ။ အချိန်တန်အရွယ်ရောက်လို့ အိမ်ထောင်ပြုရင် ခေတ်က တိုးတက်လာမှမဟုတ်။ ကလေးတွေတာ တိုးတာလာမှာပါ။ အဲဒါကြောင့် မောင်လပြည့်လို ကြိုးစားကြဖို့ အကြံပြုချင်ပါတယ်။

နောက်ဆုံးအနေနဲ့ အိုင်တီခေတ်၊ အင်တာနက်ခေတ်အကြောင်းကို ပြောချင်ပါတယ်။ တီထွင်ကြတဲ့ သိပ္ပံပညာရှင်တွေက တိုးတက်လာတာနဲ့ အမျှ တီထွင်မှု အမျိုးမျိုး ပြုလုပ်လာကြပါတယ်။

ဘယ်လောက်အတိုင်းအတာထိ တီထွင်သလဲဆိုရင် ကမ္ဘာကြီးကို တောင် လက်ဝါးနဲ့လှည့်လို့ရလာတယ်။ ဒါကြောင့် သိပ္ပံပညာရှင်တွေက ပြောတယ်၊ ကမ္ဘာကြီးက ရွာကြီးဖြစ်သွားပြီလို့ပြောကြတယ်။ ဒါဟာ တီထွင်မှုကြောင့် ဖြစ်တယ်။ ပစ္စုပ္ပန်မှ အနာဂတ်လူငယ်များအနေနဲ့ ကမ္ဘာ ကြီးကို ရွာကြီးလို့သတ်မှတ်နေကြတဲ့ အချိန်မှာ ကိုယ်က သံယောင်ဖမ်းပြီး လိုက်နေလို့တော့ တိုးတက်မှုရှိလာမှာ မဟုတ်ဘူးဆိုတာပဲ။

ထိုင်နေ၊ ပြောနေလို့လည်း တန်ဖိုးမရှိဘူး၊ ကြိုးစားဖို့လည်း အချိန် တန်ပြီ။ ကမ္ဘာ့ရွာကြီးဆိုတာကို လက်ခံရမယ့်အကြောင်းက မြန်မာနိုင်ငံ မှာနေပြီး ကမ္ဘာ့နိုင်ငံများမှာ ဘာတွေဖြစ်နေတယ်ဆိုတာ အင်တာနက် ကနေ ထိုင်ကြည့်နေတာနဲ့ အကုန်သိတယ်။ တစ်ချိန်တုန်းက မြန်မာနိုင်ငံ နေရာအနှံ့ကို သိဖို့ရန် အလွန်ခက်ခဲနေကြတယ်။ သူများပြောတာကို ယုံနေရတယ်။

ယခုထိုကဲ့သို့ မဟုတ်၊ လက်ကိုင်ဖုန်းရှိရုံနဲ့ သိနေတယ်၊ သူများ ပြောတာကို မှန်မမှန်သိနေတယ်၊ လုပ်ကြံပြောဆိုတာလား၊ တကယ်ပြော တာလားဆိုတာ သိနေတယ်၊ ထို့ထက် အဆင့်မြင့်တာရှိသေးတယ်၊ တစ်ဖက်ပြောသူရဲ့ ရုပ်ပုံဟာ ကိုယ့်ရဲ့ လက်ကိုင်ဖုန်းမှာ လာရောက်ပေါ် နေတယ်။



ကမ္ဘာနိုင်ငံရဲ့ ဘယ်နေရာမှာ ဘာဖြစ်နေတယ်၊ ဘာတွေလုပ်နေ တယ်ဆိုတာ အင်တာနက်မှတစ်ဆင့် ကိုယ့်ရဲ့ လက်ကိုင်ဖုန်းမှာ လာရောက် ပေါ်နေတယ်၊ ယခုလိုပြောင်းလဲနေတဲ့ခေတ်ကြီးမှာ စိတ်တွေကို မြန်မြန် ပြောင်းလဲရန် အလွန်လိုအပ်ပါတယ်။

အင်တာနက်၊ အိုင်တီခေတ်မှာ တန်ဖိုးမရှိတဲ့ အလုပ်တွေနဲ့ အချိန် အကုန်ခံနေမယ်ဆိုရင် တန်ဖိုးမရှိတဲ့ လူတွေဖြစ်ကုန်နေလိမ့်မယ်၊ အဲဒါ ကြောင့် တန်ဖိုးရှိတဲ့ အချိန်ကာလမှာ တန်ဖိုးရှိတဲ့ အလုပ်တွေနဲ့ တန်ဖိုး ရှိတဲ့ လူငယ်တွေဖြစ်အောင် ကြိုးစားစေချင်တယ်။

အဲဒါကြောင့် လွန်ခဲ့တဲ့ ၂၀၀၆-ခုနှစ်က ကမ္ဘာ့သိပ္ပံပညာရှင်တွေက ကြေညာချက် စာတမ်းတစ်စောင်ကို ထုတ်ပြန်လိုက်ကြတယ်၊ "အနာဂတ် ကမ္ဘာကို လူငယ်များနဲ့ အစားထိုးမယ်" ဟုကြေညာလိုက်တယ်။

ဒါကြောင့် မျက်မှောက်ခေတ်လူငယ်များအနေနှင့် အနာဂတ် အတွက် အခွင့်ထူးများရရှိလာမှာ သေချာတယ်။ လူငယ်များအနေဖြင့် ရရှိနေတဲ့ အခွင့်အရေးတွေကို လက်လွတ်ခံပြီး အချိန်တွေဖြုန်းနေမယ့် အစား ကြိုးစားသင့်တယ်၊ ဘဝမှာအောင်မြင်မှုတွေ အများအပြား ရရှိအောင် ကြိုးစားကြရန်လိုအပ်သည်။

ငယ်ရွယ်တဲ့ အရွယ်မှာ သူငယ်ချင်းတွေနဲ့အတူပေါင်းပြီး လက်ဖက် ရည်ဆိုင်ထိုင်တာ၊ အရက်ဆိုင်ထိုင်တာ၊ လမ်းဘေးဆိုင်ထိုင် ကျားထိုးနေ ဘာတွေကိုလုပ်ပြီး အချိန်အကုန်ခံနေတာတွေဟာ အနာဂတ်အတွက် တန်ဖိုးမရှိနိုင်ပါဘူး။ တန်ဖိုးရှိတဲ့ လူငယ်တွေဖြစ်လာအောင် ကြိုးစားကြ

စေချင်တယ်။

"ကမ္ဘာကြီးက ရွာကြီး" လိုဖြစ်တော့မယ့်အချိန်မှာ လူငယ်တွေအတွက် တန်ဖိုးရှိတာတွေ လုပ်ဆောင်ဖို့ များစွာလိုအပ်ပါတယ်။ မောင်လပြည့်ရဲ့ ကြိုးစားမှုကို အတုယူသင့်ပါတယ်။ အခက်အခဲတွေ ကြားထဲက အောင်မြင်မှုကို ဆာလောင်ပြီး ကြိုးစားခဲ့လို့ လူအထင်ကြီးလေးစားတဲ့ လူတစ်ယောက်ဖြစ်လာတယ်။ အားကိုးစရာ လူတစ်ယောက်ဖြစ်လာတယ်။

အနာဂတ်ဘဝမှာ အောင်မြင်သူတစ်ယောက် ဖြစ်လာတယ်။ လူတော်တစ်ယောက် ဖြစ်လာတယ်။ လူငယ်များအနေနဲ့ မောင်လပြည့်လို လူတော်လူကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားစေချင်တယ်၊ အနာဂတ်ဘဝများ အေးချမ်းစေချင်တယ်။ အောင်မြင်စေချင်တယ်။

ထိုအတွက်ကြောင့် အပျော်အပါးလိုက်ခြင်း၊ အချိန်ဖြုန်းခြင်းတို့ကို ဆက်လက်မပြုလုပ်သင့်ပါဘူးဆိုတာ လက်ခံစဉ်းစားသင့်ပါတယ်။ အောင်မြင်သော ဘဝနဲ့အနာဂတ်မှာ အောင်မြင်သူတွေ ဖြစ်စေချင်ပါတယ်။ အောင်မြင်သူတွေ ဖြစ်ပါစေလို့လည်း ဆုတောင်းပေးနေပါတယ်။

လူငယ်များအနေနဲ့ အချိန်တွေ အလကားကုန်မခံဘဲ ကမ္ဘာ့ရွာကြီးထဲမှာ တိုးတက်မှု၊ အောင်မြင်မှုတွေ ရှာဖွေရင်း အနာဂတ်ပုံကိုင်ရှင်များ ဖြစ်ကြပါစေလို့ ဆုတောင်းနေမိပါတယ်။

မင်းပြည့်

* * * *

# အောင်စိတ်ဖြင့် အောင်လမ်းခင်းပါ

## အောင်သာကျော်

စိတ်အားကောင်းသူ၌ အကျင့်စာရိတ္တအား ကောင်းတတ်သည်။ အကျင့်စာရိတ္တ အားကောင်းသူ၌ ဝီရိယအားကောင်း တတ်သည်။ ဝီရိယအားကောင်းသူ၌ ဉာဏ်အားကောင်းတတ်သည်။ ထိုသို့သော အားများကို ပိုင်ဆိုင်သူဖြစ်ပါက ဘဝတစ်လျှောက်တွင် ရင်ဆိုင်ကြုံတွေ့ရမည့် အခက်အခဲများ၊ ဒုက္ခ၊ သုခများကို အလွယ်တကူ ရင်ဆိုင်ကျော်လွှားနိုင်ကြမည်သာ ဖြစ်ပါသည်။



## အောင်စိတ်ဖြင့် အောင်လမ်းခင်းပါ

မွေးဖွားလာခြင်းမှသည် သေဆုံးခြင်းတိုင် ရပ်တည်ခွင့်ရကြသည့် ကာလတိုလေးကို ဘဝဟုသတ်မှတ်နားလည် ထားခဲ့ကြသည်။ လူ့ဘဝ လူ့လောက၌ လူအပေါင်းတို့သည် မိမိဘဝရပ်တည်မှု မိမိမိသားစုဘဝ ရပ်သည်နိုင်မှုအတွက် ဉစ္စာစီးပွားရှာဖွေကြရာတွင် အခက်အခဲများ ဒုက္ခ သုက္ခများနှင့် ရင်ဆိုင်ကြုံတွေ့တတ်ကြပေရာ ထိုအခက်အခဲများကို ရင်ဆိုင်ကျော်လွှားနိုင်ရေးအတွက် အားကိုးအားထား ရှာဖွေတတ်ကြ သည်မှာ ဓမ္မတာပင် ဖြစ်လေသည်။ အခက်အခဲတို့တွင် ဥစ္စာပစ္စည်းဆုံးရှုံး ရမည့် ဘေးအသက်ပါဆုံးရှုံးရမည့်ဘေးတို့နှင့် ရင်ဆိုင်ကြုံတွေ့ လာတတ် ကြသည်။ ထိုသို့ ရင်ဆိုင်ကြုံတွေ့ကြရသည်တွင် ကယ်တင်ရှင်ကို ရှာဖွေ လေ့ရှိတတ်ကြသည်။ ဗေဒင်မေးကြသူ၊ နတ်မေးကြသူတို့သည် အခက် အခဲဒုက္ခတစ်ခု ခုနှင့် ကြုံတွေ့ကြသဖြင့်သာ ဗေဒင်မေးကြခြင်း၊ နတ်မေး ကြခြင်းပင်ဖြစ်သည်။

ဒုက္ခတစ်ခုခုနှင့် ရင်ဆိုင်ကြုံတွေ့ကြရာတွင် ကြောက်စိတ်များနေ



မိပါက စိတ်အား၊ ဝီရိယအား၊ ဉာဏ်အားတို့ ညှိုးဖျော့နေတတ်သည်။ မိမိ ကိုယ်တိုင်က စိတ်အား၊ ဝီရိယအား၊ ဉာဏ်အားကောင်းမွန်နေပါက မိမိ ကိုယ်တိုင်ပင် ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲနှင့် ဒုက္ခအပေါင်းတို့ ကို မိမိ၏ စိတ်အား၊ ဝီရိယအား၊ ဉာဏ်အားတို့ဖြင့် ဖြေရှင်းဖယ်ရှားနိုင် ကြမည်သာ ဖြစ်ပေသည်။ စိတ်အားကောင်းသူ၌ အကျင့်စာရိတ္တ အား ကောင်းတတ်သည်၊ အကျင့်စာရိတ္တအားကောင်းသူ၌ ဝီရိယအားကောင်း တတ်သည်၊ ဝီရိယအားကောင်းသူ၌ ဉာဏ်အားကောင်းတတ်သည်။ ထိုသို့သော အားများကို ပိုင်ဆိုင်သူဖြစ်ပါက ဘဝတစ်လျှောက်တွင် ရင်ဆိုင်ကြုံတွေ့ရမည့် အခက်အခဲများ ဒုက္ခ၊ သုခများကို အလွယ်တကူ ရင်ဆိုင်ကျော်လွှားနိုင်ကြမည်သာ ဖြစ်ပါသည်။

ဘဝတွင် ရင်ဆိုင်ကြုံတွေ့ကြရမည့် အခက်အခဲများကို အလွယ် တကူ ရင်ဆိုင်ကျော်လွှားနိုင်သည့် စွမ်းအားများ ပိုင်ဆိုင်မှုရရှိနိုင်ရန်မှာ ဘဝတစ်ခု၏ အစပိုင်းဖြစ်သော ငယ်ဘဝမှစတင်ကာ စိတ်စွမ်းအား စာရိတ္တစွမ်းအား၊ ဉာဏ်စွမ်းအားများ တိုးတက်ဖြင့်မားလာရေးအတွက် ပြုစုပျိုးထောင်မှုပြုရန် လိုအပ်ပေသည်။ ပြုစုပျိုးထောင်မှုနှင့်ပတ်သက်၍ မြတ်ဗုဒ္ဓက ရှင်ရာဟုလာအား ဒေသနာတော် ဟောကြားတော်မူခဲ့သည်။ မြတ်ဗုဒ္ဓသည် ခုနစ်နှစ်အရွယ် နုနယ်သူတို့သည် မုသားစကားပြော တတ်သည်ဖြစ်၍ မုသားစကားမပြောအောင် ဝေဠုဝန်မင်းကျောင်း၌ နေတော်မူစဉ် အမ္ဗလဋ္ဌိကကျောင်း၌ အမ္ဗလဋ္ဌိကရာဟုလာဝါဒ သုတ္တန် ဒေသနာတော်ကို ရှင်ရာဟုလာအား ဟောကြားတော်မူခဲ့သည်။

ငယ်စဉ်ဘဝကတည်းက စာရိတ္တစွမ်းအား ကောင်းသူတို့သည် ဝီရိယ စွမ်းအားကောင်းတတ်ကြသည်။ ထိုအကြောင်းကြောင့်ပင် မြတ်ဗုဒ္ဓသည် ရှင်ရာဟုလာအား ရာဟုလောဝါဒသုတ္တန်ဖြင့် ဆုံးမပဲ့ပြင် လမ်းညွှန်တော်မူခဲ့ခြင်းပင် ဖြစ်သည်။ မြတ်ဗုဒ္ဓက မုသားစကားနှင့် ပတ်သက်၍

(၁) ရေခွက်ထဲ၌ အနည်းငယ်သော ရေကိုထား၍ ရာဟုလာ မုသားစကားပြောကြားသော ရဟန်းသည် ရေခွက်ထဲက ရေနည်းတူ ရဟန်းတရား နည်းပါးလှပေ၏။

(၂) ထိုရေခွက်ကရေကို သွန်ပြီး၍ ရာဟုလာ မုသားစကား ပြောသောရဟန်းသည် ရေကိုစွန့်သကဲ့သို့ ရဟန်းတရားကိုစွန့်ပြီးဖြစ်၏။

(၃) ထိုရေခွက်ကို မှောက်ထား၍ ရာဟုလာ. . . မုသားစကား ပြောကြားသောရဟန်းသည် ရေခွက်ကိုမှောက်ထားသလို ရဟန်းတရားကို မှောက်ထားပြီးဖြစ်။

(၄) ထိုရေမရှိသောခွက်ကို လှန်၍ ရာဟုလာ မုသားစကား ပြောကြားသောရဟန်းသည် ရေခွက်ထဲ၌ ရေတစ်စက်မျှ မရှိသလို ရဟန်းတရား တစ်စက်မျှမရှိ၊ ထို့ကြောင့် မုသားစကားကို ရယ်စရာအဖြစ်မျှ မပြောရ။

ဟု မိန့်တော်မူခဲ့သည်။

ငယ်စဉ်ကပင် စာရိတ္တကောင်းအောင် ထိန်းသိမ်းစောင့်ရှောက်နေ



သူတို့သည် စောင့်ထိန်းလာသည့် စွမ်းအားတို့ တိုးတက်လာကာ ဝီရိယအား ဉာဏ်အားကောင်းသူဖြစ်ပြီး လောကကြီးတွင် ကြီးပွားတိုးတက်မှု ရရှိကာ ကြွယ်ဝချမ်းသာသူအဆင့်သို့ မလွဲမသွေ ရောက်ရှိမည်ပင်ဖြစ်သည်။ စိတ်အား၊ ဝီရိယအား၊ ဉာဏ်အားတို့ တိုးတက်လာနိုင်စေရန်မှာ အလိမ္မာ စာမှာရှိဆိုစကားကို လက်ခံကာ စာများများဖတ်ကြရန် လိုအပ်ပါသည်။ စာအုပ်စာပေ လူ့မိတ်ဆွေဟူသော ဆောင်ပုဒ်အတိုင်းပင် ယနေ့ခေတ်အခါကြီးတွင် စာအုပ်စာပေများပြားစွာ ပေါ်ထွက်လျက် ရှိနေလေရာ မြောက်များစွာသော စာအုပ်များရှိနေသည့်အနက်မှ မိမိအတွက် သင့်တော်မည့် မိတ်ဆွေကို ရှာဖွေကာ လက်ကိုင်ထားသင့်ပါသည်။

စာအုပ်များတွင် အချစ်အကြောင်း၊ အလွမ်းအဆွေးဖြစ်ရပ်များ တင်ပြထားသည့် အချစ်ဝတ္ထုများ၊ ကြိုးစားအားထုတ်မှုကြောင့် သူဌေးကြီးများ ဖြစ်လာကြသည့် သူဌေးအကြောင်း၊ သုတစာအုပ်များ၊ အင်ဂျင်နီယာအကြောင်း၊ ဆရာဝန်အကြောင်း စသည်ဖြင့် စာအုပ်အမျိုးအစားပေါင်း မြောက်များစွာရှိသည့်အနက်မှ မိမိအံတုယူနိုင်မည့် မိမိအတွက်အားကျ ကြိုးစားလိုစိတ်ပေါ်လာနိုင်မည့် စာအုပ်မျိုးကို ရွေးချယ်ကာ ဖတ်သင့်သည်။ စာအုပ်များကို ဖတ်ရှုခြင်းအားဖြင့် လူမိုက်အကြောင်း၊ လူလိမ္မာအကြောင်း၊ သာမန်လူတန်းစားများအကြောင်းနှင့် အတုယူအားကျဖွယ် ကောင်းလွန်းလှသည့် တိုးတက်ကြီးပွားချမ်းသာနေကြသောသူများအကြောင်း တို့ကို သိခွင့်ရကြမည်ပင် ဖြစ်သည်။

ထိုသို့စာအုပ်များစွာရှိသည့်အနက်မှ သူဌေးကြီးများမည်သို့ မည်ပုံ

သူဌေးဘဝရောက်ခဲ့ရသည့်အကြောင်း ရေးသားထားသည့် စာအုပ်မျိုးကို ဖတ်မိရသောအခါ သူဌေးဖြစ်ချင်စိတ်ပေါ်လာတတ်သလို၊ အင်ဂျင်နီယာ အကြောင်း၊ ဆရာဝန်အကြောင်း ရေးသားထားသည့် စာအုပ်များကို ဖတ်မိရသောအခါတွင်လည်း ဆရာဝန်ဖြစ်လိုသောစိတ်၊ အင်ဂျင်နီယာ ဖြစ်လိုသောစိတ်များ ပေါ်လာတတ်ပါသည်။ ထိုသို့ လောကီစာပေများကို သာမက လောကုတ္တရာစာပေများကိုလည်း ဖတ်မှတ်လေ့လာသင့်ပါသည်။ လောကုတ္တရာ စာပေ၌ အတိတ်အကြောင်း၊ ပစ္စုပ္ပန်အကြောင်း အနာဂတ်အကြောင်းများပါဝင်သကဲ့သို့ လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာအကြောင်းနှင့် လောဘ၊ ဒေါသ၊ မောဟစသော ကိလေသာ ကင်းစင်ရန် အကြောင်းလည်းပါသည်။ ဣသာမစ္ဆရိယ စိတ်ကင်းဝေးရန် အကြောင်းပါသကဲ့သို့ အာဃာတစိတ်၊ ရန်ငြိုးဖွဲ့စိတ်၊ မိစ္ဆာဒိဋ္ဌိစိတ်များ ကင်းစင်ရန်အကြောင်းလည်း ပါသည်။

လောကီလောကုတ္တရာ နှစ်ဖြာသောစာပေကို ဖတ်ရှုလေ့လာထားကာ မကောင်းသောအမှုအကျင့်တို့ကို ရှောင်ပြီးလျှင် ကောင်းသော အမှုအကျင့်တို့ကို ပြုမူပြောဆိုနေထိုင်သွားကြမည်ဆိုပါက မိမိတို့၏ စိတ်အား ဝီရိယအား ဉာဏ်အားများ တိုးပွားလာမည်က အမှန်ပင်ဖြစ်ပါသည်။ စိတ်အားတိုးတက်မှုအတွက် ငယ်စဉ်ကတည်းက ပြုစုပျိုးထောင်သင့်ပါသည်။ စိတ်စွမ်းအားသည် ဘဝရပ်တည်မှုအတွက် အားကိုးအားထား အပြု သင့်ဆုံးသော အရာပင်ဖြစ်သည်။ စိတ်စွမ်းအားမြင့်မားစေရန်မှာ စိတ်ကို ထိန်းချုပ်နိုင်သမျှ ထိန်းချုပ်ရသည့် လေ့ကျင့်မှုများကို ပြုလုပ်



ပေးရမည်ပင် ဖြစ်သည်။ အစပထမတွင် အခက်အခဲရှိမည်ဖြစ်သော်လည်း လေ့ကျင့်ဖန်များလာသောအခါတွင် စိတ်စွမ်းအားများ တိုးတက်လာကာ မိမိစိတ်တန်ခိုးသည် အရာရာကို အောင်မြင်မှုပေးစွမ်းနိုင်သည်ကို သိရှိခံစားရမည်ပင်ဖြစ်သည်။

စိတ်တန်းခိုး လေ့ကျင့်ရန် အလွယ်ကူဆုံးနည်းတစ်နည်းရှိပါသည်။ နှာသီးဖျားမှ ရှူသွင်းလိုက်သည့်လေကို ဝမ်းဗိုက်အတွင်း ရောက်ပြီးသည်နှင့် ချက်ချင်းပြန်မထုတ်ဘဲ အသက်ရှူထုတ်ခြင်းကို အောင့်အီးနိုင်သမျှ အောင့်အီးထားပြီး မနေနိုင်တော့မှ ပြန်ရှူထုတ်ခြင်းကို ပြုရမည်ဖြစ်သည်။ ထိုအကျင့်သည် ကျင့်ခါစတွင် ကြာရှည်အသက်ရှူထုတ်ခြင်းကို အောင့်အီး မထားနိုင်သော်လည်း အလေ့အကျင့်ရလာသည်တွင် ကြာရှည်စွာ အောင့်အီးထားနိုင်စွမ်း ရှိလာမည်ပင်ဖြစ်သည်။ ကြာရှည်စွာ ထိန်းချုပ်မှု ပြုနိုင် လာလေလေ စိတ်စွမ်းအား တိုးတက်မြင့်မားလာလေပင် ဖြစ်သည်။ လေကိုရှူသွင်းရာတွင် မိမိစိတ်တွင်းမှ လောကဓာတ်အတွင်းရှိ စိတ်စွမ်းအားများ ငါ၏ခန္ဓာကိုယ်အတွင်း ဝင်ရောက်နေရာယူလာပြီဟု ရေရွတ်နေကာ အသက်ရှူထွက်ချိန်တွင်ကား မိမိခန္ဓာကိုယ်တွင်းမှ မကောင်းသော ဓာတ်များ သိမ်ဖျင်းသောစိတ်၊ အားငယ်မှုများ တိုးထွက်ကုန်ကြပြီဟု ရေရွတ်နေရမည်ပင်ဖြစ်သည်။ အဆိုပါနည်းသည် စိတ်တန်ခိုးတိုးတက်မှု လေ့ကျင့်လိုကြသူများအဖို့ အလွယ်ကူဆုံးနှင့် ထိရောက်မှုရှိလှသည့် နည်းလမ်းကောင်းတစ်ခုပင် ဖြစ်သည်။

စိတ်စွမ်းအားသည် မကောင်းမှုများ၌ မွေ့လျော်ပါက ရထားပြီး

သား စိတ်စွမ်းအားများ ဆုတ်ယုတ်လျော့ပါးတတ်စေပြီး ကောင်းမှုတို့တွင်သာ မွေ့လျော်ပါက ရထားပြီးသား စိတ်စွမ်းအားတို့ ပို၍ပင် တိုးပွားလာစေတတ်ပါသည်။ ထို့ကြောင့်ပင် စိတ်စွမ်းအားဖြင့် ဘဝရပ်တည်မှုပြုလိုကြသူများသည် မကောင်းမှုတို့ကိုရှောင်ကာ ကောင်းမှုတို့ကိုသာ အစဉ်ပြုသင့်ကြပါသည်။ လူငယ်ဘဝကပင် စိတ်စွမ်း အားတိုးတက်ပွားများအောင် ကျင့်ကြံနေကြသူများသည် အောင်စိတ်ကို မွေးနေကြသူများပင် ဖြစ်ပါသည်။ အထက်တွင်ဆိုခဲ့သလို စိတ်အားကောင်းသူသည် စာရိတ္တအား ဝီရိယအား ဉာဏ်အားတို့ ကောင်းမည်ဖြစ်လေရာ လူငယ်များအနေဖြင့် စိတ်တန်ခိုးစွမ်းအား (အောင်စိတ်)ကို ဖော်ပြသည့် စာအုပ်စာပေတို့၏ လမ်းညွှန်မှုကို ဖွေရှာ ဖတ်ရှုကာ စိတ်အားကောင်းသူများဖြစ်လာအောင် ကြိုးပမ်းအားထုတ်သင့်ကြလေသည်။

များသောအားဖြင့် လူငယ်အတော်များများသည် စိတ်လွတ်ကိုယ်လွတ် ပျော်ပျော်ရွှင်ရွှင်နေတတ်ကြသူများသည်။ မိမိက လူငယ်ဘဝကိုယ်လွတ်လက်လွတ်နေမှုအပေါ် အထင်မြင်သေးသောစိတ်ဖြင့် ကြည့်ဖြစ်တတ်ကြသူတို့၏ အကြည့်နှင့် အထင်သေးခံရမှုအောက်သို့ တစ်ကြိမ်ကျရောက်တိုင်း စိတ်စွမ်းအား ဆုတ်ယုတ်လျော့ပါးမှုတစ်ကြိမ် ခံရစမြဲပင်ဖြစ်သည်။ ထို့ကြောင့် မိမိ၏ စိတ်တန်ထိုး (ဝါ) အောင်စိတ် ဆုတ်ယုတ်လျော့ပါးမှု နည်းပါးရလေအောင် လူများ အထင်အမြင်သေးစေနိုင်သည့် အပြုအမူ အပြောအဆို အနေအထိုင်များအား ဆင်ဆင်ခြင်ခြင် သတိဖြင့် ပြုမူပြောဆို နေထိုင်သင့်ပါသည်။



အောင်ပန်းပွင့်ကာ ဘဝခရီးတစ်လျှောက် တင့်တင့်တည်တည် နေထိုင်သွားလိုပါက စိတ်စွမ်းအား တိုးတက်စေမည့် နည်းလမ်းများကို ငယ်စဉ်ကတည်းက စတင်ကျင့်ကြံထားသင့်ကြသည်ကတော့ အမှန်ပင်ဖြစ်ပါသည်။

စိတ်စွမ်းအားဖြင့် တင့်တယ်နိုင်ကြပါစေ

အောင်ထားကျော်

****

သို့

စာပေဝါသနာရှင်နှင့် စာဖတ်သူပရိသတ်များထံသို့

ခေတ်ကြေးမုံ(လူငယ်အောင်မြင်ရေးစာစုများ)အတွက် ဝေဖန်အကြံပြုချက်များ၊ စာမူကိစ္စများ၊ လူငယ်အောင်မြင်ရေးစာစုအတွက် ကလောင်သစ်များကို လှိုက်လှဲစွာ ဖိတ်ခေါ်အပ်ပါသည်။

**ခေတ်ကြေးမုံစာတည်းအဖွဲ့**

**စိန်မိုးယံစာပေ**

အမှတ်(၁၅)၊ အောင်တော်မူလမ်း၊

မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉၅၁၈၄၁၀၀

Email ; DiamondSkyPublishing@gmail.com

FB ; Facebook.com/DiamondSkyPublishing

သို့

စာပေဝါသနာရှင်နှင့် စာဖတ်သူပရိသတ်များထံသို့

ခေတ်ကြေးမုံ(လူငယ်အောင်မြင်ရေးစာစုများ)အတွက် ဝေဖန်အကြံပြုချက်များ၊ စာမူကိစ္စများ၊ လူငယ်အောင်မြင်ရေးစာစုအတွက် ကလောင်သစ်များကို လှိုက်လှဲစွာ ဖိတ်ခေါ်အပ်ပါသည်။

**ခေတ်ကြေးမုံစာတည်းအဖွဲ့**

**စိန်မိုးယံစာပေ**


အမှတ်(၁၅)၊ အောင်တော်မူလမ်း၊

မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉၅၁၈၄၁၀၀

Email ; DiamondSkyPublishing@gmail.com

FB ; Facebook.com/DiamondSkyPublishing



## လူငယ်နှင့်မြန်မာ့ယဉ်ကျေးမှု

အခုတော့များကွယ်. . .

ဩော်. . . လူထုတမန်ဆိုပြီး လူထုတွေအတွက် ရေးစရာ၊ ပြောစရာစာပေစကားတွေ စတင်ရေးသားမယ်ဆိုတော့ ဘာကိုအရင်ဦးဆုံးရေးရမလဲ စဉ်းစားလိုက်တာ လူထုတွေထဲက လူငယ်တွေအတွက်ပဲ စတင်ရေးသားဖို့ပဲ ဆုံးဖြတ်မိတယ်။ ဘာကြောင့်လဲဆိုတော့. . . အမြင်မတော်စရာ လူငယ်တွေကြောင့်ပဲလေ။ မိဘအရှေ့မရှောင်၊ မောင်နှမအရှေ့မရှောင် ဝတ်ထားတာကမှ မလုံတာလေ။ အမိကတော့ လူငယ်မိန်းကလေးတွေပါပဲ။ အပျိုစင်ဆိုတဲ့ ဂုဏ်ပုဒ်လေးတောင် မထိန်းသိမ်းထားတာပါပဲ။ လူထုတမန် မြင်နေရတဲ့ ရန်ကုန်တိုင်းဒေသကြီး ဆူးလေမီးပွိုင့်ပတ်ဝန်းကျင်ကတော့ ရင်မောစရာတွေချည်းပါပဲ။ ဒါကလေးတွေသိဖို့၊ သတိထားဖို့၊ ရှောင်ဖို့အတွက် လူထုတမန်ရေးချင်ပြောချင်တာကြာလှပါပြီ။ ခေတ်ဆိုပြီး မလုံမခြုံဝတ်ပြီး ကလပ်တက်တယ်၊ ယောကျ်ားတွေနဲ့ အတူတွဲပြီး ဘီယာသောက်တယ်၊ ခေတ်မီအောင်လို့ ပြောတယ်။



အဲဒါတွေ ဟာ အလကားပါပဲ။ မလုံမခြုံဝတ်၊ ဘီယာသောက်ပြီးတော့ ဘီယာတန်ခိုးကြောင့် မူးယစ်ပြီး မလုံမခြုံဝတ်ထားတာလေးတွေကြောင့်လည်း တဏှာရာမစိတ်တွေ ထကြွလာရောပေါ့။ မဖြစ်သင့်တာတွေဖြစ်လို့ လူထုတမန် အံ့ဩလို့ မဆုံးနိုင်ဘူး။ ပြီးတော့ တရားဝင်လက်မထပ်ပဲ အတူနေကြ၊ ငွေပေါသူတွေရဲ့ အပျော်မယားဖြစ်ကြနဲ့ ရင်နာလိုက်တာ ငယ်ငယ်ချော ချောကလေးတွေကို။ တကယ်ဆို. . . အပျိုစင်ဆိုတာ ကာမအိန္ဒြေရှိတဲ့ အပျိုစင်ဆိုတဲ့ ဂုဏ်ပုဒ်လေးထိန်းသိမ်းထားလို့။ အိန္ဒြေရှိတဲ့ အပျိုစင်ဆိုရင် ဝတ်တာ၊ သွားတာ၊ လာတာလည်း လုံခြုံတယ်။ အဲဒီအခါ ဘယ်ပုရိသယောကျ်ားကမှတောင် မတို့မထိရဲစမရဲဘူးပေါ့။ အခုတော့များကွယ်. . .။

****

### ဘာလို့ ထပ်လို့ကူညီရမလဲ...?

ကြင်နာသနားမှုနဲ့ ပေးဆပ်ကူညီမှုဟာ တစ်ဆက်တစ်စပ်တည်းလို့ ထင်ပေမယ့် တကယ်တမ်းကျတော့ အခါခပ်သိမ်းထပ်တူကျနေတာ မဟုတ်ပါဘူး။ လူထုတိုင်းမှာ သနားတတ်တဲ့စိတ် ပေါ်ပေါက်ချင် ပေါ်ပေါက်မယ်။ ဒါပေမယ့် လက်ရောက်ကူညီမှုပြုဖို့အဆင့်အထိဆိုရင် ကြန့်ကြာနေတတ်ပါတယ်။ တုံ့ဆိုင်းတွေဝေနေတတ်တယ်။ အဆိုးဆုံးက တစ်ခါတစ်ရံမှာ လုံးလုံးကို မကူညီလိုက်နိုင်တာပါပဲ။ ဒီလို လူထုတမန်ပြောတာ

အချို့က လူ့ဖွယ်ဝတ္တုဆိုတာကို တရားသောအတွေးနဲ့ ထင်ယောင်ထင်မှား အကြောက်လွဲကြဦးမှာ အမှန်ပဲ။ ဒုက္ခရောက်နေသူတစ်ဖက်သားကို ကူညီနိုင်ဖို့ အမြဲတမ်းတော့ ငွေ၊ အသုံးအဆောင်၊ ဆေးဝါး၊ အစားအစာ စသည်ဖြင့် ဖြစ်ချင်မှဖြစ်မှာပေါ့။ နောက်တစ်ခုက ကိုယ်ကူညီရမယ့်လူ လတ်တလောလိုအပ်နေတဲ့ အခက်အခဲတွေပေါ်လည်း မူတည်ပါသေးတယ်။ လူထုတိုင်းမှာ လူထုချင်းစာနာ၊ လူငယ်တိုင်းမှာလည်း လူငယ်ချင်းစာနာဖို့ အကူအညီ အထောက်အပံ့တွေ တတ်နိုင်သလောက်ပေးပါ။ ဒါဆို ဘာကို ဘယ်လိုကူညီရမလဲ. . . လူထုတိုင်းမှာ အကောင်အထည် အရေ အတွက်နဲ့မဟုတ်တဲ့ ကူညီနိုင်စရာတွေ တကယ်ပဲ အများအစားရှိပါ တယ်။ လူငယ်တိုင်းလည်း ကူညီတတ်ပါစေ။ လူထုတိုင်းလည်း ကူညီ တတ်ပါစေ၊ အဓိက,ကတော့ အကျိုးမဲ့တဲ့လုပ်ရပ်အတွက်တော့ မကူညီနဲ့၊ အကျိုးရှိတဲ့လုပ်ရပ်အတွက်ဆို ရှေ့ဆုံးက ကူညီတတ်ပါစေ။ သတိထားရမှာက နေစိမ့်လွန်းတဲ့ အကျိုးမဲ့ရပ်ကြည့်ခြင်းမျိုးဟာ ဘယ်မှာ ပရဟိတ ဟုတ်ပါ့မလဲ. . .။

****

## လူငယ်နှင့်လူထုတိုင်းအတွက်

အားကစားကွင်းတဲ့. . . ဟုတ်တယ်။ အားကစားကွင်းတွေ ကောင်းကောင်းမွန်မွန် လွတ်လွတ်လပ်လပ်မရှိသေးတဲ့ ရန်ကုန်တိုင်း



ဒေသကြီး မြို့နယ်တွေမှာ လူထုတမန်သွားလာနေရတော့ လူငယ်၊ လူထု တိုင်းတို့ကို ကိုယ့်ကာယသာမက စိတ်ဉာဏကိုပါ ထိခိုက်နေတာ တွေ့ရ တော့ စိတ်မသက်မသာဖြစ်ရတယ်။ ဘာကြောင့်လဲဆိုတော့ အောင်ဆန်း ကွင်းတို့၊ သုဝဏ္ဏကွင်းတို့၊ ပဒုမ္မာကွင်းတို့ရှိပေမယ့် မြို့နယ်တိုင်းလိုလို ရပ်ကွက်တိုင်းမှာ လူငယ်တွေအတွက် အားကစားကွင်းဆိုတာ မရှိသေး ဘူးလို့ ပြောရမလိုပဲ။ လူထုတမန်တို့ ငယ်စဉ်တောင်ကျေးကလေးဘဝက နယ်မြို့ကလေးမှာ အားကစားကွင်းမဟုတ်ပေမယ့် မြေပိုကွက်လပ်ကြီးမှာ ကန္တာရ ဆူးတွေ၊ အမှိုက်တွေ၊ မြက်တွေ ရှင်းလင်းခဲ့ရတာ ပျော်စရာ။ အားကစားကွင်းအဖြစ် ရပ်ကွက်ထဲက သူငယ်ချင်းတွေစုပေါင်းပြီး လူငယ် တွေပီပီ မြန်မြန်ဆန်ဆန်လုပ်လိုက်ကြတာ ပြီးစီးသွားတော့ ဘောလုံး အသင်းအဖွဲ့ နှစ်ဖွဲ့လုပ်လို့ ဘောလုံးကန်ခဲ့တာတွေ မှတ်မိလွမ်းပါတယ်။ ညဆို. . . ထုပ်စည်းတိုးတမ်းကစားကြ၊ လထိန်ထိန်သာသော ညတွေ များဆို တူတူပုန်းတမ်းဆော့ကစားလို့ ပျော်စရာကြီးပါ။ အခုခေတ်ကြီးမှာ အဲဒီလွမ်းစရာလေးတွေ လွမ်းနေရပြီ။ အထူးသဖြင့်တော့ မြို့ပြလူနေအဖွဲ့ အစည်းမှာက ကစားစရာနေရာတွေက တော်တော်ရှားပါးသွားပါပြီ။ ရပ်ကွက်တိုင်း၊ ကျောင်းတိုင်းမှာ ကစားကွင်းမရှိတော့ ခေတ်မီကစားစရာ တွေ လူငယ်လူထုတိုင်းထဲကို ထိုးဖောက်ဝင်ရောက်နေကြတယ်။ လူထု တမန် လူငယ်လူထုတိုင်းကို သတိထားကြည့်မိတယ်။ အင်တာနက်ဂိမ်း တွေနဲ့ အချိန်ကုန်ငွေကုန်လို့ ဘာကောင်းကျိုးမှမမြင်တဲ့အတွက် လူငယ် လူထုတိုင်း ကို ပြောချင်တာပါ။

## မြန်မာ့ယဉ်ကျေးမှုနဲ့အညီ

ပြောတော့. . . ပြောရမှာပါပဲ။ လူငယ်လူထုတိုင်းမှာ ယဉ်ကျေးမှု ပျက်စရိုက်တွေအကြောင်းပါပဲ။ "အမေ" လို့ အများကခေါ်ခဲ့တဲ့ လူထု တမန်တို့ စာပေအနုပညာရှင်တွေရဲ့ စာရေးဆရာမကြီး "လူထုဒေါ်အမာ" ရေးခဲ့ဖူးတာရှိတယ်။ ဘာလဲဆိုတော့ လူငယ်လူထုတိုင်းအတွက် မှတ်သားစရာ အမေ့ရှေ့စကားတွေဖြစ်လို့ပါပဲ။ မြည့်ကြည့်စမ်းပါ. . . "လူငယ်တွေနဲ့ လူကြီးတွေရဲ့ မျိုးဆက်တစ်ဆက်က တစ်ဆက်ကို အဲဒီလို ယဉ်ကျေးမှုလက်ဆင့်ကမ်းမှု၊ စီးဆင်းလာမှု တစ်ဖက်က လျော့ပါး ဆုတ်ယုတ်လာတာနဲ့အမျှ လူငယ်တွေက တစ်ဘက်ကလည်း မျိုးခြား တိုင်းတစ်ပါး ယဉ်ကျေးမှုတွေကို ဗီဒီယို၊ ရုပ်မြင်သံကြားတွေ၊ တေးသီချင်း တွေနဲ့ အခြားမီဒီယာတွေကနေပြီး အတိုင်းမသိ ထိတွေ့ယဉ်ပါးကြပြန် တယ်။ အတုခိုးကြပြန်တယ်။ လူငယ်တွေက အဲဒါကို သူတို့ခေတ်လို့ဆိုပြီး လက်ခံနေကြပြန်တယ်" အမေလူထုဒေါ်အမာရဲ့ စကားအဆုံးအမလေး ဟာ လူထုတမန်တို့၊ လူငယ်လူထုတိုင်းအတွက် နားထောင်သင့်၊ ဖတ်သင့်သော စာပေစကားတွေ မဟုတ်လား။ လူထုတမန်ကတော့လေ ယနေ့ခေတ် ယဉ်ကျေးမှုကို သိပ်သဘောမကျလှပါဘူး။ ဩော်. . . သင်္ကြန်မတိုင်ခင်က ဂျာနယ်တစ်စောင်မှာ သတင်းတစ်ပုဒ်ဖတ်လိုက်ရတယ်။ သင်္ကြန်အတွင်း ယဉ်ကျေးမှုပျက်ဝတ်စားရင် အရေးယူမယ်ဆိုတော့ လူထုတမန် ဝမ်းသာသွားတယ်။ ယနေ့လူငယ်တွေ လူထုတွေ ဝတ်ဆင်း ဆင်ပြင်ပုံ၊ ပြောဆို နေထိုင်ပုံတွေ လူငယ်တွေ တွေးတောကြံဆပုံစသဖြင့်



လူငယ်များရဲ့ အပြုအမူ အနေအထိုင်တွေ မြန်မာယဉ်ကျေးမှုနဲ့အညီ နေထိုင်ဖို့ လူထုတမန်ပြောတော့ ပြောနေရမှာပါပဲ။

* * * *


## စတားကတ်ဆောင်

လူထုတိုင်းဟာ တိုးတက်ချင်တယ်. . . တိုးတက်ချင်တဲ့ ဆန္ဒတွေနဲ့ နယ်တွေကနေ ရန်ကုန်မြို့သို့ တက်လာကြတယ်။ တကယ်တမ်းတိုးတက် ချင်တဲ့အခါ ဒီထက်တိုးတက်ချင်တဲ့အခါ ဘာလုပ်ရမယ်မှန်းမသိဘူး။ ဘာဖြစ်လို့ ဒီလိုဖြစ်ရသလဲဆိုရင် အခွင့်အလမ်း အရမ်းနည်းလို့ဖြစ် တယ်။ ဘာသင်တန်းတက်မလဲ. . . ဘာလုပ်မလဲ အိမ်က မိဘတွေက မပံ့ပိုးနိုင်ဘူးဆိုတဲ့ အနေအထားတွေရှိတယ်။ အားလုံးရဲ့စီးပွားရေးအရ ပေါ့။ ဒီတော့ ဒီနေ့ခေတ်မှာ ဒီလူထုလူငယ်တွေဟာ ဘာလုပ်ကြမှာလဲ။ ကိုယ်လိုချင်တဲ့ ရည်မှန်းချက်တွေရောက်ဖို့ ဘယ်လိုလမ်းကို လျှောက် မလဲ။ ဘယ်လိုအခွင့်အလမ်းတွေ ရှာဖွေပေးမလဲဆိုပြီး ဆွေးနွေးတိုင်ပင် သင့်သလဲ။ လူငယ်လူထုတိုင်းအတွက် ရန်ကုန်မြို့တော်မှာ ကျောတစ်ခင်း စာ အိပ်ယာနဲ့အလုပ်ဆိုတာ တော်တော်များများရှိသလို အခက်အခဲ ဆိုတာလည်း ရှိတယ်မဟုတ်လား။ လူထုတမန်တော့ စကားလက်ဆောင် ပါးချင်ပါတယ်။ ရန်ကုန်မြို့တော်ပဲရောက်ရောက် ဘယ်နေရာ ဘယ်ဒေသပဲ ရောက်ရောက် အလုပ်အကိုင်အတိအကျနဲ့ ကျောတစ်ခင်းစာ အိပ်ယာ

အတွက် သေချာမှ နယ်မိဘအိမ်ကနေ ထွက်လာထို့ လိုပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ရန်ကုန်မြို့တော်ပဲဖြစ်ဖြစ် ဘယ်နေရာဘယ်ဒေသပဲဖြစ်ဖြစ် အလုပ်အကိုင်အတိအကျနဲ့ ကျောတစ်ခင်းစာအိပ်ယာမရနိုင်ဘူးဆိုရင် တကယ့်ဒုက္ခ အခက်အခဲအကြီးအကျယ် ဖြစ်တော့တာပါပဲ။ လူထုတမန်နောက်ဆုံး တာချီလိပ်မှာ အလုပ်အကိုင်မရ၊ ကျောတစ်ခင်းစာအိပ်ယာမရှိနဲ့ ရောက်သွားခဲ့ဖူးလို့ ဒီစကားလက်ဆောင်လေး ပါးလိုက်ချင်ပါတယ်။

ရှုသူ့အမှန်

✱✱✱✱



## လူငယ်များနှင့်စကားပြောခြင်း

### ၁။ လူငယ်ဆိုသည်မှာ

လူငယ်များစွာရှိကြတဲ့အနက် လူကြီးဆန်တဲ့လူငယ်၊ လူငယ်က လူငယ်ပိုဆန်တဲ့ လူငယ်နဲ့ လူငယ်အလျောက် လူငယ်ဆန်တဲ့လူငယ်ရယ်လို့ အပိုင်း(၃)ပိုင်းခွဲပြီး ဆန်းစစ်ခွဲခြားလို့ရနိုင်တဲ့ အခြေခံလူငယ်(၃)မျိုး (၃)စားရှိပါတယ်။

(က) လူကြီးဆန်တဲ့ လူငယ်ဆိုသည်မှာ ဘယ်အရာ၊ ဘယ်ကိစ္စ၊ ဘယ်အကြောင်းအရာမဆို အတွေ့အကြုံ၊ ဗဟုသုတ အခြေခံရင်းနှီးပြီး လူကြီးဆန်တဲ့စိတ်၊ လူကြီးဆန်တဲ့အတွေးနဲ့ လူကြီးဆန်တဲ့အလုပ်တွေကို လုပ်ဆောင်တတ်သူဖြစ်ပါတယ်။

(ခ) လူငယ်က လူငယ်ပိုဆန်တဲ့ လူငယ်ဆိုသည်မှာ ဘယ်အရာ၊ ဘယ်ကိစ္စ၊ ဘယ်အကြောင်းအရာ မဆို လေးလေးနက်နက် မရှိ။ အတွေ့အကြုံ၊ ဗဟုသုတ မရှာမှီးဘဲ ငါဟာလူငယ်ပဲ။ လူငယ်လိုပဲ နေထိုင်ပြုကျင့်တာ ကောင်းတယ်ဆိုတဲ့ အတွေးမျိုးနဲ့ လက်ရှိအရွယ်အပိုင်းအခြားထက်ပိုပြီး လူငယ်အတွေးမျိုးရှိတဲ့ လူငယ်ဖြစ်ပါတယ်။



(ဂ) လူငယ်အလျောက် လူငယ်ဆန်တဲ့ လူငယ်ဆိုသည်မှာ လက်ရှိအသက်အရွယ် အပိုင်းအခြားမှာပဲ ပြုကျင့်နေထိုင်သူ။ ဥပမာ အသက်(၁၈)နှစ်ရှိတဲ့ လူငယ်တစ်ဦးဆိုပါစို့။ သူဟာ အထက်က လူကြီးဆန်တဲ့ လူငယ်အတိုင်းလည်းမတွေး၊ မရပ်တည်၊ သူ့အောက်က လူငယ်က လူငယ်ပိုဆန်တဲ့ လူငယ်လိုလည်း မဟုတ်။ မလျှောက်လှမ်း။ အသက်(၁၈)နှစ် အတွေ့အကြုံ၊ အတွေးအမြင်လောက်ဘဲ ရောင့်ရဲပြီးနေထိုင်တတ်သူဖြစ်ပါတယ်။

မိမိဘယ်အုပ်စု၊ ဘယ်အမျိုးအစားထဲမှာ ပါဝင်နေသလဲ။ ရပ်တည်နေသလဲဆိုတာ မိမိကိုယ်တိုင် ခွဲခြမ်းစိပ်ဖြာကြည့်လိုက်ပါ။ (က)အုပ်စု၊ (ခ)အုပ်စု၊ (ဂ)အုပ်စု အမျိုးအစား(၃)မျိုး။ အဆင့်အတန်း(၃)မျိုးကို တွေ့မြင်နိုင်ပါတယ်။

လူငယ်ဆိုတာ စွမ်းအားရှိတယ်။ အသစ်အသစ်ကို ဖျော်လင့်တယ်။ ကြိုးစားမှုရှိတယ်။ စူးစမ်းလေ့လာမှုကို နှစ်သက်တယ်။ လက်တွေ့ကျကျကို လျှောက်လှမ်းတယ်။ အတွေးအခေါ် ဆန်းသစ်တယ်။

ဒီလိုအဖိုးထိုက်တန်တဲ့ လက်နက်တွေ ပိုင်ဆိုင်ထားပြီဖြစ်တဲ့အတွက် အနာဂတ်ပန်းတိုင်ခရီးလမ်းမှာ လွဲချော်တဲ့အတွေးမျိုး၊ အချိန်ဖြုန်းမှု၊ ခံယူချက်၊ ဝါဒတစ်ရပ်၊ ကိုးကွယ်ယုံကြည်ရာ နောက်ကောက်ကျနေဖို့ မသင့်ပါဘူး။

ခေတ်ရေစီးကြောင်းနဲ့အညီ လူငယ်တိုင်း လူငယ်တိုင်းဟာ တန်ဖိုးထိုက်တန်တဲ့ လူငယ်တွေဖြစ်နေဖို့ လိုပါတယ်။ ဥပမာဆွဲပြရရင် ဗိုလ်ချုပ်အောင်ဆန်းကိုပဲကြည့်။ အသက်အရွယ် အပိုင်းအခြား(၃၀)ကျော်နဲ့ နိုင်ငံ့ခေါင်းဆောင် လွတ်လပ်ရေးဖခင်ကြီးဖြစ်ခဲ့သေးတာပဲ။ မြန်မာပြည်ကလူငယ်တိုင်း၊ လူငယ်တိုင်းဟာ ဗိုလ်ချုပ်အောင်ဆန်းလို အဖိုးထိုက်တန်တဲ့သူမျိုးဖြစ်ရင် ပိုမကောင်းဘူးလား။ ကြိုးစားရင် ဘုရားတောင်ဖြစ်တယ်ဆိုတဲ့ထုံး နှလုံးမူသင့်ပါတယ်။

လူငယ်ဆိုတာ တိုင်းပြည်ရဲ့ရတနာ၊ တိုင်းပြည်ရဲ့ အနာဂတ်၊ တစ်ချိန်ချိန်မှာ နိုင်ငံ့ခေါင်းဆောင်တွေ၊ တာဝန်တွေလွှဲယူရမယ့် လူငယ်တွေပါ။ ဒူးလောက်တင်မှ ရင်လောက်ကျဆိုသလို လူငယ်တိုင်းဟာ အမြော်အမြင်ကြီးပြီး စိတ်ဓာတ်ကြီးကြီးနဲ့ မြင့်မြင့်မားမား လေးလေးနက်နက်တွေးခေါ်ကြံဆ လျှောက်လှမ်းသင့်ပါတယ်။

✶✶✶✶

## (၂) ရှုဝတ်နှင့်ရဲစွမ်းထက္ကိ

တကယ့်ရဲစွမ်းသတ္တိဟူသည်မှာ သူရဲဘောကြောင်ခြင်းနှင့်မဆင်မခြင်ပြုလုပ်ချင်း ဖြစ်တည်းဟူသော အစွန်းနှစ်ခုကြားတွင် တည်ရှိနေပေသည်။

(ဆာဗင်တီး)



ရဲစွမ်းသတ္တိနဲ့ပတ်သက်ပြီး ကမ္ဘာ့ပညာရှင် ဆာဗင်တီးက အထက်ပါအတိုင်း ကောက်ချက်ချမိန့်ဆိုထားခဲ့တယ်။

အဆိုအမိန့်ကို ကြည့်ခြင်းအားဖြင့် အဖြေက သိပ်ကိုရှင်းလင်းလွယ်ကူနေပါတယ်။ ဘယ်အလုပ်မဆို လုပ်ကိုင်ရာမှာ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်မရှိဘဲ တုန့်ဆိုင်းနှေးကွေးတဲ့ စိတ်နဲ့ တွေဝေခြင်း၊ ကြောက်ရွံ့ခြင်းတွေနဲ့ အမြဲပဲရှိနေမယ့်လူငယ်တစ်ယောက်အဖို့ သူရဲဘောကြောင်တဲ့ စာရင်းထဲပါဝင်သွားမှာ သိပ်ကိုသေချာပါတယ်။ သူရဲဘောကြောင်ခြင်းဟာ နေရာတိုင်းမကောင်း။ ကာလံဒေသ အချိန်အခါအပေါ် ရွေးချယ်ပြီးမှသာ ဆုံးဖြတ်သင့်တဲ့ စိတ်မျိုးပါ။

ဆင်ခြင်တုံတရားမဲ့ပြီး ဖွတ်တရွတ်လုပ်တတ်တဲ့ လူငယ်တစ်ယောက်အဖို့လည်း နေရာတိုင်းမကောင်းပါဘူး။ မဆင်မခြင်ပြုလုပ်မှုကြောင့် လွန်ပြီးမှ မှားသွားတဲ့အဖြစ်မျိုးတွေ၊ ဆုံးရှုံးမှုတွေ အများကြီးရင်ဆိုင်တွေ့ရမှာဖြစ်ပါတယ်။

ဒါကြောင့် လူငယ်တိုင်း လူငယ်တိုင်း တကယ်လုပ်သင့်တယ်ထင်တဲ့အလုပ်မျိုး၊ ဆုံးဖြတ်ချက်မျိုး၊ ရပ်တည်ချက်မျိုး၊ ယုံကြည်မှုမျိုးနဲ့ မျှော်လင့်ချက်ကို မြင့်မြင့်မားမားထားပြီး လုပ်ကိုင်လျှောက်လှမ်းမယ်ဆိုရင် တကယ်အကျိုးရှိရှိနဲ့ဘဝကို အကောင်းဆုံးဖြစ်အောင် တည်ဆောက်နိုင်မှာဖြစ်ပါတယ်။

ဒီနေရာမှာ တစ်ချက်ပြောစရာရှိသေးတာက ဗုဒ္ဓဘုရားရှင်ဟောကြားညွှန်ပြထားတဲ့ လမ်းညွှန်ချက်လေးတစ်ခုပါ။ "အတ္တာဟိ အတ္တနောနာထော" တဲ့။ မိမိကိုယ်ကိုသာ မိမိအားကိုးရာ၊ မိမိကိုယ်ကိုပဲ အားကိုး

ပါလို့ ညွှန်ထားတဲ့ လမ်းညွှန်ချက်လေးပဲ။ လောကုတ္တရာအရာပဲ ကြည့်ကြည့်၊ လောကီရှုထောင့်အနေနဲ့ပဲ ကြည့်ကြည့်၊ လူငယ်တိုင်း၊ လူတိုင်းအတွက် အကျုံးဝင်တဲ့ ဒဿနပါပဲ။

ဒါကြောင့် လူငယ်တွေဟာ တကယ့်ရဲစွမ်းသတ္တိရှိနေတဲ့ လူငယ်တွေပါ၊ အဲဒီရဲစွမ်းသတ္တိကို အများအကျိုးနဲ့ ကောင်းတဲ့နေရာတွေ၊ မိမိဘဝအောင်မြင်ရေးအတွက် လက်တွေ့ကျကျ၊ နည်းစနစ်ရှိရှိ မှန်မှန်ကန်ကန်နဲ့ အသုံးချတတ်မယ်ဆိုရင် သမိုင်းထင်ရှားတဲ့ လူငယ်တွေဖြစ်လာဖို့ မလွဲပါဘူး။

ယနေ့ကမ္ဘာပေါ်မှာ ထင်ရှားတဲ့ နိုင်ငံ့ခေါင်းဆောင်တွေ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေ၊ သိပ္ပံပညာရှင်တွေ၊ အနုပညာရှင်တွေနဲ့ အဘက်ဘက်မှာ ခေါင်းဆောင်ခေါင်းရွက်ပြုနေကြတဲ့ ပုဂ္ဂိုလ်တွေဟာ တစ်ချိန်က လူငယ်တွေဘဝကနေ ဖြတ်သန်းကျော်လွှားပြီး ရောက်သွားကြတဲ့သူတွေပါ။ ဒီလောက်လက်တွေ့ကျတဲ့ ဥပမာမျိုး အတုယူထိုက်တာမျိုး မရှိတော့ဘူး။

လူငယ်တွေ တကယ်အစွမ်းသတ္တိရှိမယ်ဆိုတာ ငြင်းလို့မရတဲ့ အချက်ပါ။ ဒီလိုအစွမ်းသတ္တိတွေ မရှိတော့ဘူးဆိုရင် တစ်ချိန်ချိန်မှာ တိုင်းပြည်တာဝန်ထမ်းဆောင်ဖို့ ရောက်လာခဲ့မယ်ဆိုရင် ဘယ်လိုလုပ်မလဲ။ ကမ္ဘာကြီးဟာ ယနေ့ကမ္ဘာနဲ့အဝှမ်းက လူငယ်တွေ လက်ထဲမှာရှိနေတယ်ဆိုတာ လူငယ်တိုင်း သိသင့်ပါတယ်။ နောင်အနာဂတ် ကမ္ဘာကြီးရဲ့ ဆိုးကျိုးကောင်းကျိုးဟာ ယနေ့လူငယ်တွေရဲ့ အစွမ်းအစနဲ့ ထူးချွန်တဲ့သတ္တိတွေ၊ အားမာန်တွေ၊ ကြိုးစားမှုတွေအပေါ် မူတည်နေပါတယ်။

✶✶✶✶



## (၄) ရွှေဝထ်နှင့်အချိန်

အချိန်ဟာ လူတိုင်းအတွက် တန်ဖိုးအရှိဆုံးလို့ လူတိုင်းရဲ့ ပါးစပ်ဖျားမှာတော့ ပြောဆိုနေကြတာတွေ အများကြီးကြားနေကျစကားလုံးတွေပါ။ ပါးစပ်က ပြောတိုင်း လက်တွေ့တကယ်အလုပ်လုပ်ပြီး အချိန်ကိုတန်ဖိုးထားတတ်ခဲ့မယ်ဆိုရင် ယနေ့ကမ္ဘာပေါ်မှာ အချမ်းသာဆုံး စာရင်းဝင်နိုင်ငံတစ်ခုဖြစ်မှာ သေချာပါတယ်။

လူငယ်အချို့ အချိန်တွေကို လမ်းပေါ်မှာ၊ ရုပ်ရှင်ရုံတွေမှာ၊ ပန်းခြံတွေမှာ၊ ဘီယာဆိုင်တွေမှာ၊ လောင်းကစားဝိုင်းတွေမှာ ကုန်ဆုံးတတ်လေ့ရှိပါတယ်။

လူငယ်တစ်ယောက်အဖို့ (၂၄)နာရီပိုင်ဆိုင်ထားတဲ့ အချိန်တွေမှာ သုံးပုံ(၁)ပုံလောက်ပဲ ကုန်ဆုံးခဲ့တဲ့ အချိန်တိုင်း အချိန်တိုင်း အလုပ်လုပ်ကြည့်ပါ။ အသုံးချကြည့်ပါ။ တွေးခေါ်ကြံဆကြည့်ပါ။ ကျက်မှတ်လေ့လာကြည့်ပါ။ (၈)နာရီပေါင်း (၈)နာရီပေါင်း များစွာကြာလာတာနဲ့အမျှ အချိန်နဲ့ အနားယူမှု မျှတလာပြီး တိုးတက်မှုနှုန်းလည်း တိုးပွားရင့်သန်လာမှာဖြစ်ပါတယ်။

အချိန်ရှိခိုက် လုံ့လစိုက်ဆိုသလို မိမိကိုယ်ပိုင်အချိန်ကို မိမိကိုယ်ကိုယ်တိုင်သာ အသုံးချခွင့်ရှိတဲ့အတွက် အလဟဿအချိန်ကုန်ခြင်း အကျိုးရှိခြင်းဟာ မိမိအပေါ်မှာပဲ မူတည်ပါတယ်။

တန်ဖိုးမဲ့တဲ့ အချိန်တွေပဲဖြစ်ဖြစ်၊ အကျိုးရှိတဲ့အချိန်တွေပဲ ဖြစ်ဖြစ် ကုန်ဆုံးသွားပြီဆိုရင် ပြန်ဝယ်ယူလို့မရနိုင်တော့ပါဘူး။ လူငယ်တစ်ယောက်

ချင်းစီရဲ့ ကိုယ်ပိုင်အချိန်၊ ကိုယ်ပိုင်အစွမ်းအစ၊ ကိုယ်ပိုင်အသုံးချခွင့်၊ ကိုယ်ပိုင်အရည်အချင်းဆိုတာ တစ်ယောက်နဲ့တစ်ယောက် မတူညီကြတဲ့အတွက် အချိန်ကို တန်ဖိုးထားပြီး လက်တွေ့ကျကျအသုံးချတဲ့ လူငယ်များအဖို့တော့ ရှေ့တန်းရောက်မှာ မလွဲပါဘူး။ လူငယ်တိုင်း အချိန်နဲ့ပတ်သက်ပြီး သာတူညီမျှတဲ့အခွင့်အရေးတွေကို သဘာဝတရားကြီးက ပေးထားပြီးသားပါ။ ဒီလိုပေးထားတဲ့ကြားက အချိန်မအားလပ်လို့ ဆင်းရဲပြီးအလုပ်လုပ်နေရလို့၊ ကျောင်းစာတွေ ကျက်မှတ်နေရလို့၊ မိဘအလုပ်တွေ ဝိုင်းကူနေရလို့ဆိုတာတွေ ဖယ်ထားပြီး ကိုယ်ပိုင်အချိန်ကို တည်ဆောက်နိုင်ဖို့၊ အဲဒီမှာ လက်တွေ့ကျကျ အသုံးချခွင့်ပြုနိုင်ဖို့၊ တန်ဖိုးထားတတ်ဖို့ဆိုတာ ကိုယ်ပိုင်ဆိုင်တဲ့ အချိန်ဇယားထဲမှာပဲရှိပါတယ်။

အချိန်တစ်နာရီရတဲ့သူဟာ တစ်နာရီအတွင်း အကျိုးရှိအောင်၊ နှစ်နာရီအချိန်ရတဲ့သူဟာ နှစ်နာရီအတွင်း အကျိုးရှိအောင် စသဖြင့် ကိုယ်ပိုင်ရရှိတဲ့ အချိန်ပေါ် မူတည်ပြီး အကျိုးရှိရှိအသုံးချနိုင်ခဲ့မယ်၊ တည်ဆောက်နိုင်ခဲ့မယ်ဆိုရင် မလွဲမသွေ အောင်မြင်ထက်မြက်ပြီး ထူးချွန်တဲ့ လူငယ်တွေ၊ နိုင်ငံ့ခေါင်းဆောင်ကြီးတွေ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေ၊ တီထွင်ပညာရှင်ကြီးတွေ၊ အနုပညာရှင်ကြီးတွေ ဖြစ်လာဖို့မလွဲဘူးဆိုတာ လူငယ်တိုင်း ယုံကြည်ပြီးသိသင့်တဲ့အချက်ပါပဲ။

လူငယ်တိုင်းအောင်မြင်စေဖို့

မောင်ဝေဇော်

## ဝိနည်းထုတ်ဝေမှုထွက်ရှိပြီးသောစာအုပ်များ

| | | |
|---|---|---|
| ၁။ | မေဓာဝီရှင်(ရွှေပြည်သာ) | စိတ်ဓာတ်မြင့်မှ လူမြင့်မယ် |
| ၂။ | ရဲမာန် | ပုံပြင်ဗုဒ္ဓဝင်ရှုပ်စုံ |
| ၃။ | မင်းပုည | ဗိုလ်ချုပ်အောင်ဆန်း၏ နောက်ဆုံးဆိန်နွှဲများ |
| ၄။ | အရှင်ဝိစိတ္တာလင်္ကာရ | ဗုဒ္ဓဘာသာဝင်တို့၏ အခွင့်အရေးများ |
| ၅။ | အရှင်ဝိစိတ္တာလင်္ကာရ | နတ်များတကာ ရင်မှာအသိမ် |
| ၆။ | ဒီရီဝေး | ကိုယ်ဝန်ဆောင်သည့်မိခင်လောင်းများအတွက် ဆောင်ရန်၊ ရှောင်ရန်နှင့် ကလေးမွေးပြီးစ ပြုသနာများ |
| ၇။ | မင်းပုည | ဗိုလ်ချုပ်အောင်ဆန်း၏ မပေါ်နိုင်သောမိန့်ခွန်းများ |
| ၈။ | ဒီရီဝေး | သားအိမ်ခေါင်းကင်ဆာနှင့် အမျိုးသမီးရောဂါများ |
| ၉။ | ဒီရီဝေး | အရိုးပွရောဂါလားလေးထက်နာလားနှင့် အရိုးအကြောင်းသိကောင်းစရာ |
| ၁၀။ | မင်းပုည | အမျိုးသမီးအာဏာနည်းများ |
| ၁၁။ | မင်းပုည | ဒေါ်အောင်ဆန်းစုကြည်၏မိန့်ခွန်းကောက်နုတ်ချက်များ |
| ၁၂။ | ဒီရီဝေး | အမျိုးသမီးများနှင့် ရင်သားကင်ဆာ |
| ၁၃။ | မင်းပုည | ခေါင်းဆောင်များ၏ မိန့်ခွန်းများ |
| ၁၄။ | ကိုနိုင်း (ချင်းတောင်) | ချင်းမျိုးနွယ်များ၏ နယ်ချဲ့တွန်းလှန် တိုက်ပွဲဝင်ပေးကျေးရွာများ |
| ၁၅။ | ကိုနိုင်း (ချင်းတောင်) | မြန်မာကျေးရွာစပ်နည်းဖွဲ့ထုံးမှတ်စု |
| ၁၆။ | မင်းပုည | နိုင်ငံရေးခရီးသည်နှစ်ဦး၏ ဘဝမှတ်တမ်း |
| ၁၇။ | ဒီရီဝေး | အသီးချက်ရန် နည်းလမ်း(၄၀) |
| ၁၈။ | မင်းပုည | မြန်မာနိုင်ငံ၏နိုင်ငံရေးအဘိဓာန် |
| ၁၉။ | မင်းပုည | အပေမှုမပြောသောစကား ဟောသောတရား |
| ၂၀။ | မင်းပုည | လူတိုင်းအတွက် ဒီမိုကရေစီ |
| ၂၁။ | ကလောင်စုံ | ခေတ်ကြေးနဲ့ (လူငယ်နှင့်အောင်မြင်ရေးစာစုများ Vol-1) |